ဤအထူးထုတ်စာစောင်၌ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် မီဇိုရမ်တက္ကသိုလ်တွင် မြန်မာ သုတေသနထောက်ပံ့ကြေးအစီအစဉ်မှ ပြုလုပ်သည့် သုတေသနသင်တန်းမှ သင်တန်းဆင်း သုတေသီများ၏ ဆောင်းပါး (၅) ပုဒ်ပါဝင်ပါသည်။ ဆောင်းပါးများသည် မြန်မာပြည်သူများ အထူးသဖြင့် မကြာသေးမီက အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသော သို့မဟုတ် ပြောင်းရွှေ့နေထိုင်လာကြသော ချင်းတိုင်းရင်းသားများ၏ အခြေအနေများကို မီးမောင်း ထိုးပြထားပါသည်။ ဤစာစောင်တွင် ပါဝင်ရေးသားသည့် စာရေးသူအားလုံးသည် စစ်တပ်၏ ဖိနှိပ် မှုအောက်မှ ကိုယ်တိုင် ထွက်ပြေးလာခဲ့ရသူများဖြစ်ကြပြီး သူတို့၏ ဘဝအတွေ့အကြုံများကို သူတို့ ၏ သုတေသနစွမ်းရည်များနှင့် ပေါင်းစပ်ကာ မီဇိုရမ်သို့ အိုးအိမ်စွန့်ခွာထွက်ပြေးလာရမှုအခြေအနေ ကို ဂျန်ဒါ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ပညာရေးဆိုင်ရာ ရှုထောင့်များမှတစ်ဆင့် လေ့လာ ဆန်းစစ်ထားပါသည်။ အချုပ်ဆိုရသော် မီဇိုရမ်ရှိ ဒုက္ခသည်များအနေဖြင့် ပတ်ဝန်းကျင်သစ်တွင် ရှန်းကန်နေထိုင်ရှင်သန်နိုင်ရေးအတွက် ပိုမိုပြည့်စုံကောင်းမွန်သော ပံ့ပိုးမှုများ ရသင့်ပြီး ထိုသူများ ၏ ထိခိုက်လွယ်မှုအခြေအနေကို အသိအမှတ်ပြုကာ အားလုံးပါဝင်သော မူဝါဒဆောင်ရွက်ချက်များ ပေါ်ပေါက်လာရေးကို ဤအထူးထုတ်စာစောင်မှတစ်ဆင့် တောင်းဆိုထားပါသည်။

This special issue features five articles by graduates of the Myanmar Research Fellowship Program hosted at Mizoram University following the 2021 coup. The articles shed light on the situation for Myanmar residents, and especially ethnic Chin people, recently displaced or moving to Mizoram State, India. The issue's contributing authors all fled military oppression themselves and combine their life experiences with their research skills to examine displacement through the themes of gender, livelihoods, and education. This issue calls for inclusive policy responses that recognize the vulnerability of refugees in Mizoram, who deserve increased and inclusive support to survive and thrive in their new surroundings.

သိစပ်မြင်နှံ့ Independent Journal of Burmese Scholarship

သိစပ်မြင်နှံ့

Independent Journal of Burmese Scholarship

Special Issue on Displacement to Mizoram
Volume 6, October 2025



ISSN 2518-5195

သိစပ်မြင်နှံ့

Independent Journal of Burmese Scholarship

Volume 6
October 2025

Printed by Wanida Press

This work is licensed under a Creative Commons
Attribution-Noncommercial 4.0 International License

From 1911 the Journal of the Burma Research Society (JBRS) was open to virtually all subjects pertaining to Burma and functioned as a serious publication for all enthusiasts—archaeologists, linguists, historians, epigraphers, ethnographers, and more, until it was shut down by the Burma military in 1980. In 2011, on the eve of what was to become a momentous decade of social and political change in Myanmar, an organizing committee of seven Burmese and three Western scholars met at Yale University to reestablish the JBRS for Burmese scholars in the humanities and social sciences. The new Independent Journal of Burmese Scholarship (IJBS) was convened with "independent" in its title to emphasize its total independence from any government agency or body in Burma or abroad.

The organizing committee soon added six more members based in Burma and began hosting thematic workshops and publishing special issues with funds raised by Yale University, the Open Society Foundations, and the Luce Foundation. IJBS makes every effort to be bilingual in both English and Burmese. Its mission is to provide a forum for incisive publications that contribute to the knowledge of Myanmar, with a preference for open access, accessibility and readability over paywalls, esoteric prose and dense theorization. In order to remain independent and publish without fear or favor, after the 1 February 2021 military coup the IJBS moved its base of operations outside of Myanmar, to the Regional Center for Social Science and Sustainable Development at Chiang Mai University, Thailand. In addition to print, issues are also published online (https://ijbs.online) in PDF and HTML formats with digital hyperlinks and footnotes.

၁၉၁၁ တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (Journal of the Burma Research Society) သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ရှေးဟောင်းသုတေသန၊ ဘာသာဗေဒ၊ သမိုင်း၊ ရှေးဟောင်း စာပေ၊ အနုပညာသမိုင်းစသည့် ဘာသာရပ်များကို လေ့လာသုတေသနပြုနေသော ပညာရှင်အားလုံးနီးပါးတို့အတွက် အရေးပါသော သုတေသနဂျာနယ် တစ်ခုအဖြစ် ရပ်တည်ခဲ့သည်မှာ မြန်မာစစ်တပ်မှ မပိတ်သိမ်းမီ ၁၉၈၀ ခုနှစ်

အထိ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် နိုင်ငံရေး အပြောင်းအလဲတွင် အရေးပါသည့် ဆယ်စုနှစ်တစ်ခု၏ အစဖြစ်သော ၂၀၁၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၊ ယေးလ်တက္ကသိုလ်တွင် မြန်မာသုတေသီ ခုနစ်ဦးနှင့် မြန်မာ့ ရေးရာ လေ့လာနေသည့် အနောက်တိုင်းသုတေသီ သုံးဦးတို့ ပူးပေါင်းပြီး တစ်ချိန်က ဂုဏ်သတင်းကျော်စောခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်ကဲ့သို့သော သုတေသနဂျာနယ်မျိုးကို မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လူမှုရေးသိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များ လေ့လာမှုနယ်ပယ်အတွက် ပြန်လည်တည် ထောင်ရန် ရည်ရွယ်ချက်ဖြင့် ဤ သိစပ်မြင်နှံ့ လွတ်လပ်သော မြန်မာ့ သုတေသနဂျာနယ် (Independent Journal of Burmese Scholarship) ကို တည်ထောင်ခဲ့ကြပါသည်။ သိစပ်မြင်နှံ့ လွတ်လပ်သော မြန်မာ့ သုတေသန ဂျာနယ်သည် မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံ တစ်နိုင်ငံမှ အစိုးရအဖွဲ့ အစည်းတစ်ခုခု၏ ထိန်းချုပ်မှုအောက်တွင် ရှိမနေခြင်းကို အလေးထားသဖြင့် 'လွတ်လပ်သော' ဟူသည့် ဝိသေသကို ဂျာနယ်၏ အမည်တွင် ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေရေးကော်မတီသည် ယေးလ်အစည်းအဝေးအပြီး လအနည်းငယ်အတွင်း မြန်မာနိုင်ငံအခြေစိုက် အဖွဲ့ဝင် ခြောက်ဦးကို ထပ်မံ ပေါင်းထည့်ခဲ့ပြီး ယေးလ်တက္ကသိုလ်၊ Open Society Foundations နှင့် Luce Foundation တို့မှ ထူထောင်ထားသော ရန်ပုံငွေဖြင့် ဘာသာရပ် အကြောင်း အရာအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ သုတေသနစာတမ်းများ အား ဂျာနယ်အဖြစ် ထုတ်ဝေမှုများကို စတင်ခဲ့ပါသည်။ လွတ်လပ်သော မြန်မာ့ သုတေသန ဂျာနယ်နှင့် ဝက်ဘ်ဆိုဒ်တို့သည် ထုတ်ဝေမှုများကို အင်္ဂလိပ် ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးစလုံးဖြင့် တင်ဆက်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ပြီး အခကြေးငွေဖြင့် ဖတ်ရှုရသည့် နိုင်ငံတကာမှ သုတေသနဂျာနယ်များ ကဲ့သို့ ခက်ခဲနက်နဲသော စကားပြေအရေးအသားများနှင့် ရှုပ်ထွေးသော သီအိုရီ တည်ဆောက်မှုများကို အတတ်နိုင်ဆုံးရှောင်ရှားသွားမည်ဖြစ်ကာ ပညာရပ် နယ်ပယ်ပြင်ပမှ စာဖတ်သူများ လက်လှမ်းမီနိုင်သော အသိပညာအဝန်းအဝိုင်း တစ်ခုကို

ဖန်တီးပေးရန် ရည်ရွယ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက် စစ်တပ်က အာဏာသိမ်းပြီး နောက်ပိုင်းတွင် လွတ်လပ်သော မြန်မာ့သုတေသနဂျာနယ်၏ လုပ်ငန်းဆောင်တာများကို လုံခြုံမှုရှိရှိ ဆောင်ရွက်နိုင်စေရန်အလို့ငှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်တက္ကသိုလ်ရှိ လူမှုသိပ္ပံနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ ဒေသတွင်းဗဟိုဌာန (Center for Social Science and Sustainable Development) သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ပါသည်။ ပုံနှိပ်ထုတ်ဝေခြင်းအပြင် ဂျာနယ်၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် (https://ijbs.online) တွင်လည်း PDF နှင့် HTML ပုံစံများဖြင့် ဖတ်ရှုနိုင်ပါသည်။

A Note on the Passing of IJBS Co-founder James Scott, 1936-2024

The IJBS editorial board would like to recognize and honor the great contributions of our friend and colleague, the late Professor James Scott. His work starting and supporting this journal over its fifteen years of history has been generous and inspiring. It is fair to say that without Jim, there would be no IJBS.

Jim not only identified the original funding for the journal but also provided an institutional anchor for its fledgling steps. The Department of Political Science at Yale University hosted the journal's first meetings during a time of fierce optimism about Myanmar's slowly liberalizing public and civic space, which crucially included the relaxation of censorship by the entrenched military regime. Jim had spent years speaking with Tun Myint and other board members about the legacy of the old Journal of the Burma Research Society (JBRS), which thrived in newly independent Burma when Jim first studied at the University of Rangoon in 1958-1959. The JBRS was shut down by military dictator General Ne Win, who opposed independent or critical voices and stifled public and scholarly debate. After the first IJBS issue was launched in 2016, the journal took some time to find its feet, but thanks to Jim, it managed to overcome many challenges. These related not only to the wrinkles that any new journal faces in a rapidly changing technological environment, but also the effects of the 2019-2023 COVID-19 pandemic, and the 2021 military coup that cut the ability for free, independent publications like IJBS to operate openly in the country.

Jim's family requested after he passed away that anyone feeling condolences for their loss should not send flowers but instead send support to those affected by the coup in Myanmar. Jim was a true friend of Burma and left a huge mark in many fields. We aim for IJBS to continue honoring his legacy and the legacy of all those who struggle for a freer and more just Burma.

Tun Myint and David Thang Moe pay tribute to Jim with articles later in this issue. May he rest in peace.

လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ် ပူးတွဲတည်ထောင်သူ ဂျိမ်းစကော့ (၁၉၃၆-၂၀၂၄) ကွယ်လွန်ခြင်း မှတ်တမ်း

လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ် အယ်ဒီတာအဖွဲ့အနေဖြင့် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ကွယ်လွန်သူ ပါမောက္ခ ဂျိမ်းစကော့၏ ပံ့ပိုးကူညီလုပ်ဆောင်မှုများအား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ မြန်မာအမည် "ရွှေရိုး" ဖြင့်လည်း သိရှိကြသည့် ဂျိမ်းစကော့၏ ဤဂျာနယ်ဖြစ်မြောက်ရေးမှသည် (၁၅) နှစ်ကျော်တိုင် ပံ့ပိုးကူညီမှုသမိုင်းကြောင်းမှာ မေတ္တာစေတနာတို့ဖြင့် ထုံမွမ်းနေပြီး လေးစားအားကျဖွယ်ရာဖြစ်ပါသည်။ ဆရာရွှေရိုး၏ ကြိုးပမ်းအားထုတ်မှုများသာ မရှိခဲ့ပါလျှင် လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ်သည်လည်း ရှိလာနိုင်လိမ့်မည်မဟုတ်ဟု ဆိုနိုင်ပါသည်။

ဆရာရွှေရိုးသည် ဂျာနယ်ဖြစ်မြောက်ရေး ကနဦးရန်ပုံငွေကို ရှာဖွေပေးခဲ့ရုံမျှမက ဂျာနယ်အတွက် လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ ထောက်တိုင်များကိုပါ အုတ်မြစ်ချပေးခဲ့သည်။ ယေးလ်တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံဌာနတွင် ဂျာနယ်၏ ပထမဆုံးအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုစဉ်ကာလက မြန်မာပြည်တွင် စစ်အာဏာရှင်အစိုးရမှ ဆင်ဆာဖြေလျှော့ရေးအပါအဝင် လူထုနှင့် လူထုဘဝ တိုးတက်လာမည့် အရိပ်အယောင်များ ရောင်နီသန်းစကာလဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပထမဆုံးအကြိမ် ဆရာရွှေရိုး ပညာဆည်းပူးခဲ့သည့်ကာလဖြစ်သည့် ၁၉၅၈-၁၉၅၉ ခုနှစ်ဝန်းကျင်ကာလ၌ အားကောင်းခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၏ သမိုင်းကောင်းများအကြောင်းကို ဦးထွန်းမြင့်အပါအဝင် ဂျာနယ်ဘုတ်အဖွဲ့ဝင်များနှင့် နှစ်အတန်ကြာပြောဖြစ်ခဲ့သည်။ တိုင်းပြည်အတွင်း လွတ်လပ်စွာ ဝေဖန်သုံးသပ်မှုနှင့် လူထုနှင့် ပညာရှင်များ၏ ဆွေးနွေးမှုများကို မလိုလားသော အာဏာရှင် ဦးနေဝင်းလက်ထက်တွင် အဆိုပါဂျာနယ် ဖျက်သိမ်းခံခဲ့ရသည်။

လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ်၏ ပထမဆုံးစာစောင်ကို ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပြီး ဆက်လက်ရပ်တည်ရေးအတွက် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဆရာရွှေရိုး၏ ကူညီမှုများကြောင့် ထိုစိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ ထိုစိန်ခေါ်မှုများထဲတွင် ဂျာနယ်

အသစ်တိုင်းနီးပါး ကြုံတွေ့ရသည့် တိုးတက်လာနေသော နည်းပညာပြောင်းလဲမှု အခက်အခဲများသာမက ၂၀၁၉ မှ ၂၀၂၃ ခုနှစ်အတွင်း အကြီးအကျယ် ဖြစ်ပွားခဲ့သော ကိုဗစ်ကပ်ရောဂါပြဿနာနှင့် ၂၀၂၁ စစ်အာဏာသိမ်းမှုများသည် မြန်မာပြည်တွင်း၌ လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ်ကဲ့သို့ လွတ်လပ်စွာ ထုတ်ဝေသည့် စာစောင်များအတွက် ပေါ်ပေါ်ထင်ထင် လှုပ်ရှားရန် အခက်တွေ့စေခဲ့သည်။ ကွယ်လွန်သူ၏ မိသားစုမှ သေဆုံးသူအတွက် စာနာမှုကို ပြသလိုပါက စစ်အာဏာ အသိမ်းခံထားရသည့် မြန်မာပြည်အား ပံ့ပိုးကူညီပေးရန် တောင်းဆိုခဲ့သည်။ ဆရာရွှေရိုးသည် မြန်မာပြည်အတွက် စစ်မှန်သော မိတ်ဆွေတစ်ဦးဖြစ်ခဲ့သလို နယ်ပယ်ပေါင်းစုံတွင် အမှတ်တရများစွာ ချန်ရစ်ခဲ့သူလည်း ဖြစ်သည်။

လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ်အနေဖြင့် သူ၏ လုပ်ဆောင်ချက်ကောင်းများနှင့် မြန်မာပြည်ကြီး ခွင့်တူညီမျှလွတ်လပ်လာစေရေး တိုက်ပွဲဝင်နေကြသူများ၏ သမိုင်းကြောင်းကောင်းများကို ဆက်လက်ထိန်းသိမ်းဂုဏ်ပြုသွားရန် ရည်ရွယ်ထားပါသည်။

ထွန်းမြင့်နှင့် ဒေးဗစ်ထန်းမိုးတို့၏ ဆရာရွှေရိုးအောက်မေ့ဖွယ်ဆောင်းပါးများကိုလည်း ဤစာစောင်တွင် ဖော်ပြထားပါသည်။

ဆရာရွှေရိုး ကောင်းရာသုဂတိလားပါစေ။

Editorial Board

David Moe

Ma Thida

Tun Myint

Michael Charney

Issue Editor

Hannah Russell

Managing Editor

Luke James Corbin

Assistant Editor

Thitsar Te

Artworks

Kai

Table of Contents

About the Authors 2

စာရေးသူများအကြောင်း ၃

The Final Voyage

Salai Zoong 5

A Net Nak Zin

Salai Zoong 7

နောက်ဆုံးခရီး

ဆလိုင်းဇုန် ၉

Remembering James C. Scott and
His Intellectual Contribution to Burma/Myanmar

Tun Myint 11

မြန်မာ့အရေးအတွက်
ဂျိမ်းစကော့၏ ဉာဏ်ရည်ဉာဏ်သွေး ပံ့ပိုးကူညီမှု

ထွန်းမြင့် ၁၇

Fond Memories with James C. Scott: The Ivy League
Professor Who Learned from Village Peasants

David Thang Moe 26

ကျေးလက်တောင်သူများထံမှ လေ့လာသင်ယူခဲ့သူ
အိုင်ဗီလိဂ်ပါမောက္ခ ဂျိမ်းစ်စကော့နှင့်
နှစ်လိုဖွယ်အမှတ်တရများ

ဒေးဗစ်ထန်းမိုး ၄၆

Introduction to the Special Issue

Hannah Russell 78

မီဇိုရမ်သို့ နေရပ်စွန့်ခွာပြောင်းရွှေ့ခြင်း
အထူးထုတ်စာစောင်မိတ်ဆက်

ဟာနာရပ်ဆဲလ် ၉၄

Education Challenges Faced by Chin Refugee Children in Mizoram State, India

Zohesia 117

မီဇိုရမ်ရှိ ချင်းဒုက္ခသည်ကလေးသူငယ်များ ကြုံတွေ့ရသည့်
ပညာရေးအခက်အခဲများ

ဇိုဟီရှား ၁၄၂

Factors Behind Weavers Migrating from Myanmar to Mizoram State, India

Yu Gan Paing 176

မြန်မာပြည်မှ အိန္ဒိယပြည် မီဇိုရမ်သို့ ရွှေ့ပြောင်းလာကြသော
ရက်ကန်းသမားများ၏ နောက်ကွယ်မှ အကြောင်းတရားများ

ယုဂန်ပိုင် ၂၀၂

Experiences of Chin Refugee Women Accessing Livelihoods in Mizoram State, India

Dawt 239

မီဇိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီးများ
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို
လက်လှမ်းမီရယူခြင်းအတွေ့အကြုံများ

ဒေါ့ထ် ၂၅၄

Factors Influencing Chin Refugees Settling in
Aizawl After 2022

Zalette Myey 276

၂၀၂၁ နောက်ပိုင်း ချင်းဒုက္ခသည်များ အိုင်ဇောမြို့တွင်
အခြေချခြင်းအပေါ် လွှမ်းမိုးမှုရှိနေသည့် အချက်များ

ဇလပ်မြေ ၃၀၆

Young Chin Refugees in Aizawl District Since 2021

Len Len 350

၂၀၂၁ ကတည်းက အိုက်ဇောသို့ ရောက်ရှိနေကြသည့်
ချင်းလူငယ်ဒုက္ခသည်များ

လန်းလန်း ၃၆၆

About the Authors

Hannah Russell is a researcher from the United Kingdom based in Thailand. Her research focus is disability in Myanmar. She co-founded the Myanmar Action Group Denmark, which supports vulnerable populations with access to education, disability rehabilitation, humanitarian funding and mental health support.

Zohesia is a former teacher who fled Myanmar due to her activism and support for the Civil Disobedience Movement. She has a strong interest in children's education, particularly that of young girls, and supports other displaced families to try and access education support in border areas.

Yu Gan Paing is from Sagaing and worked as a journalist until the coup. He combines his writing with a deep study of Burmese history, which he uses to explore cultural understanding and societal change.

Dawt is in her twenties, active in the Civil Disobedience Movement, and is passionate about supporting refugees to access education. Her long-term goal is to contribute to building systems that empower and uplift refugee youth through learning and skills development.

Zalette Myey is a Chin researcher and educator active in local education initiatives. Prior to the coup, he was a researcher engaged in higher education policy issues. He currently works as a monitoring and evaluation officer at a local organization dedicated to improving health access in Chin State.

Len Len is from Chin State and has a strong interest in supporting women's rights and civil society initiatives in her hometown. She has a passion for developing her research skills and is currently enrolled in a Master's degree program in Vietnam.

စာရေးသူများအကြောင်း

ဟာနာရပ်ဆဲလ်သည် ချင်းမိုင်တွင် နေထိုင်လျက်ရှိသော ယူကေနိုင်ငံသူ သုတေသီတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံရှိ မသန်စွမ်းများအကြောင်း သုတေသနပြု လေ့လာနေသူဖြစ်သည်။ ပညာရေး၊ မသန်စွမ်းမှု ပြန်လည်ထူထောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် စိတ်ကျန်းမာရေး အထောက်အပံ့များကို ကူညီပံ့ပိုးပေးနေသည့် Myanmar Action Group Denmark အမည်ရ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု၏ ပူးတွဲတည်ထောင်သူဖြစ်သည်။

ဗိုဟီရှားသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအား ထောက်ခံမှုနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများကြောင့် မြန်မာပြည်မှ ထွက်ပြေးခဲ့ရသည့် ကျောင်းဆရာမ တစ်ဦးဖြစ်သည်။ ကလေးသူငယ်ပညာရေး အထူးသဖြင့် မိန်းကလေးငယ်များ၏ ပညာရေးကို အထူးစိတ်ဝင်စားပြီး နယ်စပ်ဒေသများရှိ နေရပ်စွန့်ခွာထွက်ပြေးနေရသော မိသားစုများအတွက် ပညာရေး လက်လှမ်းမီ ရေး ပံ့ပိုးပေးနေသူဖြစ်သည်။

ယုဂန်ပိုင်သည် စစ်ကိုင်းတိုင်းဒေသကြီးမှဖြစ်ပြီး စစ်အာဏာသိမ်းမှုမတိုင်မီက သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ဗမာ့သမိုင်းအား နှံ့နှံ့စပ်စပ် လေ့လာကာ လူမှုအပြောင်းအလဲနှင့် ယဉ်ကျေးမှုသဘောတရားများကို ဖော်ထုတ်ရန် စာပေများရေးသားလျက်ရှိသည်။

ဒေါ်ထသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင် နေသည့် အသက်နှစ်ဆယ်တွင်းအရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။ ဒုက္ခသည်အသိုင်းအဝိုင်းအတွင်း ပညာရေးလက်လှမ်းမီရေးနှင့် ပညာခရီးဆက် နိုင်ရေးအတွက် ပံ့ပိုးလိုသူတစ်ဦးဖြစ်သည်။ သူမ၏ ရေရှည်မျှော်မှန်းချက်မှာ လေ့လာမှုနှင့် စွမ်းရည်မြှင့်တင်မှုများမှတစ်ဆင့် ဒုက္ခသည်လူငယ်များ စိတ်ဓာတ်ခွန်အားမြင့်မားပြီး ထူးချွန်ထက်မြက်လာစေမည့် စနစ်ကောင်း တည်ဆောက်ရာတွင် ပါဝင်လုပ်ဆောင်ရန်ဖြစ်သည်။

ဇလပ်မြေသည် ချင်းလူမျိုး သုတေသီတစ်ဦးဖြစ်ပြီး ချင်းပြည်တွင် ပညာရေးလုပ်ငန်းများကို တက်ကြွစွာ ဦးဆောင်လုပ်ကိုင်နေသည့် ပညာဖြန့်ဝေသူတစ်ဦးလည်းဖြစ်သည်။ စစ်အာဏာမသိမ်းမီက အဆင့်မြင့်ပညာရေးမူဝါဒကိစ္စများတွင် ဝင်ရောက်ဆောင်ရွက်ခဲ့သည့် သုတေသီတစ်ဦးဖြစ်သည်။ ယခုအခါ ချင်းပြည်တွင် ကျန်းမာရေးဝန်ဆောင်မှုရရှိရေး လုပ်ဆောင်နေသည့် ဒေသတွင်းအဖွဲ့အစည်းတစ်ခုတွင် စောင့်ကြည့်အကဲဖြတ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသည်။

လန်းလန်းသည် ချင်းပြည်နယ်မှဖြစ်ပြီး ဇာတိမြေတွင် အမျိုးသမီးအခွင့်အရေးများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းလုပ်ငန်းများအပေါ် ပြင်းပြသည့် စိတ်ဝင်စားမှု ရှိသူဖြစ်သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ဘွဲ့လွန်တက်ရောက်နေပြီး သုတေသနအရည်အချင်းများ တိုးတက်လာရေးအတွက် စိတ်အားထက်သန်သူဖြစ်သည်။

The Final Voyage

Salai Zoong

Familiar conversations, voices, and views,
Did hands remain steady?
Just prior to it
The fragrance wafts away on its own.

We spoke in sparse phrases,
Did understanding dwell in our gaze?
Did our hearts commune in silent dialogue?
No reflections after I departed,
Only the echoes of yearning once you were gone.
Undiscovered wounds festered.

Humans are enigmatic.
Humans are peculiar.

In this moment,
No farewells were exchanged,
Friends once bound by *mang-tha*,[1]
Those dearest to us,
Depart, one by one,
Once more, we sacrificed ourselves.

Spring, the embers of agrarian fires,
Consumes the old tree's innermost roots,
Let's cultivate this land.

---

[1] A Chin greeting for returning from somewhere or wishing sweet dreams.

This land ... adorns with an orchard,
This land ... imbues with love.

At the end of the hill ranges,
In the symphony of *fiak-fai-rok*,[2]
Herding gayals through the meadows,
Crafting joy for children.

[2] The name of a bird in Chin State that sings in the summer, the common hawk-cuckoo (*Hierococcyx varius*).

A Net Nak Zin[1]

Salai Zoong

Kan rel ... kan thei... kan hmuh ton mi
Kan kut kaih teh a fek maw ... ?
Ni nu mual a liam hlan ah/ A rei lo te ah
Par mawi rim hmui a ziam ral ...

Lung duh thu sam kan sim phuang cio lo
Mit lawng an thei thiam aw maw?
Kan Lung thup a naih awk maw?
Ka um nawn lo hnu ah ti mi ruah nak a um lo bang in
Na cul hnu lung zun lawng a tang ding maw
Hawl lo ton mi hriam hma tla ...

Mi nung hi a dang lam zet
Mi nung hi a huai sen zet

Tu bai sung ah
Kut kai aw ta lo in
Mang tha ti ih ram duh ral tha len rual hawi kom tla
An hlo ral cup co
Cuih hnu ah
Kan mah le kan mah rai thawi nak kan pek ...

Nui uu cu a kang rero mi
Lo sung ih meisa bang in
Thing rop sung mu tiang a kang ziam
Hi lo sung ah thlai ci kan cing pei ...

[1] Translated by Mawng Nue.

Hi ram cu ... hang hnah hang rah pang par hmuan leh
Hih ram ah ... duh dawt awk nak tha tak thawn

Tlang suan sang tluan ih
Fiak fai rok awn mawi hnuai ah
Sia khal tu
Suak thuan sei no nun nom nak ding ah ...

နောက်ဆုံးခရီး

ဆလိုင်းဇုန်

ပြောနေကျ ကြားနေကျ မြင်နေကျများ
လက်တွေဟာ မြဲမြံနေခဲ့ရဲ့လား
သည့်မတိုင်ခင်လေးမှာပဲ
ရန့်တွေဟာ သူ့သဘောအတိုင်း လွင့်မျော

စကားတွေများများစားစားမပြောခဲ့ကြ
မျက်လုံးချင်းပဲ နားလည်ခဲ့ကြသလား
ရင်ဘတ်ချင်းပဲ ထိစပ်ခဲ့ကြသလား
ငါ မရှိတော့တဲ့နောက်ဆိုတဲ့ အတွေးတွေမရှိခဲ့သလို
မင်းမရှိတဲ့နောက် အလွမ်းတွေပဲရှိနေခဲ့မလား
မရှာဖွေဘဲရခဲ့တဲ့ ဒဏ်ရာတွေလေ

လူဟာ သိပ်ထူးဆန်း
လူဟာ သိပ်ဆန်းကြယ်

ဒီလတ်တလောအတွင်း
ငါတို့ မနှုတ်ဆက်ခဲ့ရပါဘဲ
မန်းထာ[1]ခဲ့ကြတဲ့ မိတ်ရင်းဆွေရင်းတွေ
အရင်းနှီးဆုံးတွေ
တဖြုတ်ဖြုတ် ထွက်သွား
နောက်ထပ်တစ်ဖန်

---

[1] ချင်းဘာသာဖြင့် တစ်နေရာရာမှပြန်သည့်အခါ နှုတ်ဆက်ခြင်း (ဝါ) အိပ်မက်လုလှမက်ပါစေဟု နှုတ်ဆက်ခြင်း။

ငါ့တို့ဟာငါတို့ ယစ်ပူဇော်ခဲ့ကြ

နွေဦးဟာ တမြွေ့မြွေ့လောင်နေတဲ့
တောင်ယာမီးရဲ့အကြွင်းအကျန်
သစ်အိုပင်ရဲ့ အတွင်းအမြစ်ထိလှိုက်စား
ဒီယာမြေကို စိုက်ပျိုးကြစို့ရဲ့

ဒီမြေဟာ … သစ်သီးပန်းမန်ဥ ယျာဉ်နဲ့
ဒီမြေဟာ … ချစ်ခြင်းမေတ္တာနဲ့

တောင်တန်းကြီးတွေရဲ့ကျောရိုးတစ်ဆုံး
ဖွိုက်ဖိုင်းရော့စ်[2] တေးသံမှာ
နွားနောက်တွေကျောင်းရင်း
ကလေးတွေ ပျော်ပါးကြစေဖို့ပေါ့။

[2] နွေမှာ အသံစာစာအော်တတ်သော ငှက်ကို ချင်းဘာသာဖြင့်ခေါ်ဆိုခြင်း။

Remembering James C. Scott and His Intellectual Contribution to Burma/Myanmar

Tun Myint

I first met Professor James C. Scott in 2000 at the Burma Studies Conference at Northern Illinois University in DeKalb, Illinois, where I presented my paper analyzing Emanuel Forchhammer's *The Jardine Prize Essay*.[1] The title of my paper was "The Evolution of Burmese Law and Legal Concepts."[2] Jim was in the audience. I introduced myself to him afterwards, thanked him for attending my talk, and we continued our conversation over lunch.

Jim asked me if Burmese law had any continuity over its many different royal kingdoms, then the British colonial administration, and the post-independence governments and regimes since 1948—to speak, so as, about the *evolution* of Burmese law. His question made me think about how Burmese law and legal concepts can be like traffic rules for cars approaching roundabouts and traffic lights. Both these types of rules exist in Burmese social and political history: I told Jim that the roundabout model of rules or laws exist in society but that traffic light models of rules or laws were imposed by kings and governments.[3] I opined that when I spoke of evolution, I referred to both. The latter is what Jim was referring to in asking about the "continuity" of Burmese law. This discussion led to further questions as to how we might think about law and order, and for whom law eventually serves, governments or the governed.

To receive such insightful and critical questioning from Professor James C. Scott, one of my intellectual heroes, was a humbling experience and honor. His humanity, humility, and approachability were infectious. At that time, I was just beginning

---

[1] Forchhammer, 1885.

[2] Tun Myint, 2005.

[3] Burma has the longest ongoing civil war on the planet, indicating the problem of reconciling the traffic-light model rule of law serving the kings and the state with the roundabout model rule of law that the Burmese public desires to be governed by.

my doctoral studies at Indiana University, Bloomington, and had only read two of his books, *Seeing Like a State: How Certain Schemes to Improve the Human Condition Have Failed*[4] and *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia.*[5] Other students who got to work with him more during their own studies were very lucky.

Later in our friendship, I asked Jim how he first got interested in Burma, the country and topic that became a lifelong scholarly interest. He told me that to graduate from his undergraduate degree, he had to write a thesis in his senior year. (Rigorous liberal arts colleges in the United States require all students to write a senior's thesis or what other places might call an honors thesis.) Jim said that even in his final semester he was unsure what topic to write about. He went to one of his economics professors, an Indonesia specialist, and asked to volunteer for him as a research assistant and, in return, for the professor to suggest and supervise his still unformed senior's thesis. The professor agreed and assigned Jim to write about Burma's economy. Jim said he was grateful to have a topic by the end of that meeting, but as soon as he got out of the professor's office, he asked himself: "Wait a minute, where's Burma!?"

That thesis and initial encounter with Burma turned into a lifelong personal and professional interest for Jim, as he found in the state-building and state-evasion strategies of peoples in Burma and Southeast Asia a source of several intellectual puzzles to investigate, the latest being his posthumous book on floods and life in and on the Ayeyarwady River.[6] In this understanding, we may say that Jim started his career with Burma and ended it with Burma, writing about Burma's most famous river to inform the world about the views of non-human species and how natural floods are critical to building social and ecological systems.

For Scott, Burma was a source of inspiration for studying the role of the state in civilizations all over the world, and its

[4] Scott, 1998.
[5] Scott, 1976.
[6] Scott, 2025.

troubles in balancing order and freedom. Scott poignantly raised this with his *The Art of Not Being Governed: An Anarchist History of Upland Southeast Asia.*[7] The puzzle he posed was: How might we understand the fraught dialectical relations between such projects of rule and their agents, on the one hand, and zones of relative autonomy and their inhabitants?

> ... the ubiquity of the encounter between self-governing and state-governed people—variously styled as the raw and the cooked, the backward and the modern, the free and the bound, the people with history and the people without history—provides us with many possibilities for comparative triangulation. We shall take the advantage of these possibilities where we can.[8]

Scott took this advantage many times in his intellectual journey and in so doing has left us a way to evaluate models of states and societies that exercise governance by traffic lights, and the governance by roundabouts to sustain and respect human agency and freedoms in society. For Scott, the roundabout model of governance is more laudable than blindly obeying traffic rules made for and enforced by rule makers. Scott extrapolated on this even outside his home discipline of political science, and his adopted discipline of anthropology, in other diverse scholarly debates. He later marched towards reasoning against the grain about the conduct of early human civilizations and how the state might be counterproductive when one considers the overall prosperity and achievement of freedoms of *homo sapiens*.

In 2009, Jim was invited by Macalester College, Minnesota to give a special lecture at the Macalester Institute for Global Citizenship. I was then teaching at Carleton College in Northfield, about an hour away. Jim chose to give his lecture on globalization and how it serves as a standardization project for North Atlantic

---

[7] Scott, 2009.
[8] Scott, 2009, p. 3.

hegemony throughout the world. The title was "Vernaculars Cross-Dressed as Universals: Globalization as North Atlantic Hegemony." The essence of the lecture was that globalization is the highest point of the standardization mission of former colonizers to "civilize" peoples at the margins of the world, thereby erasing the vernaculars which are meaningful building blocks of the memories, cultures, and identities of the people at the margins. By so doing, globalizers have standardized nearly all aspects of human artifacts such as language, fashion, food, and culture, purportedly for efficiency.

I was invited by Jim as his guest at that Macalester event. At the dinner afterwards, Jim and I talked about what we could do to help create intellectual debate about the ongoing revolutions of ethnic minorities and the 1988 social uprising in Burma. We discussed the old Journal of the Burma Research Society (JBRS), how it had published independent academic analysis about Burma, and how it had served as a healthy platform for intellectual debate. Precisely because of the critical voice it provided, the JBRS and its society was outlawed by the dictator Ne Win in 1978 and effectively shut down in 1980 by the Burmese Socialist government. Our dinner discussion in 2009 was a precursor to the establishment of the Independent Journal of Burmese Scholarship (IJBS), which for the last 15 years has taken steps to revitalize the independent intellectual tradition of Burma's scholars, as exemplified by the earlier contributors to the JBRS. The "independent" in the journal title refers to being independent of external control, influence, and censorship—therefore including writers' own self-censorship.

The first meeting for the journal was held between eleven Burma scholars in 2011. This group became the first IJBS editorial committee. The meeting took place at the Department of Political Science at Yale University under Jim's blessing. Yale University President Richard Levin was providing some funds for Burma-related scholarly activities and Jim allocated some of it to starting the new IJBS. Another part of those funds, I believe, contributed to inviting Daw Aung San Suu Kyi to Yale University

under the Chubb Fellowship to give a public lecture on 27 September 2012.

The first issue of IJBS, a special issue on the theme of poverty, was finally published in August 2016. Jim introduced the new journal by saying:

> It is with great pride that we present this first issue of the journal to public intellectuals and scholars of Burma. We hope, with this and the issues to come, to make a significant contribution to the many admirable efforts now underway in Myanmar to create a vibrant, daring, and critical public sphere of the highest standards. The formula that we begin with is designed to foster a long-lasting intellectual community and civil debate around critical themes of central concern to Myanmar's public life and future development.

I hope the readers of this journal benefit from the efforts of its editorial team and contributors to revitalizing vibrant intellectual debate on Burma/Myanmar's social change and political development.

References

Forchhammer, E. (1885). *The Jardine Prize: An Essay on the sources and development of Burmese Law from the era of the first introduction of the Indian Law to the time of the British occupation of Pegu*. The Government Press. https://archive.org/download/jardineprizeane00forcgoog/jardineprizeane00forcgoog.pdf

Scott, J. C. (1976). *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia*. Yale University Press.

Scott, J. C. (1998). *Seeing Like a State: How Certain Schemes to Improve the Human Condition Have Failed*. Yale University Press. https://doi.org/10.1353/jsh.2000.0050

Scott, J. C. (2009). *The Art of Not Being Governed: An Anarchist History of Upland Southeast Asia*. Yale University Press. https://doi.org/10.1177/026272801203200105

Scott, J. C. (2025). *In Praise of Floods: The Untamed River and the Life It Brings*. Yale University Press. https://yalebooks.yale.edu/book/9780300278491/in-praise-of-floods/

Tun Myint. (2005). Evolution of Law and Legal Concept in Burma: Challenges at the Transition. *Legal Issues on Burma Journal*, 20, 16-31.

မြန်မာ့အရေးအတွက် ဂျိမ်းစကော့၏ ဉာဏ်ရည်ဉာဏ်သွေး ပံ့ပိုးကူညီမှု

ထွန်းမြင့်

အီလီနွိုင်းပြည်နယ်၊ ဒကပ်မြို့ရှိ မြောက်အီလီနွိုင်းတက္ကသိုလ်တွင် ၂၀၀၀ ပြည့်နှစ်၌ ကျင်းပသည့် မြန်မာ့ရေးရာလေ့လာရေးညီလာခံတွင် ပါမောက္ခ ဂျိမ်းစကော့နှင့် ပထမဆုံးအကြိမ် ဆုံတွေ့ခဲ့သည်။ ထိုညီလာခံ၌ ကျွန်တော်သည် Emanuel Forchhammer ရေးသားသည့် *The Jardine Prize: An Essay*[1] ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး "The Evolution of Burmese Law and Legal Concepts" ဟု ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းကို တင်ပြခဲ့သည်။ ထိုညီလာခံတွင် ဂျင်မ်လည်း တက်ရောက်ခဲ့ပြီး မိမိစာတမ်း ဖတ်အပြီးတွင် သူ့အား သွားရောက်မိတ်ဆက်ကာ ဆွေးနွေးပွဲတက်ရောက်ပေးခြင်းအတွက် ကျေးဇူးတင်ကြောင်းပြောဆိုပြီးနောက် နှစ်ယောက်အတူ နေ့လယ်စာစားသောက်ရင်း စကားဆက်ခဲ့ကြသည်။

ဂျင်မ်က ဗမာ့ဥပဒေသည် မတူညီသည့် ဘုရင်မင်းဆက်ကာလများ၊ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးကာလနှင့် ၁၉၄၈ မှစတင်၍ လွတ်လပ်ရေးရပြီးနှောင်းပိုင်းကာလများနှင့် ထိုကာလမှစတင်သည့် အစိုးရအဆက်ဆက်များအထိ ဆက်လက်တည်တံ့မှုရှိခဲ့ပါသလား တစ်နည်းအားဖြင့် "ဗမာ့ဥပဒေ၏ဆင့်ကဲပြောင်းလဲမှု" ကို မည်သို့ဆွေးနွေးသင့်ကြောင်း မေးမြန်းခဲ့သည်။ သူ့မေးခွန်းသည် မိမိအား ဗမာ့ဥပဒေနှင့် ဥပဒေရေးရာသဘောတရားကို ကားမောင်းသည့်အခါ အဝိုင်းပတ်အသုံးပြုရခြင်း သို့မဟုတ် မီးပွိုင့်အသုံးပြုရခြင်းတို့နှင့် နှိုင်းယှဉ်၍ တွေးတောမိစေသည်။ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် နိုင်ငံရေးသမိုင်းတွင် ထိုစည်းမျဉ်းဥပဒေသ နှစ်ရပ်လုံးရှိသည်။ အဝိုင်းပတ် အသုံးပြုခြင်းပုံစံသည် လူမှုအသိုင်းအဝိုင်း၏ ရှိရင်းစွဲ စည်းကမ်းဥပဒေသဖြစ်ပြီး မီးပွိုင့်ထားရှိခြင်းပုံစံသည် ရှင်ဘုရင်များနှင့် နိုင်ငံတော်အစိုးရများမှ သတ်မှတ်ပြဋ္ဌာန်းမှုဖြစ်

[1] Forchhammer, 1885.

သည်။[2] ဥပဒေဆင့်ကဲပြောင်းလဲမှုအကြောင်း ပြောသည့်အခါ မိမိအနေဖြင့် အဆိုပါနှစ်ချက်လုံးအပေါ် အမြင်များကို ပြောဆိုခဲ့သည်။ ဒုတိယပုံစံဖြစ်သည့် မီးပွိုင့်ထား ရှိခြင်းပုံစံမှာ ဂျင်မ် ညွှန်းဆိုသည့် ဗမာ့ဥပဒေ ဆင့်ကဲဖြစ်တည်လာမှုဖြစ်သည်။ ထိုစကားဝိုင်းမှတစ်ဆင့် မိမိတို့အနေဖြင့် ဥပဒေနှင့် စည်းမျဉ်းကို မည်ကဲ့သို့ တွေးခေါ်ကြကြောင်း၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့အကြား ဥပဒေသည် မည်သူကို အလုပ်အကျွေးပြုကြောင်းတို့ကို ဆက်လက်ဆွေးနွေးခဲ့သည်။

မိမိအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာတွင် လေးစားအားကျရသူများထဲမှ တစ်ဦးဖြစ်သည့် ပါမောက္ခဂျိမ်းစကော့ထံမှ ဤမေးခွန်းမျိုး မေးမြန်းခံရခြင်းသည် မဝံ့မရဲ ဂုဏ်ယူစရာကောင်းသည့် အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။ သူ၏ လူသားဆန်မှု၊ နှိမ့်ချတတ်မှုနှင့် ရင်းနှီးလွယ်မှု စသည့်အမူအကျင့်များသည် ကူးလွယ်ပြီး ထိုအချိန်ကတည်းကပင် မိမိအနေဖြင့် သူ့ကို “ဂျင်မ်” ဟု ရင်းနှီးစွာခေါ်ဆိုလာခဲ့သည်။ ထိုအချိန်၌ ကျွန်တော်သည် ဘလူမင်တန်မြို့၊ အင်ဒီယားနားတက္ကသိုလ်တွင် ပါရဂူဘွဲ့သုတေသနကို စတင်နေချိန်ဖြစ်ပြီး ဂျင်မ်ရေးသားသည့် *Seeing Like A State: How Certain Schemes to Improve the Human Condition Have Failed*[3] နှင့် *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia*[4] စာအုပ်များ ကို ဖတ်ရှုထားပြီးဖြစ်သည်။ ဂျင်မ်၏ ကြီးကြပ်မှုအောက်တွင် ပညာသင်ကြား ခွင့်ရခဲ့သည့် ကျောင်းသားများသည် လွန်စွာကံကောင်းကြသည်ဟု မှတ်ချက် ပြုမိသည်။

ကျွန်တော်တို့ ခင်မင်ရင်းနှီးလာသည့်အခါ ဂျင်မ့်အား သူ့ဘဝတစ်သက်တာ ပညာရပ်ဆိုင်ရာ စိတ်ဝင်စားမှုဖြစ်လာသည့် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားရသည့် အကြောင်းအရင်းကို မေးမြန်းဖြစ်ခဲ့သည်။ သူ ပြန်ပြောပြသည်မှာ

---

[2] မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကာလရှည်ကြာဆုံးသော ပြည်တွင်းစစ်ဖြစ်နေသည့် နိုင်ငံဖြစ်သည်။ ထိုအရာသည် မီးပွိုင့်ထားရှိခြင်းပုံစံကဲ့သို့ ရှင်ဘုရင်များနှင့် အုပ်ချုပ်သူလူတန်းစားများ၏ ချယ်လှယ်အုပ်စိုးမှုနှင့် ပြည်သူအများ လိုအပ်နေသည့် အဝိုင်းပတ်ယာဉ်ကြောပုံစံ အုပ်ချုပ်မှုကြား ဖြစ်ပေါ်နေသည့် ပြဿနာကို ထောက်ပြနေခြင်းဖြစ်သည်။

[3] Scott, 1998.

[4] Scott, 1976.

သူ့အနေဖြင့် ဘွဲ့ကြိုနောက်ဆုံးနှစ် ပြီးခါနီးတွင် ဘွဲ့ယူစာတမ်းတင်ပြရမည်။ (အမေရိကန်ရှိ နာမည်ကြီးဝိဇ္ဇာသိပ္ပံကောလိပ်များ၌ တက်ရောက်သူများသည် စီနီယာဘွဲ့ယူစာတမ်း သို့မဟုတ် အချို့တက္ကသိုလ်များတွင် ဂုဏ်ထူးတန်းစာတမ်းဟုခေါ်သည့် စာတမ်းကို တင်သွင်းရသည်။) ဂျင်မ့်အနေဖြင့် နောက်ဆုံးစာသင်နှစ်ဝက်ကာလ ရောက်လာသည့်တိုင် သူ ရေးသားလိုသည့် စာတမ်းအကြောင်းအရာကို သေချာစွာ မဆုံးဖြတ်နိုင်ခဲ့ ကြောင်းဆိုသည်။ ထို့ကြောင့် သူသည် အင်ဒိုနီးရှားနိုင်ငံအရေးကျွမ်းကျင်သည့် ဘောဂဗေဒပါမောက္ခတစ်ဦးထံသို့ သွားရောက်ကာ သူ၏ စာတမ်းအတွက် အကူအညီတောင်းခံခဲ့ပြီး ထိုအတွက် ပါမောက္ခ၏ သုတေသနလက်ထောက်အဖြစ် လုပ်ကိုင်ပေးရန် သဘောတူခဲ့ကြောင်းဆိုသည်။ ထိုပါမောက္ခက ဂျင်မ့်အား မြန်မာပြည်စီးပွားရေးအကြောင်း ရေးသားရန် အကြံပေးခဲ့သည်။ ဂျင်မ်သည် ပါမောက္ခနှင့် ဆွေးနွေးမှုအပြီးတွင် စာတမ်းရေးသားရန် အကြောင်းအရာ ရရှိသွားသော်လည်း ထိုပါမောက္ခ၏ ရုံးခန်းမှ ထွက်လာချိန်တွင် “နေပါဦး၊ ဗမာပြည်ဆိုတာ ဘယ်နားမှာပါလိမ့်” ဟု သူ့ကိုယ်သူ ပြန်မေးပြီး ကမ္ဘာ့မြေပုံကို ကြည့်ရန် အလျင်စလိုဖြစ်သွားသည်ဟု ပြန်လည်ပြောပြသည်။

ထိုမှတစ်ဆင့် သူ့ဘဝတာအတွက် မြန်မာပြည်နှင့်ပတ်သက်၍ အလုပ်သဘောအရသာမက တစ်ကိုယ်ရည်စိတ်ဝင်စားမှုပါ ဖြစ်ပေါ်လာခဲ့သည်။ ဂျင်မ်သည် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှရှိ ပြည်သူများ၏ နိုင်ငံတော် တည်ဆောက်မှုနှင့် နိုင်ငံတော်အာဏာဖီဆန်မှုဗျူဟာများထဲမှ ပညာရပ်ဆိုင်ရာ ပဟေဠိများစွာ၏ ဇာစ်မြစ်များကို တွေ့ရှိခဲ့ကာ သူ၏ ပညာရပ်ဆိုင်ရာ လမ်းကြောင်းတွင် ထိုအရာများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး သူ ကွယ်လွန်ပြီးနောက် ထွက်ရှိခဲ့သည့်စာအုပ်မှာ ဧရာဝတီမြစ်နှင့် ရေကြီးရေလျှံမှုအကြောင်း ဖြစ်သည်။[5] ထိုအချက်ကိုကြည့်လျှင် သူ၏ ဉာဏသုတေသနခရီးသည် မြန်မာနိုင်ငံတွင် စတင်ပြီး မြန်မာနိုင်ငံတွင် အဆုံးသတ်သည်ဟုပင်ဆိုနိုင်သည်။ နောက်ဆုံးထွက်ရှိသည့်စာအုပ်တွင် ဧရာဝတီမြစ်နှင့် ရေကြီးမှုများအကြောင်းကို ရေးသားထားပြီး လူသားမဟုတ်သည့် သက်ရှိများ၏ ရှုထောင့်နှင့် သဘာဝအလျောက်

[5] Scott, 2025.

ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများသည် လူမှုစနစ်နှင့် ဂေဟာစနစ်ကို တည်ဆောက်ရာတွင် မည်မျှအခရာကျကြောင်း ကမ္ဘာသို့တင်ပြခဲ့သည်။

ပါမောက္ခစကော့အတွက်မူ မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်မှုပြဿနာဆိုင်ရာသမိုင်းသည် ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာမှုတွင် နိုင်ငံတော်များ၏ အခန်းကဏ္ဍနှင့် တရားစီရင်ရေးနှင့် လူသားလွတ်လပ်ခွင့်များအား ဟန်ချက်ညီအောင် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို လေ့လာရန် လှုံ့ဆော်မှုတစ်ခု ဖြစ်လာခဲ့သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ သူ၏ *The Art of Not Being Governed: An Anarchist History of Upland Southeast Asia* စာအုပ်တွင် အလေးအနက် ရေးသားခဲ့သည်။[6] သူ တင်ပြခဲ့သည့် ပဟေဠိမှာ ဤကဲ့သို့ အုပ်ချုပ်မှုစီမံကိန်းများနှင့် ၎င်းတို့၏ အေးဂျင့်များ၏ တစ်ဖက်တွင် အတိုင်းအတာတစ်ခုအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ထိုဒေသများတွင် နေထိုင်သူများကြားမှ မျိုးစုံကွဲပြားသည့် ဒေသန္တရဘာသာစကားအခြေခံ ဆက်ဆံရေးများကို မည်ကဲ့သို့ နားလည်နိုင်မည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။

> … ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် လူများနှင့် နိုင်ငံတော်လက်အောက် အုပ်ချုပ်ခံရသည့် လူများကြားမှ နေရာတိုင်းတွင် ကြုံတွေ့ရသည့် ပဋိပက္ခများသည် အစိမ်းသက်သက်နှင့် ချက်ပြုတ်ထားပြီးသား၊ ခေတ်နောက်ကျမှုနှင့် ခေတ်မီမှု၊ လွတ်လပ်မှုရှိခြင်းနှင့် ချည်နှောင်ခံထားရခြင်း၊ သမိုင်းကြောင်းရှိသည့် လူများနှင့် သမိုင်းကြောင်း မရှိသည့်လူများ စသဖြင့် ပုံသဏ္ဍာန်နှစ်မျိုးဖြင့် ပုံဖော်ခြင်းခံရပြီး ဘက်ပေါင်းစုံမှ နှိုင်းယှဉ်စဉ်းစားနိုင်သည့် နားလည်မှုအတွက် ဖြစ်တန်စွမ်း အမြောက်အမြားကိုပေးသည်။ ထိုဖြစ်တန်စွမ်း အခွင့်အလမ်းများကို ကျွန်တော်တို့အခွင့်အရေးအဖြစ် ရသလောက် အသုံးချသွားမည်ဖြစ်သည်။[7]

---

[6] Scott, 2009.

[7] Scott, 2009, p. 3.

ပါမောက္ခစကော့သည် သူ၏ သုတေသနဉာဏခရီးတွင် ဤအားသာချက် ဖြစ်တန်စွမ်း အခွင့်အလမ်းများကို အကြိမ်ပေါင်းများစွာ အသုံးချခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အုပ်ချုပ်မှုကို ကျင့်သုံးသည့် နိုင်ငံတော်ဗဟိုပြု လူ့အဖွဲ့အစည်း ပုံသဏ္ဌာန်များကို လေ့လာအကဲဖြတ်ရာတွင် မီးပွိုင့်များနှင့် ခိုင်းနှိုင်းကာ ပြည်သူဗဟိုပြုလူ့အဖွဲ့အစည်းတွင် လူသား၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ထိန်းသိမ်းပြီး အချင်းချင်းရိုသေလေးစားမှုရှိသည့် အုပ်ချုပ်မှုကိုမူ ယာဉ်ကြော အဝိုင်းပတ်လမ်းပုံသဏ္ဌာန်ဖြင့် ခိုင်းနှိုင်းဆွေးနွေးခဲ့သည်။ ပါမောက္ခစကော့ အတွက်မူ ယာဉ်ကြောအဝိုင်းပတ်ပုံသဏ္ဌာန်ဖြင့် အုပ်ချုပ်မှုတွင် ယာဉ်မောင်းများက စည်းမျဉ်းချမှတ်သူများဖြစ်သည့်အတွက် ပြဋ္ဌာန်းထားသည့် ယာဉ်စည်းကမ်းများကို မျက်ကန်းကဲ့သို့ လိုက်နာရခြင်းထက် ပို၍နှစ်လိုဖွယ်ကောင်းသည်။ ပါမောက္ခစကော့သည် သူ၏ မူလဘူတ စိတ်ဝင်စားမှုဖြစ်သည့် နိုင်ငံရေးသိပ္ပံဘာသာရပ်နှင့် ဆက်စပ်စိတ်ဝင်စားလာသည့် ဘာသာရပ်ဖြစ်သည့် မနုဿဗေဒဘာသာရပ်ပြင်ပတွင်ပင် ဤအကြောင်းအရာများနှင့် ပတ်သက်၍ ကျယ်ပြန့်သည့် ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် သူသည် ရှေးဦးလူသားယဉ်ကျေးမှုများ၏ အပြုအမူနှင့် လူသားများအတွက် လွတ်လပ်ခွင့်များ ရယူပိုင်ဆိုင်နိုင်မှုနှင့် ရှင်သန်ရပ်တည်နိုင်မှုတို့ကို ထည့်သွင်းစဉ်းစားသောအခါ နိုင်ငံတော်သည် မည်သည့်နည်းလမ်းဖြင့် ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်သည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ကျိုးကြောင်းဆင်ခြင်မှုများကိုလည်း ဆက်လက်လုပ်ဆောင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ဂျင်မ်အား မင်နီဆိုတာပြည်နယ်ရှိ မက်ကာလက်စ်တာ ကောလိပ်တွင် အထူးဟောပြောပွဲတစ်ခု ပြောကြားပေးပါရန် ဖိတ်ကြားခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် အဆိုပါနေရာနှင့် တစ်နာရီခန့်ဝေးသော နော့တ်ဖီးလ် ရှိ ကာလီတန်ကောလိပ်တွင် သင်ကြားရေးတာဝန်ယူထားသည်။ ဂလိုလ်ဘယ် လိုက်ဇေးရှင်း (ခေါ်) ကမ္ဘာမှုပြုခြင်းနှင့် ၎င်းသည် ကမ္ဘာတစ်ဝန်း၌ မြောက်အတ္တ လန္တိတ်နိုင်ငံများ၏ လွှမ်းမိုးမှုအတွက် စံသတ်မှတ်ရေးစီမံကိန်းတစ်ခုအဖြစ်

မည်သို့ပံ့ပိုးသည်ကိုဟောပြောခဲ့သည်။ သူ၏ ဟောပြောချက်ခေါင်းစဉ်မှာ "Vernaculars Cross-Dressed as Universals: Globalization as North Atlantic Hegemony" ဖြစ်သည်။ ဟောပြောချက်၏ အနှစ်သာရသည် ကမ္ဘာမှုပြုခြင်းဖြစ်စဉ်သည် ယခင်ကိုလိုနီနယ်ချဲ့များ၏ ကမ္ဘာ့အစွန်အဖျားရှိ လူများကို "ယဉ်ကျေးအောင်" လုပ်ဆောင်သည့် စံသတ်မှတ်ချက်ထားသည့် ရည်မှန်းချက်၏ အမြင့်ဆုံးကာလဖြစ်ပြီး ကမ္ဘာမှုပြုခြင်းဖြစ်စဉ်သည် အစွန်အဖျားရှိ လူများ၏ မှတ်ဉာဏ်များ၊ ယဉ်ကျေးမှုများနှင့် အထောက်အထားများ၏ အဓိပ္ပာယ်ရှိသည့် အုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားဘာသာစကားများကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်ဆိုသည့်အချက် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာပုံဖော်မှု ဖြစ်စဉ်များသည် ဘာသာစကား၊ ဖက်ရှင်၊ အစားအစာနှင့် ယဉ်ကျေးမှုကဲ့သို့သော လူသားများ၏ အသုံးအဆောင်ပစ္စည်းများ အပါအဝင် ရှုထောင့်အားလုံးနီးပါးကို ထိရောက်မှု ရှိစေရန်အတွက် ကမ္ဘာပုံဖော်သူတို့မှ စံသတ်မှတ်ခဲ့ကြသည်။

မက်ကာလက်စ်တာဟောပြောပွဲတွင် ဂျင်မ်က မိမိကို သူ၏ ဧည့်သည်အဖြစ် ဖိတ်ကြားခဲ့သည်။ ညစာစားပွဲအပြီးတွင် ဂျင်မ်နှင့် ကျွန်တော်သည် လက်ရှိ ဖြစ်ပွားနေသည့် တိုင်းရင်းသားလူနည်းစုများ၏ တော်လှန်ရေးများနှင့် ၁၉၈၈ မြန်မာပြည်သူများ၏ ဒီမိုကရေစီလှုပ်ရှားမှုနှင့် ပတ်သက်သည့် ဉာဏဆိုင်ရာ လွတ်လပ်သော သုတေသနနှင့် ဆွေးနွေးဖလှယ်မှုများ ထွန်းကားလာအောင် ဖန်တီးရန် မည်သည့်အရာများ လုပ်ဆောင်နိုင်သနည်းဆိုသည်ကို ဆွေးနွေးခဲ့ကြသည်။ ကျွန်တော်တို့အနေဖြင့် ယခင်ကရှိခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (Journal of Burma Research Society - JBRS) အကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လွတ်လပ်သည့် ပညာရပ်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကို မည်ကဲ့သို့ထုတ်ဝေခဲ့သနည်း၊ ဉာဏဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများအတွက် ကောင်းမွန်မျှတသည့် ပလက်ဖောင်းတစ်ခုအဖြစ် မည်ကဲ့သို့ ဆောင်ရွက်ခဲ့သနည်းဆိုသည်များကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၏ ဝေဖန်ပိုင်းခြားနိုင်သည့် ဆွေးနွေးမှုများကြောင့် ပင် ၁၉၇၈ တွင် အာဏာရှင်နေဝင်းမှ ဂျာနယ်နှင့် ထိုအသင်းကို တရားမဝင်

ကြောင်း ကြေညာခဲ့ပြီး ၁၉၈၀ ခုနှစ်တွင် ထိုအဖွဲ့အစည်းအား မြန်မာ့ဆိုရှယ်လစ်အစိုးရမှ ပိတ်သိမ်းခဲ့သည်။ မိမိတို့၏ ၂၀၀၉ ခုနှစ်တွင် တွေ့ဆုံခဲ့သည့် ညစာ စား ဆွေးနွေးပွဲသည် လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ် (IJBS) အား တည်ထောင်ရန် ရှေ့ပြေးလက္ခဏာတစ်ခုဖြစ်ခဲ့ပြီး မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ် (JBRS) ၏ အစောပိုင်းကာလများတွင် ပံ့ပိုးကူညီခဲ့သူများမှ ဥပမာပေးခဲ့သကဲ့သို့ လက်ရှိတွင် မြန်မာနိုင်ငံသည် ပညာရှင်များ၏ လွတ်လပ်သည့် ဉာဏဆိုင်ရာ အစဉ်အလာကို ပြန်လည်ရှင်သန်စေရန် ခြေလှမ်းငယ်များ လှမ်းလျက်ရှိပါသည်။ ဂျာနယ်ခေါင်းစဉ်တွင် ပါရှိသည့် “လွတ်လပ်သော” ဆိုသည်မှာ အုပ်ချုပ်သူများ၏ ထိန်းချုပ်မှု၊ ဆင်ဆာဖြတ်တောက်မှုနှင့် စာရေးသူများ၏ ကိုယ်တိုင်ဆင်ဆာဖြတ် တောက်မှုများမှ လွတ်လပ်ခြင်းကို ရည်ညွှန်းပါသည်။

ထိုဟောပြောပွဲအပြီး သုံးနှစ်ခန့်အကြာ ၂၀၁၁ ခုနှစ်တွင် ဂျာနယ်ထုတ်ဝေရန်အတွက် ပထမဆုံးအစည်းအဝေးကို မြန်မာ့အရေးသုတေသနပညာရှင် (၁၁) ဦးနှင့်အတူ ပူးပေါင်း၍ “လွတ်လပ်သောမြန်မာ့သုတေသနဂျာနယ် (IJBS)” အတွက် ပထမဆုံးအယ်ဒီတာအဖွဲ့ တည်ထောင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ထိုအစည်းအဝေးကို ဂျင်မ်၏ အားပေးမှုဖြင့် ယေးလ်တက္ကသိုလ်ရှိ နိုင်ငံရေးသိပ္ပံ ဌာနတွင် ကျင်းပခဲ့သည်။ ယေးလ်တက္ကသိုလ် ဥက္ကဋ္ဌ ရစ်ချက်လီဗင်သည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ လှုပ်ရှားမှုများအတွက် ရန်ပုံငွေအချို့ကို ထောက်ပံ့ပေးခဲ့ပြီး ဂျင်မ့်အား လွတ်လပ်သော မြန်မာ့ သုတေသနဂျာနယ် (IJBS) ကို အသစ်စတင်ရန်အတွက် ရန်ပုံငွေအချို့ကို ခွဲဝေပေးခဲ့သည်။ ထိုရန်ပုံငွေများ၏ နောက်ထပ် တစ်စိတ်တစ်ပိုင်းသည် ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့တွင် Chubb Fellowship အစီအစဉ်ဖြင့် ဒေါ်အောင်ဆန်းစုကြည်အား အများပြည်သူအတွက် ဟောပြောပွဲပြုလုပ်ရန် ယေးလ်တက္ကသိုလ်သို့ ဖိတ်ကြားရာတွင် အထောက်အကူဖြစ်စေခဲ့သည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

IJBS ၏ ပထမဆုံးစာစောင်ဖြစ်သည့် ဆင်းရဲမွဲတေမှုဆိုင်ရာ အထူးထုတ်စာစောင်အား ၂၀၁၆ ဩဂုတ်လတွင် ပထမဆုံး ထုတ်ဝေခဲ့သည်။ ဂျင်မ်မှ ဂျာနယ်အသစ်အကြောင်းကို အောက်ပါအတိုင်း မိတ်ဆက်ခဲ့သည်။

> ဤဂျာနယ်၏ ပထမဆုံးစာစောင်ကို တတ်သိပညာရှင်များနှင့် မြန်မာ့အရေးလေ့လာနေသူများ၏ လက်ဝယ်သို့ အရောက်ပို့ဆောင်ပေးနိုင်သည့်အတွက် ဝမ်းမြောက်မိပါသည်။ ကျွန်တော်တို့အနေဖြင့် ဤဂျာနယ်သည် မြန်မာနိုင်ငံတွင် တက်ကြွထက်သန်သော ဝေဖန်ပိုင်းခြားသုံးသပ်ဆွေးနွေးမှုများ ထွန်းကားသော လူ့အသိုင်းအဝိုင်းတစ်ခု ပေါ်ပေါက်လာစေရေးအတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤဂျာနယ်တွင် ကျွန်ုပ်တို့ အသုံးပြုထားသော ချဉ်းကပ်မှုများမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အရေးပါသည့် ကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များတွင် အသိဉာဏ်နှင့်ယှဉ်သော ဝေဖန်ဆွေးနွေးနိုးနှောဖလှယ်မှုရှိသည့် အသိပညာရပ်ဝန်းတစ်ခုကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေးပင်ဖြစ်သည်။

ဤဂျာနယ်အားဖတ်ရှုကြသည့် စာဖတ်သူများအနေဖြင့် မြန်မာ့/ဗမာ့လူမှုရေးနှင့် နိုင်ငံရေးပြောင်းလဲတိုးတက်မှုများကို အသက်သွင်းထောက်ပံ့သော စုံလင်ကွဲပြားသည့် ဉာဏဆိုင်ရာ ဆွေးနွေးမှုများအား ကူညီထောက်ပံ့နိုင်ရန် အားထုတ်ကြိုးပမ်းထားကြသည့် အယ်ဒီတာအဖွဲ့ဝင်များနှင့် စာရေးသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို နားလည်အသိအမှတ်ပြုနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်မိပါသည်။

ကိုးကားချက်များ

Forchhammer, E. (1885). *The Jardine Prize: An Essay on the sources and development of Burmese Law from the era of the first introduction of the Indian Law to the time of the British occupation of Pegu.* The Government Press. https://archive.org/download/jardineprizeane00forcgoog/jardineprizeane00forcgoog.pdf

Scott, J. C. (1976). *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia.* Yale University Press.

Scott, J. C. (1998). *Seeing Like a State: How Certain Schemes to Improve the Human Condition Have Failed.* Yale University Press. https://doi.org/10.1353/jsh.2000.0050

Scott, J. C. (2009). *The Art of Not Being Governed: An Anarchist History of Upland Southeast Asia.* Yale University Press. https://doi.org/10.1177/026272801203200105

Scott, J. C. (2025). *In Praise of Floods: The Untamed River and the Life It Brings.* Yale University Press. https://yalebooks.yale.edu/book/9780300278491/in-praise-of-floods/

Tun Myint. (2005). Evolution of Law and Legal Concept in Burma: Challenges at the Transition. *Legal Issues on Burma Journal*, 20, 16-31.

Fond Memories with James C. Scott: The Ivy League Professor Who Learned from Village Peasants

David Thang Moe

Described by *The New York Times* as an unofficial founder of the field of "resistance studies",[1] James C. Scott passed away at his farm home in Durham, Connecticut, on 19 July 2024 at the age of 87.[2] His Burmese name was Shwe Yoe, and his passing coincided with Martyrs' Day in Myanmar—the "country of his first love," in his own words. It is a true honor for me to share my fond memories of Professor Scott and my deep admiration for his humble life and enduring legacy as his final mentee.

I am deeply honored not only to have been one of his final mentees but also to be amongst the last people to speak with him. A day before his passing, he called me at 9:33 a.m. for a goodbye conversation that lasted over twenty minutes; his daughter Mia Scott was by his side. He asked for updates on Myanmar's resistance movement, particularly in the hill regions of Karenni and Chin states—what he fondly called *zomia*. He expressed his great admiration for the people's creative and courageous resistance to the 2021 coup and his optimism for the future of Myanmar's democracy. He also reflected on how much he enjoyed the time we spent together as "two Myanmar experts," at Yale University, and he wished me all the best. Even in the final moments of his life, his concern for the people of Myanmar remained steadfast, and his mind was as sharp as ever. What a genius scholar he was.

Scott's love for Burma dated back to the 1950s during his undergraduate days at Williams College in Massachusetts. He wrote his senior thesis on Burma and later received a Rotary Fellowship to visit Burma as a tutor at Rangoon University (1958–59). He often told us proudly that he had declined admission to Harvard Law School in order to pursue this opportunity. "I could go

[1] Schuessler, 2012.
[2] Corbin, 2024; Laurans, 2024.

to Harvard Law School anytime," he said, "but going to Burma with the Rotary Scholarship was a once-in-a-lifetime opportunity." His choice of Rangoon University over Harvard Law School proved to be a turning point in his life.

Scott loved everyone, especially those from the margins and rural communities. In that sense, our meeting was special—both personally and intellectually. Scott and I met as what might be called "mutual lovers" of both the Ivy League and the hill villages. One of us (Scott) had moved from the Ivy League (Yale) to the villages for fieldwork, while the other (myself) had moved from the hill villages to the Ivy League for academic research—bringing firsthand experience into dialogue with scholarship. I was therefore not only his mentee but also his *Zomian* dialogue partner.

Scott had a profound love for the village peoples of Southeast Asia, from whom he learned about everyday forms of peasant resistance to power. When he decided to conduct fieldwork in a Malay village of Kedah State in 1978, his Yale colleagues discouraged him, warning that such work could "ruin his academic career." They urged him instead to pursue library-based research. Having already completed such research for his earlier, groundbreaking book *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia*[3]—which focused mainly on lowland Myanmar, home to the Bamar Buddhist majority, and on Vietnam—Scott insisted on conducting fieldwork for his next project. At that time, few scholars showed any interest in peasant societies. Yet Scott, driven by deep passion and conviction, chose to follow his own path. Together with his family, he spent two years (1978–1980) living and researching in a small Malay village in Kedah State. The outcome of that commitment was his seminal book *Weapons of the Weak: Everyday Forms of Peasant Resistance*.[4] As of today, the book has been cited by more than 25,432 scholars across multiple disciplines and has become a classic in political science, anthropology, history, Biblical studies, and political

[3] Scott, 1976.
[4] Scott, 1985.

theology. Scott himself told me, "This book has unexpectedly traveled beyond my own guild."

We often first come to know scholars through their writings, and only later meet them in person. That was certainly the case for my relationship with Scott. I first encountered him through his books and only finally met him in person in the summer of 2019 during my PhD dissertation research at Yale University. He invited me to his office, where he generously gave me several of his books, each personally signed. In one of them, *The Art of Not Being Governed*,[5] he wrote: "For David Moe, in anticipation of a year full of learning and intellectual companionship. Warm regards, Jim Scott."

He later took me to dinner, along with a visiting scholar from Norway, and invited me to return to Yale for a postdoctoral and lecturer position in Southeast Asian Studies. "I don't have the authority to hire you," he said, "but I will advocate for you by speaking with Professor Erik Harms, the current Chair of the Council on Southeast Asia Studies, to support your appointment at Yale." Scott's advocacy and support played a crucial role in my appointment at Yale. I am truly grateful to both Scott and Harms for their strong support and mentorship.

When I moved to New Haven in the summer of 2022, Scott was in Denmark on vacation. Upon his return, he called to welcome me to Yale and to New Haven via phone, and soon after invited my wife and I to his home for a welcoming lunch. He said, "Please don't call me Professor Scott; just call me Jim—we're colleagues now." Coming from a culture that deeply honors someone of his high stature—we would call them *sayagyi* ("great teacher")—it took me some time to feel comfortable calling him Jim. Scott, however, was quick to open his heart and extend his generous hand. He was truly a down-to-earth man. He did not merely study and write about peasants—he lived like one, with simplicity and humility. He avoided wearing neckties and often dressed casually. Inside his car, I never saw a laptop, but I did notice farming gloves.

---

[5] Scott, 2009.

ပထမအချက်မှာ စကော့သည် ထူးခြားစွာဖြင့် ပညာရပ်နယ်ပယ် ပေါင်းစုံကို ချိတ်ဆက်လေ့လာသူ (interdisciplinary scholar) ဖြစ်သည်။ သူ၏ လက်ရာကို ပညာရပ်နယ်ပယ်များစွာတွင် ဤမျှကျယ်ပြန့်စွာ ဖတ်ရှုလေ့လာခံရသည့် အခြားပညာရှင်တစ်ဦးကို ကျွန်ုပ် မသိသေးပေ။ *The New York Times* က သူ၏ နာရေးသတင်း၌ ၎င်းကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

> ... အထက်မှအောက် စီမံသော အစိုးရ၏ တိုးတက်မှု အစီအစဉ်များသည် အဘယ်ကြောင့် မကြာခဏဆိုသလို ကျရှုံးရသနည်းနှင့် ဖယ်ကြဉ်ခံရသော အုပ်စုများသည် အာဏာပိုင်များကို မည်သို့ လျှို့ဝှက်စွာ နှောင့်ယှက်ဖျက်ဆီးသနည်းဆိုသည့် အကြောင်းအရာများအား လေ့လာခဲ့သူ၊ ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး ဖတ်ရှုခြင်းခံရသည့် လူမှုသိပ္ပံပညာရှင်များထဲမှ တစ်ဦးဖြစ်ပြီး ၎င်း၏ လေ့လာမှုများက နိုင်ငံရေးဒဿနိက ဗေဒတစ်ရပ်ကို လက်ခံကျင့်သုံးရန် လမ်းပြခဲ့သည်။[9]

---

[8] Anderson, 1983.
[9] Trip, 2024.

သူ၏ လွှမ်းမိုးမှုသည် နိုင်ငံရေးသိပ္ပံနှင့် မနုဿဗေဒနယ်ပယ်ကို ကျော်လွန်၍ ပတ်ဝန်းကျင်လေ့လာရေး၊ သမိုင်း၊ ဓမ္မပညာ၊ ဘာသာရေးလေ့လာရေးနှင့် သမ္မာကျမ်းစာပညာနယ်ပယ်များအထိ ကျယ်ပြန့်ခဲ့သည်။ စကော့သည် မိရိုးဖလာအစဉ်အလာ ပညာရပ်နယ်ပယ်များ၏ နယ်နိမိတ်များကို စဉ်ဆက်မပြတ် တွန်းအားပေးခဲ့ပြီး ထုံးစံအတိုင်း စဉ်းစားပုံမှ ခွဲထွက်၍ တွေးခေါ်ခဲ့သည်။ သူ၏ လက်ရာသည် သူ၏ ကိုယ်ပိုင်နယ်ပယ်များအတွင်း လွှမ်းမိုးမှုရှိခြင်းမှာ သဘာဝကျသော်လည်း သူ၏ အယူအဆများသည် ၎င်းတို့ကို ကျော်လွန်၍ မည်မျှအထိ ပဲ့တင်ထပ်ခဲ့သည်မှာမူ အံ့သြစရာကောင်းသည်။ သူ၏ ထိုးထွင်းသိမြင်မှုများသည် ဓမ္မပညာနှင့် သမ္မာကျမ်းစာ လေ့လာရေးတို့ကိုပါ ထွန်းလင်းစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘာသာရေးနှင့် ဓမ္မပညာဆိုင်ရာ ကျမ်းများစွာသည် "သမိုင်း၏ အောက်ခြေ (the underside of history)" မှ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် မက်ဆာချူးဆက် ဘော့စတွန်တက္ကသိုလ် (University of Massachusetts Boston) မှ ရစ်ချတ်ဟော့စလေနှင့် သူ၏ သမ္မာကျမ်းစာနှင့် ဓမ္မပညာနောက်ခံရှိ လုပ်ဖော်ကိုင်ဖက်များသည် စကော့၏ လက်ရာများနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံခဲ့ကြပြီး ပြည့်စုံသော စာအုပ်နှစ်အုပ်ကို ထုတ်ဝေခဲ့ကြသည်။ ယင်းတို့မှာ *Hidden Transcripts and the Arts of Resistance*[10] နှင့် *Oral Performance, Popular Tradition, and Hidden Transcript in Q*[11] တို့ဖြစ်ပြီး နှစ်အုပ်လုံးကို ဟော့စလေမှ တည်းဖြတ်ခဲ့သည်။ ၂၀၂၅ ဩဂုတ်လ (၂၇) ရက်နေ့တွင် ကျွန်ုပ်နှင့် အီးမေးလ်ဖြင့် ဆွေးနွေးမှုတစ်ခု၌ ဟော့စလေက "ဓမ္မသစ်ကျမ်းဟာ သူ့ရဲ့ ဟောင်းနွမ်းနေတဲ့ နည်းလမ်းတွေမှာပဲ ပိတ်မိနေတယ်။ ပြီးတော့ သူတို့က ဓမ္မပညာပိုင်းသီးသန့်ဖြစ်နေပြီး ကျဉ်းမြောင်းနေတယ်။ စကော့ရဲ့ ထိုးထွင်းသိမြင်မှုတွေက ကျမ်းစာပညာရှင်တွေရဲ့ အလုပ်အတွက် တိုက်ရိုက်သက်ဆိုင်ပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ အလားတူပင် ကွယ်လွန်သွားပြီဖြစ်သော ထင်ရှားကျော်ကြားသည့် ဟီဘရူးကျမ်းစာ

[10] Horsley, 2004.
[11] Horsley, 2006.

ပညာရှင် ဝေါ်လ်တာဘာရူးဂမန်သည် ၂၀၂၄ ဩဂုတ်လ (၈) ရက်နေ့တွင် စကော့ အား ဂုဏ်ပြုရေးသားရာ၌ "ကျွန်ုပ်၏ ကိုယ်ပိုင်ပညာရပ် နယ်ပယ်ပြင်ပတွင် ကျွန်ုပ်သည် အခြားသော ခေတ်ပြိုင်ပညာရှင်များထက် စကော့ထံမှ ပိုမိုသင်ယူ ခဲ့ရသည်ဟုထင်သည်" ဟု ချီးကျူးဂုဏ်ပြုခဲ့သည်။

ဒုတိယအချက်မှာ စကော့သည် ကျွန်ုပ် ခေါ်ဝေါ်လိုသော ထူးခြားသည့် အော်ဂဲနစ်ပညာရှင် (uniquely organic scholar) ဖြစ်သည်။ ဤသည်မှာ သူ၏ ပညာရပ်ဆိုင်ရာလုပ်ငန်းသည် လက်တွေ့ကမ္ဘာ့အတွေ့အကြုံများ (real-world experiences) နှင့် နက်နက်ရှိုင်းရှိုင်း ချိတ်ဆက်နေသည်ကို ဆိုလိုသည်။ သူသည် သာမန်ပြည်သူများအပေါ် ဉာဏ်ပညာဆိုင်ရာ ထိုးထွင်း သိမြင်မှုများကို သက်ရောက်စေခြင်း မပြုခဲ့ဘဲ အောက်ခြေလူထု၏ အသံများ၊ ကမ္ဘာ့အမြင်များနှင့် ရိုးရာပုံပြင်များကို ပညာရပ်ဆိုင်ရာ ဆွေးနွေးပြောဆိုမှုထဲသို့ ယူဆောင်လာခဲ့သည်။ သူသည် ကျေးလက်တောင်သူလယ်သမားများထံမှ သင်ယူရန် ဆန္ဒရှိခဲ့သည်။ ကမ္ဘာကြီးကို "ငှက်မျက်လုံးအမြင် (bird's-eye perspective)" အထက်စီးမှကြည့်ရှုခြင်းအစား သူက ၎င်းကို သူခေါ်ဝေါ်သည့် "တီကောင်အမြင် (earthworm's view)" အောက်ခြေမှကြည့်ရှု ဆန်းစစ်ခဲ့ သည်။ သူသည် ကျေးလက်လူ့အဖွဲ့အစည်းများ၏ လက်တွေ့ဘဝ အတွေ့ အကြုံများကို အာဏာနှင့် ခုခံတွန်းလှန်မှုဆိုင်ရာ ဉာဏ်ပညာဆိုင်ရာ ငြင်းခုံ ဆွေးနွေးမှုများ၏ ဗဟိုချက်တွင် ထားရှိခဲ့သည်။ ဤသည်မှာ ပညာရှင်အများ အပြားအတွက် ထူးခြားသော အပြုအမူပင်ဖြစ်သည်။

ထိုသို့သော ရလဒ်ကြောင့် သူ၏ စာပေများသည် ပညာရှင်များအတွက် သာမက နိုင်ငံရေးခေါင်းဆောင်များအပါအဝင် သာမန်စာဖတ်သူများအတွက်ပါ လက်လှမ်းမီနေဆဲဖြစ်သည်။ ပညာရှင် အများအပြားသည် သူတို့၏ လုပ်ဖော် ကိုင်ဖက် ပညာရှင်များအတွက်သာ ရေးသားနေကြသော်လည်း စကော့၏ ရေးသားချက်များသည် ပညာရှင်များအတွက်သာမက နိုင်ငံရေးခေါင်းဆောင် များအတွက်ပါ ဖြစ်သည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံ၏ နိုင်ငံရေး အကျဉ်းသားဟောင်းဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဖြစ်လာသူ အန်ဝါ

အီဘရာဟင်သည် *Weapons of the Weak* စာအုပ်မှ လှုံ့ဆော်မှုရရှိခဲ့ပြီး စကော့ ကွင်းဆင်းသုတေသနပြုခဲ့သည့် ကဒါးပြည်နယ်ရှိ မလေးကျေးလက် တောင်သူ လယ်သမားရွာတစ်ရွာတွင် သူ၏ ကိုယ်ပိုင်ကျောင်းသားဘဝ နိုင်ငံရေးလှုပ်ရှား မှုများနှင့် နက်နက်ရှိုင်းရှိုင်း ပွဲတင်ထပ်ခဲ့သည်ကို တွေ့ရှိခဲ့သည်။ ဝန်ကြီးချုပ် အီဘရာဟင်သည် သူ၏ တရားဝင်လူမှုမီဒီယာစာမျက်နှာတွင် စကော့အား ဂုဏ်ပြုရေးသားရာ၌ ရှေ့ဆောင် အရှေ့တောင်အာရှပညာရှင်တစ်ဦး ကွယ် လွန်သွားခြင်းအပေါ် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး သူ၏ လက်ရာများကို "ထူးခြားသည်" ဟု မြင့်တင်ချီးကျူးခဲ့သည်။

Domination and the Arts of Resistance စာအုပ်တွင် စကော့သည် လျှို့ဝှက်သိမ်မွေ့ကာ လူ့အထက်တန်းလွှာများက အမြဲလိုလို လျစ်လျူရှုထား သော သာမန်ပြည်သူများ၏ နေ့စဉ်နိုင်ငံရေး လုပ်ဆောင်ချက်များကို ဖော်ပြရန် အတွက် "အင်ဖရာနိုင်ငံရေး (infrapolitics)" ဟူသော ဝေါဟာရကို ဖန်တီးခဲ့ သည်။[12] နာမည်ကျော် ပညာရှင်များကို ပိုမိုကျော်ကြားလာအောင် လုပ်ဆောင် ခြင်းထက် စကော့သည် ပညာရပ်ဆိုင်ရာ စကားဝိုင်းအတွင်း၌ ကျေးလက်လူမှု အသိုင်းအဝိုင်းများ၏ မကြားရသော အသံများကို ချဲ့ထွင်ဖော်ပြရန် ရွေးချယ်ခဲ့ သည်။ သူက တောင်သူလယ်သမားများသည် ကမ္ဘာ့လူဦးရေ၏ အကြီးဆုံး အစိတ်အပိုင်းကို ကိုယ်စားပြုသောကြောင့် လူတစ်ဦး၏ ဘဝကို တောင်သူ လယ်သမားများနှင့် စိုက်ပျိုးရေးကို လေ့လာရန် မြှုပ်နှံခြင်းသည် ဂုဏ်ယူစရာ နှင့် တန်ဖိုးရှိသော အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်ကြောင်း မကြာခဏ ပြောဆိုခဲ့သည်။ ဤယုံကြည်ချက်သည် အရှေ့တောင်အာရှ၏ စိုက်ပျိုးရေး လူ့အဖွဲ့အစည်းများနှင့် ကျေးလက်လူမှုအသိုင်းအဝိုင်းများ၏ နယ်ပယ်တွင် နက်နက်ရှိုင်းရှိုင်း ပွဲတင်ထပ်ခဲ့သည်။ ဤနယ်ပယ်တွင် သူ၏ အမွေအနှစ်ကို အဖွဲ့အစည်းအဖြစ် တည်ထောင်ရန်အတွက် စကော့သည် ၁၉၉၁ တွင် ယေးလ် တက္ကသိုလ်၌ စိုက်ပျိုးရေးလေ့လာမှုအစီအစဉ် (Program in Agrarian

---

[12] Scott, 1990.

Studies) ကို တည်ထောင်ခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာပြဿနာများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ညီလာခံများနှင့် ဆွေးနွေးပွဲများစွာကို ဦးဆောင်ခဲ့သည်။

တတိယအချက်မှာ စကော့သည် နိုင်ငံတော်မဟုတ်သော လူ့အဖွဲ့အစည်းများ (non-state societies) ၏ ရှေ့ဆောင် သီအိုရီပညာရှင် ဖြစ်သည်။ သူသည် နိုင်ငံတော်၏ ရိုးရာဘောင်ပြင်ပမှ နိုင်ငံရေးကို သီအိုရီထုတ်ခဲ့ပြီး "အားနည်းသူတို့၏ လက်နက်များ (weapons of the weak)"၊ "လျှို့ဝှက်မှတ်တမ်းများ (hidden transcripts)"၊ "နိုင်ငံတော်ကဲ့သို့ ကြည့်မြင်ခြင်း (seeing like a state)" နှင့် "အုပ်ချုပ်မခံရရေး အနုပညာ (the art of not being governed)" စသည့် ဩဇာကြီးမားသော၊ တစ်ခါတစ်ရံ အငြင်းပွားဖွယ်ရာ သဘောတရားများကို လူသိများအောင် လုပ်ဆောင်ခဲ့သည်။ စကော့သည် နိုင်ငံရေးကို တရားဝင် အဖွဲ့အစည်းများ၊ ဥပဒေများနှင့် နိုင်ငံတော်၏ မှန်ဘီလူးမှတစ်ဆင့် သီးသန့်ကြည့်ရှုခြင်းထက် သာမန်ပြည်သူများက ၎င်းတို့၏ နေ့စဉ်ဘဝများတွင် လွှမ်းမိုးမှုကို မည်သို့ လမ်းညွှန်၊ ညှိနှိုင်း၊ ခုခံတွန်းလှန်သည်ကို ဆန်းစစ်ခဲ့သည်။ သူ၏ ဩဇာကြီးမားသော သဘောတရားများသည် ခေတ်ပြိုင် လူမှုရေးနှင့် နိုင်ငံရေးသီအိုရီကို ပုံဖော်ခဲ့သည်။ *Seeing Like a State*[13] စာအုပ်တွင် သူက လူ့အဖွဲ့အစည်းများကို နားလည်လွယ်ပြီး အုပ်ချုပ်နိုင်ရန် ကြိုးပမ်းသည့် ခေတ်မီဆန်းသစ်သော အစီအစဉ်များကို ဝေဖန်ခဲ့ပြီး နိုင်ငံတော်၏ ကြားဝင်ဆောင်ရွက်မှုများသည် ဒေသတွင်း အသိပညာ၊ လူမှုရေးဓလေ့များနှင့် တရားမဝင်သော အဖွဲ့အစည်းများကို လျစ်လျူရှုသောကြောင့် မည်သို့ မကြာခဏ ကျရှုံးတတ်သည်ကို သက်သေပြခဲ့သည်။ သူ၏ နိုင်ငံတော်မဟုတ်သော ပုံဖော်မှုနှင့် ခုခံတွန်းလှန်မှု သီအိုရီသည် ကျွန်ုပ်၏ ချင်းတိုင်းရင်းသား လူမှုအသိုင်းအဝိုင်းအတွက်လည်း သက်ဆိုင်မှုရှိလာခဲ့သည်။

[13] Scott, 1998.

စကော့၊ တောင်ပေါ်သားများနှင့် အုပ်ချုပ်မရသော လူမှုအသိုက်အဝန်း

သူ၏ ထွက်ရှိပြီးစာအုပ်ဖြစ်သော *The Moral Economy of the Peasant* သည် မြေပြန့်ဒေသရှိ ဆရာစံ၏ လယ်သမားခုခံတွန်းလှန်မှုနှင့် ဗုဒ္ဓဝါဒလွှမ်းမိုးရာ ဧကရာဇ်နိုင်ငံများကဲ့သို့သော ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများအပေါ် အာရုံစိုက်ခဲ့သော်လည်း သူ၏ နောက်ပိုင်းလက်ရာဖြစ်သော *The Art of Not Being Governed* ကမူ အရှေ့တောင်အာရှ ကုန်းမြင့်ဒေသနှင့် နယ်စပ်ဒေသများ တစ်လျှောက်ရှိ တောင်ပေါ်သားများနှင့် ဗဟိုချုပ်ကိုင်မှုရှိသော နိုင်ငံတော်များကို ၎င်းတို့၏ ခုခံတွန်းလှန်ပုံကို ဆန်းစစ်လေ့လာခဲ့သည်။ ဤဒုတိယမြောက်လက်ရာသည် နိုင်ငံတော်၏ ထိန်းချုပ်မှုကို တမင်ရှောင်ရှားသော လူ့အဖွဲ့အစည်းများကို စူးစမ်းရှာဖွေခဲ့ပြီး ပထဝီဝင်၊ လူမှုဖွဲ့စည်းပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ဗဟိုချုပ်ကိုင်မှုရှိသော အာဏာပိုင်အဖွဲ့အစည်းကို စိန်ခေါ်သည့် "အုပ်ချုပ်မရနိုင်ခြင်း (ungovernability)" ပုံစံများကို မည်သို့ဖန်တီးပေးကြောင်းကို အလေးပေးဖော်ပြခဲ့သည်။

စကော့၏ တီထွင်ဖန်တီးမှုရှိစွာအမည်ပေးထားသော *ဇိုမီးယား* သဘောတရားသည် အရှေ့တောင်အာရှ၊ အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ နိုင်ငံတော်မဟုတ်သော လူမျိုးများအကြောင်းကို လေ့လာသည့် နယ်ပယ်သစ်တစ်ခုအတွက် အထောက်အကူဖြစ်စေသည်။ စကော့က ထိုအချိန်က "ဇိုမီးယားသည် ၎င်းတွင်နေထိုင်သူများကို အမျိုးသားနိုင်ငံတော်များ (nation-states) ထဲသို့ အပြည့်အဝ ပေါင်းစည်းထားခြင်း မရှိသေးသည့် ကမ္ဘာပေါ်တွင် ကျန်ရှိနေသေးသော အကြီးဆုံးဒေသဖြစ်သည်" ဟု ပြောကြားခဲ့သည်။[14] *ဇိုမီးယား*ဒေသသည် ဥရောပတိုက်မျှ ကျယ်ဝန်းသော်လည်း ပညာရှင်များက လုံလောက်စွာ အာရုံစိုက်ခြင်း မရှိသေးပေ။ စကော့၏ တောင်ပေါ်သားများကို "ထွက်ပြေးသူ၊ တိမ်းရှောင်သူနှင့် မာရွန်းလူမှုအသိုက်အဝန်းများ (runaway, fugitive, and maroon communities)"[15] အဖြစ် ပုံဖော်

[14] Scott, 2009, p. ix.
[15] Scott, 2009, p. ix.

ဖော်ပြမှုသည် ဘိုးဘွားပိုင်မြေများတွင် နေထိုင်နေကြဆဲဖြစ်သော ချင်းနှင့် အခြားတိုင်းရင်းသားများ၏ မိမိတို့ကိုယ်ကို မူရင်းတိုင်းရင်းသား အသိုက်အဝန်း များအဖြစ် ပုံဖော်ထားခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ် ဖြစ်နိုင်သော်ငြား လည်း *The Art of Not Being Governed* စာအုပ်သည် ကိုလိုနီခေတ် မတိုင် မီနှင့် အာဏာသိမ်းပြီးကာလ နှစ်ခုစလုံးတွင် အုပ်ချုပ်မရသော ချင်းလူမှု အသိုက်အဝန်းနှင့် ပဲ့တင်ထပ်နေသည်။

The Art of Not Being Governed[16] ၏ မြန်မာဘာသာပြန်သည် ချင်း လူမှုအသိုက်အဝန်းအတွက် ပိုမိုသက်ဆိုင်မှုရှိပါသည်။ ၎င်းသည် အထက်စီးမှ အောက်စီးသို့ ဆက်ဆံရေး၏ ဆရာ-တပည့်နှင့် ခေါင်းဆောင်-နောက်လိုက် အမျိုးအစားကို ဖော်ပြသည်။ ချင်းလူမျိုးများသည် ပြင်ပလူများ၏ အုပ်ချုပ်မှုကို ငြင်းပယ်ကြပြီး ၎င်းတို့၏ ကိုယ်ပိုင်ခေါင်းဆောင်များအောက်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ပိုနှစ်သက်ကြသည်။ တစ်ဖက်တွင်မူ မြန်မာဘာသာပြန်က ချင်းလူမျိုးများသည် နောက်လိုက်များဖြစ်ခြင်းထက် ခေါင်းဆောင်များ ဖြစ်လို ကြောင်း ဖော်ပြသည်။ စစ်အုပ်ချုပ်ရေးကို ခုခံတွန်းလှန်နေသော ချင်းလူမှု အသိုက်အဝန်းတွင် လက်ရှိကြုံတွေ့နေရသည့် ခေါင်းဆောင်မှု အကျပ် အတည်းတွင် ၎င်းတို့၏ ခေါင်းဆောင်များ၏ စကားကို နားထောင်လိုစိတ် မရှိမှု သည် ပြဿနာဖြစ်နေသည်ကို ပြသနေသည်။

မည်သို့ပင်ဆိုစေကာမူ ချင်းခုခံတော်လှန်ရေးလှုပ်ရှားမှုသည် အောင်မြင်မှု ရရှိခဲ့သည်။ ၎င်းတို့သည် မြေပြန့်မှ စစ်အစိုးရကို ခုခံတွန်းလှန်နေစဉ်အတွင်း ၎င်းတို့၏ ဒေသတွင်း တောင်တန်းများကို ခိုလှုံရာနေရာများအဖြစ် ကောင်းစွာ အသုံးပြုခဲ့သည်။ စစ်ပွဲသည် ဆက်လက်ဖြစ်ပွားနေသော်လည်း ယနေ့တွင် ချင်းတောင်တန်းဒေသ အများစုနှင့် အခြားသော ကျေးလက်ဒေသများကို အရပ်သားများက အုပ်ချုပ်နေကြပြီး မြို့ပြများကမူ စစ်အစိုးရ၏ ထိန်းချုပ်မှု အောက်တွင် ဆက်လက်ရှိနေသည်။ ချင်းတောင်တန်းများသည် ဗဟိုအစိုးရနှင့် စစ်အစိုးရတို့၏ အုပ်ချုပ်၍မရသော နယ်မြေများ ဖြစ်လာနေသည်။

---

[16] ဆရာ မတင် ၊ တပည့် မခံချင်ကြသူများ။

ပြုလွယ်ပြင်လွယ်သော ကိုယ်ပိုင်လက္ခဏာ၊ ခိုင်မာသော ကိုယ်ပိုင်လက္ခဏာနှင့် အမျိုးသားရေးဝါဒ

ဗဟိုအစိုးရနှင့် တောင်ပေါ်သားများအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ စကောဲ့သည် မေးခွန်းနှစ်ခုကို မကြာခဏ မေးခဲ့သည်။ ပထမတစ်ခုမှာ ဗဟိုအစိုးရသည် တောင်ပေါ်ရွာများရှိ တိုင်းရင်းသားလူနည်းစုများ၏ ရန်သူ မည်သို့ဖြစ်လာသနည်း။ ဒုတိယတစ်ခုမှာ တိုင်းရင်းသားလူနည်းစုများ၏ တိုင်းရင်းသားလူများစုများအကြောင်း သိရှိမှုသည် တိုင်းရင်းသားလူများစုများ၏ လူနည်းစုများအပေါ် သိရှိနေမှုထက် အဘယ်ကြောင့် ပိုအားကောင်းနေသနည်း။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ယေးလ်တက္ကသိုလ်ပရဝဏ်အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ညစာစားနေစဉ် ကျွန်ုပ်ကို ဒုတိယမေးခွန်းကို သူမေးခဲ့သည်။ ဒုတိယမေးခွန်း၏ အဖြေသည် ဆရာ-တပည့် ဆက်ဆံရေးနှင့် သက်ဆိုင်နေသည်။ ဗမာလူမျိုး တိုင်းရင်းသားလူများစုသည် တိုင်းရင်းသားလူနည်းစုများကို ကျောင်းသားများအဖြစ် ပြုလုပ်ခဲ့ပြီး ၎င်းတို့ကို ၎င်းတို့၏ လွှမ်းမိုးသော ယဉ်ကျေးမှုထဲသို့ စိမ့်ဝင်စေခဲ့သည်။ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများသည် လွှမ်းမိုးသော ယဉ်ကျေးမှုကို သင်ယူရန် အတင်းအကျပ် ခိုင်းစေခံရသည်။ ချင်း၊ ကချင်နှင့် ရှမ်းကဲ့သို့သော တိုင်းရင်းသားလူနည်းစုအချို့သည် အတိတ်ကာလက ဗမာဘုရင်များ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် မရှိခဲ့ကြသော်လည်း ဗြိတိသျှကိုလိုနီနယ်ချဲ့များက စိတ်ကြိုက်ဆွဲလိုက်သည့် နိုင်ငံရေးနယ်နိမိတ်များအတွင်း မတရားထည့်သွင်းခြင်း ခံခဲ့ရပြီး မြေပြန့်တွင် အဓိကနေထိုင်သော ဗမာဗုဒ္ဓဘာသာလူဦးရေလွှမ်းမိုးသည့် ပြည်ထောင်စုတစ်ခုအောက်သို့ ရောက်ရှိစေခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးကို ဗမာဗုဒ္ဓဘာသာဝင်များက သီးသန့်ဦးဆောင်၍ စိတ်ကူးပုံဖော်ခဲ့ကြသောကြောင့် ဗဟိုအစိုးရသည် တိုင်းရင်းသားလူနည်းစုများအတွက် အလိုအလျောက် ပြဿနာများ ဖြစ်ပေါ်စေခဲ့သည်။ ဤသည်မှာ ပထမမေးခွန်း၏ အဖြေဖြစ်သည်။

ဤအခြေအနေတွင် ချင်းလူမျိုးများတွင် ရွေးချယ်စရာ နှစ်ခုရှိသည်။ တစ်ခုမှာ ၎င်းတို့၏ ဘာသာကို ပြောင်းလဲရန်ဖြစ်ပြီး ဒုတိယမှာ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒဖြင့် ပုံဖော်ထားသည့် ဗဟိုအစိုးရကို ခုခံတွန်းလှန်ရန် ဖြစ်သည်။ ဘာသာရေးအမှတ်လက္ခဏာ (Religious identity) သည် မြန်မာနိုင်ငံနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများတွင် ပိုမိုပြောင်းလဲနိုင်သော်လည်း တိုင်းရင်းသား အမှတ်လက္ခဏာ (ethnic identity) ကမူ မကြာခဏဆိုသလို ပြောင်းလဲရန် ခက်ခဲသည်။ ယနေ့ ခရစ်ယာန်ဘာသာဝင်တစ်ဦးသည် နောက်နေ့တွင် ဗုဒ္ဓဘာသာဝင် ဖြစ်လာနိုင်သည်၊ အထူးသဖြင့် ဘာသာရေး အမှတ်လက္ခဏာကြောင့် ခွဲခြားဆက်ဆံခံနေရသည့် ဗုဒ္ဓဘာသာလူများစုနိုင်ငံတွင် ဖြစ်သည်။ ချင်းလူမျိုးအချို့သည် ဘာသာရေးအခြေပြု အမှတ်လက္ခဏာကို ကျော်လွှားရန်နှင့် ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းတွင် အခွင့်အရေးများ ရရှိရန် အတွက် ပထမရွေးချယ်မှုကို ရွေးချယ်ကာ ၎င်းတို့၏ ဘာသာကို အမှန်ပင် ပြောင်းလဲကြသည်။ သို့သော် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ဘာသာပြောင်းခြင်းကို ချင်းလူမျိုးအများစုက သစ္စာမဲ့သည်ဟု မှတ်ယူကြသည်။ တိုင်းရင်းသားသည် ခွဲခြားဆက်ဆံမှုအတွက် ပိုမိုခိုင်မာသော အကြောင်းအချက်အဖြစ် အသုံးပြုခံရသောကြောင့် ဘာသာကို ပြောင်းလဲခြင်းသည် ပြဿနာကို အပြည့်အဝ ဖြေရှင်းနိုင်ခြင်း မရှိပေ။

အမှတ်လက္ခဏာပုံဖော်ခြင်းနှင့်ပတ်သက်၍ ပြောနေကျစကားတစ်ခုရှိသည်။ "ဗမာဖြစ်ရန်မှာ ဗုဒ္ဓဘာသာ ဖြစ်ရမည်။ ချင်း သို့မဟုတ် ကချင် ဖြစ်ရန်မှာ ခရစ်ယာန် ဖြစ်ရမည်" ချင်းလူမျိုးအများစုက ဒုတိယရွေးချယ်မှုကို ရွေးချယ်ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ ခရစ်ယာန်အမှတ်လက္ခဏာကို သစ္စာရှိစွာ ဆက်လက်ထိန်းသိမ်းထားပြီး ဗဟိုချုပ်ကိုင်မှုရှိသော နိုင်ငံတော်နှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းရင်းသားလူနည်းစုများကို ခွဲခြားဆက်ဆံသည့် ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒ၏ နိုင်ငံရေးအတွေးအခေါ်ကို ခုခံတွန်းလှန်ကြသည်။ ချင်းနှင့် အခြားသော တိုင်းရင်းသားလူနည်းစုများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီကတည်းက ဗဟိုအစိုးရ၏ ဗမာပြုရေး (လူမျိုး) နှင့် ဗုဒ္ဓဘာသာပြုရေး (ဘာသာ) နိုင်ငံရေးကို ခုခံတွန်းလှန်ခဲ့ကြသည်။ ဤခုခံတွန်း

လုပ်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပိုမိုအားကောင်းသော ခုခံတွန်းလှန်မှုစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။

စကော့နှင့် ချင်းလူမျိုးတို့၏ ဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်မှု

၂၀၂၁ အာဏာသိမ်းပြီးနောက် ဘီဘီစီသတင်းက "တိုက်ပွဲဝင် မြို့ငယ်လေး" အဖြစ် ဖော်ပြခဲ့သည့် ချင်းတောင်တန်းရှိ မင်းတပ်[17]တွင် ချင်းလူမျိုးတို့သည် ၎င်းတို့၏ ရိုးရှင်းသော အမဲလိုက်သေနတ်များ (တူမီး) ဖြင့် စစ်အစိုးရကို ခုခံတွန်းလှန်ခဲ့သည့် ပထမဆုံးလူမျိုးများထဲမှ ပါဝင်ခဲ့သည်။ မင်းတပ်သည် ကျွန်ုပ် အထက်တန်းကျောင်း ပြီးဆုံးခဲ့သည့် မြို့ဖြစ်သည်။ ထိုမြို့ရှိ လူအများစုမှာ တောင်သူလယ်သမားများဖြစ်ပြီး အမျိုးသားအများစုမှာလည်း မုဆိုးများ ဖြစ်ကြသည်။ မုဆိုးများဖြစ်သည့်အားလျော်စွာ ချင်းအမျိုးသားများသည် အိမ်တွင် တူမီးသေနတ်များကို ပိုင်ဆိုင်ကြသည်။ တူမီးသေနတ်များသည် အားနည်းသော တောင်သူလယ်သမားများ၏ လက်နက်များ ဖြစ်သည်။ အစိုးရကို ပြတ်ပြတ်သားသား ဆန့်ကျင်မှုကြောင့် စစ်တပ်က ၂၀၂၁ မေလတွင် မင်းတပ်၌ စစ်အုပ်ချုပ်ရေး ကြေညာခဲ့ရာ ၎င်းသည် အာဏာသိမ်းပြီးနောက် စစ်အုပ်ချုပ်ရေးအောက်သို့ ရောက်ရှိခဲ့သည့် ပထမဆုံး တိုင်းရင်းသားလူနည်းစုမြို့ ဖြစ်လာခဲ့သည်။ မင်းတပ်၏ တူမီး ခုခံတွန်းလှန်မှုသည် လက်နက်မဲ့ ဆန္ဒပြသူများကို သတ်ဖြတ်မှု တိုးလာနေသည့် စစ်တပ်ကို လက်နက်စွဲကိုင် ဆန့်ကျင်တိုက်ခိုက်ရန် နိုင်ငံတစ်ဝန်းရှိ အခြားသူများကို လှုံ့ဆော်မှုများစွာ ပေးခဲ့သည်။

စကော့သည် ချင်းလူမျိုးများ၏ ၂၀၂၁ အာဏာသိမ်းမှုကို ဆန့်ကျင်မှု အပါအဝင် မြန်မာ့တော်လှန်ရေးကို ဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်မှုပုံစံအဖြစ် သတ်မှတ်သည်။ ၂၀၂၁ အာဏာသိမ်းမှုကို ဆန့်ကျင်သော ခုခံတွန်းလှန်ရေး လှုပ်ရှားမှုသည် နိုင်ငံရေးအထက်တန်းလွှာများ သို့မဟုတ် ဗဟိုချုပ်ကိုင်ထားသော အစိုးရဖြင့် စတင်ခဲ့ခြင်း မဟုတ်ပေ။ ၎င်းသည် သာမန်အရပ်သားများ၏ မကျေနပ်မှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ရှုရှား၏ ကျူးကျော်မှုကို

[17] Head, 2021.

ယူကရိန်း၏ ဗဟိုချုပ်ကိုင်ထားသော ခုခံတွန်းလှန်မှုနှင့် မတူဘဲ မြန်မာနိုင်ငံ၏ ခုခံတွန်းလှန်မှုသည် အောက်ခြေမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ၎င်းသည် ဗဟိုချုပ်ကိုင်ထားသော အစိုးရ၏ အမိန့်များဖြင့် စတင်ခဲ့ခြင်း မဟုတ်ဘဲ ၎င်းတို့၏ အခွင့်အရေးများကို လေးစားသော လူ့အဖွဲ့အစည်းတွင် နေထိုင်ခြင်းထက် ကျော်လွန်၍ နိုင်ငံရေးကို စိတ်မဝင်စားသော သာမန်အရပ်သားများ၏ ပူးပေါင်းဆောင်ရွက်သော လုပ်ဆောင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

စစ်ခေါင်းဆောင်များသည် တရားဝင်ရွေးကောက်တင်မြှောက်ခံရသော ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အာဏာသိမ်းသည့်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းက သာမန်ပြည်သူများ၏ စွမ်းအားနှင့် ဆန္ဒပြရန် ၎င်းတို့၏ စုပေါင်းရည်ရွယ်ချက်များကို လျော့ပါးသွားစေမည်ဟု တွေးထင်ခဲ့နိုင်သည်။ သို့သော်လည်း အာဏာသိမ်းမှုကို မတူညီသော ဘာသာရေး၊ တိုင်းရင်းသားနှင့် ဂျန်ဒါနောက်ခံများမှ သန်းပေါင်းများစွာသော အရပ်သားများ၏ ကြီးမားသော ဆန္ဒပြမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အတိတ်ကာလက ချင်းနှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဗမာလူများစုက ရိုးရှင်းသော တရားမဝင် သူပုန်များအဖြစ်သာ အများအားဖြင့် နားလည်ခဲ့ကြသော်လည်း တိုင်းရင်းသားလူနည်းစုများက မိမိတို့ကိုယ်ကို လွတ်လပ်ရေး တိုက်ပွဲဝင်သူများအဖြစ် မှတ်ယူခဲ့ကြသည်။ ၂၀၂၁ အာဏာသိမ်းမှုသည် လူအများအတွက် ၎င်းတို့၏ မတူကွဲပြားသော အမှတ်သညာများကို ပြန်လည်သင့်မြတ်စေရန်နှင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ရန် ပူးပေါင်းနိုင်သော အခွင့်အရေးကို ဖန်တီးပေးခဲ့သည်။ အမျိုးသားနှင့် အမျိုးသမီးများသည် ယခင်က စိတ်ကူးထားခဲ့သော နယ်နိမိတ်များအား ကျော်လွန်၍ ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြပြီး လူထုစွမ်းအားကို လျှော့တွက်ခဲ့သည့် အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့ကြသည်။ ယခင် ခုခံတွန်းလှန်မှု လှုပ်ရှားမှုများနှင့်မတူဘဲ ၂၀၂၁ နောက်ပိုင်း ဗဟိုချုပ်ကိုင်မှုကင်း

သော လှုပ်ရှားမှုသည် ဘာသာရေး၊ တိုင်းရင်းသားနှင့် ဂျန်ဒါရှုထောင့်များအရ ပိုမိုပါဝင်နိုင်စွမ်းရှိသည်။[18] စကော့မှ မှန်ကန်စွာ မှတ်ချက်ပြုခဲ့သည်မှာ —

> ယူကရိန်းစစ်ပွဲနှင့် ဟားမတ်စ်နှင့် အစ္စရေးအကြား စစ်ပွဲများတို့ကြောင့် သတင်းခေါင်းစီးများတွင် ဖုံးကွယ်နေသည့်တိုင် မြန်မာ့တော်လှန်ရေး၏ ထူးခြားမှုသည် ပြည့်စုံသည့် လေ့လာမှုပြုလုပ်ရန် ထိုက်တန်ပါသည်။ ယင်းသည် ဒီမိုကရေစီအတွက် ရုန်းကန်မှုကို ယေဘုယျအားဖြင့် နားလည်ရန်နှင့် ဗဟိုချုပ်ကိုင်မှုကင်းသော လက်နက်ကိုင်တော်လှန်မှု၏ နည်းစနစ်များကို အထူးသဖြင့် နားလည်ရန်အတွက် ထူးခြားသော အရေးပါမှုရှိသည်။ ၎င်းသည် နိုင်ငံတစ်ဝန်းရှိ အရပ်သား ထောင်ပေါင်းများစွာ၏ စွန့်လွှတ်အနစ်နာခံမှုနှင့် ၎င်းတို့ မျှဝေခံစားနေရသည့် ဒီမိုကရေစီ ဖက်ဒရယ်စနစ်၏ ရည်မှန်းချက်တို့ကို တရားမျှတစွာ ဖော်ပြနိုင်သည့် သမိုင်းမှတ်တမ်းနှင့် မှတ်တမ်းပြုစုခြင်းမျိုးနှင့် ထိုက်တန်သည်။ ထိုသို့သော လူထုအခြေပြုသမိုင်းသည် ဗမာ့အမျိုးသားရေးဇာတ်ကြောင်းအတွက်သာ အရေးကြီးသည်မဟုတ်ဘဲ ဒီမိုကရေစီ တော်လှန်ရေးများတွင် ဗဟိုချုပ်ကိုင်မှုကင်းသော ပူးပေါင်းဆောင်ရွက်မှုကို နားလည်ရန်အတွက် ပိုမိုကျယ်ပြန့်သည့် အသက်ဝင်သော ပံ့ပိုးမှုတစ်ခုလည်း ဖြစ်သည်။ တော်လှန်ရေးတစ်ခုက ၎င်း၏ ရည်မှန်းချက်များကို မည်သို့ အောင်မြင်စေသည်ဆိုခြင်းက ၎င်း၏ အုပ်ချုပ်ပုံကို ဆုံးဖြတ်သည်ဟု သမိုင်းပညာရှင်အများအပြား ယုံကြည်ထားသည့်အတိုင်း တော်လှန်ရေး အာဏာရရှိပါက ဒီမိုကရေစီ

---

[18] တော်လှန်ရေး လှုပ်ရှားမှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ လွတ်လပ်သော မြန်မာ့ သုတေသန ဂျာနယ် (IJBS) ၏ ဖမ်မနစ်ဇင်အကြောင်း အထူးထုတ်စာအုပ် (၂၀၂၃၊ ၂၀၂၄) တွင် ရှုပါ။ အလားတူပင် လက်တင် အမေရိကတွင်လည်း လက်နက်ကိုင်အစုအဖွဲ့ လှုပ်ရှားမှုများကို သာမန်ပြည်သူများက ဦးဆောင် ခဲ့ကြသည် (Wood, 2003, pp. 5-20)။

> အုံကြွမှု၏ ဖွဲ့စည်းပုံနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါသည်။ ဖက်ဒရယ်စနစ်သည် ရိုးရှင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားသက်သက်ဖြစ်ခြင်းမှ ဝေးကွာပြီး လက်တွေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခုခံတွန်းလှန်ရေး အင်အားစု အရေအတွက်များစွာ၏ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် မြေပြင်ပေါ်တွင် ပုံဖော်ဖန်တီးလျက် ရှိသည်။ အနောက်နိုင်ငံများတွင် မြန်မာ့တော်လှန်ရေးကို နှိုင်းယှဉ်ချက်အားဖြင့် အသိအမှတ်ပြုမှု နည်းပါးသော်လည်း ၎င်းသည် ပြင်သစ်တော်လှန်ရေးနှင့် ပိုလန်နိုင်ငံ၏ စည်းလုံးညီညွတ်ရေး လှုပ်ရှားမှုတို့ နေရာယူထားသော စံနမူနာပြ အဆင့်တွင် ပါဝင်သည်။[19]

မည်သည့် ပြင်ပနိုင်ငံများ၏ စစ်ရေးထောက်ခံမှုမှ မရှိသော်လည်း ဤ ဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်မှုသည် အရပ်သားနည်းပညာများကို စစ်ရေးအသုံးပြုရန်အတွက် တီထွင်ဖန်တီးမှုရှိကြောင်း သက်သေပြခဲ့သည်။ ဥပမာအားဖြင့် ဒရုန်းများကို ထုတ်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းနှင့် လက်နက်ငယ်များကို ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။ စစ်တပ်ကို တိုက်ခိုက်ပြီး နယ်မြေကို ကာကွယ်ရန်အတွက် ဒေသတွင်းအုပ်စုအများအပြားအကြား အချိန်နှင့် တပြေးညီ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အထင်ကြီးစရာ ကောင်းပါသည်။ ဤဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်လှုပ်ရှားမှု၏ နောက်ဆုံးရလဒ်သည် မြန်မာ

---

[19] ဤကိုးကားချက်သည် စကော့က သူ မကွယ်လွန်မီ ရှစ်လအလို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ကျွန်ုပ်ထံ ပေးပို့ခဲ့သော "မြန်မာ့တော်လှန်ရေးကို လေ့လာရန် မူကြမ်း A Rough Draft for the Study of the Burmese Revolution" စာတမ်းမှ ဖြစ်ပါသည်။ သူသည် ဤအယူအဆများနှင့် အခြားအယူအဆများကို ကျွန်ုပ်နှင့်အတူ ၂၀၂၁ ခုနှစ်၊ မေလ (၁၈) ရက်နေ့တွင် ယွန်ဆေးတက္ကသိုလ်၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကိုလံဘီယာတက္ကသိုလ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် ယေးလ် ဂျက်ဆင် ကမ္ဘာလုံးဆိုင်ရာရေးရာကျောင်းနှင့် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ဟောင်ကောင် တရုတ်တက္ကသိုလ်တို့၌ မျှဝေဆွေးနွေးပွဲများတွင် တင်ပြခဲ့ပါသည်။

နိုင်ငံ၏ ဒီမိုကရေစီအနာဂတ်အတွက် မည်သို့ဖြစ်လာမည်ကို မည်သူမျှ ခန့်မှန်းနိုင်ခြင်း မရှိသေးသော်လည်း အာဏာသိမ်းပြီးနောက် စစ်တပ်မှ ထွက်ခွာသွားသူ အရေအတွက်များစွာကို ကြည့်ခြင်းအားဖြင့် ၎င်း၏ ထိရောက်မှုသည် ထင်ရှားပါသည်။[20] ဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်မှုသည် ၎င်း၏ အားသာချက်များ ရှိသော်လည်း စည်းလုံးသော နိုင်ငံရေးခေါင်းဆောင်မှု ကင်းမဲ့ခြင်းကြောင့် စည်းစနစ်မကျခြင်းကဲ့သို့သော အားနည်းချက်များလည်း ရှိနိုင်ပါသည်။ သို့သော်လည်း စကော့၏ အဓိကစိုးရိမ်ပူပန်မှုမှာ အရှေ့တောင်အာရှရှိ ဗဟို ချုပ်ကိုင်ထားသော နိုင်ငံတော်များကို ပုန်ကန်ထကြွသည့်အနေဖြင့် ဗဟိုချုပ် ကိုင်မှုမရှိသော ခုခံတွန်းလှန်မှုသည် အဘယ်ကြောင့်နှင့် မည်သို့ ပေါ်ပေါက်လာ သည်ကို နားလည်ရန်သာ ဖြစ်ပါသည်။

လူသိရှင်ကြားနှင့် ကွယ်ဝှက်ထားသော ခုခံတွန်းလှန်မှု ‘အားနည်းသူတို့၏ လက်နက်များ’

စကော့သည် အန္တရာယ်ရှိသော လွှမ်းမိုးမှုများရှိသည့် အခြေအနေများတွင် ခုခံတွန်းလှန်မှု၏ အရေးပါသော နည်းလမ်းအဖြစ် “လျှို့ဝှက်မှတ်တမ်းများ (hidden transcripts)” ဟူသော ဝေါဟာရကို ဖန်တီးခဲ့သူအဖြစ် ဂုဏ်ပြုခံရသည်။ ဒီမိုကရေစီနိုင်ငံများတွင် အာဏာပိုင်များကို လူသိရှင်ကြား ဆန္ဒပြခြင်းနှင့် ခုခံတွန်းလှန်ခြင်းတို့သည် ဖြစ်နိုင်သော်လည်း မြန်မာနိုင်ငံကဲ့သို့သော အချို့အာဏာရှင်နိုင်ငံများတွင် ထိုသို့သော လူသိရှင်ကြား ခုခံတွန်းလှန်မှုပုံစံများသည် အန္တရာယ်ရှိသည်။ ဤအချက်ကြောင့် စကော့၏ လျှို့ဝှက်မှတ်တမ်းများ သီအိုရီသည် ချင်းလူမျိုးများ၏ နေ့စဉ် လျှို့ဝှက်၍တစ်မျိုး ပေါ်ပေါ်ထင်ထင်တစ်မျိုး ခုခံတွန်းလှန်မှုပုံစံများနှင့် အလွန်သက်ဆိုင်ပါသည်။ အခြေအနေကဘေးကင်းသည်ဟု ထင်ရသည့်အခါ ၎င်းတို့သည် စစ်အစိုးရကို ပေါ်ပေါ်ထင်ထင် ခုခံတွန်းလှန်ကြသည်။ သို့သော် အန္တရာယ်ရှိသည်ဟု ထင်ရသည့်အခါ

[20] Moe & Scott, 2023.

လျှို့ဝှက်သော နည်းလမ်းများနှင့် သင်္ကေတများဖြင့် ခုခံတွန်းလှန်ကြသည်။ စကော့က မျက်စိအောက်မှ လွတ်ကင်းသော နေ့စဉ် ခုခံတွန်းလှန်မှု ပုံစံများပင်လျှင် ထိုကဲ့သို့သော အန္တရာယ်ရှိသည့် အခြေအနေများတွင် အလွန်အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း အလေးထား ပြောကြားခဲ့သည်။

စကော့၏ လျှို့ဝှက်မှတ်တမ်းများ သီအိုရီသည် လက်အောက်ခံအုပ်စုများက စစ်အာဏာကို သီးသန့်နေရာမှ ဝေဖန်ခြင်းကို ရည်ညွှန်းပြီး အာဏာကို အားဖြည့်ပေးသော လူသိရှင်ကြား၊ တရားဝင် ဇာတ်ကြောင်းများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဤလျှို့ဝှက်ဝေဖန်မှုများသည် နိုင်ငံရေးဘဝ၏ ကြွယ်ဝပြီး မကြာခဏဆိုသလို အသိအမှတ်မပြုရသေးသော ရှုထောင့်များကို ဖော်ထုတ်ပြသသည်။ အရေးကြီးသည်မှာ စကော့၏ သီအိုရီသည် ချင်းခရစ်ယာန် လူမှုအသိုင်းအဝိုင်းများကို ရောမ ၁၃း၁-၇ ကဲ့သို့သော ကျမ်းစာများကို နိုင်ငံရေးဓမ္မပညာ၏ လျှို့ဝှက်မှတ်တမ်းအဖြစ် ပြန်လည်ဖတ်ရှုနိုင်ရန် စွမ်းဆောင်ပေးသည်။ ချင်းခရစ်ယာန်အချို့သည် ရောမ ၁၃း၁-၇ ကို အာဏာသိမ်းမှုကို တရားမျှတစေပြီး အာဏာပိုင်များအား မျက်စိစုံမှိတ် နာခံရန် ဘုရားကျောင်း၏ တောင်းဆိုမှုကို အတည်ပြုသည့် အင်ပါယာဆိုင်ရာစာသား (imperial text) အဖြစ် အလွဲသုံးစားလုပ်ကြသည်။ သို့သော် စကော့၏ သီအိုရီက ပေါလုသည် အင်ပါယာကို လျှို့ဝှက် ခုခံသူ ဖြစ်ကြောင်း ရောမ ၁၃း၁-၇ တွင် လျှို့ဝှက်မှတ်တမ်းများကို ဖတ်ရှုနိုင်ရန် ခွင့်ပြုပေးသည်။ ရောမ ၁၃း၁-၇ ကို ရောမ ၁၂း၉ နှင့်တွေ့ဆုံဆွေးနွေး၍ နားလည်သင့်သည်။ ထိုနေရာတွင် ပေါလုက "မကောင်းမှုကို တွန်းလှန်၍ ကောင်းသောအရာကို ချစ်ကြလော့" ဟု ပြောထားသည်။ ဤအချက်ကို ထောက်ရှု၍ ချင်းဘုရားကျောင်းများသည် အာဏာသိမ်းမှုကို မကောင်းမှုအဖြစ် ခုခံတွန်းလှန်ပြီး လူ့အဖွဲ့အစည်းအတွက် ကောင်းသောအရာကို ချစ်ရမည် ဖြစ်သည်။[21] အာဏာသိမ်းမှုကို မကောင်းမှုအဖြစ် ခုခံတွန်းလှန်ခြင်းသည် ဗုဒ္ဓ၏ ကိုယ်ကျင့်တရားဆိုင်ရာ အဆုံးအမများ (ဓမ္မ) ၏ ဆန့်ကျင်

[21] Moe & Scott, 2023.

ဘက်ဖြစ်သော အခမ္မ အဖြစ် အာဏာသိမ်းမှုကို ဗုဒ္ဓဘာသာဆိုင်ရာ ကိုယ်ကျင့်တရားအရ ငြင်းပယ်ခြင်းနှင့် ဆက်စပ်နေသည်။

ချင်းလူမျိုးများသည် လျှို့ဝှက်စွာနှင့် ပေါ်ပေါ်ထင်ထင် ခုခံတွန်းလှန်မှု ပုံစံနှစ်မျိုးလုံးကို 'အားနည်းသူတို့၏ လက်နက်များ' အဖြစ် အသုံးပြုနေကြသည်။ *Weapons of the Weak* စာအုပ်တွင် စကော့က ချင်းကဲ့သို့သော အစွန်အဖျားရောက်ဖယ်ကြဉ်ခံရသော လူများ အသုံးပြုသည့် သိမ်မွေ့သော၊ မကြာခဏ မမြင်ရသော ခုခံတွန်းလှန်မှုပုံစံများကို မီးမောင်းထိုးပြခဲ့သည်။ ၎င်းတို့တွင် "ခြေထိုးကာနှောင့်နှေးစေခြင်း (foot-dragging)" (တမင်တကာ နှေးကွေးစွာ လုပ်ဆောင်ခြင်း)၊ "ဖျက်ဆီးခြင်း (sabotage)" (တစ်စုံတစ်ဦး၏ ပစ္စည်းဥစ္စာကို ပျက်စီးစေခြင်း)၊ "ဟန်ဆောင်နာခံခြင်း (false compliance)" (စည်းမျဉ်းများကို စိတ်ရင်းမှန်ဖြင့် လိုက်နာခြင်းမရှိဘဲ ပူးပေါင်းဆောင်ရွက်ဟန်ဆောင်ခြင်း) နှင့် ကောလာဟလဖြန့်ခြင်း တို့အားလုံးသည် ပေါ်တင် ထိပ်တိုက်ရင်ဆိုင်မှုမရှိဘဲ အာဏာကို စိန်ခေါ်ခြင်းဖြစ်သည်။ စကော့သည် တီးတိုးပြောဆိုခြင်း (gossip) ကိုလည်း နေ့စဉ် ခုခံတွန်းလှန်မှု၏ သိမ်မွေ့သော်လည်း အရေးပါသော ပုံစံအဖြစ် အလေးပေးဖော်ပြသည်။ ဖိနှိပ်မှု၏ ခြိမ်းခြောက်မှုက ပေါ်တင်ဆန့်ကျင်မှုများကို အန္တရာယ်ဖြစ်စေသည့် အခြေအနေများတွင် တီးတိုးပြောဆိုခြင်းသည် ဒီမိုကရေစီအသံတစ်မျိုးအဖြစ် အသုံးဝင်ကြောင်း သူက ရှင်းပြသည်။[22] ၎င်းသည် ဖိနှိပ်ခံရသူများအား အာဏာရှိသူများ၏ မတရားမှုများကို ဖော်ထုတ်ဝေဖန်သည့် ဇာတ်လမ်းများ မျှဝေခွင့်ပေးပြီး ကြောက်ရွံ့မှုနှင့် တိတ်ဆိတ်မှုများကြားတွင်ပင် လွတ်လပ်မှု၏ ကိုယ်ကျင့်တရားဆိုင်ရာ စိတ်ကူးပုံဖော်မှုကို ဆက်လက်တည်ရှိစေသည်။

[22] Scott, 1985, p. 282.

စကော့ကိုကျော်လွန်၍ လူမှုရေးနှင့် ပြည်ပရောက် ချင်းလူမျိုးတို့၏ လှုပ်ရှားမှုများ

စကော့၏ လက်ရာများ၊ အထူးသဖြင့် *Weapons of the Weak* နှင့် *Domination and the Arts of Resistance* တို့သည် ခုခံတွန်းလှန်မှုပညာရပ်နယ်ပယ် အတွက် ထူးခြားသော ပံ့ပိုးမှုများ ပေးခဲ့သော်လည်း ထင်ရှားစွာ လစ်ဟင်းနေသော အချက်နှစ်ချက်ရှိသည်။ ပထမမှာ လူမှုလှုပ်ရှားမှုများတွင် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍဖြစ်သည်။ ဒုတိယမှာ ပြည်ပရောက် လှုပ်ရှားမှုများ (diasporic mobilizations) နှင့် ၎င်းတို့၏ နယ်မြေဒေသရှိ လူများနှင့် တိုက်ရိုက်ချိတ်ဆက်မှုများ၏ အရေးပါမှုဖြစ်သည်။ ဤချန်လှပ်ထားမှုသည် နားလည်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် စကော့သည် သူ၏ ခုခံတွန်းလှန်မှုသီအိုရီကို ဒစ်ဂျစ်တယ်ဆိုရှယ်မီဒီယာများ မပေါ်ပေါက်မီနှင့် ၎င်းတို့၏ ဇာတိမြေပြင်ပ တွင် ချင်းတိုင်းရင်းသား ပြည်ပရောက် အသိုင်းအဝိုင်းများ နည်းပါးစဉ်က တီထွင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ ဖိတ်ခေါ်ချက်မှာ စကော့ ၏ လက်ရာများကို ၎င်း၏ တိုက်ရိုက်အကျိုးသက်ရောက်မှုများအတွက် သာမက ခေတ်ပြိုင် အခြေအနေများအရ ၎င်းကို မည်သို့ချဲ့ထွင်နိုင်သည်ကိုပါ ဖတ်ရှုရန်ဖြစ်သည်။

စကော့ကို ကျော်လွန်၍ ဆက်လက်လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံ၏ အာဏာသိမ်းမှုကို ဆန့်ကျင်သော ခုခံတွန်းလှန်လှုပ်ရှားမှုတွင် ဆိုရှယ်မီဒီယာသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း အသိအမှတ်ပြုရန် လိုအပ်သည်။ ဆိုရှယ်မီဒီယာသည် ခုခံတွန်းလှန်မှု၏ လက်နက်တစ်ခုအနေဖြင့်ရော၊ ဥပမာအားဖြင့် ချင်း ပြည်ပရောက် အဖွဲ့များနှင့် ဇာတိမြေရှိ ဒေသခံလူများကို ချိတ်ဆက်ပေးသည့် လမ်းကြောင်းတစ်ခုအနေဖြင့်ပါ ဆောင်ရွက်နေသည်။ အီလွန်မတ်စ်၏ X (ယခင် Twitter) ကို အဓိကအားဖြင့် လူ့အထက်တန်းလွှာများက အသုံးပြုသော်လည်း Facebook ကို ချင်းလူမျိုးများ အပါအဝင် နိုင်ငံ၏ (၅၅) သန်းသော နိုင်ငံသားများ၏ တစ်ဝက်ကျော်မှ လက်လှမ်းမီနိုင်ပြီး ဝေဖန်မှုများကို ဖော်ပြခြင်း၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို

စုစည်း ခြင်းနှင့် ဆန္ဒပြသူများနှင့် သေဆုံးသူများ၏ မိသားစုများအတွက် ရန်ပုံငွေများ ရှာဖွေခြင်းအတွက် ဗဟိုနေရာအဖြစ် ဆောင်ရွက်သည်။ ဘေးကင်းရေးအတွက် အသုံးပြုသူများစွာသည် နေ့စဉ် ခုခံတွန်းလှန်မှုလုပ်ရပ်များတွင် ပါဝင်ရန် အမည်ဝှက်များနှင့် ဓာတ်ပုံများကို အသုံးပြုကြသည်။[23] ချင်း လူမှုလှုပ်ရှားမှု သည် အနုပညာ၊ ဆိုရှယ်မီဒီယာနှင့် နေ့စဉ်ဆန့်ကျင်မှုလုပ်ရပ်များ ပေါင်းဆုံကာ လူမှုအသိုင်းအဝိုင်း၏ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးဘဝကို ထိန်းသိမ်းထား သည့် လျှို့ဝှက်သောနှင့် လူသိရှင်ကြား ခုခံတွန်းလှန်မှုတို့၏ ယှက်နွယ်နေသော ပုံစံများဖြင့် နက်နက်ရှိုင်းရှိုင်း ပုံဖော်ထားသည်။

ဒစ်ဂျစ်တယ် တက်ကြွလှုပ်ရှားမှု၊ ပုံရိပ်ယောင်အနုပညာ၊ ဂီတ၊ ကဗျာနှင့် အွန်လိုင်းဖျော်ဖြေမှုများမှတစ်ဆင့် ၎င်းတို့သည် နိုင်ငံတော်ဝါဒဖြန့်ချိမှုကို စိန်ခေါ်ခြင်း၊ စုပေါင်းမှတ်ဉာဏ်ကို ထိန်းသိမ်းခြင်းနှင့် ပြည်သူများအကြား ကိုယ်ကျင့်တရားဆိုင်ရာ သတ္တိကို လှုံ့ဆော်ပေးသည့် လျှို့ဝှက်ခြင်းနှင့် လူသိရှင်ကြား ခုခံတွန်းလှန်မှု နေရာများကို ဖန်တီးကြသည်။ ဥပမာအားဖြင့် အိန္ဒိယ အရှေ့မြောက်ပိုင်းရှိ ပြည်ပရောက် ချင်းလူမျိုးတက်ကြွလှုပ်ရှားသူများနှင့် မီဇို အဆိုတော်များ အဖွဲ့တစ်ဖွဲ့သည် မိုက်ကယ်ဂျက်ဆင်၏ *We Are the World* သီချင်းကို အာဏာသိမ်းမှုကို ရှင်းလင်းစွာ ဆန့်ကျင်သည့် စာသားများ ထည့်သွင်း၍ ပြန်လည်သီဆိုထားသော ဂီတဗီဒီယိုကို ထုတ်ဝေခဲ့သည်။ ၎င်းဗီဒီယိုသည် ၎င်းတို့၏ စည်းလုံးညီညွတ်မှုကို ကိုယ်စားပြုပြီး မြန်မာပြည်သူများကို ထောက်ခံရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုသည့် ဖိတ်ခေါ်မှု တစ်ခု အနေဖြင့် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် လျင်မြန်စွာပင် ကြည့်ရှုသူ (၁ ဒသမ ၆) သန်း ရရှိခဲ့ပြီး၊[24] နှစ်နှစ်အတွင်း (၇ ဒသမ ၃) သန်းခန့်အထိ ရောက်ရှိခဲ့သည်။[25] အဆိုတော်များသည် ဤဗီဒီယိုမှတစ်ဆင့် အိန္ဒိယ၊ အမေရိကန်နှင့်

[23] Asher, 2021.
[24] Fishbein, 2023.
[25] ChinTube, 2023.

အခြားနိုင်ငံများရှိ အာဏာသိမ်းဆန့်ကျင်ရေး ကြိုးပမ်းမှုများကို ထောက်ပံ့ရန် လှုံ့ဆော်မှုများကို ဖန်တီးပေးခဲ့သည်။

စကော့သည် ဆန္ဒပြမှုနှင့် ခုခံတွန်းလှန်မှုအကြား မကြာခဏ ခွဲခြားဖော်ပြလေ့ရှိသည်။ ဆန္ဒပြမှုသည် အကန့်အသတ်ရှိသော်လည်း ခုခံတွန်းလှန်မှုသည် တာရှည်ခံသည်။ နေ့စဉ်လုပ်ဆောင်မှုများသည် နေ့စဉ် ခုခံတွန်းလှန်မှုပုံစံများကို အစပျိုးပေးပြီး မြှင့်တင်ပေးသည်။ ကမ္ဘာပေါ်ရှိ ခုခံတွန်းလှန်မှု အများစုသည် စည်းရုံးထားသော ဆန္ဒပြမှုများအကြောင်း မဟုတ်ဘဲ နေ့စဉ်ခုခံတွန်းလှန်မှု များအကြောင်းသာဖြစ်ကြောင်း သူက မကြာခဏ မှတ်ချက်ပြုခဲ့သည်။ တရားဝင် ဆန္ဒပြမှုမရှိဘဲ ခုခံတွန်းလှန်မှု ရှိနိုင်သည်။ ယေဘုယျအားဖြင့် မြန်မာ ပြည်သူများ အားလုံး၊ အတိအကျအားဖြင့် ချင်းလူမှုအသိုင်းအဝိုင်းများတွင် စကော့၏ သီအိုရီကို တိုက်ရိုက်မသိရှိသည့်တိုင် ၎င်းတို့၏ ဒေသတွင်း၊ ပြောင်းရွှေ့ခံအသိုင်းအဝိုင်းနှင့် ပြည်ပရောက် အာဏာသိမ်းဆန့်ကျင်ရေးတွင် သူ၏ နေ့စဉ် ခုခံတွန်းလှန်မှုသီအိုရီကို လက်ခံကျင့်သုံးကြသည်။ စကော့၏ အယူအဆများသည် အာဏာ၊ ခုခံတွန်းလှန်မှုနှင့် လူမှုရေးစနစ်တို့သည် တရားဝင် နိုင်ငံတော်တည်ဆောက်ပုံများကို ကျော်လွန်၍ မည်သို့တည်ရှိနေသည်ကို ထွန်းလင်းပြသပေးပြီး သာမန် ချင်းလူမျိုးများနှင့် လူမှုအသိုင်းအဝိုင်းများ၏ ကိုယ်ပိုင်ဆောင်ရွက်နိုင်စွမ်းကို မီးမောင်းထိုးပြပေးသည်။

ပါမောက္ခစကော့သည် အမှန်တကယ်ပင် ထူးခြားသည့် ပါရမီရှင်၊ ကြီးမြတ်သည့် ပညာရှင်နှင့် ရက်ရောသည့် ပညာရှင်တစ်ဦးဖြစ်သည်။ သူ၏ ဉာဏ်ပညာ ထက်မြက်မှုသည် နက်ရှိုင်းသည်။ သူ၏ အယူအဆများသည် မူလတီထွင်မှုဖြစ်ပြီး သူ၏ သီအိုရီများသည် အလွန်ဩဇာညောင်းသည်။ သူ၏ နှိမ့်ချမှုသည် နက်နဲသည်။ သူ၏ ရက်ရောမှုသည် သူ၏ ကိုယ်ပိုင်မိသားစုကိုပင် ကျော်လွန်၍ ကျယ်ပြန့်သည်။ ကျေးလက်တောင်သူလယ်သမားများထံမှ သင်ယူလိုစိတ်၊ တောင်ပေါ်သားများ၏ ဗဟိုချုပ်ကိုင်မှုကင်းသော ခုခံတွန်းလှန်မှု အပေါ် စွဲမြဲမှုနှင့် သာမန်အသံများကို ချဲ့ထွင်လိုသည့် သူ၏ ကျင့်ဝတ်တို့သည် ကျွန်ုပ်တို့၏ ဒီမိုကရေစီ အမြင်များကို လှုံ့ဆော်ပေးပြီး အရှေ့တောင်အာရှ၊

၎င်း၏ နယ်စပ်ဒေသများနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်ပရောက် ဒေသများ တစ်လျှောက် ဆွေးနွေးပြောဆိုသော ပညာရပ် (dialogical scholarship) ကို မြှင့်တင်ပေးနိုင်ပါစေ!

သူ၏ ခိုင်မာသော အမွေအနှစ်များ အစဉ်ထာဝရ တည်တံ့ပါစေ။

ကိုးကားချက်များ

Anderson, B. (1983). *Imagined Communities: Reflections on the Origin and Spread of Nationalism*. Verso. https://doi.org/10.4324/9780203358672_Imagined_communities

Asher, S. (2021, February 4). Myanmar coup: How Facebook became the "digital tea shop." *BBC News*. https://www.bbc.com/news/world-asia-55929654

ChinTube. (2023, February 3). *We Are The World | Cover By CHINLUNG CHUAK ARTIST* [YouTube Video]. YouTube. https://www.youtube.com/watch?v=2ky1Wa7qclg

Corbin, L. (2024, July 25). Mourning James C. Scott, a Sterling anarchist and friend of Myanmar. *Frontier Myanmar*. https://www.frontiermyanmar.net/en/mourning-james-c-scott-a-sterling-anarchist-and-friend-of-myanmar/

Fishbein, E. (2023, March 15). In India's Mizoram, ethnic ties drive response to Chin conflict. *Frontier Myanmar*. https://www.frontiermyanmar.net/en/in-indias-mizoram-ethnic-ties-drive-response-to-chin-conflict/

Gabriel, T. (2024, July 28). James C. Scott, Iconoclastic Social Scientist, Dies at 87. *The New York Times*. https://www.nytimes.com/2024/07/28/books/james-scott-dead.html

Head, J. (2021, May 22). Myanmar: The small embattled town that stood up to the army. *BBC News*. https://www.bbc.com/news/world-asia-57197081

Horsley, R. (Ed.). (2004). *Hidden transcripts and the arts of resistance: Applying the work of James C. Scott to Jesus and Paul*. Society of Biblical Literature. http://archive.org/details/hiddentranscript0000unse

Horsley, R. (Ed.). (2006). *Oral performance, popular tradition, and hidden transcript in Q*. Society of Biblical Literature. http://archive.org/details/hiddentranscript0000unse

Independent Journal of Burmese Scholarship. (2022, August). *Special Issue: Memories of Leaving the Myanmar Military*, *1*. https://ijbs.online/?page_id=3377

Independent Journal of Burmese Scholarship. (2023, November). *Issue One in the Special Volume on Feminism*, *4*(1). https://ijbs.online/?page_id=4484

Independent Journal of Burmese Scholarship. (2024, May). *Issue Two in the Special Volume on Feminism*, *4*(2). https://ijbs.online/?page_id=4778

Independent Journal of Burmese Scholarship. (2025, November). *Special Issue on the Collapse of the sit tat*, *5*. https://ijbs.online/?page_id=5147

Laurans, P. (2024, July 24). James Scott, pathbreaking scholar in the social sciences. *Yale News*. https://news.yale.edu/2024/07/24/james-scott-pathbreaking-scholar-social-sciences

McQueen, M. (2022, January 6). Interview with James C. Scott on the Origins of the Independent Journal of Burmese Scholarship. *Council on Southeast Asia Studies, Yale MacMillan Center.* https://macmillan.yale.edu/southeast-asia/interview-james-c-scott-origins-independent-journal-burmese-scholarship-ijbs

Moe, D. T., & Scott, J. C. (2023). Reading Romans 13:1-7 as a Hidden Transcript: A Dialogue Between James C. Scott and Anti-coup Protesters in Myanmar. *International Journal of Public Theology*, *17*(2), 226-245.

Schuessler, J. (2012, December 4). Professor Who Learns From Peasants. *The New York Times*. https://www.nytimes.com/2012/12/05/books/james-c-scott-farmer-and-scholar-of-anarchism.html

Scott, J. C. (1976). *The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia*. Yale University Press.

Scott, J. C. (1985). *Weapons of the Weak: Everyday Forms of Peasant Resistance*. Yale University Press.

Scott, J. C. (1990). *Domination and the Arts of Resistance: Hidden Transcripts*. Yale University Press.
Scott, J. C. (1998). *Seeing Like a State: How Certain Schemes to Improve the Human Condition Have Failed*. Yale University Press. https://doi.org/10.1353/jsh.2000.0050
Scott, J. C. (2009). *The Art of Not Being Governed: An Anarchist History of Upland Southeast Asia*. Yale University Press. https://doi.org/10.1177/026272801203200105
Scott, J. C. (2025). *In Praise of Floods: The Untamed River and the Life It Brings*. Yale University Press. https://yalebooks.yale.edu/book/9780300278491/in-praise-of-floods/
Wood, E. J. (2003). *Insurgent Collective Action and Civil War in El Salvador*. Cambridge University Press.

Introduction to the Special Issue on Displacement to Mizoram

Hannah Russell

This special issue broadens our understanding of the situation for Myanmar refugees in Mizoram State, northeast India (henceforth: Mizoram) and offers rich data from a displaced community that rarely receives the attention it deserves. The issue's five contributing authors, all members of the community of displaced Myanmar people in Mizoram, examine the Chin-Mizoram displacement context through the themes of gender, livelihoods, and education. They wrote their articles after completing a year of research training in 2022-2023 through the Myanmar Research Fellowship Program, facilitated by the Institute of Chin Affairs (ICA), supported by the International Development and Research Center, and hosted at Mizoram University (MZU) at Aizawl, the capital city of Mizoram.

Drawing on their own experiences and insights, the fellows' research in these pages highlight the systemic barriers to education, employment, and legal recognition for refugees, particularly women and youth, while also unpacking the sociocultural dynamics between Chin and Mizo communities. Shared ethnic and religious heritage has helped Chin refugees remain in Mizoram, but the lack of legal protection and formal humanitarian infrastructure exposes refugees to discrimination, exploitation, and lack of work and education opportunities. Collectively, this special issue's articles underscore the resilience of the refugees that fled Myanmar for Mizoram and call for inclusive policy responses that recognize the vulnerability of all refugees in Mizoram. They need increased and inclusive support and should not be marginalized.

The Myanmar Research Fellowship Program

Initiated in March 2022 and with its inaugural welcome meeting in October 2022, the 12-month Myanmar Research Fellowship

Program in Mizoram was designed to offer research skills and academic support to refugee scholars by engaging them in a series of lectures on skills and approaches to research, taught by academics from MZU, as well as by international scholars from Chiang Mai University and the London School of Economics. The lectures covered research skills such as data collection, ethics, analysis and safety in research, and examined subject areas such as conflict and displacement, environment and climate change, gender diversity, and justice. The program was designed to equip its fellows with knowledge of the foundational principles of research and the social sciences. It supported fellows in designing and following their own research studies on the themes of displacement in Myanmar and Mizoram, informed by personal experience and perspectives, allowing them to contribute to debates on displacement, conflict, and social change in Myanmar.

The five selected fellows were originally chosen from a pool of 16 competitive applicants to the program. The application process involved completing set tasks and interviews with ICA staff, who assessed applicants' backgrounds and capacities. Staff selected the final five fellows based on their capacity to engage in research, their background in research or education, and their lived experience of displacement.

Throughout the program, the fellows experienced some challenges adjusting to their new life but also felt welcomed by the faculty at MZU. Their daily academic efforts took place in the shadow of intensifying conflict and unrest in their homelands. As the fellowship program was the first of its kind, the fellows and ICA staff had to pioneer working relationships with MZU, the facilitation of lectures, and the mentorship program. The strong work ethic and dedication shown by the fellows was welcomed by their MZU colleagues. Four of the five fellows are from Chin State, with the fifth, Yu Gan Paing, originally hailing from neighboring Sagaing Region. Before the 2021 coup, the five worked in a range of jobs, from journalism to civil society. One fellow, Zalette Myey, was already studying social sciences before 2021.

The program first provided the five fellows with two training modules in research methods and thematic approaches. The

fellows were then partnered with mentors to engage in independent research for a period of six months. They then wrote up their research projects as articles, refined them, and submitted them to this journal. The resulting articles capture the concerns of a cohort stuck in a singular place and time, highlighting the sociopolitical conditions, historical and religious ties, and conflict-driven shifts that impact displaced people from Myanmar as they try to build lives and find opportunities in Mizoram.

One and a half years on from their completion, the articles' findings remain relevant, as the state government of Mizoram responds to greater pressure from the Indian central government on restricting the rights and freedoms of displaced people from Myanmar.[1] This includes a physical border wall, which would significantly disrupt the movement of people and the lives of transborder communities.[2] A surge in weapons and drug smuggling on the border has led to an effort for greater refugee scrutiny, including the threat of collecting biometric data from Myanmar refugees in Mizoram.[3] Tensions have risen between ethnic Mizo and displaced people from Myanmar due to strains on already limited resources.[4]

The five fellows who successfully completed the program were supported to pursue their personal goals after graduating. They went on to study master's degrees at other institutions in India, further abroad, or gained employment with organizations supporting displaced people. Despite the best efforts of ICA, achieving funding for a second round of the fellowship program failed. However, ICA continues to build on its relationship with MZU and has taken that relationship forward to explore new programs that support displaced Myanmar people with access to higher education in Mizoram.

---

[1] "Mizoram Chief Minister", 2025.

[2] International Crisis Group, 2025b.

[3] "Mizoram to collect", 2025.

[4] "Myanmar refugees", 2025.

The Chin-Mizoram Context

Chin State, in Myanmar's northwest, is one of the country's poorest areas, with over 73 percent of the state's estimated 478,801 people living below the poverty line.[5] Chin State also has the highest prevalence of disability in Myanmar at around 21 percent, with one in six people living with a disability.[6] It is a diverse state, with several distinct cultural groups living there, but it is named within the Union of Myanmar after the ethnonym "Chin", an identity that cohered during the imposition of British colonial rule in the nineteenth century.[7] Many Chin groups refer to themselves as *zo*. The 2014 Myanmar national census determined more than 35 languages were spoken by between 36-53 distinct tribes in Chin State, though this number is disputed by the Chin National Action Committee on the Census.[8]

The book *In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma* by influential Chin scholar and politician Lian Sakhong claims Christianity is a crucial aspect of Chin-ness, and that as the religion became a central pillar of Chin community, differing ethnic groups found a point of spiritual commonality that transcended other tribal or cultural identities.[9] An apple farmer in Hakha may speak Lai, and a pastor in Tedim may preach the bible in the Zomi language, but both most likely identify as Chin Christians. Not all Chin people are Christian, however, and Chin identity is also characterized by staunch resistance to persecution and marginalization. As an ethnic and religious minority in majority-Buddhist Myanmar, Chin people have been subject to the violence of Burmanization for decades, with the celebration of Chin National Day forbidden until the 2012 ceasefire agreement.[10] While Chin people exhibit some unity in terms of religious and ethnic identity, the different

[5] Market Analysis Unit, 2022.
[6] Myanmar Information Management Unit, 2021.
[7] Pum Khan Pau, 2020.
[8] Sang, 2023.
[9] Lian Sakhong, 2003.
[10] Edwards & South, 2020.

Christian denominations and deep divisions along ethnic lines have left a legacy that continues to impact Chin resistance movements today.[11]

Citizens in Chin State voted overwhelmingly for the National League for Democracy in the 2020 general elections and many participated in protests after the military's February 2021 attempted coup. Two months after that, groups across Chin State's nine townships formed the Chinland Defense Force (CDF), a cluster of local militias armed with traditional hunting rifles to defend communities from the Myanmar military's attacks.[12] In September 2021, the CDF and the Chin National Front[13] (CNF) joined forces to attack a military base in Thantlang, and the Myanmar military's response caused 10,000 residents to flee their homes. Armed conflict is yet to cease in Chin State, with a strong uptick in fighting in November 2023 following the resistance-led Operation 10/27. Earlier this year, the Chin Nationalities Defense Force defeated the military in Falam, a major town north of the state capital Hakha, from which tens of thousands more were displaced.[14]

The movement of people between areas now known as Chin State and Mizoram has been ongoing for centuries, but the scale of displacement since 2021 is unprecedented. Humanitarian aid for displaced people from Chin State is limited by restrictions on the Indian side of the border, and Myanmar military aid blockades on the Myanmar side.[15] In 2023, a reported estimate of 90 percent of financial support for refugees in Mizoram came from the Chin diaspora in America, Australia, and Europe. This support is not equally distributed, being funneled primarily through opaque church networks and often delivered to

[11] Sang, 2023.
[12] International Crisis Group, 2025a.
[13] The Chin National Front is one of the largest ethnic armed organizations in Chin State, formed in 1988. The Chin National Army is its armed wing.
[14] "Eighty-nine Chin resistance members", 2025.
[15] Salai Za Uk Ling, 2022.

particular denominations or Chin cultural or linguistic groups, leaving those less connected to diaspora networks with less support.[16]

Since the attempted coup in February 2021, over 90,500 people have crossed from Myanmar into India,[17] primarily from Chin State and Sagaing Region. The majority of the displaced people entered Mizoram, a state of India named after the Mizo people, who have historic ties with ethnic groups in Chin State. While Mizoram shares borders with Bangladesh, and the Indian states of Tripura, Assam and Manipur, Mizo people do not share the same close historical and ethnic ties with people from those geographies as they do with the Chin people. For the Mizo people, people from other parts of India are considered foreign, despite shared citizenship, due to lack of cultural commonalities and the collective memory of violence and cruelty inflicted in Mizoram during periods of war.[18] Migrants from Bangladesh are equally not regarded as sharing heritage with the Mizos and are “both resented and feared”.[19]

In contrast, the Chin and Mizo people recognize a common heritage, with strong similarities in language and cultural practices, and a shared origin myth describing migration to the Chin hills, with both Chin and Mizo peoples describing emergence from a *chhinglung*, or cave, in present-day China.[20] Prior to British rule, the Chin and Mizo people, lived in what they refer to as Chinram, an area including what are now Chin and Mizoram states, which was ruled independently by antecedent tribal chiefs. By 1896, all of the land in Chinram was conquered by the British, and in 1937, the British divided Chinram into parts of their Burmese and Indian dominions. Shared heritage in these areas grew to include shared experiences of colonization, Christian conversion, conflict, independence from Britain, and bitter insurgencies against central rule in India and Burma.

---

[16] Sang, 2023.
[17] United Nations High Commissioner for Refugees, 2025.
[18] McConnachie, 2018.
[19] McConnachie, 2018, p. 6.
[20] Basavapatna, 2012.

For as long as there have been Mizoram and Chin states, the border between them has been porous. From 1966 to 1985, Mizoram was embroiled in an insurgency sparked by a mass movement against a famine that had been ongoing since 1959, as well as a decision by the central government to impose unwanted policies. This led to the displacement of people from Mizoram into Myanmar. However, the settlement of the Mizo Peace Accord in 1986 and the events of the 1988 political uprising and coup in Myanmar reversed this flow of people, with tens of thousands escaping from Chin State and Sagaing Division[21] across the border to Mizoram.

India is not a signatory to the 1951 Convention on the Status of Refugees and the 1967 Protocol. Registering in India with the United Nations High Commissioner for Refugees (UNHCR) for formal refugee status is risky, as it means displaced people traveling to New Delhi or Chennai undocumented.[22] Even if you are a registered refugee, you are not safe from deportation, and state governments in India regularly deport genuine accredited asylum seekers to their homelands where they face persecution. Chin people in Mizoram instead often try to obtain other documentation to regulate their status, such as an Aadhaar card, which provides its holder with an identity number if they give over biometric data.[23] In 2011, it was estimated that around 100,000 people from Myanmar were living in Mizoram.[24]

Mizo residents of Mizoram staunchly believe they and the Chin share kinship, common histories, and religious beliefs. The shared heritage and cultural similarities between Chins and Mizos result in a strong sense of ethnic kinship. In fact, Mizo people often reject using the label "refugee" for Chin people living in Mizoram, as the word is associated with dependency on international assistance. Mizo and Chin people tend to describe each

[21] The previous name for Sagaing Region in the current 2008 constitution.
[22] IRIN, 2014.
[23] Banerjee, 2016. With rising tensions in Mizoram related to the flows of Myanmar refugees, ICA has reported that securing an Aadhaar card without documentation is no longer possible.
[24] Chin Association of Maryland, 2011.

other in familial terms, emphasizing the bond that predates the imposition of international borders and nation-states.

However, there remains a lack of legal clarity around the position of Chin people in Mizoram. This, combined with the sense of ethnic and religious brotherhood, means Chin people's sense of belonging in Mizoram, capacity for control of their lives, and ability to utilize opportunities is dependent on the benevolence of the Mizo state government, church institutions, and Mizo civil society—and the prevailing political climate. It is possible for Chin people to gain employment as domestic workers, weavers, agricultural or quarry laborers, but at the same time, many Chin workers have experienced discrimination and exploitation.[25] This has a particularly strong impact on Chin women, who are unable to access protection under existing laws, and instead must rely on informal kinship ties or church mediation in cases of abuse, such as domestic violence or abuse from employers. Sadly, Chin people are sometimes stereotyped by the wider public in Mizoram as alcoholics responsible for drug smuggling, theft, illegal trade, and law breaking,[26] common tropes attributed by host communities to guests seeking refugee the world over. It should be noted however that Mizo voices do speak out against these prejudices; in April 2025, the Political Adviser to Mizoram's Chief Minister, Pu Lalmuanpuia, called on citizens to refrain from marginalizing Chin refugees, citing official data that showed Myanmar refugees accounted for just four percent of all arrests in Mizoram over a 16-month period.[27] Since the 1990s, there have been multiple instances of extreme discrimination against Chin people in Mizoram, such as burning down the houses they occupy, large scale arrests, and deportations. In 1996, approximately 1,000 Chin people were forced back over the border into Myanmar, in the year 2000, several hundred were arrested and 105 deported, and in 2003, another 10,000 Chin people were forced back into Chin State.[28]

---

[25] McConnachie, 2018.

[26] Basavapatna, 2012.

[27] Mizoram News, 2025.

[28] Basavapatna, 2012; Human Rights Watch, 2009.

While people seeking refuge in Thailand, a country hosting with many magnitudes more displaced Myanmar residents, still face daily challenges with security, there is a network of development and humanitarian organizations on the Thailand-Myanmar border that have provided support, access to services and opportunities for work and education since 1988. In Mizoram, humanitarian support available for refugees from international organizations is extremely limited, so voluntary associations and church groups provide the bulk of humanitarian coordination, care for vulnerable groups such as the elderly, and organize funerals and the repatriation of deceased refugees to Chin State.

Voluntary associations have played a crucial role in the development of Mizo national identity, embodying an ethos of *tlawmngaihna* (self-sacrifice and care for others). Voluntary associations exist in every district of Mizoram, and along with the state-wide presence of the Presbyterian church, these Mizo institutions have resisted the establishment of explicitly Chin organizations and churches, weakening Chin civil society and their capacity for organizing.[29]

Articles in the Special Issue

The five articles in this special issue offer compelling examinations of the refugee experience in Mizoram, written by scholars who are themselves displaced, and utilizing qualitative methods including extensive interviews and observations. Each study foregrounds a different facet of the refugee experience: Zohesia examines barriers to education; Len Len looks at mental health and coping mechanisms; Zalette Myey investigates settlement and legal status; Yu Gan Paing takes the case of economic migration from Sagaing, and Dawt describes gendered livelihood challenges. They collectively illuminate the precarious, often invisible lives of Chin refugees navigating displacement without formal refugee status or institutional protection.

[29] McConnachie, 2018.

The first article in this special issue, “Education Challenges Faced by Chin Refugee Children in Mizoram State, India” by Zohesia, focuses on the difficulties faced by refugee families and children trying to access education. Zohesia overviews the legal provisions for refugees in other country contexts, including Uganda and Belgium, and reviews common challenges for refugee children across different geographies, such as language barriers, inadequate teaching resources, and low-quality instruction. Facing a paucity of research on education for refugee children in Mizoram, Zohesia set out to collect perspectives from refugee students, parents and educators as well analyze the legal frameworks around education in Myanmar and India, focusing particularly on the issue of mother tongue-based multilingual education in Myanmar. The students she interviewed provide a palpable sense of the confusion and isolation they felt trying to engage in classes conducted in the Mizo or English languages. The parents she interviewed also felt challenged by the language barrier and lack of organizational support in Mizoram. Zohesia’s research highlights the extraordinary resilience shown by respondents despite such challenges, learning new languages through sheer perseverance, and defending themselves against discrimination in school. This article also underlines the difficulties of balancing the preservation of linguistic diversity with promoting ethnic unity among Chin peoples.

From students to workers, the next article in the special issue focuses on one particular trade, teasing out the complex dynamics of migration and labor market outcomes in Mizoram State. “Factors Behind Weavers Migrating from Myanmar to Mizoram State, India” by Yu Gan Paing examines the impact of external pressures such as access to information, discrimination, and migration costs, on the livelihoods of Myanmar migrant weavers. Through three months of interviews and observation in 2022, the author deeply immersed into the lives of migrant weavers and then returned in 2023 to conduct further data collection. His literature review includes consideration of the very term ‘migrant,’ and the structural factors that drive people to move from one place to another. Yu Gan Paing provides

exposition of the Sagaing Region people and the long tradition of weaving there. He highlights that in Mizoram, highly skilled weavers are regarded as expert craftsmen, and in both Mizoram and Sagaing, traditional weaving plays a role in preserving cultural heritage. Yu Gan Paing's interviews paint a picture of economic migration to Mizoram alongside the devastating political shifts in Myanmar since 1988, noting that pull factors like higher wages are less researched than the push factors of conflict and instability. He also highlights the way in which the Sagaing economic migrant is seen as valuable in Mizoram in a different way to Chin people in Mizoram; they are prized for their creative skill, rather than accepted for their cultural similarities. This article provides a helpful counter-narrative to the conventional understanding that all refugees in Mizoram arriving through Chin State are of Chin origin, when in fact displaced people from other areas close to India, such as Sagaing Region and Rakhine State, also migrate there.

Continuing with the theme of livelihoods is Dawt's "Experiences of Chin Refugee Women in Accessing Livelihoods in Mizoram State, India." Challenges to accessing and maintaining livelihoods include language barriers, lack of documentation, and miniscule wages. Dawt's interviewees are university-educated women, and before the 2021 coup they had professions such as nurse, university lecturer, and teacher, but their Myanmar qualifications are not recognized in Mizoram. This in conjunction with their lack of national documents in India means they are restricted to working in retail, fruit selling, and such. The discussion section of the article conveys Chin refugee women's palpable sense of despair and anger. Dawt's article is a much-needed exploration of women's experiences as Chin refugees, seeking to understand the way in which their gendered experiences color universal obstacles for Chin refugees in Mizoram, such as legal uncertainty, high costs, and language barriers. In the style of an activist researcher, Dawt calls for strong interventions by stakeholders to allow Mizoram employers to recognize qualification documentation from Myanmar and support displaced women to support themselves.

The next article, "Factors Influencing Chin Refugees Settling in Aizawl After 2021" explores the complex relationship between the Chin and Mizo peoples in Mizoram and bravely engages in discussion on whether Chin people have a distinguished status in Mizoram due to some kind of ethnic brotherhood. Zalette Myey asserts that, while they may be allowed to reside in Aizawl, the capital city of Mizoram, Chin people are unable to access protection from UNHCR, run a business, access land, buy property, or seek employment. These restrictions keep Chin refugees in a state of limbo, where they struggle to survive on the supposed spirit of brotherhood alone. The article is informed by perspectives from 14 research participants: men and women displaced from various parts of Chin State and mostly Civil Disobedience Movement participants. Key reasons for them entering Mizoram and then Aizawl included seeking education, escaping violence, and avoiding arrest. While hastily erected refugee camps mushroomed in Mizoram after 2021, the lack of humanitarian organizations involving in their management and support (beyond that provided by small volunteer organizations), means that camp residence can be dehumanizing and difficult for Chin refugees—compelling many to choose urban refuge in Aizawl instead. But in Aizawl, they face barriers regarding discrimination in housing, work, and ownership rights. In this way, Zalette Myey identifies gaps in the support for Aizawl's urban refugees who go it alone outside of the camps.

The final article in the special issue, "Young Chin Refugees in Aizawl District Since 2021", spotlights the situation for youth in the Chin refugee cohort in Aizawl. Research fellow Len Len highlights the lack of research on the mental health challenges of Chin refugees, drawing comparisons with refugees from Myanmar residing in Thailand and New Delhi with high levels of depression, anxiety and post-traumatic stress disorder. Guided by the experiences of research participants across four refugee camps in Aizawl District, which is a large area stretching for hundreds of kilometers (and not confined to Aizawl city), Len Len's analysis illustrates the complex emotional landscape of refugee Chin youth. She found that most of her respondents felt safe in

the district and were grateful for the hospitality extended to them by local Mizo people. Respondents felt comfort in their religious beliefs and daily routine, but the language barriers and lack of opportunities were still isolating. The respondents also shared their experiences of education, livelihood, and other challenges. Len's article is a crucial reminder that all displaced people suffer long-term mental health challenges as a result of their experiences, and while religious and ethnic communities can provide support, loneliness and anxiety are pervasive issues.

A recurring theme across all contributions is the perseverance of displaced people who despite experiences of great trauma, discrimination and barriers to communication, housing and employment, persist in finding a way to survive in Mizoram and support their families. The shared ethnic and religious ties with the Mizo community provide a sense of refuge, but the research fellows highlight significant gaps in existing support, with little help for accessing legal rights, healthcare, sustainable livelihoods, and mental health support. These studies also reveal significant gaps in humanitarian response and policy, including the urgent need for gender-sensitive approaches. Together, they call for coordinated action from local authorities, non-governmental organizations, and international actors to recognize refugee rights, ensure protection, and create pathways for inclusion, dignity, and opportunity in Mizoram.

This emerging body of scholarship not only amplifies the voices of displaced Chin individuals but also serves as a critical resource for informing more just and effective refugee policies in India and beyond.

References

Banerjee, S. (2016). *Aadhaar: Digital Inclusion and Public Services in India* [Background paper]. World Development Report. https://thedocs.worldbank.org/en/doc/655801461250682317-0050022016/original/WDR16BPAadhaarPaper-Banerjee.pdf

Basavapatna, S. (2012). Chins in Mizoram: The Case of Borders Making Brothers Illegal. *Journal of Borderlands Studies*, *27*(1), 61–72. https://doi.org/10.1080/08865655.2012.687209

Biak Hlei Mang. (2010). *A Chin History of the Encounter with British Colonial Rule and the American Baptist Mission Works in the Chin Hills: A Story of Cultural Adaptation and Transformation in Burma (Myanmar)* [Unpublished doctoral dissertation]. The Lutheran School of Theology. https://doi.org/10.1017/CBO9781107415324.004

Chin Association of Maryland. (2011). *Seeking Refuge: The Chin people in Mizoram state, India.* https://burmari.org/wp-content/uploads/2021/11/Seeking-Refuge-The-Chin-People-in-Mizoram-State-India.pdf

Eighty-nine Chin resistance members killed in Falam township. (2025, April 18). *Democratic Voice of Burma.* https://english.dvb.no/eighty-nine-chin-resistance-members-killed-in-battle-for-falam-township/

Human Rights Watch. (2009, January 28). *"We are like forgotten people": The Chin people of Burma: Unsafe in Burma, unprotected in India.* https://www.hrw.org/report/2009/01/28/we-are-forgotten-people/chin-people-burma-unsafe-burma-unprotected-india

International Crisis Group. (2025a, March 19). *Disquiet on the Western Front: A Divided Resistance in Myanmar's Chin State.* https://www.crisisgroup.org/asia/south-east-asia/myanmar/b181-divided-resistance-myanmars-chin-state

International Crisis Group. (2025b, April 11). *A Rebel Border: India's Evolving Ties with Myanmar after the Coup.* https://www.crisisgroup.org/asia/south-east-asia/myanm

ar-india/b182-rebel-border-indias-evolving-ties-myanmar-after-coup
IRIN. (2014, January 3). *The Plight of Myanmar's Chins in India.* https://reliefweb.int/report/india/analysis-plight-myanmar-s-chins-india
Lian Sakhong. (2003). *In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma.* NIAS Press.
Market Analysis Unit. (2022, August). *Chin State IDPs: Household Survey (August 2022).* Myanmar Information Management Unit. https://themimu.info/sites/themimu.info/files/mau_public/Survey_MAU_Chin_-_Aug_2022_-_IDPs.pdf
McConnachie, K. (2018). Boundaries and Belonging in the Indo-Myanmar Borderlands: Chin Refugees in Mizoram. *Journal of Refugee Studies, 31*(3), 314–333. https://doi.org/10.1093/jrs/fey012
Mizoram Chief Minister raises concerns over impact of India-Myanmar Free Movement Regime. (2025, March 13). *Mizzima.* https://eng.mizzima.com/2025/03/13/20031
Mizoram News. (2025, April 13). *Pu Lalmuanpuia Punte, Political Adviser to Mizoram Chief Minister has called on citizens of the State to show empathy and thoughtful planning in their response to the ongoing refugee crisis* [Facebook post]. Facebook. https://www.facebook.com/photo/?fbid=672836581924879&set=a.159443493264193
Mizoram to collect biometric data of over 33k Myanmar refugees. (2025, May 18). *The Times of India.* https://timesofindia.indiatimes.com/city/guwahati/mizoram-to-collect-biometric-data-of-over-33k-myanmar-refugees/articleshow/121253885.cms
Myanmar Information Management Unit. (2021, August 18). *Disability in Myanmar: 2014–2019 – Analytical Brief.* https://themimu.info/sites/themimu.info/files/documents/Report_Analytical_Brief_Disability_MIMU_18Aug2021_ENG.pdf
Myanmar refugees threatening security, draining resources: Mizoram activist to Amit Shah. (2025, March 12). *The Hindu.*

https://www.thehindu.com/news/national/mizoram/myanmar-refugees-threatening-security-draining-resources-mizoram-activist-to-amit-shah/article69321835.ece

Population Census Data. (2025). *Mizoram Population 2025 | Sex ratio | Literacy*. https://www.census2011.co.in/census/state/mizoram.html

Pum Khan Pau. (2020). *Indo-Burma frontier and the making of the Chin Hills Empire and resistance*. Routledge.

Salai Za Uk Ling. (2022, March 22). Why it's time to talk about the aid void on the India-Myanmar border. *The New Humanitarian*. https://thenewhumanitarian.org/opinion/2022/03/22/aid-void-India-Myanmar-border-Chin

Sang, J. N. (2023, March). *Resistance and the cost of the coup in Chin State, Myanmar*. The Asia Foundation. https://www.xcept-research.org/wp-content/uploads/2023/03/AW_Policy-Brief-finalized-1.pdf

United Nations High Commissioner for Refugees. (2025). *Myanmar Situation – Operational Data Portal*. https://data.unhcr.org/en/situations/myanmar

မီဇိုရမ်သို့ နေရပ်စွန့်ခွာပြောင်းရွှေ့ခြင်း အထူးထုတ်စာစောင်မိတ်ဆက်

ဟာနာရပ်ဆဲလ်

ဤအထူးထုတ်စာစောင်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၊ မီဇိုရမ်ပြည်နယ် (ဤနေရာမှစ၍ မီဇိုရမ်ဟုသုံးစွဲပါမည်) ရှိ မြန်မာဒုက္ခသည်များ၏ အခြေအနေကို ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်စေပြီး ထိုက်သင့်သလောက် အာရုံစိုက်ခံရခြင်းမရှိသော နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် အသိုက်အဝန်းထံမှ အဖိုးတန်သည့် အချက်အလက်များကို ထုတ်ဖော်ထားပါသည်။ ပါဝင်ရေးသားသည့် စာရေးသူ ငါးဦးစလုံးသည် မီဇိုရမ်ရှိ နေရပ်စွန့်ခွာအသိုက်အဝန်းမှ ဖြစ်ကြပြီး ချင်း-မီဇိုရမ် နေရပ်စွန့်ခွာနေထိုင်မှုအခြေအနေအား ဂျန်ဒါ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ပညာရေးစသည့် ခေါင်းစဉ်များမှတစ်ဆင့် ဆန်းစစ်လေ့လာထားပါသည်။ စာရေးသူများသည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနစင်တာ၏ ပံ့ပိုးမှုဖြင့် မီဇိုရမ်မြို့တော် အိုက်ဇောရှိ မီဇိုရမ်တက္ကသိုလ်၌ ချင်းရေးရာအဖွဲ့ (ICA) မှ စီစဉ်ဆောင်ရွက်သည့် မြန်မာသုတေသနထောက်ပံ့ကြေးအစီအစဉ် (၂၀၂၂-၂၀၂၃) ၏ တစ်နှစ် သုတေသနသင်တန်းအား တက်ရောက်ပြီးမြောက်ပြီးနောက်တွင် ဤဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်သည်။

ဤအထူးထုတ်စာစောင်တွင် သင်တန်းသားသုတေသီများက ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အသိအမြင်များမှတစ်ဆင့် ချင်းနှင့် မီဇို အသိုက်အဝန်းများအကြား လူမှုယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို ဆန်းစစ်လေ့လာထားပြီး ဒုက္ခသည်များ အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်များအတွက် ပညာသင်ကြားရေး၊ အလုပ်အကိုင်နှင့် တရားဝင် အသိအမှတ်ပြုမှုများနှင့်စပ်လျဉ်းသော စနစ်ပိုင်းဆိုင်ရာ အတားအဆီးများကို မီးမောင်းထိုးပြထားပါသည်။ တူညီသည့် လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များကြောင့် ချင်းဒုက္ခသည်များသည် မီဇိုရမ်၌ နေထိုင်၍ရနေကြသော်လည်း ဥပဒေရေးရာ ကာကွယ်စောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံ

များ မရှိသည့်အတွက် ခွဲခြားဆက်ဆံမှုများ၊ ခေါင်းပုံဖြတ်မှုများနှင့် အလုပ်အကိုင် သို့မဟုတ် ပညာရေးအခွင့်အလမ်းများ မရှိခြင်းတို့ကို ရင်ဆိုင်နေကြရသည်။ အချုပ်ဆိုရသော် ဤဆောင်းပါးများတွင် မီဇိုရမ်သို့ ထွက်ပြေးလာသော ဒုက္ခသည်များ၏ ကြံ့ကြံ့ခံနိုင်မှုကို အလေးထားဖော်ပြကာ မီဇိုရမ်ရှိ ဒုက္ခသည်များ၏ ထိခိုက်လွယ်မှုကို တရားဝင်အသိအမှတ်ပြုလက်ခံမည့် အားလုံးပါဝင်သည့် မူဝါဒဆောင်ရွက်ချက်များကို တောင်းဆိုထားပါသည်။ အဆိုပါဒုက္ခသည်များသည် ဖယ်ကြဉ်ထားခံရမှု မရှိဘဲ အားလုံးအတွက် အကျိုးဝင်မှုရှိသည့် အထောက်အပံ့များကို ပိုမိုလိုအပ်လျက် ရှိနေပါသည်။

မြန်မာသုတေသနထောက်ပံ့ကြေးအစီအစဉ်

၂၀၂၂ ခုနှစ်၊ မတ်လတွင် အစပျိုးခဲ့ပြီး အောက်တိုဘာလတွင် ကြိုဆိုဖွင့်လှစ်ပွဲပြုလုပ်ကာ စတင်ခဲ့သည့် (၁၂) လကြာ မြန်မာသုတေသနထောက်ပံ့ကြေးအစီအစဉ်သည် သုတေသနဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပညာရပ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများအား ဒုက္ခသည်များထံ ပေးနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲထားပြီး မီဇိုရမ်တက္ကသိုလ်မှ ပညာရှင်များ၊ ချင်းမိုင်တက္ကသိုလ်နှင့် လန်ဒန်စီးပွားရေးတက္ကသိုလ်မှ နိုင်ငံတကာပညာရှင်များက သင်ကြားပေးသည့် သုတေသနပိုင်းကျွမ်းကျင်မှုနှင့် ချဉ်းကပ်မှုဆိုင်ရာ သင်ကြားပို့ချမှုများ ပါဝင်ပါသည်။ သင်ကြားပို့ချမှုများတွင် အချက်အလက်စုဆောင်းခြင်း၊ သုတေသီကျင့်ဝတ်၊ သုတေသနခွဲခြမ်းစိတ်ဖြာမှုနှင့် ဘေးကင်းလုံခြုံမှု အစရှိသည့် သုတေသနပိုင်းဆိုင်ရာကျွမ်းကျင်မှုများ ပါဝင်ပြီး ပဋိပက္ခနှင့် နေရပ်စွန့်ခွာနေထိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ ဂျန်ဒါစုံလင်ကွဲပြားမှု၊ တရားမျှတမှု အစရှိသည့် ခေါင်းစဉ်များအား နက်ရှိုင်းစွာ လေ့လာခဲ့ကြပါသည်။ တက်ရောက်သူများအား သုတေသနနှင့် လူမှုရေးသိပ္ပံ၏ အခြေခံသဘောတရားများကို အသိပညာပေးနိုင်ရန်အတွက် အစီအစဉ်ကို ဒီဇိုင်းရေးဆွဲထားပါသည်။ တက်ရောက်သူများအနေဖြင့် မြန်မာနှင့် မီဇိုရမ်ရှိ နေရပ်စွန့်ခွာနေထိုင်မှု အကြောင်းအရာများအပေါ် ၎င်းတို့၏ ကိုယ်ပိုင်သုတေသနလေ့လာမှုများအား ဒီဇိုင်းရေး

ဆွဲကာ ယင်းအတိုင်း လိုက်လံဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးပေးထားပြီး မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာနေထိုင်မှု၊ ပဋိပက္ခ၊ လူမှုအပြောင်းအလဲတို့နှင့် သက်ဆိုင်သည့် ဆွေးနွေးငြင်းခုန်မှုများ၌ ပါဝင်စေကာ မိမိအတွေ့အကြုံနှင့် အတွေးအမြင်များဖြင့် တင်ဆက်စေခဲ့ပါသည်။

အစီအစဉ်တွင် ပါဝင်ရန်အတွက် လျှောက်ထားသူ (၁၆) ဦးအနက်မှ (၅) ဦး အား ရွေးချယ်ခဲ့သည်။ လျှောက်ထားမှုလုပ်ငန်းစဉ်တွင် ချင်းရေးရာအဖွဲ့မှ ဝန်ထမ်းများက အင်တာဗျူးခြင်းနှင့် လက်တွေ့လုပ်ဆောင်စေခြင်းများ ဆောင် ရွက်စေကာ လျှောက်ထားသူများ၏ နောက်ခံနှင့် စွမ်းဆောင်ရည်တို့ကို အကဲ ဖြတ်ခဲ့သည်။ ဝန်ထမ်းများက လျှောက်ထားသူများ၏ သုတေသနလုပ်ဆောင် မှု စွမ်းဆောင်ရည်၊ သုတေသန သို့မဟုတ် ပညာရေးနောက်ခံနှင့် နေရပ်စွန့်ခွာ နေထိုင်ရသည့် အတွေ့အကြုံများအပေါ် အခြေခံကာ သင်တန်းသား (၅) ဦးကို ရွေးချယ်ခဲ့သည်။

အစီအစဉ်တစ်လျှောက်လုံးတွင် သင်တန်းသားများသည် ၎င်းတို့၏ ဘဝ အသစ်နှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ဆောင်ရာ၌ စိန်ခေါ်မှုများ ကြုံ တွေ့ခဲ့ရသကဲ့သို့ မီဗိုရမ်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၏ လှိုက်လှဲပျူငှာစွာ ကြိုဆိုပေးမှုကိုလည်း ခံစားခဲ့ကြရသည်။ မွေးရပ်မြေရှိ ပြင်းထန်သော ပဋိပက္ခ နှင့် မငြိမ်သက်မှုများက ၎င်းတို့၏ နေ့စဉ် ပညာရပ်ပိုင်းဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများအတွက် နောက်ခံအခြေအနေများကို ပံ့ပိုးပေးခဲ့သည်။ ဤ ထောက်ပံ့ကြေးအစီအစဉ်သည် ပထမဆုံး ပြုလုပ်သည့် အစီအစဉ်ဖြစ်ရာ သင်တန်းသားများနှင့် ချင်းရေးရာအဖွဲ့၏ ဝန်ထမ်းများသည် မီဗိုရမ်တက္ကသိုလ် နှင့် အလုပ်သဘောဆက်ဆံမှုများ၊ သင်ကြားပို့ချမှုများအား ပံ့ပိုးကူညီရေးနှင့် ကြီးကြပ်ညွှန်ပြမှု အစီအစဉ်များကို ပထမဆုံးအနေဖြင့် ရှေ့ဆောင်လုပ်ကိုင်ခဲ့ သည်။ သင်တန်းသားများ၏ ခိုင်မာသည့် လုပ်ငန်းကျင့်ဝတ်နှင့် စူးစိုက်နှစ်မြှုပ်မှု များကို မီဗိုရမ်တက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်များက ကြိုဆိုခဲ့ကြသည်။ သင်တန်းသားသုတေသီ (၅) ဦး အနက် (၄) ဦးမှာ ချင်းပြည်နယ်မှ ဖြစ်ကြပြီး ယုဂန်ပိုင်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြစ်သည်။ ၂၀၂၁ အာဏာမသိမ်းမီက အဆိုပါ (၅) ဦးတို့မှာ သတင်းစာလုပ်ငန်းမှသည် အရပ်ဘက်လူ့အဖွဲ့အစည်း

အထိ အလုပ်အကိုင်မျိုးစုံ၌ လုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြသည်။ သင်တန်းသား တစ်ဦးဖြစ်သော ဇလပ်မြေသည် ၂၀၂၁ မတိုင်မီက လူမှုရေးသိပ္ပံကျောင်းသား တစ်ဦးဖြစ်သည်။

အစီအစဉ်တွင် သုတေသနနည်းလမ်းများနှင့် အကြောင်းအရာအလိုက် ချဉ်းကပ်မှုများနှင့် ပတ်သက်သည့် သင်ခန်းစာနှစ်ခုကို ဦးစွာသင်ကြားပေးပါသည်။ ထို့နောက်တွင် သင်တန်းသားများအနေဖြင့် အနီးကပ်လမ်းညွှန်သူများနှင့်အတူ သီးခြားသုတေသနများတွင် ခြောက်လကြာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရသည်။ ထို့နောက်တွင် ၎င်းတို့၏ သုတေသနပရောဂျက်များအား ဆောင်းပါးများအဖြစ် မွမ်းမံရေးသားပြီး ဤဂျာနယ်သို့ တင်ပြခဲ့ကြသည်။ ထွက်ပေါ်လာသော ဆောင်းပါးများသည် မီဇိုရမ်၌ ဘဝများ ပြန်လည်တည်ဆောက်ကာ အခွင့်အလမ်းရှာဖွေရန် ကြိုးစားနေကြသည့် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာနေထိုင်သူများအပေါ် သက်ရောက်သော လူမှုနိုင်ငံရေးအခြေအနေများ၊ သမိုင်းနှင့် ဘာသာရေးဆိုင်ရာ ဆက်နွှယ်မှုများ၊ ပဋိပက္ခကြောင့်ဖြစ်သော အပြောင်းအလဲများကို မီးမောင်းထိုးပြထားကာ နေရာနှင့် အချိန်ကာလတစ်ခု၌ ပိတ်မိနေကြသော လူတစ်စု၏ စိုးရိမ်ပူပန်မှုများကို အမိအရ ဖော်ပြထားကြသည်။

အိန္ဒိယဗဟိုအစိုးရ၏ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများအပေါ် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား ကန့်သတ်ထားရန် ပိုမိုဖိအားပေးလာသည့်အတိုင်း မီဇိုရမ်ပြည်နယ်အစိုးရအနေဖြင့်လည်း တုံ့ပြန်ဆောင်ရွက်ရသည်ဖြစ်ရာ တစ်နှစ်ခွဲကြာလာသည့်တိုင် ဆောင်းပါးများ၏ တွေ့ရှိချက်များမှာ သက်ဆိုင်ဆီလျော်မှုရှိနေဆဲဖြစ်သည်။[1] ယင်းကန့်သတ်ချက်များတွင် ပြည်သူများ၏ သွားလာမှုနှင့် နယ်စပ်ဖြတ်ကျော် လူမှုအသိုက်အဝန်းများ၏ ဘဝများအပေါ် အနှောင့်အယှက်ဖြစ်စေမည့် နယ်စည်းခြားတံတိုင်းလည်း ပါဝင်သည်။[2] နယ်စပ်တွင် လက်နက်နှင့် မူးယစ်ဆေးဝါး မှောင်ခိုမှုများ တစ်ဟုန်ထိုး မြင့်တက်လာမှုကြောင့် မီဇိုရမ်ရှိ မြန်မာဒုက္ခသည်များထံမှ ဇီဝအချက်အလက်များ

[1] “Mizoram Chief Minister”, 2025.
[2] International Crisis Group, 2025b.

ကောက်ယူစုဆောင်းမည့် ခြိမ်းခြောက်မှုအပါအဝင် ဒုက္ခသည်များအား စိစစ်မှုများကို ပိုမိုလုပ်ဆောင်လာသည်။[3] အရင်းအမြစ်များ နည်းပါးမှုအပေါ် ပူပန်စိုးရိမ်မှုများ ရှိကြရာ မီဇိုလူမျိုးစုများနှင့် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာသူများအကြား တင်းမာမှုများလည်း မြင့်တက်လာသည်။[4]

အစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် သင်တန်းသား (၅) ဦးတို့အား သင်တန်းဆင်းပြီး နောက်တွင်လည်း ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များအတိုင်း ဆက်လက်လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည်။ အားလုံးသည် အိန္ဒိယရှိ အခြားတက္ကသိုလ်အဖွဲ့အစည်းများနှင့် နိုင်ငံရပ်ခြားတွင် ဘွဲ့လွန်ပညာ ဆက်လက်သင်ယူခြင်း သို့မဟုတ် နေရပ်စွန့်ခွာလာရသူများအား ပံ့ပိုးပေးသည့် အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း စသည်ဖြင့် ဆက်လက် လုပ်ဆောင်ကြနေပါသည်။ ချင်းရေးရာအဖွဲ့အနေဖြင့် သုတေသနထောက်ပံ့ကြေးအစီအစဉ် ဒုတိယအသုတ်အတွက် ရန်ပုံငွေရရှိရန် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း မရရှိခဲ့ပါ။ သို့သော်လည်း ချင်းရေးရာအဖွဲ့အနေဖြင့် မီဇိုရမ်တက္ကသိုလ်နှင့် ဆက်ဆံရေးဆက်လက်တည်ဆောက်ထားပြီး ယင်းဆက်ဆံရေးကို ရှေ့ဆက်ကာ နေရပ်စွန့်ခွာလာကြရသော မြန်မာပြည်သူများအတွက် မီဇိုရမ်တွင် အဆင့်မြင့်ပညာရေးကို လက်လှမ်းမီရရှိနိုင်ရေးအား အထောက်အပံ့ဖြစ်စေမည့် ပရိုဂရမ်အသစ်များ ရှာဖွေနိုင်ရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

ချင်း-မီဇိုရမ် နောက်ခံအခြေအနေ

မြန်မာနိုင်ငံ အနောက်မြောက်ဘက်ရှိ ချင်းပြည်နယ်သည် တိုင်းပြည်၏ အဆင်းရဲဆုံးဒေသများအနက် တစ်ခုဖြစ်ပြီး ပြည်နယ်လူဦးရေ၏ (၇၃) ရာခိုင်နှုန်းဖြစ်သည့် ခန့်မှန်း (၄၇၈,၈၀၁) ဦးတို့မှာ ဆင်းရဲမွဲတေမှုမျဉ်းအောက်၌ ရှိနေကြရသည်။[5] ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် မသန်စွမ်းဖြစ်မှု အမြင့်ဆုံး

---

[3] "Mizoram to collect", 2025.
[4] "Myanmar refugees", 2025.
[5] Market Analysis Unit, 2022.

ဖြစ်ပြီး (၂၁) ရာခိုင်နှုန်းဝန်းကျင်ရှိကာ (၆) ဦးလျှင် (၁) ဦးမှာ မသန်စွမ်း ဖြစ်သည်။[6] မျိုးစုံကွဲပြားသည့် ယဉ်ကျေးမှုအုပ်စုများစွာ နေထိုင်ကာ စုံလင်ကွဲပြားသော ပြည်နယ်တစ်ခု ဖြစ်သော်လည်း (၁၉) ရာစု ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအတွင်း ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော အမှတ်အသားတစ်ခုဖြစ်သည့် "ချင်း" ဟူသော လူမျိုးစုအမည်နာမကိုသာ မြန်မာပြည်အတွင်းတွင် ခေါ်တွင်သည်။[7] ချင်းလူမျိုးစုများစွာက မိမိကိုယ်ကိုယ် "ဇို" ဟု ညွှန်းဆိုကြသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ ပြည်လုံးကျွတ်သန်းခေါင်းစာရင်းအရ ချင်းပြည်နယ်တွင် မျိုးနွယ်စု (၃၆) စုမှ (၅၃) စုအထိရှိပြီး ဘာသာစကား (၃၅) မျိုးကျော် ပြောဆိုသုံးစွဲကြသည်ဟု သတ်မှတ်ထားသော်လည်း ယင်းအရေအတွက်ကို ချင်းအမျိုးသားအထောက်အကူပြုကော်မတီက သဘောမတူဘဲ ဆန့်ကျင်ထားသည်။[8]

Lian Sakhong ရေးသားသည့် *In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma* စာအုပ်တွင် ခရစ်ယာန်ဘာသာသည် ချင်းဖြစ်မှု၏ အရေးပါသည့် လက္ခဏာရပ်ဖြစ်ကြောင်း အခြားလူမျိုး သို့မဟုတ် ယဉ်ကျေးမှုပုံသဏ္ဌာန်များမှ ဆင်းသက်လာသည့် အမျိုးမျိုးသော တိုင်းရင်းသားအုပ်စုများသည် ကိုးကွယ်မှုဆိုင်ရာ ဘုံတူညီမှုတစ်ရပ်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်ဖြစ်ရာ ဘာသာရေးသည် ချင်းအသိုက်အဝန်း၏ ပင်မမဏ္ဍိုင်ဖြစ်လာကြောင်းဖြင့် အခိုင်အမာဆိုထားသည်။[9] ဟားခါးမှ လိုင် စကားပြော ပန်းသီးစိုက်တောင်သူတစ်ဦးနှင့် တီးတိန်ရှိ ဇိုမိဘာသာဖြင့် ဟောပြောသည့် သင်းအုပ်ဆရာတို့သည် ဘာသာစကား မတူကြသော်လည်း နှစ်ဦးစလုံးကို အများအားဖြင့် ချင်းခရစ်ယာန်များအဖြစ် မှတ်ယူနိုင်သည်။ ချင်းလူမျိုးအားလုံးသည် ခရစ်ယာန်ဘာသာဝင်များ မဟုတ်ကြသော်လည်း နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် ဖယ်ကြဉ်ခံရမှုအား ကြံ့ကြံ့ခံခုခံခြင်းကို ချင်းအမှတ်အသားလက္ခဏာဟူ၍ ဝိသေသပြုနိုင်သည်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်သော

---

[6] Myanmar Information Management Unit, 2021.
[7] Pum Khan Pau, 2020.
[8] Sang, 2023.
[9] Lian Sakhong, 2003.

မြန်မာပြည်တွင် လူမျိုးနှင့် ဘာသာရေးအရ လူနည်းစုဖြစ်သည့် ချင်းလူမျိုးများသည် ဗမာလူမျိုးကြီးဝါဒ၏ အကြမ်းဖက်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ခံလာခဲ့ကြရသည်။ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကာလ မတိုင်ခင်အထိ ချင်းအမျိုးသားနေ့အခမ်းအနားမှာ ပိတ်ပင်ခံခဲ့ရပြီး[10] ချင်းလူမျိုးများတွင် ဗြိတိသျှ သို့မဟုတ် အနောက်တိုင်းကို လိုလားသော စိတ်နေသဘောထား ရှိကြသည်။[11] ချင်းလူမျိုးများသည် ဘာသာရေးနှင့် လူမျိုးရေး လက္ခဏာရပ်များအရ စည်းလုံးညီညွတ်ကြသော်လည်း မတူကွဲပြားသည့် ခရစ်ယာန်ဘာသာရေးဂိုဏ်းခွဲများနှင့် လူမျိုးရေးအခြေခံ သဘောထားကွဲလွဲမှုများမှာ ချင်းတော်လှန်ရေး လှုပ်ရှားမှုများ၌ပင် ယနေ့ထက်တိုင် သက်ရောက်မှုရှိနေဆဲ အထင်ကရကိစ္စ တစ်ခုဖြစ်သည်။[12]

ချင်းပြည်နယ်ရှိ ပြည်သူများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တစ်ခဲနက် မဲပေးခဲ့ကြပြီး ၂၀၂၁ အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်တွင်လည်း ဆန္ဒပြပွဲများစွာ၌ ပါဝင်ခဲ့ကြသည်။ နှစ်လအကြာတွင် ချင်းပြည်နယ်၏ မြို့နယ် (၉) ခုမှ အဖွဲ့များသည် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများမှ ပြည်သူများအား ကာကွယ်နိုင်ရန်အတွက် ရိုးရာအမဲလိုက်ရိုင်ဖယ်သေနတ် (တူမီး) များ ကိုင်ဆောင်ကာ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့ဖြစ်သည့် ချင်းလဲန်းကာကွယ်ရေးတပ်ဖွဲ့ (CDF) ကို ဖွဲ့စည်းခဲ့သည်။[13] ၂၀၂၁ စက်တင်ဘာလတွင် ချင်းလဲန်းကာကွယ်ရေးတပ်ဖွဲ့ (CDF) နှင့် ချင်း

---

[10] Edwards & South, 2020.

[11] ကိုလိုနီခေတ်အတွင်း၌ ချင်းလူမျိုးများ၏ ယဉ်ကျေးမှုတွင် ခရစ်ယာန်စံတန်ဖိုးများ စီးဝင်ပေါင်းစပ်လာရုံသာမက ဗမာ့ယဉ်ကျေးမှုလွှမ်းမိုးခြင်းကို ထိရောက်စွာ တွန်းလှန်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကိုလည်း ဗြိတိသျှတို့က အထူးတလည် ပံ့ပိုးပေးခဲ့ကြောင်း ချင်းလူမျိုးပညာရှင်တစ်ဦးက ဆိုသည် (Biak Hlei Mang, 2010)။

[12] Sang, 2023.

[13] International Crisis Group, 2025a.

အမျိုးသားတပ်ဦး (CNF)[14] တို့ ပူးပေါင်းကာ ထန်တလန်ရှိ စစ်အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့သည်။ မြန်မာစစ်တပ်က တုံ့ပြန်တိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံ (၁၀,၀၀၀) ခန့် နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ထို စဉ်ကတည်းကစတင်ကာ ချင်းပြည်တွင် လက်နက်ကိုင်ပဋိပက္ခများ မရပ်တန့် သေးဘဲ တော်လှန်ရေးဦးဆောင် ၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်း ၂၀၂၃ နိုဝင်ဘာတွင် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။ မကြာသေးမီက ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့က မြို့တော်ဟားခါး၏ မြောက်ဘက်ရှိ အရေးကြီးမြို့ တစ်မြို့ဖြစ်သည့် ဖလမ်းမြို့တွင် စစ်တပ်ကို အနိုင်တိုက်နိုင်ခဲ့ပြီး ယင်းတိုက်ပွဲကြောင့် လူသောင်းနှင့်ချီကာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။[15]

ယခု ချင်းပြည်နယ်နှင့် မီဇိုရမ်ပြည်နယ်ဟု သိကြသော ဒေသများအကြားတွင် လူများရွှေ့ပြောင်း သွားလာမှုသည် ရာစုနှစ်များစွာတိုင်တည်ရှိနေသော ချင်းသမိုင်းကြောင်း၏ လက္ခဏာတစ်ရပ်ဖြစ်သော်လည်း ၂၀၂၁ မှ စတင်ကာ နေရပ်စွန့်ခွာနေထိုင်ရမှု အတိုင်းအတာမှာ မကြုံစဖူး အခြေအနေသို့ ရောက်ရှိ လာသည်။ အိန္ဒိယနယ်စပ်ဘက်ခြမ်းရှိ ကန့်သတ်ချက်များနှင့် မြန်မာဘက်ခြမ်း ရှိ စစ်ရေးအကူအညီပိတ်ဆို့မှုများကြောင့် ချင်းပြည်မှ နေရပ်စွန့်ခွာနေထိုင်ရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီမှာ အကန့် အသတ်ရှိနေသည်။[16] ၂၀၂၃ တွင် မီဇိုရမ်ရှိ ဒုက္ခသည်များအတွက် ငွေကြေး အထောက်အပံ့များ၏ (၉၀) ရာခိုင်နှုန်းမှာ အမေရိက၊ ဩစတြေးလျနှင့် ဥရောပ တို့၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြသော ချင်းလူမျိုးများထံမှလာသည်ဟု သိရှိရသည်။ ထိုအထောက်အပံ့များအား ဘုရားကျောင်းကွန်ရက်များမှတစ်ဆင့် အဓိကဖြန့်ဝေပေးပြီး တစ်ခါတစ်ရံတွင် သီးခြားအဖွဲ့များသို့ဖြစ်စေ၊ ယဉ်ကျေးမှု တူအုပ်စုများ သို့မဟုတ် ဘာသာစကားတူအုပ်စုများထံသို့ဖြစ်စေ ပေးပို့ခြင်းဖြစ်

---

[14] ချင်းအမျိုးသားတပ်ဦးသည် ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ချင်းပြည်နယ်တွင် အကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့မှာ ချင်းအမျိုးသားတပ်မတော် ဖြစ်သည်။

[15] “Eighty-nine Chin resistance members”, 2025.

[16] Salai Za Uk Ling, 2022.

သောကြောင့် အညီအမျှ ခွဲဝေခြင်းမျိုး မဟုတ်သဖြင့် ပြည်ပ၌ နေထိုင်သည့် လူမျိုးစုနည်းပါက အထောက်အပံ့ရရှိမှုလည်း နည်းပါးသွားသည်။[17]

၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းရန်ကြိုးပမ်းချိန်ကတည်းက စတင်ကာ လူပေါင်း (၉၀,၅၀၀) ကျော်တို့သည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး[18] အများစုမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖြစ်ကြသည်။ ဒုက္ခသည်အများစုသည် ချင်းပြည်ရှိ တိုင်းရင်းသားလူမျိုးစုများနှင့် သမိုင်းကြောင်း ဆက်နွယ်မှုရှိသည့် မီဇိုလူမျိုးများကို အစွဲပြု၍ အမည်ပေးထားသော အိန္ဒိယရှိ မီဇိုရမ်ပြည်သို့ ဝင်ရောက်ခဲ့ကြသည်။ မီဇိုရမ်ပြည်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်းကောင်း အိန္ဒိယနိုင်ငံ၏ တြိပူရ၊ အာသံ၊ မဏိပူရ ပြည်နယ်များနှင့်လည်းကောင်း နယ်နိမိတ်ချင်းထိစပ်နေသော်လည်း အဆိုပါဒေသများမှ လူများသည် ချင်းလူမျိုးများကဲ့သို့ မီဇိုလူမျိုးများနှင့် နီးစပ်သည့် သမိုင်းကြောင်းနှင့် လူမျိုးရေးရာ ဆက်နွယ်မှု မရှိကြပေ။ မီဇိုလူမျိုးများအတွက် အိန္ဒိယနိုင်ငံအခြားဒေသမှ လူများသည် အိန္ဒိယနိုင်ငံသားချင်းတူစေကာမူ ယဉ်ကျေးမှု မတူညီခြင်းနှင့် စစ်အတွင်းက မီဇိုရမ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်ရက်စက်မှုများအပေါ် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံ၊ လူထုအမှတ်သညာများ တူညီမှု မရှိသည်ဖြစ်ရာ ထိုလူများအား နိုင်ငံခြားသားများအဖြစ်သာ သတ်မှတ်ကြသည်။[19] ဘင်္ဂလားဒေ့ရှ်မှ ရွှေ့ပြောင်းလာသူများကို မီဇိုများနှင့် သမိုင်းအစဉ်အလာတူညီသူများအဖြစ် မမှတ်ယူကြသဖြင့် "သဘောမကျဖြစ်ကာ ကြောက်ရွံ့ကြ" သည်။[20]

ထို့အပြင် ချင်းနှင့် မီဇိုလူမျိုးများသည် ဘာသာစကားနှင့် ယဉ်ကျေးမှုအလေ့အထများ၌ အလွန်ပင်တူညီကြပြီး လူမျိုးနှစ်မျိုးစလုံးမှာ မျက်မှောက်ခေတ်တရုတ်နိုင်ငံဖြစ်သည့် *chhinglung* သို့မဟုတ် ဂူအတွင်းမှ ဆင်းသက်လာကြပြီး ချင်းတောင်တန်းများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ဟူသော တူညီ

[17] Sang, 2023.
[18] United Nations High Commissioner for Refugees, 2025.
[19] McConnachie, 2018.
[20] McConnachie, 2018, p. 6.

သည့် ဒဏ္ဍာရီလည်းရှိကြသည်။[21] ဗြိတိသျှအုပ်ချုပ်မှု မတိုင်ခင်က ယခု ချင်းနှင့် မီဇိုရမ်ပြည်များတွင် နေထိုင်လျက်ရှိကြသည့် ချင်းနှင့် မီဇိုလူမျိုးများသည် ရှေးဘိုးဘေးလူမျိုးစုအကြီးအကဲများ အုပ်ချုပ်သည့် ဒေသများဖြစ်သော Chinram ဟု ၎င်းတို့ ညွှန်းဆိုရာအရပ်၌ နေထိုင်ခဲ့ကြသည်။ ဗြိတိသျှတို့က ၁၈၉၆ ခုနှစ်တွင် Chinram ရှိ နယ်မြေအားလုံးကို သိမ်းပိုက်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် မြန်မာနှင့် အိန္ဒိယ အုပ်စိုးသည့် အပိုင်းများအဖြစ် ပိုင်းခြားခဲ့သည်။ ကိုလိုနီပြုခံရခြင်း၊ ခရစ်ယာန်ဘာသာပြောင်းခြင်း၊ ပဋိပက္ခ၊ ဗြိတိန်ထံမှ လွတ်လပ်ရေးရခြင်း၊ အိန္ဒိယနှင့် မြန်မာရှိ ဗဟိုအုပ်ချုပ်မှုများအား ဆန့်ကျင်တော်လှန်ပုန်ကန်ခြင်း အစရှိသဖြင့် တူညီသည့် အတွေ့အကြုံများမှာ အဆိုပါ နယ်မြေများရှိ တူညီသည့် အမွေအနှစ်များဖြစ်ကြသည်။

မီဇိုရမ်နှင့် ချင်းပြည်နယ်တို့အကြား နယ်နိမိတ်မှာ အမြဲပင် အလွယ်တကူ ဝင်ထွက် သွားလာနိုင်ပါသည်။ ၁၉၅၉ ခုနှစ်ကတည်းက ဖြစ်ပွားနေသည့် အငတ်ဘေးအား ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုနှင့် မလိုလားအပ်သော မူဝါဒများ ချမှတ်ခဲ့သည့် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်တစ်ရပ်တို့ကြောင့် မီဇိုရမ်ပြည်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကာလအတွင်း၌ တော်လှန်ပုန်ကန်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ ယင်းတော်လှန်ပုန်ကန်မှုကြောင့် မီဇိုရမ်ပြည်မှ လူများမှာ မြန်မာနိုင်ငံသို့ နေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။ သို့သော်လည်း ၁၉၈၆ ခုနှစ်တွင် မီဇိုငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၁၉၈၈ နိုင်ငံရေး အုံကြွမှုနှင့် အာဏာသိမ်းမှုဖြစ်ရပ်များကြောင့် ချင်းပြည်နှင့် စစ်ကိုင်းတိုင်း (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်ကိုင်းတိုင်းဒေသကြီးဟု ပြောင်းလဲအမည်ပေးခဲ့သည်) တို့မှ လူသောင်းနှင့်ချီကာ နယ်စပ်ဖြတ်ကျော်၍ မီဇိုရမ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာစာချုပ်နှင့် ၁၉၆၇ ခုနှစ် သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားခြင်း မရှိပါ။ နေရပ်စွန့်ခွာနေထိုင်သူများသည် နယူးဒေလီ သို့မဟုတ် ချန်နိုင်းသို့ အထောက်အထားမဲ့ ခရီးသွားရသည်ဖြစ်ရာ အိန္ဒိယရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်း

[21] Basavapatna, 2012.

ကြီးရုံး၌ တရားဝင်ဒုက္ခသည်အဖြစ် စာရင်းပေးသွင်းနိုင်ရန်မှာ အလွန်ပင်စွန့်စားရပါသည်။[22] မှတ်ပုံတင်စာရင်းဝင်ပြီးသော ဒုက္ခသည် ဖြစ်လျှင်ပင် ပြည်နှင်ဒဏ်ပေးခံရခြင်းဘေးမှ ကင်းလွတ်နိုင်သည် မဟုတ်ပါ။ ယခင်က မီဇိုရမ်ရှိ ချင်းလူမျိုးများသည် ဇီဝဆိုင်ရာအချက်အလက်များ ပေးပါက အထောက်အထားနံပါတ်တစ်ခု ပြန်လည်ရရှိသည့် Aadhaar ကတ်ကဲ့သို့သော နိုင်ငံသားဖြစ်မှုနှင့် ဆက်စပ်သည့် အထောက်အထားအချို့ကို ရယူနိုင်ခဲ့ကြသည်။[23] ၂၀၁၁ ခုနှစ်တွင် မီဇိုရမ်ပြည်နယ်၌ မြန်မာနိုင်ငံမှ လူပေါင်း တစ်သိန်းခန့် နေထိုင်ကြသည်ဟု ခန့်မှန်းရသည်။[24] ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အာဏာသိမ်းစစ်အုပ်စု၏ ဆန္ဒပြသူများအား ဖြိုခွင်းမှုမှ လွတ်မြောက်လာသူများကို အိန္ဒိယအစိုးရက ကနဦးတွင် ကြိုဆိုခဲ့သော်လည်း မီဇိုရမ်သို့ ရွှေ့ပြောင်းလာကြသည့် မြန်မာလူမျိုးများအပေါ် အမျိုးသားရေးအမြင်ခံယူချက်မှာ ၁၉၉၀ ပြည့်လွန်နှစ်များမှ စတင်ကာ ပြောင်းလဲလာခဲ့သည်။ သို့တိုင် မီဇိုရမ်ပြည်မှ ဒေသခံမီဇိုများကမူ ၎င်းတို့သည် ချင်းလူမျိုးများနှင့် ဆွေမျိုးများဖြစ်ကြပြီး တူညီသည့် သမိုင်းကြောင်းနှင့် ဘာသာရေးယုံကြည်မှုများ ရှိသည်ဟု အခိုင်အမာပင် ယုံကြည်ကြဆဲဖြစ်သည်။ ချင်းနှင့် မီဇိုများအကြား အမွေအနှစ်နှင့် ယဉ်ကျေးမှုများ တူကြသည့်အတွက် မျိုးနွယ်တူဆွေမျိုးတော်စပ်မှုရှိသည်ဟူ၍ ခိုင်မာသည့် စိတ်ခံစားချက်ကို ဖြစ်ပေါ်စေသည်။ လက်တွေ့တွင်လည်း “ဒုက္ခသည်” ဟူသော စကားလုံးမှာ နိုင်ငံတကာအထောက်အပံ့များအပေါ် မှီခိုနေသည့်သဘော သက်ရောက်နေသောကြောင့် မီဇိုလူမျိုးသည် မီဇိုရမ်ရှိ ချင်းလူမျိုးများကို “ဒုက္ခသည်များ” ဟု ခေါ်ဆိုခြင်း မပြုကြပါ။ နိုင်ငံတကာနယ်နိမိတ်နှင့် လွတ်လပ်သောပြည်နယ်များ မဖြစ်မီကတည်းက ရှိခဲ့ပြီးဖြစ်သည့် ဆက်နွယ်မှု

---

[22] IRIN, 2014.

[23] Banerjee, 2016. မီဇိုရမ်တွင် မြန်မာဒုက္ခသည်များ ဝင်ရောက်လာမှုနှင့် ပတ်သက်ပြီး တင်းမာမှုများ မြင့်တက်နေသဖြင့် အထောက်အထားစာရွက်စာတမ်းမပါဘဲ Aadhaar ကတ်ပြုလုပ်ပေးရန်မှာ မဖြစ်နိုင်တော့ကြောင်း ICA မှ သတင်းထုတ်ပြန်ခဲ့သည်။

[24] Chin Association of Maryland, 2011.

ကို အလေးထားကာ မီဇိုနှင့် ချင်းများသည် တစ်ဦးကိုတစ်ဦး မိသားစုအခေါ် အဝေါ်များဖြင့် သုံးနှုန်းဖော်ပြလေ့ရှိကြသည်။

သို့သော်လည်း မီဇိုရမ်ရှိ ချင်းလူမျိုးများ၏ အနေအထားမှာ ဥပဒေကြောင်းအရ ရှင်းလင်းပြတ်သားမှုမှာ မရှိသေးပါ။ တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ သွေးချင်းစိတ်များ ပေါင်းစပ်ထားမှုကြောင့်သာ ချင်းလူမျိုးများအတွက် မီဇိုရမ်သည် ၎င်းတို့နှင့် သက်ဆိုင်သော နေရာဖြစ်သည်ဟူ၍ စိတ်လုံခြုံမှုခံစားရခြင်းဖြစ်ပြီး ကိုယ့်ဘဝကိုယ်ကျောင်းနိုင်စွမ်းနှင့် အခွင့်အလမ်းများအား အသုံးချနိုင်စွမ်းတို့မှာ မီဇိုရမ်ပြည်နယ်အစိုးရ၊ ဘုရားကျောင်းအဖွဲ့အစည်းများနှင့် မီဇိုအရပ်ဘက်အသိုက်အဝန်းတို့၏ စေတနာသဒ္ဓါတရားနှင့် လွှမ်းမိုးနေသည့် နိုင်ငံရေးအခြေအနေတို့အပေါ် မူတည်နေပါသည်။ ချင်းလူမျိုးများအနေဖြင့် အိမ်အကူ၊ ရက်ကန်းသမား၊ စိုက်ပျိုးရေးလုပ်သား သို့မဟုတ် ကျောက်မိုင်းလုပ်သားများအဖြစ် အလုပ်အကိုင်များ ရရှိနိုင်ကြသော်လည်း ချင်းလုပ်သားများစွာတို့မှာ ခွဲခြားဆက်ဆံမှုနှင့် ခေါင်းပုံဖြတ်မှုတို့ကို တွေ့ကြုံခံစားနေကြရသည်။[25] သို့ဖြစ်ရာ တည်ဆဲဥပဒေများအောက်တွင် အကာအကွယ် မရရှိနိုင်ကြသည့် ချင်းအမျိုးသမီးများအပေါ် အလွန်ပြင်းထန်စွာ သက်ရောက်မှုရှိပြီး၊ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် အလုပ်ရှင်၏ မတရားဖိနှိပ်မှု အစရှိသည့် ဖိနှိပ်ခံရသည့် ကိစ္စရပ်များနှင့်ကြုံတွေ့ရပါက ပုံမှန်တရားဝင် နည်းလမ်းမဟုတ်သည့် အရပ်သုံးပုံစံ သွေးသားတော်စပ်သူများကိုဖြစ်စေ၊ ဘုရားကျောင်း၏ ကြားဝင်စေ့စပ်ပေးမှုကိုဖြစ်စေ မှီခိုအားထားနေကြရသည်။ ဝမ်းနည်းစရာကောင်းသည်မှာ မီဇိုရမ်ရှိ လူထုက တစ်ခါတစ်ရံတွင် ချင်းလူမျိုးများအား မူးယစ်ဆေးဝါးမှောင်ခိုမှု၊ ခိုးမှု၊ တရားမဝင်ကုန်သွယ်မှုနှင့် ဥပဒေချိုးဖောက်မှုများအတွက် တာဝန်ရှိသည့် အရက်သမားများအဖြစ် ပုံသေသတ်မှတ်ထားကြပြီး[26] ကမ္ဘာအနှံ့တွင် ခိုလှုံရန် ကြိုးပမ်းကြသူများအဖြစ် ပုံဖော်ထားသည်။ သို့သော်လည်း မီဇိုများက မလိုမုန်းထားပြောဆိုကြခြင်းမဟုတ်သည်ကိုမူ သတိပြုသင့်ပါသည်။ ၂၀၂၅ ခုနှစ် ဧပြီလက မီဇိုရမ်ဝန်ကြီးချုပ်၏ နိုင်ငံရေးအကြံပေး

[25] McConnachie, 2018.
[26] Basavapatna, 2012.

Pu Lalmuanpuia က (၁၆) လတာအတွင်း မီဇိုရမ်၌ ဖမ်းဆီးခံရမှုအားလုံး၏ (၄) ရာခိုင်နှုန်းမှာ မြန်မာဒုက္ခသည်များဖြစ်ကြောင်း တရားဝင်အချက်အလက်ကို ညွှန်းဆိုလျက် ပြည်နယ်သားများအား ချင်းဒုက္ခသည်များအပေါ် ဖယ်ကြဉ်ခြင်း မပြုကြရန် တောင်းဆိုခဲ့ပါသည်။[27] ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက မီဇိုရမ်ရှိ ချင်းလူမျိုးများပိုင်ဆိုင်သည့် နေအိမ်များအား မီးရှို့ခြင်း၊ လူပေါင်းများစွာတို့အား ဖမ်းဆီးခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းကဲ့သို့သော ပြင်းထန်သည့် ခွဲခြားဆက်ဆံမှု သာဓကေ ဖြစ်ရပ်များစွာ ရှိပါသည်။ ၁၉၉၆ ခုနှစ်တွင် ချင်း (၁,၀၀၀) ခန့်တို့အား နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ အတင်းအကျပ် ပြန်ပို့ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင်လည်း ရာနှင့်ချီ ဖမ်းဆီးခံရကာ (၁၀၅) ဦးတို့အား ပြည်နှင်ဒဏ်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင်လည်း ချင်းလူမျိုး (၁၀,၀၀၀) တို့အား ချင်းပြည်နယ်သို့ အတင်းအကျပ် ပြန်ပို့ခဲ့သည်။[28]

မြန်မာနိုင်ငံသားအများစု ရွှေ့ပြောင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံသားများစွာ ခိုလှုံနေထိုင်လျက်ရှိကြပြီး နေ့စဉ်လုံခြုံရေးနှင့်ပတ်သက်၍ အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသော်လည်း ၁၉၈၈ ခုနှစ်ကတည်းက ထိုင်း-မြန်မာ နယ်စပ်၌ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်တစ်ခု ရှိပြီးဖြစ်ရာ အထောက်အပံ့များ၊ ဝန်ဆောင်မှုများ၊ အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများကို လက်လှမ်းမီနိုင်သည်။ မီဇိုရမ်တွင် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ဒုက္ခသည်များအတွက်ပေးသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များမှာ အလွန်နည်းပါးသည်ဖြစ်ရာ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် ဘုရားကျောင်းအုပ်စုများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများ ကဲ့သို့သော ထိခိုက်လွယ်အုပ်စုများအား စောင့်ရှောက်ပေးခြင်း၊ သေဆုံးသွားသည့် ဒုက္ခသည်များအတွက် နာရေးစီစဉ်ပေးခြင်း၊ ရုပ်အလောင်းများအား ချင်းပြည်နယ်သို့ ပြန်ပို့ပေးရန် စီစဉ်ပေးခြင်း အစရှိသည့်တို့ကို ဆောင်ရွက်ပေးကြသည်။

---

[27] Mizoram News, 2025.

[28] Basavapatna, 2012; Human Rights Watch, 2009.

စေတနာ့ဝန်ထမ်းအဖွဲ့များသည် *tlawmngaihna* (မိမိကိုယ်ကျိုးစွန့်ကာ အခြားသူများကို ပြုစုစောင့်ရှောက်ခြင်း) ဟူသည့် နီတိကျင့်ဝတ်ကို မြှပ်နှံကာ မိဇိုအမျိုးသားရေးလက္ခဏာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပြည်နယ်တစ်ဝန်းလုံး၌ Presbyterian ဘုရားကျောင်းများ တည်ရှိမှုနှင့်အတူ မိဇိုရမ်ခရိုင်အားလုံးတွင် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ ရှိသည်။ အဆိုပါ မိဇိုအဖွဲ့အစည်းများက ချင်းအဖွဲ့အစည်းများနှင့် ဘုရားကျောင်းများ သီးခြားတည်ထောင်မှုကို ဆန့်ကျင်ကြသည်ဖြစ်ရာ ချင်း အရပ်ဘက်အဖွဲ့များနှင့် ၎င်းတို့၏ စည်းရုံးစုစည်းနိုင်မှု စွမ်းရည်ကို အားနည်းလျော့ကျစေပါသည်။

အထူးထုတ်ပါ ဆောင်းပါးများ

ဤအထူးထုတ်စာစောင်ပါ ဆောင်းပါးငါးပုဒ်သည် ကိုယ်တိုင်နေရပ်စွန့်ခွာနေထိုင်နေကြရသည့် ပညာရှင်များက အင်တာဗျူးများ၊ စောင့်ကြည့်လေ့လာအကဲဖြတ်မှုများ အစရှိသည့် အရည်အသွေးအခြေပြုသုတေသနနည်းလမ်းများကို အသုံးပြုကာ မိဇိုရမ်ရှိ ဒုက္ခသည်များ၏ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် ရေးသားတင်ဆက်ထားခြင်းဖြစ်ပါသည်။ လေ့လာမှုတစ်ခုချင်းစီတိုင်းသည် ဒုက္ခသည်များ၏ အတွေ့အကြုံများနှင့်ပတ်သက်၍ မတူညီသည့် ရှုထောင့်များကို ထင်သာမြင်သာစေပါသည်။ ဇိုဟီရှားက ပညာသင်ကြားမှုဆိုင်ရာ အခက်အခဲအတားအဆီးများအကြောင်း ဆန်းစစ်ထားပြီး လန်းလန်းက စိတ်ကျန်းမာရေးနှင့် ဖြေရှင်းသည့် နည်းလမ်းများကို လေ့လာထားသည်။ ဇလပ်မြေက အခြေချနေထိုင်မှုနှင့် ဥပဒေရေးရာ အခြေအနေများကို သုတေသနပြုထားပြီး ယုဂန်ပိုင်က စစ်ကိုင်းမှ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်ကြသည့် ဖြစ်ရပ်များကို လေ့လာကာ ဒေါ့ထ်က ဂျန်ဒါဖြစ်မှုအပေါ် မူတည်၍ မတူကွဲပြားသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို ဖော်ပြထားပါသည်။ အဆိုပါဆောင်းပါးများအားလုံး စုပေါင်းခြင်းဖြင့် တရားဝင် ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှုဖြစ်စေ၊ အဖွဲ့အစည်းဆိုင်ရာ ကာကွယ်စောင့်

ရှောက်မှုဖြစ်စေ မရရှိဘဲ နေရပ်စွန့်ခွာနေထိုင်နေရသည့် ချင်းဒုက္ခသည်များ၏ မရေရာလှသော၊ တစ်ခါတစ်ရံ မည်သူကမျှ မမြင်နိုင်သော ဘဝအခြေအနေများ ကို သိနားလည်စေပါသည်။

ဤအထူးထုတ်ပါ ပထမဆောင်းပါးဖြစ်သည့် ဇိုဟီရှား၏ "မီဇိုရမ်ရှိ ချင်းဒုက္ခသည်ကလေးသူငယ်များ ကြုံတွေ့ရသည့် ပညာရေးအခက်အခဲများ" ဆောင်းပါးတွင် ပညာသင်ကြားနိုင်ရေးအတွက် ကြိုးပမ်းနေကြသော ဒုက္ခသည် မိသားစုများနှင့် ကလေးသူငယ်များ ကြုံတွေ့ရသည့် အခက်အခဲများကို အဓိက တင်ပြထားသည်။ စာရေးသူက ယူဂန်ဒါနှင့် ဘယ်လ်ဂျီယံနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများတွင် ဒုက္ခသည်များအား ဥပဒေအရ ကာကွယ်ပေးထားမှု များကို ခြုံငုံသုံးသပ်ထားပြီး မတူညီသည့် အရပ်ဒေသရှိ ဒုက္ခသည် ကလေး သူငယ်များ၏ ဘာသာစကားအခက်အခဲများ၊ သင်ကြားရေးဆိုင်ရာ အရင်း အမြစ် မလုံလောက်မှုနှင့် အရည်အသွေးမပြည့်မီသည့် သင်ကြားပို့ချမှုများ အစ ရှိသည့် ဘုံအခက်အခဲများကိုလည်း သုံးသပ်ထားပါသည်။ မီဇိုရမ်ရှိ ဒုက္ခသည် ကလေးသူငယ်များ၏ ပညာရေးနှင့် သက်ဆိုင်သော သုတေသနများ နည်းပါး သည်ဖြစ်ရာ ဇိုဟီရှားက ဒုက္ခသည်ကျောင်းသားများ၊ မိဘများ၊ ပညာသင်ကြား ပေးသူများထံမှ ရှုထောင့်အမြင်များကို စုဆောင်းထားသည့်အပြင် မြန်မာနိုင်ငံရှိ မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို အထူးပြု အလေးထားကာ မြန်မာနှင့် အိန္ဒိယတို့ရှိ ပညာရေးနှင့်စပ်လျဉ်းသည့် ဥပဒေ ရေးရာမူဘောင်များကိုလည်း ခွဲခြမ်းစိတ်ဖြာထားပါသည်။ ဤဆောင်းပါးမှ တစ်ဆင့် ၎င်းအင်တာဗျူးခဲ့သည့် မီဇိုဘာသာဖြင့်ဖြစ်စေ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေသင်ကြားသည့် အတန်းများတက်ရာ၌ ကျောင်းသားများ ကြုံတွေ့ရ သည့် စိတ်ရှုပ်ထွေးမှုနှင့် အထီးကျန်မှု ခံစားချက်များကို ထင်ရှားစွာ သိမြင် ခံစားရသည်။ စာရေးသူ အင်တာဗျူးခဲ့သည့် မိဘများကလည်း မီဇိုရမ်တွင် ဘာသာစကားအခက်အခဲနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးမှု မရှိသည့်အတွက် စိန် ခေါ်မှု အခက်အခဲများကို ခံစားနေကြရသည်။ ဇိုဟီရှား သုတေသနတွင် ပါဝင် သူများက မီဇိုနှင့် အင်္ဂလိပ်စကားများကို ဖွဲ့ရှိရှိဖြင့် သင်ယူခြင်း၊ ကျောင်းတွင် ခွဲခြားဆက်ဆံခြင်း မခံရစေရန် မိမိကိုယ်ကို ခုခံကာကွယ်ခြင်း အစရှိသည့်

နည်းလမ်းများဖြင့် ကြံ့ကြံ့ခံလျက်ရှိကြကြောင်းကို မီးမောင်းထိုးပြထားသည်။ ဤဆောင်းပါးသည် ချင်းလူမျိုးများကြား တိုင်းရင်းသားစည်းလုံးမှုကို မြှင့်တင်ကာ ဘာသာစကားစုံလင်ကွဲပြားမှုကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ဟန်ချက်ညီညီရှိစေရန် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ဖော်ပြထားသည်။

ကျောင်းသားအရေးပြီးနောက် အလုပ်သမားအရေးနှင့် ပတ်သက်၍ အထူးထုတ်ပါ နောက်ထပ်ဆောင်းပါးတွင် လုပ်ငန်းတစ်ခုအကြောင်းကို တင်ပြထားပြီး အဆိုပါလုပ်ငန်းသည် မီဇိုရမ်အလုပ်သမားဈေးကွက်အပေါ် ရွှေ့ပြောင်းနေထိုင်မှုက မည်သို့သက်ရောက်နေကြောင်း သုံးသပ်ပြထားပါသည်။ ယုဂန်ပိုင်ရေးသားသည့် "မြန်မာပြည်မှ အိန္ဒိယပြည် မီဇိုရမ်သို့ ရွှေ့ပြောင်းလာကြသောရက်ကန်းသမားများ၏ နောက်ကွယ်မှ အကြောင်းတရားများ" ဆောင်းပါးတွင် သတင်းအချက်အလက်၊ ခွဲခြားဆက်ဆံခံရမှုနှင့် ရွှေ့ပြောင်းစရိတ် အစရှိသည့် မြန်မာရွှေ့ပြောင်းရက်ကန်းသမားများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် သက်ရောက်နေသည့် ပြင်ပဖိအားများအကြောင်း ဆန်းစစ်လေ့လာထားသည်။ ၂၀၂၂ အတွင်း သုံးလကြာပြုလုပ်ခဲ့သည့် အင်တာဗျူးများနှင့် စောင့်ကြည့်လေ့လာမှုများမှတစ်ဆင့် စာရေးသူသည် ရွှေ့ပြောင်းရက်ကန်းသမားများ၏ ဘဝနေထိုင်မှုပုံစံများတွင် လိုက်ပါစီးမျောထားပြီး ၂၀၂၃ တွင် အချက်အလက်စုဆောင်း မှုများကိုထပ်မံလုပ်ဆောင်ခဲ့သည်။ ၎င်း၏ စာပေသုံးသပ်ချက်တွင် "ရွှေ့ပြောင်း နေထိုင်သူ" ဟူသော အသုံးအနှုန်းနှင့် လူများအား တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရန်အတွက် တွန်းအားပေးသည့် နောက်ခံအကြောင်းတရားများ အပေါ် သုံးသပ်ထားမှုများလည်း ပါဝင်သည်။ ယုဂန်ပိုင်သည် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများနှင့် သမိုင်းဝင်ရိုးရာရက်ကန်းလုပ်ငန်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းကိုလည်း ဖော်ပြထားသည်။ မီဇိုရမ်တွင် ကျွမ်းကျင်ရက်ကန်းသမားများအား လက်မှုပညာရှင်များအဖြစ် သတ်မှတ်ကြပြီး မီဇိုရမ်တွင်ရော စစ်ကိုင်းတွင်ပါ ရိုးရာရက်ကန်း ရက်လုပ်ခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာ၌ အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေကြောင်းကိုလည်း အလေးထားဖော်ပြထားပါသည်။ ၁၉၈၈ မှစတင်ကာ ဆိုးရွား

လာသည့် မြန်မာ့နိုင်ငံရေးနှင့်အတူ မီဇိုရမ်သို့ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုကို လေ့လာရာတွင် လုပ်ခလစာပိုများခြင်းကဲ့သို့ ပြောင်းရွှေ့ရန် ဆွဲအားဖြစ်စေသည့် အကြောင်းအရင်းများအား လေ့လာမှုများသည် ပဋိပက္ခနှင့် မတည်ငြိမ်မှုအကြောင်းရင်းခံများကဲ့သို့ ပြောင်းရွှေ့ရန် တွန်းအားဖြစ်စေသည့် အကြောင်းအရင်းများအပေါ် သုတေသနပြုလေ့လာမှုလောက် အားကောင်းမနေသေးကြောင်း ယုဂန်ပိုင်၏ အင်တာဗျူးများက ဖော်ပြနေသည်။ မီဇိုရမ်တွင် စစ်ကိုင်းမှ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်ကြသူများအပေါ် ထိုဒေသရှိ ချင်းလူမျိုးများကဲ့သို့ မဟုတ်ဘဲ မတူကွဲပြားစွာရှုမြင်ပြီး ယဉ်ကျေးမှုတူ၍ လက်ခံပေးခြင်းမျိုးထက် ၎င်းတို့၏ ဖန်တီးနိုင်စွမ်းရှိမှုများကြောင့် ပို၍တန်ဖိုးထားကြောင်းကိုလည်း စာရေးသူက မီးမောင်းထိုးပြထားသည်။ မီဇိုရမ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အခြားဒေသများမှ နေရပ်စွန့်ခွာနေထိုင်နေကြသူများလည်းရှိရာ ဤဒေသရှိ ဒုက္ခသည်အားလုံးမှာ ချင်းနွယ်ဖွားများဖြစ်သည်ဟု မှတ်ယူနေသည့် သမားရိုးကျအသိအား ဤဆောင်းပါးက အမြင်သစ်ဖွင့်ပေးထားသည်။

အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်ပြီး ဒေါ်ထိ၏ "မီဇိုရမ်ရှိ ဒုက္ခသည် ချင်းအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လှမ်းမီရယူခြင်း အတွေ့အကြုံများ" ဆောင်းပါးတွင် ဒုက္ခသည်အမျိုးသမီးများအနေဖြင့် မီဇိုရမ်တွင် ကြုံတွေ့နေရသည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများအကြောင်း အလေးထားဖော်ပြထားသည်။ ထိုအထဲတွင် ဘာသာစကားအခက်အခဲများ၊ စာရွက်စာတမ်းမရှိခြင်းနှင့် လုပ်အားခ အလွန်နည်းပါးခြင်းတို့ ပါဝင်သည်။ စာရေးသူ အင်တာဗျူးခဲ့သူများသည် တက္ကသိုလ်ပညာတတ်အမျိုးသမီးများ ဖြစ်ကြပြီး ၂၀၂၁ စစ်အာဏာသိမ်းမှုမတိုင်ခင်က သူနာပြု၊ တက္ကသိုလ်ဆရာမ၊ ကျောင်းဆရာမ အစရှိသည့် အသက်မွေးဝမ်းကျောင်းမှုများဖြင့် နေထိုင်နေကြသူများ ဖြစ်သော်လည်း မြန်မာနိုင်ငံမှ ပညာအရည်အချင်းများကို မီဇိုရမ်တွင် အသိအမှတ်ပြုခြင်း မရှိပေ။ ထို့ပြင် အိန္ဒိယ၌ တရားဝင်အထောက်အထားများ မရှိသည့်အတွက် လက်လီဈေးရောင်းခြင်း၊ သစ်သီးရောင်းခြင်း ကဲ့သို့သော အလုပ်များကိုလည်း လုပ်ကိုင်၍ မရကြပါ။

ဆောင်းပါး၏ ဆွေးနွေးမှုအပိုင်းတွင် ချင်းဒုက္ခသည် အမျိုးသမီးများ၏ စိတ်ပျက်အားငယ်မှုနှင့် ဒေါသများကို ဖော်ပြထားသည်။ ဒေါ့ထ်၏ ဆောင်းပါးမှာ ဒုက္ခသည်ချင်းအမျိုးသမီးများ၏ အတွေ့အကြုံကို သိရှိနားလည်နိုင်ရန်အတွက် အလွန်လိုအပ်နေသည့် လေ့လာမှုတစ်ရပ်ဖြစ်သည်။ ဥပဒေကြောင်းအရ မရေရာမှု၊ ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် ဘာသာစကာအခက်အခဲအတားအဆီးများ အစရှိသည့် မီဇိုရမ်ရှိ ချင်းဒုက္ခသည်များအားလုံး ကြုံတွေ့ရသည့် အခက်အခဲများအား အမျိုးသမီးများက မည်ကဲ့သို့ မတူကွဲပြားစွာ တွေ့ကြုံခံစားနေရသည်ကို သိရှိနားလည်စေရန် ဖော်ပြထားပါသည်။ တက်ကြွလှုပ်ရှားသူ သုတေသီတစ်ဦးအနေဖြင့် ဒေါ့ထ်က မီဇိုရမ်မှ အလုပ်ရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ပညာအရည်အချင်း လက်မှတ်၊ မှတ်တမ်းများအား အသိအမှတ်ပြုလာစေရေးအတွက် သက်ဆိုင်သူများက ကြားဝင်ဆောင်ရွက်ပေးရန်နှင့် နေရပ်စွန့်ခွာနေထိုင်နေရသော အမျိုးသမီးများအား မိမိကိုယ်တိုင် ရပ်တည်လာနိုင်စေရေးအတွက် ပံ့ပိုးကူညီပေးရန် တောင်းဆိုထားသည်။

"၂၀၂၁ နောက်ပိုင်း ချင်းဒုက္ခသည်များ အိုင်ဇောမြို့တွင် အခြေချခြင်းအပေါ် လွှမ်းမိုးမှုရှိနေသည့်အချက်များ" ဆောင်းပါးတွင် မီဇိုရမ်ရှိ ချင်းနှင့် မီဇိုလူမျိုးများအကြား ထွေးရောယှက်တင်ဆက်ဆံရေးကို လေ့လာထားပြီး သွေးချင်းညီနောင်တိုင်းရင်းသားစိတ်ကြောင့် မီဇိုရမ်ရှိ ချင်းလူမျိုးများသည် ထူးခြားသော အခြေအနေတစ်ရပ်ရှိထားသည်ဟူသော ယူဆချက်အား ရဲဝံ့စွာ ဆွေးနွေးတင်ပြထားသည်။ ထိုကဲ့သို့ဆက်နွှယ်မှုကြောင့် ချင်းလူမျိုးများအား မီဇိုရမ်ပြည်နယ်မြို့တော် အိုက်ဇောတွင် နေထိုင်ခွင့်ပြုထားသော်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးထံမှ ကာကွယ်စောင့်ရှောက်မှု၊ စီးပွားရေးလုပ်ကိုင်ခြင်း၊ မြေယာပိုင်ဆိုင်ခြင်း၊ အိမ်ခြံမြေဝယ်ယူခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်းတို့ကို မရရှိ၊ မလုပ်ဆောင်နိုင်ကြသည်ကိုလည်း ဇလပ်မြေက ဆောင်းပါးတွင် ခိုင်မာစွာ ဖော်ပြထားသည်။ အဆိုပါကန့်သတ်ချက်များကြောင့် ချင်းဒုက္ခသည်များသည် သွေးချင်းစိတ်တစ်ခုတည်းကိုသာ အမှီပြု၍ ရုန်းကန်ရှင်သန်နေကြရပြီး မရေမရာသည့် အခြေအနေတွင်သာ ရှိနေကြဆဲဖြစ်သည်။ ဤဆောင်းပါးတွင် ချင်းပြည်အနှံ့မှ နေရပ်စွန့်ခွာလာကြသူ အမျိုးသား၊

အမျိုးသမီး (၁၄) ဦး၏ အမြင်များကို တင်ပြထားပြီး အများစုမှာ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (စီဒီအမ်) တွင် ပါဝင်ထားကြသူများဖြစ်သည်။ ပညာသင်ကြားရန်၊ အကြမ်းဖက်မှုမှ လွတ်မြောက်ရန်နှင့် ဖမ်းဆီးမှုများကို ရှောင်တိမ်းနိုင်ရန်တို့မှာ ၎င်းတို့အား မိဖိုရမ်မှတစ်ဆင့် အိုက်ဇောသို့ ပြောင်းရွှေ့လာစေရန် အဓိကစေ့ဆော်ပေးခဲ့သည့် အကြောင်းတရားများ ဖြစ်သည်။ ၂၀၂၁ နောက်ပိုင်း မိဖိုရမ်တွင် အလောတကြီးတည်ဆောက်ထားသည့် ဒုက္ခသည်စခန်းများ အလျှိုအလျှိုပေါ်ပေါက်လာသော်လည်း (စေတနာ့ဝန်ထမ်းအဖွဲ့ငယ်များမှ ပံ့ပိုးပေးသည်ထက်ပို၍) ၎င်းစခန်းမျာအား စီမံခန့်ခွဲကာ ထောက်ပံ့ပေးမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ မရှိနေရာ စခန်းတွင်း နေထိုင်မှု အခြေအနေမှာ လူ့ဂုဏ်သိက္ခာကင်းမဲ့ကာ များစွာခက်ခဲစေသည့်အတွက် ချင်းဒုက္ခသည်တို့မှာ အိုက်ဇောမြို့ပြ၌သာ မဖြစ်မနေ ခိုလှုံကြရသည်။ သို့သော် အိုက်ဇောတွင်လည်း အိမ်ရာ၊ အလုပ်၊ ပိုင်ဆိုင်မှုအခွင့်အရေးတို့တွင် ခွဲခြားဆက်ဆံခံရပြီး တွေ့ကြုံနေကျ အခက်အခဲအတားအဆီးများကို ကြုံတွေကြရသည်။ ဤနည်းအားဖြင့် ဒုက္ခသည်စခန်းပြင်ပသို့ ရောက်ရှိသွားကြသော အိုက်ဇောရှိ မြို့ပြဒုက္ခသည်များအတွက် အထောက်အပံ့များ လိုအပ်နေမှုကို ဇလပ်မြေက ဖော်ထုတ်ရေးသားထားသည်။

အထူးထုတ်၏ နောက်ဆုံးဆောင်းပါးဖြစ်သည့် "၂၀၂၁ ကတည်းက အိုက်ဇောသို့ ရောက်ရှိနေကြသည့် ချင်းလူငယ်ဒုက္ခသည်များ" တွင် အိုက်ဇောရှိ ချင်းဒုက္ခသည်များအနက် လူငယ်များ၏ အခြေအနေကို မီးမောင်းထိုးပြထားသည်။ စာရေးသူ လန်းလန်းက ချင်းဒုက္ခသည်များ၏ စိတ်ကျန်းမာရေး အခက်အခဲများနှင့် ပတ်သက်၍ သုတေသနများ မရှိသည့်အချက်ကို ဖော်ပြထားပြီး စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် စိတ်ဒဏ်ရာဖိအားများ ခံစားနေကြရသည့် ထိုင်းနှင့် နယူးဒေလီတို့၌ ရောက်ရှိနေထိုင်ကြသော မြန်မာမှ ဒုက္ခသည်များနှင့် နှိုင်းယှဉ်ပြထားသည်။ ကီလိုမီတာ ရာပေါင်းများစွာ ကျယ်ဝန်းသော အိုက်ဇောခရိုင် (အိုက်ဇော်မြို့တော်သာ မဟုတ်ဘဲ) ရှိ ဒုက္ခသည် စခန်း (၄) ခုမှ သုတေသနပါဝင်သူများ၏ အတွေ့အကြုံများကို အခြေတည်လျက် လန်းလန်းက ၎င်း၏ ခွဲခြမ်းစိတ်ဖြာမှုတွင် ချင်းဒုက္ခသည်လူငယ်များ၏ ရှုပ်ထွေးလှသော

Sakhong, L. H. (2003) *In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma*. NIAS Press.

Shohel, M. M. C. (2022). Education in emergencies: challenges of providing education for Rohingya children living in refugee camps in Bangladesh. *Education Inquiry*, *13*(1), 104-126. https://doi.org/10.1080/20004508.2020.1823121

Smith, M. (2011). *Burma: Insurgency and the Politics of Ethnicity*. Zed Books.
Takeda, M. (2020). *Women, Children and Social Transformation in Myanmar*. Palgrave Pivot.
Thein Lwin. (1999). *Education in Burma (1945-2000)*. http://www.thinkingclassroom.org/uploads/4/3/9/0/43900311/1._lwin_t.__2000__education_in_burma__1945-2000__2000__english_.pdf
Vomson, S. (1986). *Zo History*. Aizawl.
Zoramsanga, I. (2021, September 9). "Our blood": Mizoram won't collect biometric data of Myanmar refugees as ordered by Centre. *The Print*. https://www.msn.com/en-in/news/other/our-blood-mizoram-won-t-collect-bio-metric-data-of-myanmar-refugees-as-ordered-by-centre/ar-AA1hnXXI

မီဇိုရမ်ရှိ ချင်းဒုက္ခသည်ကလေးသူငယ်များ ကြုံတွေ့ရသည့် ပညာရေးအခက်အခဲများ

ဇိုဟီရှား

အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုကြောင့် လူထောင်ပေါင်းများစွာတို့မှာ နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး လူငယ်များ ပညာရေးအဆက်ပြတ်ခဲ့ကြရသည်။ ချင်းလူမျိုးများစွာတို့သည် ချင်းပြည်နယ်မှ အိန္ဒိယနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ကာ အိန္ဒိယအရှေ့မြောက်ပိုင်းရှိ မီဇိုရမ်ပြည်နယ်၌ ခိုလှုံကြရသည်။ ကလေးသူငယ်များစွာအပါအဝင် ချင်းလူမျိုးများစွာတို့မှာ ခက်ခဲစွာ ရှင်သန်နေထိုင်ကြရသည်။

ပညာသင်ကြားခွင့်သည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ကလေးသူငယ်များ၏ လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း မီဇိုရမ်ပြည်နယ်အစိုးရသည် ၁၉၈၉ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် အိန္ဒိယအစိုးရ၏ ၂၀၀၉ ကလေးသူငယ်များ လွတ်လပ်စွာ ပညာမသင်မနေရဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပညာသင်ကြားခွင့်ကို အသိအမှတ်ပြုလက်ခံထားသည်။ ချင်း ဒုက္ခသည်ကျောင်းသားများသည် မီဇိုရမ်ရှိ ကျောင်းများတွင် တက်ရောက်ခွင့် ရရှိကြသော်လည်း ပညာရေးဆိုင်ရာ အခက်အခဲများစွာကို ရင်ဆိုင်နေရဆဲဖြစ်သည်။

ဤလေ့လာမှုတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ကျောင်းသားများက ယင်းအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားကြပုံများကို လေ့လာမည်ဖြစ်သည်။ မီဇိုရမ်ရှိ ဒုက္ခသည်ကလေးသူငယ်များ ပညာသင်ကြားခွင့် ရရှိရေးအတွက် ကူညီပေးရာတွင် အစိုးရကျောင်းများ၊ ပညာရေးမူဝါဒများနှင့် အရပ်

ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ဤလေ့လာမှုတွင် အရည်အသွေးအခြေပြုသုတေသနနည်းလမ်းများကို အသုံးပြုထားပြီး ကျောင်းသားကျောင်းသူ (၁၂) ဦး အပါအဝင် ချင်းပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးလာရသူ (၁၇) ဦးတို့အား အင်တာဗျူးထားသည့် အချက်အလက်များ ပါဝင်သည်။ ဘာသာစကားနှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ အခက်အခဲများ၊ ငွေကြေးဆိုင်ရာ ပြဿနာများနှင့် အထောက်အထားစာရွက်စာတမ်း မရှိခြင်းတို့က အဓိကအခက်အခဲများ ဖြစ်ကြောင်း သိရှိရသည်။ ချင်းဒုက္ခသည် ကျောင်းသားများသည် ကိုယ်တိုင်လေ့လာသင်ယူခြင်း၊ သက်တူရွယ်တူနှင့် ဆရာများ၏ ပံ့ပိုးကူညီမှုနှင့် အပြုသဘောဆန်စွာ ပြုကျင့်ခြင်းတို့ဖြင့် ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်းလျက် ရှိကြသည်။ ဒုက္ခသည်ကလေးသူငယ်များအတွက် ပညာသင်ကြားခွင့်ကို အိမ်ရှင်လူမှုအသိုင်းအဝိုင်း၏ ဒေသန္တရအစိုးရများက အာမခံချက်ပေးရမည်ဖြစ်ပြီး သို့မှသာ ဒုက္ခသည်ကလေးသူငယ်များသည် အရည်အသွေးပြည့်ဝပြီး အားလုံးပါဝင်သည့် ပညာသင်ကြားခွင့်ကို ကျင့်သုံးနိုင်မည်ဖြစ်သည်။

နိဒါန်း

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေကြရဆဲဖြစ်ပါသည်။ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်တပ်က အာဏာသိမ်းပြီးနောက် နိုင်ငံရေးအကျပ်အတည်းနှင့် အကြမ်းဖက်မှုများကြောင့် ပြည်သူများစွာတို့သည် မြန်မာနိုင်ငံမှ ချင်းလူမျိုးများနှင့် ယဉ်ကျေးမှုသာမက ဘာသာစကားအရပါ နှောင်ဖွဲ့မှုရှိသည့် မီဇိုရမ်ပြည်နယ်သားများရှိရာ အိန္ဒိယနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၌ ခိုလှုံကြရသည်။ အိန္ဒိယဗဟိုအစိုးရက မြန်မာနိုင်ငံမှဒုက္ခသည်များ မဝင်ရောက်နိုင်အောင် နယ်စပ်များကို ပိတ်ထားရန် အမိန့်ပေးခဲ့သော်လည်း မစ္စတာ Pu Zoramthanga ဦးဆောင်သော မီဇိုရမ်အမျိုးသားတပ်ဦးအစိုးရက ယင်း

အမိန့်ကို လျစ်လျူရှုကာ "တူညီသည့်မျိုးနွယ်" နှင့် "နက်ရှိုင်းသည့် မျိုးနွယ် နှောင်ကြိုးများ" ဟု ညွှန်းဆို၍ ချင်းဒုက္ခသည်များအား ဝင်ရောက်ခွင့်ပေးခဲ့သည်။[1] တွန်းဇံ၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မတူပီ၊ မင်းတပ် စသည့် ဒေသများမှ ချင်းလူမျိုးများစွာတို့သည် နေရပ်စွန့်ခွာကာ မီဇိုရမ်ပြည်နယ်ဘက်သို့ ထွက်ပြေးခဲ့ကြသည်။

ချင်းလူမျိုးများမှာ ဓလေ့ထုံးတမ်း အစဉ်အလာနှင့် ပြည့်စုံကြွယ်ဝပြီး ဘာသာစကားနှင့် မျိုးနွယ်အုပ်စု များစွာရှိသည့် လူမျိုးစုကြီးတစ်ခု ဖြစ်သည်။ ယနေ့ ချင်းလူမျိုးများသည် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့အပြင် ချင်းပြည်နှင့် ဝေးလံလှသည့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော ဒုက္ခသည် များစွာရှိသည့်နိုင်ငံများတွင် ပျံ့နှံ့နေထိုင်လျက်ရှိသည်။ ချင်းလူမျိုးတို့၏ ဘိုးဘေးများသည် ချင်းတွင်းမြစ်တစ်လျှောက် မြန်မာနိုင်ငံဖြစ်လာမည့် နယ်မြေသို့ ရွှေ့ပြောင်းလာကြသည်ဟု ယေဘုယျအားဖြင့် နားလည်ထားကြသည်။ ယခုအခါ ချင်းလူမျိုးတို့သည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေထိုင်ကြသည်။ မြန်မာအာဏာပိုင်များက ချင်းတိုင်းရင်းသားများကို "မျိုးနွယ်ခွဲ" (၅၃) မျိုး ခွဲခြားထားသည်။ အချို့ကမူ ချင်းလူမျိုးခေါင်းစဉ်အောက်တွင် အရှို၊ ချိုး (သို့) ရှိုး၊ ခူမီး (သို့) မြို၊ လိုင်မီး၊ မီဇို (လူရှိုင်း) နှင့် ဇိုမီး ဆိုသည့် အဓိကအုပ်စုကြီး (၆) ခု ရှိသည်ဟုဆိုကြသည်။[2] ထင်ရှားသော ချင်းသုတေသီနှင့် နိုင်ငံရေးသမားတစ်ဦး ကမူ ချင်းတိုင်းရင်းသားလူမျိုးစုများကို အုပ်စုငယ် (၆၉) စု ခွဲခြားထားသည်ဟု ဆိုသည်။[3] ချင်းလူမျိုးအများစု မူလအခြေချနေထိုင်ခဲ့သည့် ဒေသများမှာ တော တောင်ထူထပ်ပြီး ဝေးလံခေါင်ဖျားသည့် ဒေသများဖြစ်ရာ အုပ်စုများ အချင်း ချင်းအကြား ကူးလူးဆက်ဆံမှု မရှိခဲ့ပေ။ ထို့ကြောင့် မတူညီသည့် ဘာသာ စကားများစွာ ဖြစ်ပေါ်လာကာ ထိုဘာသာစကားအများစုကိုလည်း အချင်းချင်း

[1] Choudhury, 2021.
[2] Vomson, 1986, p. 40.
[3] Sakhong, 2003.

နားလည်နိုင်စွမ်း မရှိဖြစ်လာကြသည်။ ချင်းဘာသာစကားများကို ဖိုမီး၊ လိုင်ဇို၊ လိုင်ပီ၊ ချိုး၊ မတူ၊ ခူမီး၊ အရှို၊ မီဇို ဟူ၍ ဘာသာစကား (၈) မျိုး ခွဲခြားနိုင်သည်ဟု ပညာရှင်တစ်ဦးက ဆိုသည်။[4]

ဒုက္ခသည်ကလေးသူငယ်များနှင့် လူငယ်များအား အရည်အသွေးပြည့်ဝသည့် ပညာသင်ကြားခွင့်ရရှိရေးအတွက် ဆောင်ရွက်နေသော ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အဆိုအရ ၂၀၂၃ ခုနှစ် မေလ (၁) ရက်နေ့အထိ စာရင်းအရ မီဇိုရမ်ပြည်နယ်၌ မြန်မာနိုင်ငံမှ ဒုက္ခသည် (၄၀,၀၀၀) ကျော် နေထိုင်လျက်ရှိသည်။[5] ယင်းဒုက္ခသည်များတွင် ထိခိုက်လွယ်ပြီး နေရပ်စွန့်ခွာထွက်ပြေးမှုဒဏ်ကို ခံစားနေရသည့် ကလေးသူငယ်အများအပြား ပါဝင်နေသည်။ ဒုက္ခသည်ကလေးသူငယ်များမှာ အခြားသော အခက်အခဲများစွာ ရင်ဆိုင်နေကြရသော်လည်း ပညာသင်ကြားခွင့် လက်လှမ်းမီရေးမှာ အရေးကြီးဆုံးဖြစ်သည်။ မရေရာမှုများ၊ အသိပညာဗဟုသုတ နည်းပါးခြင်း၊ အထောက်အထားမရှိခြင်း၊ ဘာသာစကားအခက်အခဲများနှင့် ငွေကြေးဆိုင်ရာ အခက်အခဲများကြောင့် ပညာရေးလက်လှမ်းမီရေးမှာ ပိုမိုခက်ခဲနေကြသည်။

ပညာရေးသည် ကလေးသူငယ်များ စွမ်းဆောင်ရည် ပြည့်ဝဖြစ်ထွန်းလာစေရန်အတွက် အလွန်အရေးကြီးသဖြင့် ပညာသင်ကြားခွင့် မရရှိခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ကလေးသူငယ်များသည် အနာဂတ်ဖြစ်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပိုမိုကောင်းမွန်သည့် ကမ္ဘာလောကကို ဦးဆောင်တည်ဆောက်ကြမည့် ရတနာများဖြစ်သည်။ ကုလသမဂ္ဂ၏ ၁၉၄၈ ခုနှစ် လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ၁၉၈၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (CRC) မှာကတည်းက ပညာရေးသည် ကလေးသူငယ်တိုင်း လုံခြုံဘေးကင်း၍ အရည်အသွေးပြည့်ဝစွာ လက်လှမ်းမီ ရရှိရမည့် အခြေခံလူ့အခွင့်အရေးတစ်ရပ်အဖြစ် အစိုးရများက လက်ခံထားကြသည်။ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးမှုပန်းတိုင်များသည် အားလုံးပါဝင်သော၊ မျှတသော၊ အရည်အသွေး ပြည့်ဝသော ပညာရေးကို အာမခံရန်နှင့်

[4] Bunei, 1976, p. 3.
[5] ACAPS, 2023.

အားလုံးအတွက် တစ်သက်တာ သင်ယူမှု အခွင့်အလမ်းများကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။ UNHCR က ဒုက္ခသည်များအတွက် ပညာရေးသည် မရှိမဖြစ် လိုအပ်ရသည့် အကြောင်းအရင်း (၄) ချက်ကို ထုတ်ဖော်ခဲ့သည်။[6] ပထမအချက် မှာ ပညာရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ဒုတိယအချက်မှာ ပညာ ရေးသည် ကာကွယ်စောင့်ရှောက်မှုပေးသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ တတိယအချက်မှာ ပညာရေးသည် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့် ဆည်းပေးရာ၌ အထောက်အကူဖြစ်စေပြီး နောက်ဆုံးတစ်ချက်မှာ ပညာရေး သည် လူသားအရင်းအမြစ်ကို တည်ဆောက်ပေးခြင်းအားဖြင့် မိမိကိုယ်ကိုယ် အားကိုးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ပေးသည်။

အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာကွန်ဗန်းရှင်း (CRSR) ကို လက်မှတ်ရေးထိုးထား ခြင်းမရှိသော်လည်း CRC အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အတွက် အိန္ဒိယနိုင်ငံတွင် ခိုလှုံနေထိုင်နေကြသည့် (သို့) ဒုက္ခသည်အဖြစ် သတ် မှတ်ခံထားရသည့် ကလေးသူငယ်တစ်ဦးအား အိန္ဒိယနိုင်ငံတွင် မွေးဖွားလာ သည့် အခြားကလေးသူငယ်များနည်းတူ ကာကွယ်စောင့်ရှောက်မှုနှင့် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက် သင့်လျော် သည့် အစီအမံများကို လုပ်ဆောင်ပေးရန် တာဝန်ရှိသည်။[7] မီဇိုရမ်ပြည်နယ် အစိုးရက ချင်းဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီများ ပေးနေပြီး ဒုက္ခသည်ကလေးသူငယ်များအား ဒေသခံကျောင်းသား များနည်းတူ ကျောင်းတက်ခွင့်၊ ကျောင်းလခကင်းလွတ်ခွင့်နှင့် နေ့လယ်စာ ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ပေးသည်။ သို့သော်လည်း မီဇိုရမ်ပြည်နယ်၌ ပညာသင်ကြားခွင့်ရရှိရေး ကြိုးပမ်းရာတွင် ချင်းဒုက္ခသည်ကျောင်းသားများ အတွက် အခက်အခဲများ ရှိနေဆဲဖြစ်သည်။ ဤလေ့လာမှုသည် အဆိုပါအခက် အခဲများ ပိုမိုသိရှိနားလည်ရန်နှင့် ဒေသတွင်း မီဇိုရမ် ကျောင်းများ၌ ချင်းဒုက္ခ သည်ကလေးသူငယ်များ ရှင်သန်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် ကိစ္စများ ကို ရှာဖွေနိုင်ရန် ရည်ရွယ်သည်။ မြန်မာနိုင်ငံနှင့် မီဇိုရမ်ပြည်နယ်ရှိ အစိုးရ

[6] Dryden-Peterson, 2003.
[7] Stipulated in Article 22 of the CRC.

ပညာရေးမူဝါဒများကို ပြည့်စုံစွာဖော်ပြထားပြီး ချင်းဒုက္ခသည်ကလေးသူငယ်များ ပညာသင်ကြားခွင့်ရရှိရေးအတွက် အခက်အခဲများအား မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းကြသည်ကိုလည်း မေးမြန်းထားပါသည်။ ဤဆောင်းပါးကို နည်းစနစ်ဆိုင်ရာ ရှင်းလင်းချက်၊ သက်ဆိုင်ရာပညာရေးမူဝါဒများအား လေ့လာဆန်းစစ်ချက်၊ ကျောင်းသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းသည့်နည်းလမ်းများအပေါ် စာတမ်း၏ တွေ့ရှိချက်များနှင့် နိဂုံး စသည့် အပိုင်း (၄) ပိုင်းဖြင့် ဆက်လက်ဖော်ပြပါမည်။

သုတေသနနည်းနာ

ဤလေ့လာမှုသည် မီဇိုရမ်ပြည်နယ်ရှိ ဒုက္ခသည်ကလေးသူငယ်များ၊ မိဘများ၊ ဆရာများ၊ ကျောင်းအုပ်နှင့် လူမှုကူညီရေးဝန်ထမ်းတစ်ဦးတို့၏ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် ထင်မြင်ယူဆချက်များကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်စေမည့် အရည်အသွေးစံထားသုတေသနနည်းနာ (qualitative) ကို အသုံးပြုထားပါသည်။ ထိုနည်းနာသည် ခံစားချက်၊ ထင်မြင်ယူဆချက်များကို ကိုယ်ပိုင်စကားလုံးဖြင့် ဖော်ပြနိုင်စေသည့်အတွက် ထိခိုက်လွယ်အုပ်စုများအား လေ့လာရာ၌ သင့်လျော်ပါသည်။[8]

[8] Liamputtong, 2007.

ဇယား (၁)

သုတေသနတွင်ပါဝင်သော ကျောင်းသားစာရင်းနှင့် အချက်အလက်များ။

စဉ်	အသက်	ပညာရေး	ကျောင်း	မိခင်ဘာသာစကား	မြို့နယ်
P-1	၉	Class 3	ပုဂ္ဂလိက/ Neuhof	ဖလမ်း	ဖလမ်း
P-2	၁၁	Class 3	Presbyterian	ဇိုမီး	တီးတိန်
P-3	၁၂	Class 4	Presbyterian	ဇိုမီး	တီးတိန်
P-4	၁၃	Class 4	အစိုးရ	ဖလမ်း	ဖလမ်း
P-5	၁၃	Class 6	Presbyterian	မတူပီ	မတူပီ
P-6	၁၂	Class 6	အစိုးရ	ခွါဆင်းမ်	ဖလမ်း
P-7	၁၂	Class 6	ပုဂ္ဂလိက/ ဘာသာရေး ကျောင်း	ထန်တလန်	လိုင်
P-8	၁၆	Class 7	Presbyterian	မတူပီ	မတူပီ
P-9	၁၆	Class 9	ပုဂ္ဂလိက/ Neuhof	ဇိုမီး	တီးတိန်
P-10	၁၇	Class 9	အစိုးရ	ဖလမ်း	ဖလမ်း
P-11	၁၇	Class 10	ပုဂ္ဂလိက/ Solomon	ချိုး	မင်းတပ်
P-12	၁၇	Class 10	အစိုးရ	လိုင်	ထန်တလန်

ဇယား (၂)

သုတေသနတွင်ပါဝင်သော ကျောင်းသားမဟုတ်သူများ စာရင်းနှင့် အချက်အလက်များ။ "စီဒီအမ်" ဟူသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူကို ရည်ညွှန်းသည်။

စဥ်	ရာထူး/ဆက်နွှယ်မှု	ကျောင်း	မှတ်ချက်
P-13	ဆရာ	Presbyterian	
P-14	ကျောင်းအုပ်	အစိုးရကျောင်း	
P-15	မိဘ	-	စီဒီအမ်
P-16	မိဘ	-	စီဒီအမ်
P-17	လူမှုကူညီရေးဝန်ထမ်း	-	စီဒီအမ်

အိုက်ဇောမြို့ရှိ ဒုက္ခသည်ကျောင်းသားများနှင့် တစ်ဦးချင်းအင်တာဗျူး (၁၂) ခု ပြုလုပ်ကာ အချက်အလက်များကို ကောက်ယူထားပြီး မိဘ (၂) ဦး၊ ဆရာ (၁) ဦး၊ ကျောင်းအုပ် (၁) ဦးနှင့် လူမှုကူညီရေးဝန်ထမ်း (၁) ဦး တို့ထံမှ ကောက်ယူထားသော အချက်အလက်များဖြင့် ဖြည့်စွက်ထားသည်။ အဆိုပါ တွေ့ဆုံမေးမြန်းခဲ့သူများတွင် အစိုးရကျောင်းများတွင် တက်ရောက်နေကြသော မူလတန်းကျောင်းသား (၈) ဦးနှင့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်နေကြသော မူလတန်းကျောင်းသား (၄) ဦးတို့ ပါဝင်သည်။

အင်တာဗျူးခဲ့သည့် ကျောင်းသားများအား ၂၀၂၁ ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် ချင်းပြည်မှ ထွက်ပြေးတိမ်းရှောင်လာသော ကျောင်းသားများအုပ်စုမှ မိခင်ဘာသာစကား ပြောဆိုမှုအမျိုးမျိုးအပေါ် အခြေခံ၍ ကျပန်းရွေးချယ်ခဲ့သည်။ အခြား ကျောင်းသားမဟုတ်သည့်၊ အရွယ်ရောက်ပြီးဖြစ်သော ဖြေဆိုသူများကို ကလေးသူငယ်များ၏ ပညာရေးဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်၍ မှတ်ချက်ပေးနိုင်ရန် ရည်ရွယ်လျက် ရွေးချယ်ခဲ့သည်။ ၎င်းတို့တစ်ဦးချင်းစီ၌ မတူကွဲပြားခြားနားသော အခန်းကဏ္ဍနှင့် ကျွမ်းကျင်မှုများ

ရှိကြသည်။ ကျောင်းအုပ်နှင့် ဆရာတို့သည် ၎င်းတို့၏ ကျောင်းအသီးသီး၌ ဒုက္ခသည်ကလေးသူငယ်များအား လက်ခံခြင်း၊ ငြင်းပယ်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့အတွက်တာဝန်ရှိကြသည်။ အစိုးရမဟုတ်သောနိုင်ငံတကာ အဖွဲ့အစည်း (INGO) မှ လူမှုကူညီရေးဝန်ထမ်းက ဒုက္ခသည်များကို အကြံဉာဏ်များပေးပြီး မီဇိုရမ်ပြည်နယ်တွင် ကျောင်းတက်နိုင်မည့် နည်းလမ်းများကို အကြံပြုပေးသည်။

ဖြေဆိုသူများအားလုံးသည် သုတေသနတွင် ပါဝင်ခြင်းမပြုမီ ၎င်းတို့၏ သဘောဆန္ဒအလျောက် ပါဝင်ခြင်းဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။ ၎င်းတို့အား သုတေသနလုပ်ငန်းစဉ်၊ ရည်မှန်းချက်များ၊ အချိန်၊ နေရာနှင့် ထွက်ပေါ်လာမည့်ရလဒ်အား အသုံးချမည့်ပုံစံတို့အပြင် သုတေသနလုပ်ငန်း၏ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်နှင့် အကျိုးကျေးဇူးများကိုပါ အသိပေးပြောကြားခဲ့သည်။ သုတေသီက ကလေးသူငယ်များကို တွေ့ဆုံမေးမြန်းခွင့် ရရှိရေးအတွက် မိဘများနှင့် အုပ်ထိန်းသူများထံမှ ခွင့်ပြုချက်များ တောင်းခံခဲ့ပြီး၊ မိဘများနှင့် အုပ်ထိန်းသူအားလုံးထံမှ နှုတ်ဖြင့် သဘောတူညီချက်ရရှိခဲ့သည်။

ဖြေဆိုသူအားလုံးအနေဖြင့် သုတေသနတွင် ဆက်လက်မပါဝင်လိုပါက အချိန်မရွေး ထွက်ခွာခွင့်ရှိပါသည်။ သုတေသနလုပ်ငန်းစဉ် တစ်လျှောက်လုံး၌ ကလေးသူငယ်များ၏ ဂုဏ်သိက္ခာကို လေးစားလိုက်နာကာ ယုံကြည်မှုကို တိုးပွားစေခဲ့သည်။ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ လျှို့ဝှက်မှုနှင့် အမည်ဖော်ပြခြင်းမပြုဘဲ အချက်အလက်များ စီမံနိုင်မှုတို့ကို အာမခံနိုင်စေရန်အတွက် အမည်ဝှက်များကို အသုံးပြုခဲ့ပါသည်။ မေးခွန်းများမှာ ပွင့်လင်း၍ ဘက်လိုက်မှုမရှိသော နားလည်နိုင်သည့် မေးခွန်းများဖြစ်ပြီး qualitative အချက်အလက်များ ထုတ်ဖော်နိုင်ရန် အဓိကထားပါသည်။ အင်တာဗျူးများကို ၂၀၂၃ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဇိုမီး၊ မီဇိုနှင့် ဗမာဘာသာစကားတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ကလေးသူငယ်များ၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ်မူတည်၍ အင်တာဗျူးတစ်ခုချင်းစီ၏ ကြာချိန်မှာ ကွဲပြားမှုရှိပါသည်။ သုတေသီအနေဖြင့် အင်တာဗျူးများကို ဤဆောင်းပါး၏ မူလမူကြမ်းဘာသာ

စကားဖြစ်သည့် အင်္ဂလိပ်ဘာသာ စာသားများအဖြစ်သို့ ပြောင်းလဲရန် ရက်သတ္တပတ် (၂) ပတ်ကြာ အချိန်ယူခဲ့သည်။

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း မီဇိုရမ်ရှိ ဒုက္ခသည်ကျောင်းသားများအတွက် ပညာရေးမူဝါဒများကို ဆန်းစစ်နိုင်ရန် အင်တာဗျူးများအပြင် စာတမ်းလေ့လာမှုများကိုပါ ဖြည့်စွက်ဆောင်ရွက်ခဲ့သည်။ ထိုသို့လေ့လာရာ၌ မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) (NESP) တို့ ပါဝင်သည်။ အိန္ဒိယဗဟိုအစိုးရနှင့် မီဇိုရမ်ပြည်နယ်၏ ပညာရေးမူဝါဒများကို လေ့လာနိုင်ရန်အတွက် မီဇိုရမ်ပညာရေးအက်ဥပဒေ (၂၀၀၃)၊ ကလေးသူငယ်များ၏ အခမဲ့ မသင်မနေရပညာသင်ကြားခွင့် အက်ဥပဒေ (၂၀၀၉) (RTE)၊ မီဇိုရမ်ပြည်နယ်၏ ပညာရေးမူဝါဒ (၂၀၁၃) (EPM) နှင့် အမျိုးသားပညာရေးမူဝါဒ (NEP) (၂၀၂၀) တို့ကိုလည်း လေ့လာဆန်းစစ်မှုပြုခဲ့သည်။

သက်ဆိုင်ရာပညာရေးမူဝါဒများနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ

ဤအပိုင်းတွင် မြန်မာနိုင်ငံနှင့် မီဇိုရမ်ပြည်နယ်တို့၏ ပညာရေးမူဝါဒများအကြောင်း ဆွေးနွေးကာ ချင်းဒုက္ခသည်ကလေးများအပေါ် ယင်းမူဝါဒများ၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းပါမည်။

မြန်မာနိုင်ငံ ပညာရေးမူဝါဒ

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ၂၀၁၆-၂၀၂၁ မှ NESP ဖြင့် ဦးဆောင်လမ်းပြထားသည်။ NESP သည် ပညာရေးဝန်ကြီးဌာနက အရပ်သားအုပ်ချုပ်မှုအောက်တွင် ရှိနေစဉ်ကာလအတွင်းက သက်ဆိုင်သူအသီးသီး၏ ပူးပေါင်းပါဝင်မှု၊ တိုင်ပင်ဆွေးနွေးမှုတို့ဖြင့် ရေးဆွဲထားသော စီမံချက်ဖြစ်သည်။

မြန်မာအာဏာပိုင်များသည် ထင်ရှားသော ဘာသာစကားများနှင့် ယဉ်ကျေးမှုများရှိသည့် လူမျိုး (၁၃၅) မျိုးကိုသာ ကာလရှည်ကြာ အသိအမှတ်ပြုခဲ့ပါသည်။ နိုင်ငံ၏ တရားဝင်ဘာသာစကားမှာ လူများစု ဗမာတိုင်းရင်းသားအုပ်စု၏ ဘာသာစကားဖြစ်သော မြန်မာ(ဗမာ)ဘာသာစကား ဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာတိုင် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော စစ်အစိုးရသည် ၎င်းတို့အား လက်သင့်ခံလာစေရေးနှင့် ဗဟိုချုပ်ကိုင်ရေးမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တိုင်းရင်းသားဘာသာစကားများ အသုံးပြုခြင်းနှင့် သင်ကြားခြင်းတို့ကို ဖိနှိပ်ခဲ့သည်။[9]

၁၉၆၂ စစ်အာဏာသိမ်းပြီးနောက် စာသင်ကျောင်းများကို နိုင်ငံတော်ပိုင်ပြုလုပ်ခဲ့ကြပြီး သင်ကြားရေး၌ ဗမာဘာသာစကားကိုသာ ပိုမိုအသုံးပြုခဲ့သည်။ ဗမာဘာသာစကားမှလွဲ၍ အခြားမည်သည့်ဘာသာစကားကိုမျှ ပညာရေး၌ ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိခဲ့ပါ။[10] ၁၉၆၂ မှ ၂၀၁၁ အတွင်းတွင် မြန်မာဘာသာစကားသည် အုပ်ချုပ်ရေးနှင့် ပညာရေးအတွက် တစ်ခုတည်းသော အမှန်တကယ်အသုံးပြုသည့် ဘာသာစကားဖြစ်ခဲ့ပြီး လူနည်းစု (တိုင်းရင်းသား) ဘာသာစကားများမှာ ဖိနှိပ်ဖယ်ကြဉ်ခံခဲ့ရသည်။[11] ပုံမှန် အစိုးရ ထိန်းချုပ်သည့်ကျောင်းများနှင့်မတူဘဲ အစိုးရထိန်းချုပ်ဒေသများမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အထူးသဖြင့် ယုံကြည်မှုအခြေခံကွန်ရက်များ သာဓကဆိုရသော် ကရင်နှင့် ချင်းခရစ်ယာန်ဘုရားကျောင်းများနှင့် မွန်နှင့် ရှမ်းဘုန်းကြီးကျောင်းများမှာ ဖိနှိပ်မှုများ ရှိနေသည့် အခြေအနေများ၌ ကျောင်းချိန်ပြင်ပတွင် လိုအပ်ချက်အရ သင်ကြားပေးနိုင်ရန် ရုန်းကန်ဆောင်ရွက်ခဲ့ကြရသည်။[12]

၂၀၁၁ ၌ စတင်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနောက်တွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံပညာရေး (MTB-MLE) ကို စတင်မိတ်ဆက်ခဲ့ပြီး အခြေခံပညာရေးအတွက် ဗမာဘာသာစကား မဟုတ်သည့်

---

[9] Takeda, 2020, pp. 103-125.
[10] Thein Lwin, 1999.
[11] Smith, 2011.
[12] Lall & South, 2014.

အခြားဘာသာစကားများကို သင်ကြားရန်နှင့် အသုံးပြုရန် ခွင့်ပြုခဲ့သည်။ MTB-MLE ၏ အကောင်အထည်ဖော်ဆောင်မှုသည် ပြဋ္ဌာန်းစာအုပ်၊ သင်ကြားရေးဝန်ထမ်းနှင့် ရန်ပုံငွေ ရရှိနိုင်မှုအပေါ် မူတည်ပြီး ထိုအရာများသည် ရှားပါးပြီး မမျှမတဖြန့်ဝေလေ့ရှိသည့် အရင်းအမြစ်များဖြစ်သည်။[13]

မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို အတည်ပြုခဲ့ရာ ပိုမိုအားကောင်းခိုင်မာလာခဲ့သည်။ ယင်းဥပဒေတွင် နိုင်ငံသားအားလုံးအတွက် မူလတန်းအဆင့် မသင်မနေရအခမဲ့ပညာသင်ကြားခွင့်ကို အသိအမှတ်ပြုရေး၊ ၂၁ ရာစုတွင် လိုအပ်သည့်ကျွမ်းကျင်မှုများကို အဓိကထားသည့် "သူငယ်တန်း +၁၂ တန်း" ဖွဲ့စည်းပုံအသစ်နှင့် ကိုက်ညီသည့် အခြေခံပညာရေးသင်ရိုးညွှန်းတမ်းကို ချဲ့ထွင်ရေးဆွဲရေး၊ တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများအား သင်ယူမှုကို ပံ့ပိုးရေးနှင့် ပညာရေးစနစ်၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး စသည်တို့အတွက် ကောင်းမွန်သည့် နိုင်ငံလုံးချီမူဘောင်တစ်ရပ်ကို ပံ့ပိုးပေးထားသည်။

ချင်းပြည်နယ်ရှိ ချင်းလူမျိုးများတွင် အခြားသော တိုင်းရင်းသားများကဲ့သို့ ဘုံဘာသာစကား မရှိသည့်အတွက်ကြောင့် မိခင်ဘာသာစကား သင်ကြားရေးမှာ ကျောင်းပြင်ပသင်ရိုးအဖြစ် သတ်မှတ်ထားခံရဆဲဖြစ်သည်။ သင်ကြားရေးဝန်ထမ်းနှင့် စာသင်ချိန် လုံလောက်မှု မရှိသကဲ့သို့ MTB-MLE အတိုင်း ဆောင်ရွက်နိုင်စွမ်းလည်း မရှိပါ။ ၂၀၁၅ ခုနှစ် ပြင်ဆင်ချက် ဥပဒေအရ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုများ သင်ယူမှုကို ပံ့ပိုးပေးထားသော်လည်း ချင်းတိုင်းရင်းသား မိခင်ဘာသာစကားများ အသုံးပြုခွင့်အတွက် ဆောင်ရွက်နေကြရဆဲဖြစ်ပြီး သက်ဆိုင်သူအားလုံး၏ နိုင်ငံရေးဆန္ဒ၊ အပြန်အလှန်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိရန် လိုအပ်နေပြီး အစိုးရ၏ ပံ့ပိုးမှုကိုလည်း လိုအပ်လျက်ရှိပါသည်။

---

[13] Takeda, 2020, pp. 103-125.

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းချိန်မှစတင်၍ MTB-MLE မှာ အလွန်ပင် မသေချာမရေရာသည့် အနေအထားသို့ ရောက်ရှိသွားခဲ့ရသည်။ တိုင်းရင်းသား များသည် ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားများနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် စိတ်ပိုင်းဖြတ်ထားကြပြီး အများစု က ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုကာ လက်ရှိအကျပ်အတည်း ကို ဖြေရှင်းပေးနိုင်မည့် ဖက်ဒရယ်နိုင်ငံရေးဖြေရှင်းမှုကို လိုလားတောင်းဆို ကြ သည်။ အာဏာသိမ်းမှုသည် တိုင်းရင်းသားများ၏ ရည်မှန်းချက်ဆန္ဒများကို အန္တရာယ် ဖြစ်စေသည့်အပြင် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများ ထပ်မံဖြစ်ပေါ်စေ ပြီး ကလေးသူငယ်များ၏ အခြေခံပညာရေးကို အနှောင့်အယှက်ဖြစ်စေကာ MTB-MLE နှင့် ၎င်းတို့၏ ဘာသာစကားဆိုင်ရာ အခွင့်အရေးများ ကျင့်သုံးနိုင်ရေးကိုလည်း ဝေးကွာသွားစေပါသည်။

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၏ ပညာရေးမူဝါဒ

အိန္ဒိယသည် လက်တွေ့အသုံးချ ဘာသာစကား အမျိုးအစုံလင်ဆုံးဖြစ်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ပညာရေးလောကတွင် ဘာသာစကား (၄၇) မျိုး၊ သတင်းစာနယ်ဇင်းလောကတွင် (၈၇) မျိုး၊ ရေဒီယိုအသံလွှင့်ဌာနများတွင် (၇၁) မျိုး၊ ရုပ်ရှင်လောကတွင် (၁၃) မျိုး၊ ပြည်နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်း များတွင် (၁၃) မျိုး ရှိကြောင်း နိုင်ငံတော်ဘာသာစကားတစ်ရပ် သီးခြားမရှိဘဲ ၁၉၅၀ ခုနှစ် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ဟိန္ဒီနှင့် အင်္ဂလိပ်ဘာသာစကားတို့အား တရားဝင်ပူးတွဲဘာသာစကားအဖြစ် သတ်မှတ် ထားကြောင်း အိန္ဒိယနိုင်ငံရေးသမား Annamalai ဆိုသည်။[14] ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၈၆ ကြိမ်မြောက် ပြင်ဆင်ချက်) အက်ဥပဒေတွင် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပုဒ်မ (၂၁-က) အား ထည့်သွင်းခဲ့ရာ

[14] Annamalai, 2001, p. 35.

အသက် (၆) နှစ်မှ (၁၄) နှစ် အတွင်းရှိ ကလေးသူငယ်များအားလုံးသည် မသင်မနေရအခမဲ့ပညာသင်ကြားခွင့် ရှိရမည်ဖြစ်ပြီး ပြည်နယ်တစ်ခုချင်း အနေဖြင့် ဥပဒေနှင့်အညီ သတ်မှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ၂၀၀၉ ခုနှစ် RTE အရ ကလေးသူငယ်တိုင်းအား အခြေခံလိုအပ်ချက်၊ စံနှုန်းများနှင့် ကိုက်ညီသည့် ပုံမှန်ကျောင်း၌ သင့်တင့်မျှတပြီး အရည်အသွေးပြည့်ဝသည့် အချိန်ပြည့်မူလတန်းပညာသင်ကြားခွင့် ပေးထားပါသည်။ RTE က ထည့်သွင်း ထားသည့် "မသင်မနေရအခမဲ့ပညာရေး" ဟူသော စကားရပ်တွင် "အခမဲ့" ဆိုသည်မှာ သက်ဆိုင်သည့်အစိုးရက ပံ့ပိုးပေးထားသော ကျောင်းများတွင် ကျောင်းအပ်နှံရာ၌ မည်သည့်ကလေးကမျှ ကျောင်းဝင်ကြေးဖြစ်စေ၊ ကျောင်း လခဖြစ်စေ၊ ကုန်ကျစရိတ်ဖြစ်စေ ပေးဆောင်စရာမလိုဟူ၍ ဆိုလိုပါသည်။ "မသင်မနေရ" ဟူသော စကားရပ်သည် မူလတမ်းပညာရေးအပ်နှံမှု၊ တက် ရောက်မှုနှင့် ပြီးစီးအောင်မြင်မှုတို့ကို အာမခံချက်ပေးရန်အတွက် အစိုးရနှင့် ဒေသအာဏာပိုင်များအပေါ် တာဝန်ပေးထားပါသည်။ အကယ်၍ အသက် (၆) နှစ်အထက် ကလေးသူငယ်တစ်ဦးသည် မည်သည့်ကျောင်းတွင်မျှ ဝင်ရောက် ခွင့်မရ ရှိသေးပါက ၎င်း၏ အသက်အရွယ်နှင့် ကိုက်ညီသင့်လျော်သည့် အတန်း တစ်တန်း၌ အပ်နှံနိုင်သည်။ ကျောင်းဝင်ခွင့်ရရှိသည့် ကလေးသည် အသက် (၁၄) နှစ်ကျော်လွန်နေစေကာမူ မူလတန်းပညာရေးပြီးဆုံးသည်အထိ အခမဲ့ ပညာသင်ကြားခွင့်ရှိသည်။ မီဇိုရမ်ပြည်နယ်အစိုးရသည် မီဇိုရမ်ပြည်သူများ၏ လိုလားချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ်သည့် ပြည့်စုံသော စာတမ်း ဖြစ်သည့် ၂၀၁၃ ခုနှစ် EPM ကို RTE နှင့်အညီ သေချာစွာ ရေးဆွဲခဲ့သည်။

အိန္ဒိယအစိုးရ၏ ၂၀၂၀ ခုနှစ် NEP အရ သင်ရိုးညွှန်းတမ်းနှင့် သင်ကြား ရေးဆိုင်ရာ ဖွဲ့စည်းပုံနှင့် ကျောင်းပညာရေးအတွက် သင်ရိုးညွှန်းတမ်းမူဘောင် ကို အဆင့် (၄) ဆင့်ဖြင့် ဖွဲ့စည်းထားသည့် "၅+၃+၃+၄" ဒီဇိုင်းဖြင့် ကြီးကြပ် လမ်းညွှန်ရမည်ဖြစ်သည်။ အသက် (၃) နှစ်မှစ၍ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးအတွက် လေ့လာသင်ယူမှု၊ ဖွံ့ဖြိုးမှုနှင့် ကောင်းမွန်မှုတို့ ပိုမိုတိုးတက်လာစေရေးကို ရည်ရွယ်သော ခိုင်မာသည့်

အခြေခံအုတ်မြစ်ကိုလည်း ထည့်သွင်းထားပါသည်။ ကလေးအနေဖြင့် မိမိသင်ယူနေသည့်အရာကို နားလည်သည့်အခါ အကောင်းဆုံး သင်ယူနိုင်သည်ဟူသည့် ယူဆချက်ကို ထည့်သွင်း စဉ်းစားကာ မူလတန်း သင်ကြားမှုတွင် မိခင်ဘာသာစကားကိုသာ အသုံးပြုရန်နှင့် မူလွန်အတန်းများမှ စတင်၍ အင်္ဂလိပ်နှင့် ဟိန္ဒီဘာသာစကားများကို ထပ်ဆောင်းဘာသာစကားများအဖြစ် မိတ်ဆက်ရန် NEP က အလေးပေးဖော်ပြထားပါသည်။ သင်ကြားမှုကြားခံဘာသာစကားအတွက် ပထမဦးဆုံး ရွေးချယ်မှုမှာ ကလေး၏ အိမ်၌ ပြောသည့်ဘာသာစကား၊ မိခင်ဘာသာစကား (သို့) ကျောင်းတက်သည့် အစောပိုင်းနှစ်များ၌ အသုံးပြုသော ပထမဆုံးဘာသာစကား ဖြစ်ရပါမည်။ သို့သော်လည်း မီဇိုရမ်ကျောင်းများတွင် ၎င်းတို့၏ မိခင်ဘာသာစကားကို တတ်ကျွမ်းသည့် ဆရာများ မရှိသည့်အတွက် ဒုက္ခသည်ကလေးများမှာ မိခင်ဘာသာစကားဖြင့် သင်ကြားခွင့်မရရှိကြပါ။

အိန္ဒိယတွင် ဒုက္ခသည်များပညာရေးနှင့် စပ်လျဉ်းသော သီးခြားဥပဒေ (သို့) မူဝါဒမရှိသည့်အတွက် ချဉ်းကပ်ပုံနည်းလမ်းများမှာ ရပိုင်ခွင့်ထက် ပရဟိတအခြေခံ ဖြစ်နေသည်။[15] အိန္ဒိယနိုင်ငံ၌ မွေးဖွားသည့် တိဘက်ဒုက္ခသည်များအတွက် အိန္ဒိယနိုင်ငံသားဖြစ်ခွင့်နှင့် ပညာသင်ကြားခွင့်များ ရရှိသော်လည်း ယင်းအခွင့်အရေးများကို အခြားဒုက္ခသည်များထံသို့ ခံစားခွင့်ပေးထားခြင်း မရှိပါ။ အိန္ဒိယနိုင်ငံသည် မူလတန်းပညာရေးကို အားလုံးလက်လှမ်းမီရရှိစေရေးအတွက် များစွာလုပ်ဆောင်ထားနိုင်ခဲ့သော်လည်း ဒုက္ခသည်ကလေးများ၏ သီးခြားလိုအပ်ချက်များကိုမူ ဖြေရှင်းပေးနိုင်ခြင်း မရှိပါ။[16]

ဗဟိုအစိုးရက နယ်စပ်ကို ပိတ်ဆို့ရန်နှင့် မြန်မာနိုင်ငံမှ ဒုက္ခသည်များအား ပြန်ပို့ရန် ညွှန်ကြားထားသော်လည်း "နက်ရှိုင်းသည့် မျိုးနွယ်နှောင်ကြိုး" နှင့် တူညီသည့် လူမျိုးဆက်နွယ်မှုများကြောင့် မီဇိုရမ်အစိုးရက မြန်မာနိုင်ငံမှ ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးပါသည်။ မီဇိုရမ်အစိုးရက မီဇိုရမ်ရှိ ဒုက္ခသည်ကလေးသူငယ်များအား

[15] Balaji, 2015.
[16] Jayasankar & Jawale, 2017.

ပညာသင်ကြားခွင့်ပေးထားခြင်း ကူညီထားသည်။ ထို့ကြောင့် မီဇိုရမ်ရှိ ဒုက္ခသည်ကလေးသူငယ်များသည် ပညာသင်ကြားခွင့်ရရှိကြသော်လည်း ဒုက္ခသည်အရေးနှင့် တိုက်ရိုက်သက်ဆိုင်သော တိကျပြည့်စုံသည့် ပညာရေး မူဝါဒ မရှိသောကြောင့် စိန်ခေါ်မှုအခက်အခဲအချို့ကို ရင်ဆိုင်နေရဆဲဖြစ်သည်။

ဒုက္ခသည်ကျောင်းသားများအပေါ် မူဝါဒသက်ရောက်မှုများ

မီဇိုရမ်ကျောင်းပညာရေးဌာနနှင့် ညွှန်ကြားရေးမှူး James Lalrinchhana ၏ ညွှန်ကြားချက်အရ ဒုက္ခသည်ကလေးများသည် RTE နှင့်အညီ မွေးစာရင်းသို့မဟုတ် ကျောင်းပြောင်းလက်မှတ်ကဲ့သို့သော စာရွက်စာတမ်းများကို ပြသစရာမလိုဘဲ ၎င်းတို့အသက်အရွယ်နှင့် သင့်လျော်သည့် အတန်း၌ တက်ရောက်ခွင့်ရှိသည်။[17] ပညာရေးဆိုင်ရာလိုအပ်ချက်နှင့် ဦးစားပေးကွာခြားမှုများအလိုက် စီစဉ်ဖြည့်တင်းပေးသည့် ကျောင်းအမျိုးအစားမျိုးစုံရှိပြီး ဒုက္ခသည်များသည် မည်သည့်ကျောင်းတွင် တက်ရောက်မည်ကို ရွေးချယ်နိုင်သည်။ သို့သော်လည်း အများစုမှာ ကျောင်းဝတ်စုံများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် နေ့လယ်စာအား ဒေသခံကျောင်းသားများနည်းတူ အခမဲ့ရရှိနိုင်သည့် အစိုးရကျောင်းများတွင်သာ တက်ရောက်ကြသည်။[18] Lalrinchhana ၏ အဆိုအရ ၂၀၂၁ တွင် မီဇိုရမ်ရှိ ကျောင်းများ၌ မြန်မာမှ ကလေး (၆,၁၉၅) ဦး ကျောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။ ယင်းအနက် (၅,၂၂၁) ဦးမှာ အစိုးရကျောင်းများ၌လည်းကောင်း၊ (၁၈၄) ဦးမှာ အစိုးရအထောက်အပံ့ပေးထားသည့် ကျောင်းများ၌လည်းကောင်း၊ (၇၉၀) ဦးမှာ ပုဂ္ဂလိကကျောင်းများ၌လည်းကောင်း အပ်နှံခဲ့ကြသည်။[19]

မီဇိုရမ်အစိုးရက ဒုက္ခသည်ကလေးသူငယ်များအား အခြေခံပညာရေး၌ တရားဝင်တက်ရောက်ခွင့်ပြုသော်လည်း အဆိုပါကလေးသူငယ်များအတွက် ပညာသင်ကြားခွင့်မှာ အစိုးရမူဝါဒအပြောင်းအလဲ (သို့) မူဝါဒအသစ်များပေါ်

[17] Pandey & Choudhury, 2021.
[18] Agarwala, 2021.
[19] Rochanhlu, 2022.

မှုတည်၍ ပြောင်းလဲနိုင်သည်။ ထို့အပြင် ဗဟိုအစိုးရက မြန်မာဒုက္ခသည်များအား မီဇိုရမ်ပြည်နယ်မှ နှင်ထုတ်မိန့်ထုတ်ပြန်ပါက (သို့) မီဇိုရမ်တွင် ဆက်လက်နေထိုင်ခွင့်မပြုပါက ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်မှာ ကန့်သတ်ခံရနိုင်သည်ဟု သုတေသနတွင် ဖြေဆိုသူတစ်ဦးက မှတ်ချက်ပြုသည်။[20] မြန်မာဒုက္ခသည်များ၏ ဇီဝအချက်အလက်များအား ၂၀၂၃ ခုနှစ်စက်တင်ဘာလမကုန်မီတွင် အပြီးကောက်ယူရန် အိန္ဒိယ ပြည်ထဲရေးဝန်ကြီးဌာနက မီဇိုရမ်အစိုးရကို ညွှန်ကြားထားသော်လည်း မီဇိုရမ်အစိုးရက ငြင်းပယ်ခဲ့သည်။ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီးက ယင်းလုပ်ရပ်သည် "မိမိတို့ သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမများ" အပေါ် ခွဲခြားဆက်ဆံမှုတစ်ရပ်ဖြစ်လာလိမ့်မည်ဟု မှတ်ချက်ပြုခဲ့သည်။[21]

RTE၊ မီဇိုရမ်ပညာရေးအက်ဥပဒေ၊ EPM (၂၀၁၃)၊ NEP (၂၀၂၀)၊ CRC (၁၉၈၉)၊ CRSR (၁၉၅၁) နှင့် UNHCR ဒုက္ခသည်ဆိုင်ရာ ပညာရေးမဟာဗျူဟာ (၂၀၃၀) ကဲ့သို့သော ဒုက္ခသည်ကလေးသူငယ်များ၏ ပညာရေးအတွက် အာမခံချက်ပေးသည့် နိုင်ငံတော်အဆင့်နှင့် အပြည်ပြည်ဆိုင်ရာမူဘောင်စံနှုန်းများနှင့် ချိတ်ဆက်ထားသော ပညာရေးမူဝါဒကောင်းများသည် ချင်းဒုက္ခသည်ကလေးသူငယ်များအတွက် အထောက်အကူဖြစ်စေသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။

ကျောင်းသူကျောင်းသားများကပြောသော ပညာရေးအခက်အခဲများ

ဒုက္ခသည်ကလေးသူငယ်များတွင် စုံလင်ကွဲပြားသော လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူမျိုးစု နောက်ခံများရှိကြရာ အခက်အခဲကိုယ်စီ ရှိကြပြီး မတူညီသည့် ပညာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များကို လိုအပ်ကြသည်။[22] အင်တာဗျူးခဲ့ရာ၌ ဒုက္ခသည်ကျောင်းသားများဆွေးနွေးခဲ့ကြသည့်

---

[20] ဖြေဆိုသူအမှတ်စဉ် (၁၇)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[21] Zoramsanga, 2021.

[22] Dhawan & Parameswaran, 2022.

ပညာရေးအခက်အခဲများမှာ ဘာသာစကားနှင့် သင်ရိုးညွှန်းတမ်း၊ ယဉ်ကျေးမှုနှင့် အထောက်အထားတို့နှင့် သက်ဆိုင်ကြသည်။

ဘာသာစကားနှင့် သင်ရိုးညွှန်းတမ်း

အဓိကအခက်အခဲတစ်ရပ်မှာ ဘာသာစကားကွာခြားချက်ဖြစ်သည်။ အထူးသဖြင့် အိမ်ရှင်နိုင်ငံတွင် သုံးသည့် သင်ကြားရေးဘာသာစကားကို မပြောနိုင်သော ဒုက္ခသည်များအတွက် ဘာသာစကားအခက်အခဲဖြစ်သည်။[23] ယင်းအချက်မှာ အခြားနေရာများမှ ဒုက္ခသည်ကျောင်းသားများ၏ အခက်အခဲများကိုလည်း ထင်ဟပ်မှုရှိသည်။ ဥပမာအားဖြင့် တူရကီရှိ ဆီးရီးယားဒုက္ခသည် ကျောင်းသားများသည် တူရကီဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် ကြိုးစားသင်ယူကြရသည်။[24]

မီဇိုရမ်ပြည်နယ်သို့ ရှောင်တိမ်းမလာစဉ်ကတည်းက မီဇိုလူမျိုးများနှင့် ရင်းနှီးကြပြီးဖြစ်သော (သို့) အိမ်နီးချင်းများဖြစ်ခဲ့ကြသော ကျောင်းသားများမှလွဲ၍ ဤဆောင်းပါးအတွက် အင်တာဗျူးတွင် ဖြေဆိုသူများသည် ဘာသာစကား အခက်အခဲအကြောင်းကို တညီတညွတ်တည်း ဖော်ပြကြသည်။ ချင်းပြည်နယ် မြောက်ပိုင်းမှ ကလေးများက တောင်ပိုင်းမှ ကလေးများထက် မီဇိုဘာသာစကားနှင့် ပို၍ထိတွေ့မှုရှိကြသည်။ သုတေသနနည်းလမ်းအပိုင်းတွင် ဖော်ပြထားသည့်အတိုင်း အင်တာဗျူးတွင် ပါဝင်ဖြေဆိုကြသော ကျောင်းသားကျောင်းသူ (၁၂) ဦးတို့မှာ မတူညီသော မြို့နယ်၊ ရပ်ရွာနှင့် ဘာသာစကားအုပ်စုတို့မှ ဖြစ်ကြသည်။ အချို့မှာ မီဇိုရမ်ပြည်နယ်ရှိ ဘာသာစကားနှင့် ယဉ်ကျေးမှုအသစ်ကို လိုက်လျောညီထွေဖြစ်စေရန် ခက်ခဲစွာ ကြိုးစားခဲ့ကြရသည်။ ခွာဆင်းမ်လူမျိုး တစ်ဦးမှလွဲ၍ ဖလမ်းမြို့နယ်မှ ဖြေဆိုသူများမှာ အခြားသူများကဲ့သို့ ဘာသာစကား အခက်အခဲများစွာ မကြုံတွေ့ခဲ့ရပါ။

တီးတိန်မြို့နယ်မှ ဇိုမီးလူမျိုး ဖြေဆိုသူတစ်ဦးက ယခုကဲ့သို့ဆိုသည်။

---

[23] Shohel, 2022.
[24] Shohel, 2022.

> ဘာသာစကားကို နားမလည်တဲ့အတွက် စိတ်ပျက်ရတယ်။ မိသားစုကလည်း ပညာရေးကို စိတ်ပူတယ်။ သူငယ်ချင်းတွေနဲ့ မြန်မာပြည်ကို လွမ်းတယ်။ အိမ်ပြန်ချင်တယ်။ ကျောင်း စတက်တော့ စာမလိုက်နိုင်ခဲ့လို့ ကျောင်းထွက်ဖို့ ဒါမှမဟုတ် အတန်းဆင်းပြီး တက်ဖို့တောင် စိတ်ကူးမိတယ်။[25]

တီးတိန်မြို့နယ်မှ ဇိုမီးလူမျိုး ဖြေဆိုသူတစ်ဦးက "ဘာသာစကားကို နားမလည်တဲ့အတွက် စိုးရိမ်ခဲ့ရတယ်။ စာမလိုက်နိုင်တော့ ဒုက္ခသည်တစ်ဦးအနေနဲ့ တခြားနိုင်ငံမှာ ကျောင်းတက်ရမှာကို ရှက်ခဲ့တယ်" ဟု ဆိုသည်။[26]

မတူပီမြို့နယ်မှ မတူလူမျိုး ဖြေဆိုသူတစ်ဦးက –

> အတန်းထဲမှာ သင်္ချာအပါအဝင် ဘာသာအားလုံးက အင်္ဂလိပ်လို သင်ပြီး ရှင်းပြရင်လည်း အင်္ဂလိပ်လိုနဲ့ မီဇိုလိုပဲ ရှင်းပြတယ်။ အဲဒါကြောင့် နားမလည်ဘဲ အတော်လေး ခေါင်းရှုပ်ခဲ့ရတယ်။ အဲဒီဘာသာစကား နှစ်ခုလုံး မတတ်တော့ တခြားသူတွေ ဘာလုပ်နေလဲကိုလည်း မသိတော့ဘူးဟု ဆိုသည်။[27]

ထန်တလန်မြို့နယ်မှ လိုင်လူမျိုး ဖြေဆိုသူတစ်ဦးက "ကျောင်းစတက်တော့၊ မီဇိုစကား နားမလည်လို့ စိတ်ပျက်ခဲ့ရတယ်" ဟု ပြောပြသည်။[28] မင်းတပ်မြို့နယ်မှ ချိုးလူမျိုး ဖြေဆိုသူတစ်ဦးက –

---

[25] ဖြေဆိုသူအမှတ်စဉ် (၉)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[26] ဖြေဆိုသူအမှတ်စဉ် (၃)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[27] ဖြေဆိုသူအမှတ်စဉ် (၅)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[28] ဖြေဆိုသူအမှတ်စဉ် (၇)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

> စရောက်တုန်းက စကားနားမလည်တော့ တခြားကမ္ဘာကို ရောက်သွားသလို ခံစားခဲ့ရတယ်။ စိတ်ဓာတ်ကျခဲ့ရတယ်။ မပျော်ဘူး။ စိတ်ဓာတ်ကျနေတဲ့ အချိန်မှာ ဗမာစကား ဒါမှမဟုတ် ချင်းစကားပြောတတ်တဲ့သူတစ်ဦးဦးကို တောင့်တမိတယ်။ ဘာကို ဘယ်လို လေ့လာရမလဲ မသိလို့ အတော်လေး ပင်ပန်းခဲ့ရတယ်ဟု ပြောပြသည်။[29]

ယေဘုယျအားဖြင့် ဘာသာစကားအခက်အခဲများသည် သူငယ်ချင်းများနှင့် ဆရာများထံမှ သီးခြားကွဲထွက်နေစေခြင်း (သို့) သင်းကွဲကဲ့သို့ ဖြစ်နေစေသည့်အတွက် ဒုက္ခသည်ကလေးများ၏ လူမှုပေါင်းစည်းမှုကို ထိခိုက်စေနိုင်သည်။ မိခင်ဘာသာစကားဖြင့် သင်ယူခြင်းဖြင့် ဒုက္ခသည်ကျောင်းသားများအား စိတ်ဒဏ်ရာနှင့် စိတ်ဖိစီးမှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ အိမ်ရှင်နိုင်ငံ၏ ဘာသာစကားကို သင်ယူရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကား စုံလင်ကွဲပြားမှုကို ထိန်းသိမ်းမြှင့်တင်ပေးရန် အထောက်အကူဖြစ်စေပါသည်။

မီဇိုရမ်ပြည်နယ်၏ ပညာရေးမူဝါဒအရ မီဇိုနှင့် ဟိန္ဒီဘာသာစကား ဘာသာရပ်များမှအပ ကျောင်းသင်ရိုးညွှန်းတမ်းအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ မီဇိုရမ်ကျောင်းပညာရေးဘုတ်အဖွဲ့သည် အဆင့်မြင့်အတန်းများအတွက် သိပ္ပံနှင့် သင်္ချာ ဖတ်စာအုပ်များကို ဘာသာစကားနှစ်မျိုး (အင်္ဂလိပ်နှင့် မီဇို) ဖြင့် ထုတ်ဝေသည်။ မီဇိုဘာသာစကား အပြောသည် စာဖတ်ခြင်းနှင့် စာလေ့လာခြင်းများကဲ့သို့ မခက်ခဲပါ။ ချင်းဒုက္ခသည်ကလေးများသည် တစ်ခါတစ်ရံတွင် မီဇိုဘာသာစကားကို အနည်းငယ် နားလည်ပြီး ပြောဆိုနိုင်သော်လည်း မီဇိုစာပေလေ့လာသင်ယူရာ၌မူ အခက်အခဲရှိကြသည်။

အင်တာဗျူးတွင် ပါဝင်သူများ၏ သုံးပုံတစ်ပုံသည် သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သည့် အခက်အခဲများကို ကြုံတွေ့ကြရကြောင်းနှင့် အထူးသဖြင့် မီဇိုနှင့် ဟိန္ဒီဘာသာရပ်များ လေ့လာရာတွင် အခက်အခဲရှိနေကြကြောင်း သိရှိ

---

[29] ဖြေဆိုသူအမှတ်စဉ် (၁၁)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

ရသည်။ ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်နေသူများနှင့် နဝမတန်းနှင့် ဒသမတန်းတွင် ပညာသင်ကြားနေသူများသည် ထိုဘာသာရပ်နှစ်ခုအစား အင်္ဂလိပ်ဘာသာရပ်ကို ရွေးချယ်ခွင့်ရှိသဖြင့် ယင်းအခက်အခဲမှ ကင်းလွတ်ကြသည်။ ယေဘုယျအားဖြင့် အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းအချို့တွင် သင်ကြားပေးနိုင်မည့်သူ မရှိခြင်းကြောင့် ထိုကဲ့သို့ ပြောင်းလဲရွေးချယ်စရာ အင်္ဂလိပ်စာဖြင့် သင်ကြားခြင်းကို ပြုလုပ်ပေးနိုင်ခြင်း မရှိပါ။

ယဉ်ကျေးမှု

ဒုက္ခသည်ကျောင်းသားများသည် မီဇိုရမ်ပြည်နယ်တွင် မတူသည့် စံတန်ဖိုးများ၊ ယုံကြည်မှုများ၊ သတ်မှတ်ချက်များ၊ အလေ့အထများနှင့် ထိတွေ့ရသည့်အတွက် နေသားမကျမှုများ (သို့) လိုက်လျောညီထွေနေထိုင်ရာ၌ အခက်အခဲများကို ကြုံတွေ့ကြရသည်။ ၎င်းတို့သည် ဒေသဓလေ့ထုံးတမ်းများ၊ ရိုးရာများ၊ မျှော်မှန်းချက်များ၊ အထူးသဖြင့် ဝတ်စားဆင်ယင်ပုံများ၊ အတန်းတွင်း လှုပ်ရှားမှုများနှင့် ဘာသာရေးအလေ့အထများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ကြရာ၌ အခက်အခဲများ ကြုံတွေ့ရကြသည်။ မီဇိုရမ်တွင် ကျောင်းဝတ်စုံမှာ “အနောက်တိုင်းစတိုင်” ဖြစ်ရာ မြန်မာကျောင်းဝတ်စုံနှင့် အတော်ပင်ကွာခြားပါသည်။ ထို့ကြောင့် ချင်းဒုက္ခသည်ကျောင်းသားများသည် ၎င်းတို့နှင့် အကျွမ်းတဝင်မရှိလှသော စကတ်၊ ခါးပတ်၊ လည်စည်းနှင့် ကျောင်းဖိနပ်ကို ဝတ်ဆင်ရသောကြောင့် အဆင်မပြေဖြစ်ရကြောင်း သိရှိရသည်။ ဖြေဆိုသူတစ်ဦးက —

> ကျောင်းဝတ်စုံဝတ်တာ ပုံစံမကျလို့ ကျောင်းတက်တဲ့ ပထမဆုံးနေ့က လုံခြုံရေးက ခါးပတ်နှင့် လည်စည်း ကူဝတ်ပေးခဲ့ရတယ်။ အတန်းခေါင်းဆောင်လုပ်ရတဲ့ အလှည့်ရောက်တော့ အတန်းတက်စာရင်းကောက်တာ၊ အိမ်စာ စာအုပ်တွေထပ်တာ၊ မနက်အစောထပြီး သန့်ရှင်းရေးလုပ်တာ၊ ကျမ်းစာဖတ်ပြီး

> ဆုတောင်းတာတွေမှာ ဦးဆောင်ရမှာဆိုတော့ အတော်လေး စိတ်လှုပ်ရှားခဲ့ရတယ်ဟု ဆိုသည်။[30]

ချင်းဒုက္ခသည်များနှင့် မီဇိုရမ်တွင် နေထိုင်သူများ၏ ဘာသာရေးနှင့် လူမှုစံနှုန်းများမှာ အတော်ပင် ဆင်တူသော်လည်း ဘာသာစကား၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့ထုံးတမ်းများကဲ့သို့သော မြင်သာသည့် ယဉ်ကျေးမှုတွင် ကွဲပြားခြားနားရာ ချင်းဒုက္ခသည်ကလေးများမှာ အဆင်မပြေဖြစ်ကာ အခက်အခဲဖြစ်ကြရသည်။

စာရွက်စာတမ်းအထောက်အထား

အသိအမှတ်ပြုခြင်းမှာ ဒုက္ခသည်ကလေးသူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲတစ်ရပ်ဖြစ်သည်။ ဒုက္ခသည်မှတ်ပုံတင်လက်မှတ် (Refugee Identity Certificate) ဆိုသည်မှာ ဒုက္ခသည်များ အထောက်အထားအဖြစ် အသုံးပြုရသည့် စာရွက်စာတမ်းဖြစ်သည်။ ယင်းကို UNHCR မှ ဖြစ်စေ၊ ခိုလှုံခွင့်ပေးသည့် နိုင်ငံမှဖြစ်စေ ထုတ်ပေးသည်။ မီဇိုရမ်ပြည်နယ်တွင် UNHCR ရုံးခွဲ မရှိသည့်အတွက် မီဇိုရမ်ပြည်နယ်ရှိ ဒုက္ခသည်အများစုတွင် UNHCR ထံမှ မည်သည့် အထောက်အထားမျှ မရှိပါ။ ပြည်နယ်အစိုးရသည် မီဇိုရမ်ပြည်နယ်အတွင်း အထောက်အထားပြသရာနှင့် ခရီးသွားလာရာတွင် အသုံးပြုနိုင်ရန်အတွက် ဒုက္ခသည်များကို ကတ်ပြားများ ထုတ်ပေးသော်လည်း အစိုးရဝန်ဆောင်မှုများ ရယူခွင့် မရှိပါ။ ယင်းသို့သော အခြေအနေတွင်ပင် ချင်းဒုက္ခသည်အချို့သာ ထိုကတ်ပြားမျိုးကို ကိုင်ဆောင်နိုင်ကြသည်။

ဒုက္ခသည်ကျောင်းသားများအတွက် အထောက်အထား၏ အရေးပါပုံကို ဖြေဆိုသူတစ်ဦးက အကျယ်တဝင့်ပြောပြသည်။[31] ပထမအချက်မှာ ဆယ်တန်းကို အမှတ်မြင့်မြင့်ဖြင့် အောင်မြင်သူများကို အစိုးရက အိန္ဒိယရူပီး (၂၀,၀၀၀)

---

[30] ဖြေဆိုသူအမှတ်စဉ် (၉)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[31] ဖြေဆိုသူအမှတ်စဉ် (၁၂)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

ချီးမြှင့်ပေးသော်လည်း ယင်းကျောင်းသားတွင် "Aadhaar" (သို့) ပြည်နယ်မှ ထုတ်ပေးသော မှတ်ပုံတင်ကတ်မရှိပါက ထိုဆုကို လက်ခံရရှိနိုင်မည် မဟုတ်ပါ။ ဒုတိယအချက်အနေဖြင့် (၁၂) တန်းတွင် ထူးချွန်သူများအနေဖြင့် ပညာသင်ဆုရရှိရန် (သို့) အခြားပြည်နယ်၌ဖြစ်စေ၊ နိုင်ငံရပ်ခြား၌ဖြစ်စေ ပညာသင်ကြားခွင့်ရရန် မျှော်မှန်းချက်ကြီးစွာထားကြသော်လည်း မှတ်ပုံတင်ကတ် မရှိပါက မည်သို့မျှ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

၂၀၂၃ အောက်တိုဘာလ (၂) ရက်နေ့တွင် ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့က မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် မဏိပူရ်ပြည်နယ်မှ ဒုက္ခသည်များမှအပ ကျန် Aadhaar ကတ်မရှိသူများအနေဖြင့် လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့သည်။ ယင်းကြေညာချက်နှင့်ပတ်သက်၍ ဒုက္ခသည်ကျောင်းသားတစ်ဦးက "မြန်မာပြည်က ဒုက္ခသည်ဖြစ်နေလို့ ခွဲခြားဆက်ဆံသလို ခံစားရတယ်" ဟု ပြောသည်။[32] ထို့ကြောင့် မီဇိုရမ်တွင် ကျောင်းတက်နေသော ဒုက္ခသည်ကျောင်းသားများအတွက် အသိအမှတ်ပြုလက်မှတ် တစ်မျိုးမျိုးကို ထုတ်ပေးသင့်သည်။

ကျောင်းသားမိဘများကပြောသော ပညာရေးအခက်အခဲများ

ယင်းလေ့လာမှုအတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးလာသော မိဘနှစ်ဦးကို ဆက်သွယ်မေးမြန်းထားပါသည်။ ၎င်းတို့အနေဖြင့် မီဇိုရမ်သို့ ထွက်ပြေးရန် ရွေးချယ်ခဲ့ရခြင်းမှာ ထိုဒေသသည် ချင်းပြည်နယ်နှင့် နီးကပ်ပြီး ချင်းလူမျိုးအများစု နေထိုင်ရာအရပ်ဖြစ်ကာ ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်သည့်အတွက်ဖြစ်သော်လည်း ခရီးစဉ်တစ်လျှောက်မှာ စိုးရိမ်ကြောင့်ကြမှုများဖြင့် ခက်ခဲလှသည်။ ဤအပိုင်းတွင် အဆိုပါမိဘများ ဆွေးနွေးခဲ့ကြသည့် ဥပဒေရေးရာနှင့် ငွေကြေးဆိုင်ရာအခက်အခဲများကို မီးမောင်းထိုးပြထားသည်။ ဤစီမံကိန်းအတွက် တွေ့ဆုံမေးမြန်းထားသော လူမှုကူညီရေးဝန်ထမ်းက ဒုက္ခသည်ကလေးသူငယ်များ၏ ပညာရေးတွင် အဓိကအဟန့်အတားဖြစ်နေ

[32] ဖြေဆိုသူအမှတ်စဉ် (၉)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

သည့်အရာမှာ ၎င်းတို့၏ မိဘများ ရင်ဆိုင်နေကြရသော ပြဿနာများ ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ (သို့) စာရွက်စာတမ်းအထောက်အထားများ မရှိကြသည့်အတွက် ကလေးသူငယ်များ၏ လိုအပ်ချက်များ၊ သင့်လျော်သော နေရာထိုင်ခင်းရှိရန်ကဲ့သို့သော အခြေခံကိစ္စရပ်များအတွက် ပင် ဖြည့်ဆည်းပေးနိုင်ရန် ရုန်းကန်နေကြရသည့် ပြဿနာများဖြစ်ကြောင်း ပြောသည်။ အစားအစာအတွက်ကိုပင် အလှူငွေများအပေါ် မှီခိုနေရသည့်အခါ ကလေးများကို ကျောင်းပို့ရန်မှာ မလွယ်ကူလှပေ။

ကျောင်းသားနှစ်ဦး၏ မိခင်ဖြစ်ပြီး စီဒီအမ်တွင် ပါဝင်ခဲ့သည့် အစိုးရ အရာရှိဟောင်းဖြစ်သူ မိဘတစ်ဦးက အောက်ပါအတိုင်း ပြောပြသည်။

> ကလေးတွေရဲ့ ပညာရေးနဲ့ အလုပ်ရှာဖို့အတွက် အိုက်ဇောကို ထွက်ပြေးလာခဲ့တာ။ ကျွန်မ ကလေးတွေက မြန်မာဒုက္ခသည် ကလေးတွေ တက်ကြတဲ့ ပုဂ္ဂလိကကျောင်း တစ်ကျောင်းမှာ တက်ကြပါတယ်။ အဲဒီကျောင်းက ကျောင်းသားတွေကို ကောင်းကောင်းပြုစုပျိုးထောင်ပေးနိုင်တယ်လို့ နာမည်ကြီး တယ်။ ကလေးတွေ အမိကခက်ခဲကြတာက သင်ကြားရေး ဘာသာစကားပါ။ ကျွန်မရဲ့ သားအငယ်လေးက ကျူရှင်တက် ရတယ်။ ကျွန်မတို့ကို (ငွေကြေး) ထောက်ပံ့ပေးမယ့် အဖွဲ့ အစည်းလည်း မရှိပါဘူး။ အမိကတော့ ကျွန်မသမီးအကြီးရဲ့ အလုပ်ဝင်ငွေအပေါ်မှာပဲ မှီခိုကြရတယ်။ နိုင်ငံခြားမှာနေတဲ့ ကျွန်မအစ်ကိုဆီကတော့ တစ်ခါတလေ ပညာသင်စရိတ် ကူညီပေးတာရှိပါတယ်။[33]

[33] ဖြေဆိုသူအမှတ်စဉ် (၁၅)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

အခြားပါဝင်သူ မိဘတစ်ဦးမှာ Leitan စစ်ရှောင်စခန်းတွင် နေထိုင်သော ကျောင်းသား (၃) ဦး၏ ဖခင်ဖြစ်ပြီး[34] စီဒီအမ် ပါဝင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သည်။ ၎င်းကလည်း ငွေကြေးအခက်အခဲများ အကြောင်းကို ယခုကဲ့သို့ ပြောပြသည်။

> ကျွန်တော်တို့ စရောက်တော့ ဒေသခံတွေက အခြေချနိုင်ဖို့ ကူညီပေးခဲ့ကြတယ်။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ကူညီပေးတဲ့သူတွေ နည်းလာတယ်။ ကျွန်တော့် ကလေးတွေက အစိုးရကျောင်းမှာတက်ကြတော့ ကျောင်းလခပေးစရာလည်း မလိုသလို၊ နေ့လယ်စာ ထည့်ပေးစရာလည်း မလိုပါဘူး။ ဒါပေမဲ့ ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာတွေ ဝယ်ပေးဖို့တော့ ငွေကြေးအခက်အခဲရှိပါတယ်။ အဓိကကူညီပေးနေတဲ့ အဖွဲ့အစည်းရယ်လို့လည်း မရှိပါဘူး။ ကျွန်တော်က နေ့ရောညပါ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေမှာ လိုက်လုပ်ပြီး ကလေးတွေကို ထောက်ပံ့ပေးနေပါတယ်။[35]

သင်ကြားရေးဝန်ထမ်း၊ လူမှုကူညီရေးဝန်ထမ်းများနှင့်သက်ဆိုင်သည့် ကျောင်းသားများအတွက် ပညာရေးအခက်အခဲများ

Presbyterian ပုဂ္ဂလိကကျောင်းမှ ဆရာတစ်ဦး၊ အစိုးရကျောင်းမှ ကျောင်းအုပ် တစ်ဦးနှင့် INGO မှ လူမှုကူညီရေးဝန်ထမ်းတစ်ဦး စုစုပေါင်း (၃) ဦးတို့ကိုလည်း အင်တာဗျူးခဲ့သည်။ ဤအပိုင်းတွင် ဒုက္ခသည်ကျောင်းသားများ

---

[34] Leitan စခန်းသည် အိုက်ဇောl Dutlang ရပ်ကွက်ရှိ ဒုက္ခသည်များ အခြေချနေထိုင်ရာ နေရာဖြစ်သည်။ ဤစာတမ်းပြုစုချိန်တွင် အိုက်ဇောမြို့ခံတစ်ဦးမှ လှူဒါန်းသည့် စစ်ရှောင်စခန်း အဆောက်အအုံကြီးတစ်ခုတွင် လူ (၄၈) ဦး နေထိုင်လျက်ရှိသည်။

[35] ဖြေဆိုသူအမှတ်စဉ် (၁၆)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

အတွက် ပညာရေးအခက်အခဲများနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများကို ဖော်ပြထားသည်။

Presbyterian ပုဂ္ဂလိကကျောင်းမှ ဆရာက ၎င်း၏ ကျောင်း၌ မီဇို ဘာသာစကားအခက်အခဲရှိသော ဒုက္ခသည်ကျောင်းသား (၁၀) ဦးခန့် ရှိသည်ဟု ဆိုပါသည်။[36] ဆရာနှင့် ကျောင်းသား၊ ဆရာနှင့် မိဘ၊ ကျောင်းသား အချင်းချင်းတို့အကြား ဆက်သွယ်ရေးလမ်းကြောင်းကို ထိုဆရာက ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းနှင့် ကျောင်းသားရေးရာကိစ္စများကို ဘာသာပြန်၍ ရှင်းပြပေးသည်ဟု ဆရာက ပြောပြသည်။ ကျောင်းတွင် မီဇိုနှင့် ဟိန္ဒီစကားဖြင့် သင်ကြားသည့် ဘာသာရပ်များတွင် အခက်အခဲရှိသော ဒုက္ခသည်ကလေးများ အတွက် အစားထိုးပေးနိုင်မည့် သင်ရိုးများ မရှိသေးပါ။ ထို့ကြောင့် ကျောင်းသားများမှာ ယင်းဘာသာရပ်များတွင် အဆင့်ကောင်းကောင်းမရကြဘဲ အင်္ဂလိပ်နှင့် သင်္ချာတို့တွင် အဆင့်ပိုကောင်းကြသည်။

အစိုးရကျောင်းမှ ကျောင်းအုပ်ကြီးက ၎င်း၏ ကျောင်း၌ ဒုက္ခသည် ကျောင်းသား (၃) ဦးခန့်ရှိပြီး ထိုကျောင်းသားများအနေဖြင့် ခက်ခဲမှု မရှိကြောင်း ဆိုသည်။[37] ကျောင်းအုပ်ကြီးက ကျောင်းသားများအား စိတ်ဓာတ်တက်ကြွအောင် ပြုလုပ်ပေးပြီး စိတ်ခွန်အားများလည်းပေးသည်။ ကျောင်းတွင် ဒုက္ခသည်ကျောင်းသားများအတွက် အစားထိုးရွေးချယ်စရာ ဘာသာရပ်များ မရှိသော်လည်း ထိုကျောင်းသားများသည် အတန်းထဲ၌ အတော်ဆုံး ကျောင်းသားများ ဖြစ်လာကြသည်။ ကျောင်းအုပ်ကြီးက ကျောင်းသားမိဘများနှင့်လည်း အလွယ်တကူပင် ဆက်သွယ်ပြောဆိုနိုင်ခဲ့သည်။

ဒုက္ခသည်ကလေးသူငယ်များ၏ ပညာရေးတိုးတက်စေရန် အခက်အခဲများအနက်တစ်ခုမှာ ရွေးကောက်ပွဲနိုင်ငံရေးနှင့် အစိုးရမူဝါဒဖြစ်ကြောင်း ဖြေဆိုသူ လူမှုကူညီရေးဝန်ထမ်းက ဆိုသည်။[38] ကျင်းပပြုလုပ်တော့မည့်

[36] ဖြေဆိုသူအမှတ်စဉ် (၁၃)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[37] ဖြေဆိုသူအမှတ်စဉ် (၁၄)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[38] ဖြေဆိုသူအမှတ်စဉ် (၁၇)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

ရွေးကောက်ပွဲသည် ကလေးများ၏ ပညာသင်ကြားခွင့်ကို ထိခိုက်စေမည့် မူဝါဒသို့ ဦးတည်ပြောင်းလဲနိုင်ဖွယ်ရှိသည်ဟု သုတေသနလုပ်စဉ်အခါက ယူဆခဲ့သည်။ နောက်ထပ် အခက်အခဲတစ်ခုမှာ အိန္ဒိယအစိုးရနှင့် မြန်မာစစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုဖြစ်သည်။ အိန္ဒိယအစိုးရက မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ ဆွေးနွေးနေကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သော်လည်း မည်သည့်သဘောတူညီချက်များ ရရှိသည်ကို အသေးစိတ် မဖော်ပြခဲ့ပါ။ အကယ်၍ ဗဟိုအစိုးရက မြန်မာဒုက္ခသည်များအား မီဇိုရမ်တွင် နေထိုင်ခွင့်မပေးကြောင်း အမိန့်ထုတ်ပြန်ခဲ့ပါက ကလေးများ၏ ပညာဆက်လက်ဆည်းပူးခွင့်ကို ဆုံးရှုံးနိုင်သည်။

အခက်အခဲများအား ရင်ဆိုင်ဖြေရှင်းခြင်း

မည်မျှပင်ခက်ခဲသည်ဖြစ်စေ ဒုက္ခသည်ကျောင်းသားအားလုံးတွင် ၎င်းတို့၏ အခက်အခဲများကို ကျော်လွှားနိုင်သည့် ကိုယ်ပိုင်နည်းလမ်းများရှိကြသည်။ ၎င်းတို့သည် အခက်အခဲများကို လက်သင့်မခံသကဲ့သို့ ချဲ့ကားခြင်းလည်း မပြုကြပါ။ ၎င်းတို့၏ အကောင်းမြင်စိတ်၊ ဖွဲလုံ့လတို့ဖြင့် ရင်ဆိုင်ကျော်လွှားကြသည်။

ဘာသာစကား အခက်အခဲများနှင့် ကြုံတွေ့ရသောအခါ ၎င်းတို့၏ မိတ်ဆွေသူငယ်ချင်းများ၊ ဆရာများနှင့် မိသားစုဝင်များထံ အကူအညီတောင်းလေ့ရှိကြသည်။ ပါဝင်သူတစ်ဦးက ဤသို့ဆိုသည်။

> ကျောင်းမှာ နားမလည်တာတွေရှိရင် နားလည်တဲ့ မြန်မာကျောင်းသားတွေကို အကူအညီတောင်းတယ်။ အဆောင်မှာတော့ အဆောင်မှူးနှင့် သူငယ်ချင်းကို မေးတယ်။ သူတို့တွေ အိပ်ပျော်နေရင်တောင် နှိုးပြီးမေးလို့ရတယ်။ ဆုတောင်းတာနဲ့

> သမ္မာကျမ်းစာဖတ်တာက ခွန်အားဖြစ်စေတယ်။ မိဗိုစကားကို နားလည်ဖို့ ခြောက်လ ကြာခဲ့တယ်။[39]

သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍လည်း ကျောင်းသားများက သူငယ်ချင်းများ၊ ဆရာများနှင့် မိသားစုဝင်များထံ၌ အကူအညီတောင်းကြသည်။ အချို့ ကျောင်းသားများသည် အိမ်စာနှင့် တာဝန်ပေးလိုက်သည်များကို ကိုယ်တိုင် ကြိုးစားလုပ်ဆောင်ကြပြီး သင်ခန်းစာများကို အလွတ်ရအောင် ကျက်မှတ်ကြ သည်။ အချို့က အဘိဓာန်နှင့် Google Application များကို သုံးကြသည်။ ဖြေဆိုသူတစ်ဦးက "ကျောင်းမှာ သင်ပေးမယ့်သူ မရှိတော့ အဘိဓာန်နဲ့ Google ကို သုံးပြီး အင်္ဂလိပ်ကို လေ့လာတယ်" ဟု ဆိုသည်။[40] ဆရာအများစု က ဒုက္ခသည်ကျောင်းသားများအား လက်မလျှော့ရန် အားပေးကြပြီး ဒေသခံ ကျောင်းသားများကလည်း ကြိုဆိုပေးကြသည်။

ဖြေဆိုသူတစ်ဦးက ၎င်း၏ သူငယ်ချင်းများက ၎င်းအား ဒုက္ခသည်ဖြစ်ခြင်း အပေါ် စနောက်သည့်အခါ "မင်းတို့တိုင်းပြည်မှာ စစ်ဖြစ်ခဲ့ရင် မင်းတို့လည်း ငါတို့နိုင်ငံမှာ လာခိုလှုံရမှာပဲ" ဟူ၍ တုံ့ပြန်ခဲ့ကြောင်း ပြောပြသည်။[41] ဒုက္ခသည် ကျောင်းသားများသည် ကိုယ်နည်းကိုယ့်ဟန်ဖြင့် အခက်အခဲများကို ရင်ဆိုင် ကျော်လွှားနေကြပြီး အနာဂတ်အတွက်လည်း ခိုင်မာသည့် မျှော်လင့် ချက်၊ ရည်မှန်းချက်များရှိကြကာ အလျှော့မပေးဘဲ ကြံ့ကြံ့ခံလျက် မိမိကိုယ်ကို ယုံကြည်တန်ဖိုးထားမှုရှိကြသည်။ တစ်ဦးက ဆရာဝန် ဖြစ်လိုပြီး၊ အခြား တစ်ဦးက အင်ဂျင်နီယာ၊ ကလေးအထူးကု၊ နက္ခတ္တဗေဒပညာရှင်၊ ပန်းချီဆရာ၊ ဘောလုံးသမား၊ ကေပေါ့အိုက်ဒေါ၊ လူမှုကူညီရေးဝန်ထမ်း စသည်ဖြင့် ဖြစ်လို ကြသည်။ လူမှုကူညီရေးဝန်ထမ်းဖြစ်လိုသူ ကလေးက "အိမ်ရာမဲ့တွေအတွက်

---

[39] ဖြေဆိုသူအမှတ်စဉ် (၁၁)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[40] ဖြေဆိုသူအမှတ်စဉ် (၁၂)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[41] ဖြေဆိုသူအမှတ်စဉ် (၄)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

အိမ်တစ်လုံးဆောက်ပေးပြီး ဗိုက်ဆာနေသူတွေအတွက် အစားအစားတွေ ပေးမယ်။ ဒါဆို ငါတို့လိုမျိုး သူတို့ ဒုက္ခမရောက်တော့ဘူး” ဟူ၍ ဆိုသည်။[42]

အင်တာဗျူးဖြေဆိုသူ လူမှုကူညီရေးဝန်ထမ်းက ငွေကြေးပြဿနာများနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသည်များကို ပြောကြားရာတွင် အဓိကပြဿနာမှာ အလုပ်အကိုင်ရှားပါးခြင်းဖြစ်ကြောင်း ဆိုသည်။[43] ဒုက္ခသည်များသည် အလျှုရှင်များအပေါ်၌သာ မှီခိုနေကြရပြီး ကုလသမဂ္ဂနှင့် အိန္ဒိယအစိုးရတို့ထံသို့ ၎င်းတို့၏ အခြေအနေကို အသိပေးနိုင်ရန် အသံပို၍ ကျယ်လောင်စွာ ထွက်နိုင်ရန် လိုအပ်နေသည်။ ဖော်ပြခဲ့သည့်အတိုင်းပင် ဒုက္ခသည်အများစုမှာ ဘာသာစကား အခက်အခဲရှိကြသည်။ နေရပ်ဖြစ်သည့် ချင်းပြည်နယ်၌ပင်လျှင် ဗမာစကားအသုံးပြုသည့် ပညာရေးနှင့်စပ်လျဉ်း၍ ရုန်းကန်နေကြရသည်။

အစိုးရကျောင်းများတွင် လစဉ်ကြေးပေးသွင်းရန် မလိုသော်လည်း မိဘများသည် ဘာသာစကားနှင့် ငွေကြေးအခက်အခဲများကြောင့် ကလေးများအား ဒေသခံကျောင်းများတွင် မထားနိုင်ကြပါ။ ယင်းအစား ကျောင်းသားတစ်ဦးအတွက် တစ်လလျှင် ရူပီး (၅၀၀) ကောက်ခံသော အမျိုးသားညီညွတ်ရေးအစိုးရ နှင့် စီဒီအမ်ဆရာများက ပြုလုပ်ပေးထားသည့် သင်ရိုးညွှန်းတမ်းကိုသာ ပိုမိုသင်ယူစေလိုသည့် ဆန္ဒရှိကြသည်။ ယင်းသို့လုပ်မည့်အစား ပညာရေး အာမခံချက်နှင့် ပြည်ပနိုင်ငံများကပါ အသိအမှတ်ပြုမှု ရရှိထားသည့် ဒေသခံကျောင်းများသို့သာ သွားသင့်ကြောင်း၊ ညနေပိုင်း၌ အိမ်တွင် မီဇိုနှင့် ဗမာစကားတို့ကို လေ့လာသင်ယူသင့်ကြောင်း၊ ယင်းကသာ ပို၍ထိရောက်နိုင်ကြောင်း၊ အချို့ကျောင်းများ၌ မီဇိုဘာသာစကားအစား ရွေးချယ်စရာ အင်္ဂလိပ်ဘာသာလည်း ရှိကြောင်း၊ NUG အနေဖြင့် မျှော်လင့်စောင့်စားနေသူများအတွက် စည်းရုံးလှုံ့ဆော်မှုလုပ်သင့်ကြောင်းဖြင့် လူမှုကူညီရေးဝန်ထမ်းက ဆိုသည်။

လက်ရှိ နွေဦးတော်လှန်ရေးသည် မည်မျှကြာမြင့်မည်ကို မည်သူကမျှ မပြောနိုင်ပါ။ နှစ်ပေါင်း (၂၀) သို့မဟုတ် နှစ်ပေါင်း (၃၀) အထိ ကြာမြင့်သွား

---

[42] ဖြေဆိုသူအမှတ်စဉ် (၄)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

[43] ဖြေဆိုသူအမှတ်စဉ် (၁၇)၊ ကိုယ်တိုင်ဆက်သွယ်မေးမြန်းမှု၊ ၂၀၂၃ ခုနှစ်။

ပါက ကလေးများအနေဖြင့် ပညာရေးပျောက်ဆုံးသွားနိုင်ပါသည်။ တိုင်းပြည် တစ်ခုတွင် တော်လှန်ရေးအပြီး၌ ပျောက်ဆုံးသွားသော မျိုးဆက်တစ်ခု ရှိစမြဲ ဖြစ်သည်။ တော်လှန်ရေးအောင်နိုင်သည့်အခါ နိုင်ငံကို ပြန်လည်ထူထောင်ရန် အတွက် ဘက်ပေါင်းစုံမှ ကျွမ်းကျင်သူများစွာကို လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်များစွာ ပျောက်ဆုံးမသွားစေရန်အတွက် ကျွန်ုပ်တို့အားလုံး အနေဖြင့် ကျောင်းသားများကို အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေး၊ ထို့ထက်ပို၍ ပါရဂူဘွဲ့များအထိသို့ပင် ရောက်ရှိစေရေး အတတ်နိုင်ဆုံး ကြိုးပမ်း ကြရမည်ဖြစ်သည်။ မီဇိုရမ်ပြည်နယ်အစိုးရက ပေးအပ်ထားသော အခွင့်အရေး များကိုလည်း စဉ်ဆက်မပြတ် လေ့လာသုံးသပ်နေရမည်ဖြစ်သည်။

နိဂုံး

မြန်မာနိုင်ငံမှ မီဇိုရမ်ပြည်နယ်သို့ ထွက်ပြေးလာသော ဒုက္ခသည်ကလေးများ သည် RTE အရ ပညာသင် ကြားခွင့်ရှိသော်လည်း ဘာသာစကား၊ သင်ရိုး ညွှန်းတမ်း၊ ငွေကြေးနှင့် ဥပဒေအရ အသိအမှတ်ပြုမှုတို့တွင် အခက်အခဲများစွာ ကြုံတွေ့နေကြရသည်။ ၎င်းတို့သည် ဘာသာစကားဆိုင်ရာ အခက်အခဲကို ဖွဲ့ လုံ့လအားထုတ်မှုဖြင့် ကျော်လွှားကြပြီး သင်ရိုးညွှန်းတမ်းဆိုင်ရာ အခက်အခဲ ကို ကိုယ်ပိုင်လေ့လာမှုဖြင့် ကျော်လွှားနေကြသည်။ မီဇိုရမ်ပြည်နယ်တွင် ဒုက္ခသည်ကျောင်းသားများသည် အစိုးရပညာရေးနှင့် နေ့လယ်စာတို့ကို အခမဲ့ ရရှိနိုင်ကြသော်လည်း ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ မှတ်စုစာအုပ်နှင့် စာရေး ကိရိယာတို့အတွက် အထောက်အပံ့မရရှိကြပါ။ ထို့ကြောင့် ဒုက္ခသည်ကလေး များအတွက် ငွေကြေးဆိုင်ရာ ပြဿနာများမှာ အဓိက အခက်အခဲအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ပညာသင်စရိတ်တို့အတွက် ထောက်ပံ့မှုမရှိခြင်း တို့ကြောင့် ပို၍ပင် ခက်ခဲဦးမည်ဖြစ်သည်။

ဥပဒေကြောင်းအရ အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ အိန္ဒိယသည် ၁၉၅၁ ခုနှစ် CRSR ကို ဖြစ်စေ၊ ၁၉၆၇ ခုနှစ် သဘောတူညီချက်ကို ဖြစ်စေ၊

လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အတွက် အိန္ဒိယနိုင်ငံတွင် နေထိုင်သော ဒုက္ခသည်များအတွက် ကာကွယ်မှု (သို့) အကျိုးခံစားခွင့်များကို ပံ့ပိုးပေးရန် အတွက် တရားဝင်ယန္တရားမရှိပါ။ UNHCR သည် အိန္ဒိယနိုင်ငံတွင်ရှိပြီး ဒေလီ မြို့ရှိ ချင်းဒုက္ခသည်များကို စာရင်းပြုစုခြင်း၊ လက်ခံခြင်းနှင့် ပြန်လည်နေရာ ချထားခြင်းများကို လုပ်ဆောင်နေသော်လည်း မီဇိုရမ်ပြည်နယ်တွင်မူ လုပ်ငန်း များဆောင်ရွက်နေခြင်း မရှိပါ။ ထို့ကြောင့် မီဇိုရမ်ပြည်နယ်ရှိ ချင်းဒုက္ခသည် အများစုအတွက် UNHCR မှတစ်ဆင့် ဒုက္ခသည်အဆင့်သတ်မှတ်မှုကိုရရှိရန် အလွန်ခက်ခဲသည်။ ထိုသို့သော အကြောင်းအချက်များကြောင့် မီဇိုရမ်အတွင်း နေထိုင်ကြသော ဒုက္ခသည်များအား အကာအကွယ်နှင့် အထောက်အပံ့များ ပံ့ပိုးပေးနိုင်ရန်အတွက် မီဇိုရမ်ပြည်နယ်၏ မြို့တော် အိုက်ဇောတွင် UNHCR ရုံးခွဲတစ်ခုထားရှိရန် ဤစာတမ်းမှတစ်ဆင့် အကြံပြုအပ်ပါသည်။

ထို့ပြင် အိန္ဒိယအစိုးရ၊ မီဇိုရမ်ပြည်နယ်အစိုးရ၊ ဒေသအာဏာပိုင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ UNHCR နှင့် အခြားနိုင်ငံတကာအေဂျင်စီ များ စသည့် သက်ဆိုင်သူအသီးသီးတို့အနေဖြင့် RTE၊ EPM၊ NET၊ CRC နှင့် CRSR တို့ကဲ့သို့သော နိုင်ငံတော်၊ နိုင်ငံတကာနှင့် ပြည်တွင်း မူဘောင်စံနှုန်း များနှင့် ကိုက်ညီသည့် ဒုက္ခသည်ကျောင်းသားများအတွက် ပညာရေးမူဝါဒ တစ်ရပ်ကို ပူးပေါင်းညှိနှိုင်း လုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်။

အဆိုပါပညာရေးမူဝါဒအသစ်သည် ဒုက္ခသည်ကျောင်းသားများအား အရည်အသွေးမီ ပညာရေး ရရှိစေရန်နှင့် ဘာသာစကား၊ သင်ရိုးညွှန်းတမ်း အခက်အခဲများ၊ ငွေကြေးအခက်အခဲများ၊ အထောက်အထား၊ စိတ်ဒဏ်ရာ၊ ခွဲခြားဆက်ဆံခံရမှုနှင့် ပေါင်းစည်းမှု အစရှိသည့် သီးခြားလိုအပ်ချက်များနှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် အာမခံချက် ပေးနိုင်ရမည်ဖြစ်သည်။ ထို မူဝါဒသည် ဒုက္ခသည်ကျောင်းသားများအတွက် အခြေခံအဆင့်တွင် မိခင် ဘာသာစကားအား သင်ကြားမှုကြားခံဘာသာစကားအဖြစ် အသုံးပြုနိုင်ရေး အခွင့်အလမ်းကိုလည်း အထောက်အကူပေးသင့်ပါသည်။

မီဇိုရမ်ပြည်နယ်ရှိ မြန်မာဒုက္ခသည်များအတွက် တန်းတူညီမျှစွာ ပညာ သင်ကြားနိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အစိုးရမဟုတ်သောအဖွဲ့အစည်း

များ၊ အရပ်ဘက်လူမှုအသိုင်းအဝိုင်း၊ ဆရာများ၊ ပညာပေးသူများ၊ ရပ်ရွာလူထု၊ မိသားစုဝင်များ၊ လူငယ်များ၊ ကလေးများနှင့် စေတနာ့ဝန်ထမ်း တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ရန် လိုအပ်ပါသည်။ ပညာသင်ကြားခွင့်မှာ မည်သို့သော အဆင့်အတန်း (သို့) နောက်ခံမှဖြစ်စေ လူသားအားလုံး ရရှိရမည့် အခြေခံလူ့အခွင့်အရေးဖြစ်သည်။ ထို့ကြောင့် အားလုံးပါဝင်ပြီး အရည်အသွေးပြည့်မီသည့် ပညာသင်ကြားခွင့်ရရှိရေးအတွက် မည်သည့်ဒုက္ခသည်ကလေးမှ နောက်တွင် ကျန်ရစ်ခြင်း မရှိစေရန် အလွန်အရေးကြီးပါသည်။

နောက်ဆုံးအနေဖြင့် ဤစာတမ်းသည် ချင်းလူမှုအသိုင်းအဝိုင်းတွင် အသုံးအများဆုံးဖြစ်သော မိခင်ဘာသာစကားများကို လေ့လာဖော်ထုတ်ရန်နှင့် ထိုဘာသာစကားတတ်မြောက်မှုနှင့် သင်ကြားရေးတို့ကို ပံ့ပိုးအားပေးရန်တို့အတွက် လေ့လာမှုများ ထပ်မံဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ချင်းလူမှုအသိုင်းအဝိုင်းတွင် ဘုံဘာသာစကားတစ်ရပ်၊ ချင်းပြည်နယ်အတွက် တရားဝင်ဘာသာစကားတစ်ရပ် ရှိခြင်းဖြင့် ချင်းကျောင်းသားလူငယ်များ၏ ပညာရေးကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်ပါသည်။

ကိုးကားချက်များ

ACAPS. (2023, July 28). *Myanmar refugees in India.* https://www.acaps.org/fileadmin/Data_Product/Main_media/20230728_ACAPS_briefing_note_Myanmar_refugees_in_India.pdf

Agarwala, T. (2021, September 6). Myanmar refugees' children to study in Mizoram schools. *The Indian Express.* https://indianexpress.com/article/north-east-india/mizoram/myanmar-refugees-children-schools-mizoram-govt-7484743/

Annamalai, E. (2001). *Managing Multilingualism in India: Political and Linguistic Manifestations.* Sage.

Aras, B., & Yasun, S. (2016). The educational opportunities and challenges of Syrian refugee students in Turkey: Temporary education centers and beyond. *Journal of International*

Migration and Integration, *17*(2), 419-431. https://doi.org/10.1007/s12134-015-0448-2

Balaji, T. (2015). Educational Rights of Refugee Children under International Law-Special Reference with India. *Research Journal of Science and Management*, *4*(9), 185-189. https://www.academia.edu/74262593/

Bunei, M. (1976). *History of Chin Hills*. Sarphy Baith Man.

Choudhury, R. (2021, September 7). Myanmar refugee children to study in Mizoram schools on "humanitarian grounds". *NDTV*. https://www.ndtv.com/india-news/myanmar-refugee-children-to-study-in-mizoram-schools-on-humanitarian-grounds-2528480

Dhawan, A., & Parameswaran, K. (2022). Rights of Refugees in India: The Legal perspective with special reference to their educational rights. *Journal of Positive School Psychology*, *6*(4), 5513-5516. https://unitexjournal.net/wp-content/uploads/D-112.pdf

Dryden-Peterson, S. (2003, June) *Education of Refugees in Uganda: Relationships Between Setting and Access* [Refugee Law Project Working Paper No. 9]. Refugee Law Project. https://core.ac.uk/download/pdf/10976572.pdf

Lall, M., & South, A. (2014). Comparing Models of Non-state Ethnic Education in Myanmar: The Mon and Karen National Education Regimes. *Journal of Contemporary Asia*, *44*(2), 298–321. https://doi.org/10.1080/00472336.2013.823534

Liamputtong, P. (2007). *Researching the Vulnerable: A Guide to Sensitive Research Methods*. Sage.

Ogwang, T. P. (2022). Refugee Education: Refugees' perceptions of educational challenges in Uganda. *International Journal of Educational Administration and Policy Studies*, *14*(1), 38-45.

Pandey, A., & Choudhury, R. (2021). Mizoram Helps Refugee Children from Myanmar Get Back to Learning. *NDTV*. https://www.ndtv.com/india-news/mizoram-helps-refugee-children-from-myanmar-get-back-to-learning-2539335

Rochanhlu, J. (2022, September 28). Over 6,000 Myanmar children enrolled in Mizoram schools. *East Mojo.*

စစ်ကိုင်းတိုင်းရှိ ပြည်သူများသည် စက်မှုလုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းမျိုးစုံကို လုပ်ကိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းတို့မှာ ဒေသခံများ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် ရှိနေဆဲဖြစ်သည်။ ဒေသမှာ သီးနှံမျိုးစုံဖြစ်ထွန်းသည့် မြေဆီလွှာနှင့် ဥတုမျှတမှုကြောင့် ထင်ရှားသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းနှင့်အတူ စစ်ကိုင်းတိုင်းတွင် ပြည်တွင်းနှင့် ပို့ကုန်စျေးကွက်များအတွက် ထုတ်ကုန်များထုတ်သည့် စက်မှုကဏ္ဍလည်း ကြီးထွားလာလျက် ရှိပါသည်။ ရိုးရာလက်မှုလုပ်ငန်းများကြောင့် ကျော်ကြားပြီး၊ ရက်ကန်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေဘို၊ မုံရွာ၊ ကလေး နှင့် စစ်ကိုင်းမြို့နယ်များတွင် စက်ရက်ကန်းအများစုရှိပါသည်။ ခြုံစောင်၊ ပဝါ၊ အမျိုးသား၊ အမျိုးသမီးအဝတ်အထည်များနှင့် ချည်အိတ်များစသည့်တို့အား ဒီဇိုင်းပုံစံများဖြင့် အလှဆင်၍ ကျွမ်းကျင်စွာရက်လုပ်ဖန်တီးကာ ကမ္ဘာအနှံ့သို့ ဖြန့်ဖြူးရောင်းချပါသည်။ ရွှေဘို၊ ဆိပ်ခွန်ရွာတွင် ရက်လုပ်သော ဆိပ်ခွန်လုံချည် မှာ ထူးခြားသည့် အရည်အသွေးကြောင့် နိုင်ငံတစ်ဝန်းတွင် လူသိများသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် စီးပွားရေးအခင်းအကျင်း၌ အရေးပါသည့် နေရာတစ်ခုဖြစ်သည်။ နေထိုင်သူအများစုမှာ ထေရဝါဒဗုဒ္ဓ ဘာသာနှင့် နီးကပ်ဆက်စပ်သော ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် ဗမာများ ဖြစ်ကြသည်။ ရှေးဟောင်းအင်ပါယာနေရာများနှင့် မြို့တော်များရှိပြီး ရှည်လျားသည့် သမိုင်းကြောင်းလည်းရှိရာ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုကို ပုံဖော်ရာ၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မီဇိုရမ်ပြည်နယ်မှ ရက်ကန်းသမားများ

မီဇိုရမ်ရှိ လူအများစုသည် တိဘက်-ဗမာစကားပြောအုပ်စုတစ်စုဖြစ်သည့် မီဇိုများဖြစ်သည်။ ပြည်နယ်တွင် လူဦးရေ (၁) သန်းကျော်ရှိပြီး မြို့တော် အိုက်ဇောမှာ စည်ကားလာနေသော်လည်း အများစုမှာ ကျေးလက်ဒေသ၌သာ နေထိုင်ကြသည်။ ပြည်နယ်သည် အရှေ့ဘက်နယ်နိမိတ်တွင် မြန်မာ၏ ချင်းပြည်နှင့်

နယ်နိမိတ်ချင်း ထိစပ်နေသည်။ အိန္ဒိယ၏ အရှေ့မြောက်ပိုင်း ပြည်နယ်များ အနက် မီဇိုရမ်ပြည်နယ်သည် ၂၀၂၁ အာဏာသိမ်းချိန်မှ စတင်ကာ မြန်မာပြည်သူများကို အများဆုံး လက်ခံပေးထားသည့် ပြည်နယ်ဖြစ်သည်။

ပုံ (၂)

စာရေးသူ၏ မီဇိုရမ်ပြည်နယ်မြေပုံ။



မီဇိုရမ်ပြည်နယ်ရှိ အလုပ်သမားများအတွက် ပြည်နယ်အစိုးရက အလေးထား ပံ့ပိုးပေးထားသည်။ မီဇိုရမ်၏ လုပ်သားအင်အားမှာ အိန္ဒိယတစ်နိုင်ငံလုံး၌ အမျိုးသမီးလုပ်သား ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ မီဇိုရမ်အစိုးရ၏ အလုပ်သမား၊ အလုပ်အကိုင်၊ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင်မှုဌာန (LESDE) သည် အလုပ်အကိုင်မရှိသေးသော ပညာတတ်လူငယ်များအတွက် အလုပ်အကိုင် အကူအညီများပေးကာ မီဇိုရမ်ပြည်နယ်ရှိ လုပ်သားဈေးကွက်တိုးတက်လာစေရန်အတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး အစီအစဉ်များ၊ အခြေခံစစ်တမ်းများနှင့် ခြေရာခံလေ့လာမှုများ ပြင်ဆင်ဆောင်ရွက်ခြင်း အစရှိသည့် ဆောင်ရွက်မှုအမျိုးမျိုးကို လုပ်ဆောင်ပေးသည်။ LESDE သည် စာသင်ကျောင်းများနှင့် ကောလိပ်များရှိ အခြားဌာနများနှင့် ပူးပေါင်းကာ အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ပါသည်။ အဆိုပါကမ်ပိန်းများမှာ ကျောင်းသားများနှင့် အမျိုးသမီးများအကြား ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများအကြောင်း အသိပညာပေးနိုင်ရန် ရည်ရွယ်ပါသည်။ ပုံမှန်အလုပ်အကိုင်သင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပြင် မီဇိုရမ်တွင် ဖွံ့ဖြိုးလာသော ပုံမှန်မဟုတ်သည့် ကဏ္ဍတစ်ရပ်လည်း ရှိပါသည်။ သာဓကအားဖြင့် အိုက်ဇောရှိ Thakthing လမ်းဈေးတွင် အသေးစားစိုက်ပျိုးသူများနှင့် လယ်သမားများအတွက် လုပ်ငန်းကုန်ကျစရိတ် နည်းပါးစွာဖြင့် ထုတ်ကုန်များကို ဈေးကွက်၌ တိုက်ရိုက်ရောင်းချနိုင်မည့် အရောင်းနေရာတစ်ခု ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။

မီဇိုရမ်ပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေး၊ ဥယျာဉ်ခြံ၊ သစ်တောလုပ်ငန်းနှင့် စက်မှုလုပ်ငန်း စသည့် လုပ်ငန်းမျိုးစုံတို့ဖြင့် စီးပွားရေးကို ပံ့ပိုးပေးထားသည်။ စိုက်ပျိုးမွေးမြူရေး၊ ဥယျာဉ်ခြံလုပ်ငန်းတို့နှင့်အတူ မီဇိုရမ်ပြည်နယ်တွင် ရိုးရာအိမ်တွင်း လက်ရက်ကန်းလုပ်ငန်းနှင့် လူကြိုက်များသော အဝတ်အထည်မျိုးစုံ ထုတ်လုပ်ခြင်းကြောင့် စက်ရက်ကန်းထည်လုပ်ငန်းလည်း ကြီးထွားလာလျက်ရှိသည်။ ရက်ကန်းရက်လုပ်ခြင်းကျွမ်းကျင်မှုမှာ မီဇိုလူမျိုးများ၏ ထင်ရှားသော အနုပညာပုံစံတစ်ခုဖြစ်ပြီး ယင်းလက်မှုပညာ၌ ကျွမ်းကျင်မှုအား

ယဉ်ကျေးမှုနှင့် ခွဲခြားမရသော အပိုင်းအဖြစ် တလေးတစား မှတ်ယူထားပါသည်။ ရက်ကန်းလုပ်ငန်းသည် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေများကို ထောက်ပံ့ပေးနိုင်ပြီး ဆင်းရဲမှုကို လျှော့ချကာ ပြည်နယ်၏ စီးပွားရေးကိုလည်း ပံ့ပိုးပေးပါသည်။

ရက်ကန်းရက်လုပ်ခြင်းအား အမျိုးသမီးများ လုပ်ကိုင်ကြကာ ငယ်ရွယ်စဉ်ကတည်းက ရက်ကန်းရက်လုပ်ခြင်းကို သင်ယူကြပြီး အိမ်တွင်းလက်မှုလုပ်ငန်း၏ လက်ထိုးလွန်းရက်ကန်းများတွင် *puans* အထည်များ ထုတ်လုပ်ကြသည်။ အဆိုပါအထည်များမှာ လုံချည်နှင့်ဆင်တူပြီး၊ အမျိုးသမီးများက ရိုးရာဝတ်စုံအဖြစ် ဝတ်ဆင်ကြကာ လှပသည့် အဆင်ဒီဇိုင်းနှင့် အနုစိတ်သော ပန်းထိုးများကြောင့် ကျော်ကြားသည်။ *Puans* အပြင် ရက်ကန်းသမားများသည် *puanchei* ၊ *ngotekherh* နှင့် *kawrchei* အထည်များသာမက ပဝါနှင့် လွယ်အိတ်များလည်း ထုတ်လုပ်ပြီး မီဇိုအမျိုးသမီးများအကြား အကြိုက်များကာ ရိုးရာအခမ်းအနားများနှင့် ပွဲတော်များ၌ ဝတ်ဆင်ကြသည်။ ရက်ကန်းသမားများသည် လက်ထိုး လွန်းရက်ကန်းနှင့် လွန်းပျံရက်ကန်း နှစ်မျိုးစလုံးကို အသုံးပြုကြသည်။ လွန်းပျံရက်ကန်းသည် တတ်နိုင်သူများအတွက် အရည်အသွေး ပိုမိုကောင်းမွန်သော အထည်များ ထုတ်ပေးပြီး ရက်ကန်းသမားများအတွက်လည်း အရည်အသွေး တူညီသည့် ပိတ်စရှည်များအား ပိုမိုရက်လုပ်နိုင်စေပါသည်။ လက်ထိုးလွန်းရက်ကန်းကို အကျယ် (၁၆-၂၂) လက်မရှိ အထည်များ ပြုလုပ်ရန် အတွက် အသုံးပြုပြီး ကော်ဇောနှင့် ခြုံစောင်များ၏ အဆင်ကွက်များကို ပြုလုပ်ရာ၌လည်း အသုံးပြုပါသည်။[3]

အိန္ဒိယနိုင်ငံတွင် လက်ရက်ကန်းလုပ်ငန်းလုပ်သည့် အိမ်ထောင်စုပေါင်း (၂,၇၈၃,၀၀၀) အား အလုပ်အကိုင်များ ပံ့ပိုးပေးထားနိုင်ပြီး လုပ်သားအင်အား၏ (၇၇) ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ မီဇိုရမ်တွင် ရက်ကန်းလုပ်သည့် အစုများစွာ ရှိသည်။ ရက်ကန်းရက်လုပ်ခြင်းဖြင့် ကျော်ကြားသည့် နေရာများတွင် Serchhip ခရိုင် (Thenzawl) နှင့် အိုက်ဇောခရိုင် (အိုက်ဇော)

[3] Sampada, 2023.

တို့ ပါဝင်သည်။ ယင်းဒေသများမှ ထုတ်လုပ်သော အဝတ်အထည်များမှာ အနုစိတ်သည့် အဆင်ဒီဇိုင်းများ၊ စိုလွင်တောက်ပသော အရောင်များနှင့် အရည်အသွေးမြင့်မားမှုတို့ကြောင့် ကျော်ကြားပြီး မီဇိုရမ်အတွင်း၌သာမက ပြင်ပတွင်လည်း လူကြိုက်များသည်။ လက်ရက်ကန်းသည် နွမ်းပါးသော အမျိုးသမီးများအတွက် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းပုံစံတစ်ခု ဖြစ်လာပြီး အသေးစားလက်ရက်ကန်းလုပ်ငန်း (၂၅၀) ၏ (၉၈) ရာခိုင်နှုန်းကို အမျိုးသမီး များက ပိုင်ဆိုင်ကြကြောင်း Thenzawl လက်ရက်ကန်းအစုအား လေ့လာမှု တစ်ရပ်တွင် ဖော်ပြထားသည်။[4] သို့သော် ရက်ကန်းသမားများမှာ ငွေကြေး အခက်အခဲများ၊ ကျန်းမာရေးပြဿနာများနှင့် အစိုးရ၏ ပံ့ပိုးမှု နည်းပါးခြင်း တို့ကို ကြုံတွေ့ရကြောင်း Zuangtui လက်ရက်ကန်းအစုမှ လက်ရက်ကန်း သမားများ၏ လူမှုစီးပွားအကြောင်း အခြားလေ့လာမှုတစ်ရပ်က ဆိုသည်။[5]

ပြည်နယ်အစိုးရသည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ ငွေကြေးထောက်ပံ့မှုနှင့် ဈေးကွက်ရှာဖွေရေး ပံ့ပိုးမှုများ အစရှိသည့် အမျိုးမျိုး သော ဆောင်ရွက်ချက်များမှတစ်ဆင့် ရက်ကန်းလုပ်ငန်းကို ကူညီပံ့ပိုးပေး သည်။ အဆိုပါ ဆောင်ရွက်ချက်များသည် ရက်ကန်းသမားများ၏ ကျွမ်းကျင်မှု တိုးတက်လာစေရန်၊ အရင်းအနှီးများ ရရှိလာစေရန်နှင့် ထုတ်ကုန်များအား ရောင်းချနိုင်စေရန်တို့ကို ရည်ရွယ်ပါသည်။

ရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်း

အိန္ဒိယ-မြန်မာနယ်နိမိတ်သည် (၁,၆၄၃) ကီလိုမီတာ ရှည်လျားပြီး အိန္ဒိယနိုင်ငံ ဘက်ရှိ အရွနာချယ်ပရာဒေ့ရှ်၊ နာဂလန်း၊ မဏိပူရ်ပြည်နယ်များနှင့် မြန်မာ နိုင်ငံဘက်မှ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ထိစပ်နေသည်။ ချင်းပြည်နယ်သည် မီဇိုရမ်ပြည်နယ်မှ ခရိုင် လေးခုနှင့် လည်းကောင်း၊ မီဇိုရမ်ရှိ Churachandpur၊ Tengnoupal နှင့် Chandel

[4] Ramswamy & Kumar, 2013.
[5] Ramswamy & Kumar, 2013.

ခရိုင်များမှာ မြန်မာမှ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းတို့နှင့်လည်းကောင်း နယ်နိမိတ်များ ထိစပ်နေသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံဟူ၍ မပေါ်ပေါက်မီ ရာစုနှစ်များစွာကတည်းကပင် လူများမှာ အဆိုပါဒေသများကို ဖြတ်ကျော်ဝင်ရောက်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။[6] သို့သော်လည်း မြန်မာတွင် လွန်ခဲ့သည့် ရာစုနှစ်ဝက်အတွင်း လူမျိုးရေးပဋိပက္ခနှင့် တိုင်းရင်းသား လူနည်းစုများအပေါ် နှိပ်ကွပ်မှုများကြောင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဆီသို့ ရွှေ့ပြောင်းနေထိုင်မှုမှာ ပို၍ပင် များပြားလာသည်။ အဆိုပါ ဒေသအတွင်းရှိ လူမျိုးစုများအကြား နီးကပ်စွာတည်ရှိမှုနှင့် တူညီသည့် ယဉ်ကျေးမှု နှောင်ကြိုးများကြောင့် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှုမှာ လွယ်ကူချောမွေ့ပါသည်။[7]

၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်တွင် မြန်မာနိုင်ငံမှ လူပေါင်းများစွာတို့မှာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ၁၉၈၈ နောက်တစ်ကြိမ် အာဏာသိမ်းချိန်တွင် အစုလိုက်အပြုံလိုက် အကြမ်းဖက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ဒီမိုကရေစီ လိုလားဆန္ဒပြသူများအား သတ်ဖြတ်မှုများကြောင့် နောက်ထပ်ပြည်သူအသုတ်လိုက်ကြီးမှာ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း (နှင့် အခြားသော အိမ်နီးချင်းနိုင်ငံများ) သို့ ထွက်ခွာခဲ့ကြရသည်။ အဆိုပါဒုက္ခသည်တို့မှာ မီဇိုရမ်တွင် အခြေချနေထိုင်ခဲ့ကြသည်။ ထို့နောက် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်း ချိန်တွင် ဒီမိုကရေစီလိုလားသူများမှာ တစ်ဖန်ပြန်၍ တိုက်ခိုက်ခံကြရပြီး ချင်းပြည်နယ်တွင် နေထိုင်သူအများစုမှာ မီဇိုရမ်တွင် ခိုလှုံခဲ့ကြသည်။ အာဏာရ မီဇိုအမျိုးသားတပ်ဦး (MNF) မှ Rajya Sabha အဖွဲ့ဝင်တစ်ဦးဖြစ်သည့် K. Vanlalvena ၏ ပြောကြားချက်အရ အာဏာသိမ်းပြီးနောက်တွင် မီဇိုရမ်၌ မြန်မာမှ လာရောက်ခိုလှုံသူ (၄၀,၀၀၀) ကျော်ရှိသည်ဟု သိရှိရသည်။ အဆိုပါ ဒုက္ခသည်များမှာ ချင်းလူမျိုးများဖြစ်ကြပြီး၊ လိုင်၊ တီးတိန်-ဇိုမား၊ lusei နှင့် Hualngo လူမျိုးစုများ ဖြစ်ကြပြီး၊ မီဇိုလူထု နှင့် နီးကပ်သည့် ဆက်ဆံရေးရှိကြသည်။ အနည်းစုမှာ ဗမာများဖြစ်သည်။

[6] Pakem, 1992.
[7] Sangpuii, 2016.

၂၀၂၁ အာဏာသိမ်းမှုမတိုင်မီက စစ်ကိုင်းတိုင်းမှာ နယ်စပ်ဒေသများရှိ လူနည်းစုများအပေါ် ကာလရှည်ကြာစွာ ကျူးလွန်ခဲ့သည် စစ်တပ်၏ အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများမှ အများအားဖြင့် လွတ်မြောက်နေခဲ့သည်။ သို့သော်လည်း ၂၀၂၁ အာဏာသိမ်းချိန်မှ စတင်ကာ အာဏာသိမ်း စစ်အုပ်စုကို တိုက်ခိုက်သည့် ရှေ့တန်းစစ်မျက်နှာတစ်ခု ဖြစ်လာခဲ့ပြီး လူထောင်ပေါင်းများစွာ သေဆုံးခြင်း၊ လေကြောင်းတိုက်ခိုက်မှု ရာချီနှင့် ရပ်ရွာအား အစုလိုက်အပြုံလိုက် မီးရှို့မှုများ ကို တွေ့ကြုံခံစားနေရသည်။ ထိုကဲ့သို့ ဖျက်ဆီးမှုများကြောင့် စစ်ကိုင်းတိုင်းမှ လူပေါင်းများစွာတို့မှာ အနီးအနားရှိ မြို့များနှင့် နိုင်ငံများသို့ ထွက်ပြေးခိုလှုံကြရ သည်။ ရက်ကန်းကျွမ်းကျင်သည့် နေရပ်စွန့်ခွာရသူ များစွာတို့သည် ရှိပြီးသား ဖြစ်သည့် စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းကို လိုက်ကာ မီဇိုရမ်သို့ ထွက်ပြေးခဲ့ကြပြီး ဆက်လက်အသက်မွေးနေထိုင်ကြသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများသည် တစ်နည်းတစ်ဖုံအားဖြင့် ဒုက္ခသည်များ ဖြစ်ကြသော်လည်း ၎င်းတို့အနေဖြင့် အနည်းဆုံး ရောင်းဝယ်လုပ်ကိုင်နိုင်မည့် အခြေအနေများအား ကြိုတင်သိရှိထားသည့် အချက်များအပေါ် အခြေခံ၍ မီဇိုရမ်သို့ ထွက်ပြေးလာကြသူများဖြစ်သည့်အတွက် စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်ကြသူများဟူ၍လည်း ခေါ်ဆိုနိုင်သည်။

လက်တလောတွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းသို့ ရွှေ့ပြောင်း နေထိုင်ကြသူများမှာ အိန္ဒိယဘက်မှ မြန်မာနိုင်ငံဘက်သို့ ရွှေ့ပြောင်းနေထိုင်ကြသူများထက် ပို၍များပြားနေသော်လည်း ထိုပုံစံချည်း အမြဲတမ်းဖြစ်နေသည်တော့ မဟုတ်ပေ။ ၁၉၆၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ သောင်းကျန်းမှုများ ဖြစ်ပွားခဲ့သည့် “Rambuai” ဟု ခေါ်ဆိုသည့် မငြိမ်မသက် ကာလတစ်ရပ်အတွင်းက မီဇိုအိမ်ထောင်စုများစွာတို့သည်လည်း မြန်မာနိုင်ငံ၌ ခိုလှုံခဲ့ကြရသည်။ ၁၉၈၆ ခုနှစ်တွင် အိန္ဒိယ အစိုးရနှင့် MNF တို့အကြား မီဇိုငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ဒေသတွင်း၌ အကြမ်းဖက်သောင်းကျန်းမှု များ လျော့ကျသွားကာ

၁၉၈၇ ခုနှစ်တွင် မီဇိုရမ်ပြည်နယ်အား သီးခြားပြည်နယ် တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

နောက်အပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ စာရင်းအင်းအချက်အလက်များ လေ့လာမှု အတွက် မူဘောင်များနှင့် စစ်ကိုင်း-မီဇိုရမ် ရက်ကန်းသမားများ၏ ရွှေ့ပြောင်းမှု အခြေအနေတွင် ဤလေ့လာမှုက နားလည်သဘောပေါက်ခဲ့သော စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်ရန် ဆုံးဖြတ်ချက်ချမှတ်စေခဲ့သည့် ယေဘုယျ အကြောင်းအချက်များ အပါအဝင် ရွှေ့ပြောင်းနေထိုင်မှုအား ယေဘုယျကျကျ လေ့လာပါမည်။

ရွှေ့ပြောင်းနေထိုင်သူများ၊ ၎င်းတို့၏ အရင်းခံအကြောင်းများနှင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ လေ့လာမှုများ

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM) က ရွှေ့ပြောင်းနေထိုင်သူဟူသည် ၎င်းတို့ ပုံမှန်နေထိုင်ရာနေရာမှ နိုင်ငံတကာနယ်စပ်ကို ဖြတ်ကျော်၍ဖြစ်စေ၊ နိုင်ငံအတွင်း ဝေးကွာသော တစ်နေရာသို့ဖြစ်စေ ပြောင်းရွှေ့နေထိုင်သူဖြစ်သည်ဟု သတ်မှတ်သည်။ ကမ္ဘာကြီးသည် ပိုမိုချိတ်ဆက်မှု ရှိလာသည်နှင့်အမျှ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်သည်လည်း လွန်ခဲ့သော နှစ်ပေါင်း (၅၀) အတွင်း တိုးလာလျက်ရှိသည်။ ရွှေ့ပြောင်းနေထိုင်ခြင်းသည် လူဦးရေ လေ့လာမှုများ၏ အရေးပါသည့် ရှုထောင့်တစ်ခုဖြစ်ပြီး လူမှုရေးပြဿနာရပ်များအပေါ် လူသားတို့၏ လိုက်လျောညီထွေ ပြုပြင်နေထိုင်နိုင်မှု ပုံစံတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင်မှုသည် လူထု၏ အရွယ်အစား၊ ဖွဲ့စည်းပုံနှင့် အရည်အသွေးတို့အပေါ် သက်ရောက်မှုရှိပြီး၊ အတွေးအမြင်များနှင့် သတင်းအချက်အလက်များ ပျံ့နှံ့မှုအတွက် ကွန်ရက်တစ်ခုကိုလည်း ပံ့ပိုးပေးပါသည်။

တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ရသည့် ဆုံးဖြတ်ချက်မှာ ရှုပ်ထွေးပြီး အကြောင်းအချက်အမျိုးမျိုးက လွှမ်းမိုးထားသည်။ အချို့သောသူများသည် ပိုမိုကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းများအတွက် နေရာရွှေ့

ပြောင်းရန် ရွေးချယ်ကြခြင်းဖြစ်ပြီး အချို့ကမူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့်ဖြစ်စေ၊ ပဋိပက္ခကြောင့်ဖြစ်စေနှင့် ညှဉ်းပန်းနှိပ်စက်မှု ကြောင့်ဖြစ်စေ နေအိမ်များမှ မဖြစ်မနေ ထွက်ခွာကြရခြင်း ဖြစ်သည်။ ဥပမာ အားဖြင့် လူများသည် ၎င်းတို့၏ လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေး (သို့မဟုတ်) နိုင်ငံရေးအစုအဖွဲ့တစ်ခုခုနှင့် ဆက်နွှယ်မှု အစရှိသည့် အချက်တစ်ခုခုကို အခြေခံကာ ခွဲခြားဆက်ဆံခံရခြင်းမှ လွတ်မြောက်ရန် အတွက် ရွှေ့ပြောင်းနေထိုင်နိုင်သည်။ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်မှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာသင်ကြားခွင့် ရရှိမှုတို့သည်လည်း ရွှေ့ပြောင်း နေထိုင်ရခြင်း၏ အကြောင်းအချက်များ ဖြစ်နိုင်သည်။

ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ အထက်ပါ စေ့ဆော်ချက်များနှင့် အခြား သော စေ့ဆော်ချက်များမှာ ရွှေ့ပြောင်းနေထိုင်ခြင်း လုပ်ငန်းစဉ်အား လွှမ်းမိုး သော၊ ဖြစ်မြောက်စေသော၊ တားဆီးထားသော သို့မဟုတ် စတင်စေသော ဖွဲ့စည်းပုံဆိုင်ရာ အစိတ်အပိုင်းများ ဖြစ်ကြသည်။ အဆိုပါ စေ့ဆော်ချက်များ သည် ရွှေ့ပြောင်းနေထိုင်မှုအဆင့်များ၊ သီးခြားရွှေ့ပြောင်းနေထိုင်မှု လမ်း ကြောင်း ဖြစ်နိုင်ချေများနှင့် ခရီးပန်းတိုင် မျိုးစုံတို့၏ ဆွဲဆောင်နိုင်မှုများအပေါ် သက်ရောက်မှုရှိသည်။[8] ရွှေ့ပြောင်းနေထိုင်မှုသည် လူ့သမိုင်းကဲ့သို့ သက်တမ်း ကြာမြင့်ပြီဖြစ်သော်လည်း ဘာသာရပ်ဖြစ်စဉ်တစ်ခုအနေဖြင့် မကြာသေးမီက မှ လေ့လာခဲ့ကြခြင်းဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်ရသည့် စေ့ဆော်ချက်များ၊ စီးဆင်းမှုများ၊ ရိုးရာများနှင့် ၎င်းတို့၏ သက်ရောက်မှုများကို ပိုမိုသိရှိ နားလည် နိုင်ရန်အတွက် လွန်ခဲ့သည့် ရာစုနှစ်ကတည်းက အဆိုပြုခဲ့သည့် သီအိုရီနှင့် မူဘောင်များစွာနှင့်အတူ လေ့လာခဲ့ကြသည်။[9] ယင်းအနက် သုံးခုမှာ မီဇိုရမ်သို့ ရက်ကန်းသမားများ ရွှေ့ပြောင်း နေထိုင်မှုအား လေ့လာခြင်းနှင့် အထူးသဖြင့် ဆက်စပ်နေပါသည်။

Hein de Haas က ရွှေ့ပြောင်းနေထိုင်ခြင်းသည် သိမှတ်ထားသော ပထဝီ အခွင့်အလမ်း ဖွဲ့စည်းပုံများအတွင်း ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် လူများ

[8] Czaika & Reinprecht, 2022.
[9] Hagen-Zanker, 2008.

၏ ပြင်းပြသောဆန္ဒနှင့် လုပ်နိုင်စွမ်းတို့၏ လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ပုံဖော်သည့် မူဘောင်တစ်ရပ်ကို တင်ပြသည်။[10] မူဘောင်သည် လူသားများ၏ ရွှေ့ပြောင်းသွားလာနိုင်မှုအား မည်သည့်နေရာ၌နေထိုင်မည်ဆိုသည့်အပေါ် လူများ၏ ရွေးချယ်နိုင်စွမ်း အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပြီး Isaiah Berlin ၏ အပြုသဘောနှင့် အပျက်သဘော လွတ်လပ်မှု အယူအဆများအား ဆွဲယူကာ ကြီးမားသည့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲသည် လူများ၏ ရွှေ့ပြောင်းနေထိုင်လိုသည့်ဆန္ဒနှင့် လုပ်နိုင်စွမ်းတို့အား မည်ကဲ့သို့ ဖြစ်ထွန်းလာစေသည်ကို ပုံဖော်ပါသည်။

ထို့ပြင် Van Hear ၊ Bakewell နှင့် Long တို့သည် ရွှေ့ပြောင်းနေထိုင်မှုအလျဉ်များကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် push-pull plus ဟု ခေါ်သည့် မူဘောင်တစ်ခုအား တင်ပြသည်။[11] စာရေးသူများက အလားအလာများ ဖန်တီးပေးခြင်း၊ နီးကပ်မှုရှိခြင်း၊ တွန်းပို့ပေးခြင်းနှင့် ပြေလည်စေခြင်းစသည့် စေ့ဆော်ချက်များအကြား ခွဲခြားသိမြင်ရန် အကြံပြုထားသည်။ နီးကပ်မှုရှိခြင်းနှင့် ပြေလည်စေခြင်း စေ့ဆော်ချက်များမှာ ကြားဝင်လုပ်ဆောင်ခြင်းနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မူဝါဒများအတွက် အလားအလာကောင်းများ ပေးစွမ်းနိုင်သည်ဟူ၍ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဘောဂဗေဒအတွင်း သိရှိနားလည်သင့်သည်ဟု ၎င်းတို့က ဆိုသည်။

Jacobsen သည် ဒုက္ခသည်များနှင့် ဒုက္ခသည်စခန်းများ ပြင်ပရှိ အခြားသော အဓမ္မရွှေ့ပြောင်းနေထိုင် နေကြရသူများ၏ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ရှာဖွေမှုကို အဓိကထားလေ့လာသည်။[12] "နေရပ်စွန့်ခွာခဲ့ရသူများ၏ အသက်မွေးဝမ်းကျောင်းများ" သီအိုရီကို ဆွဲယူကာ စာရေးသူများက အတင်းအကျပ်နေရပ်စွန့်ခွာလာကြရသူများ၏အသက်မွေးဝမ်းကျောင်းမှုသည် အခြားသော ရွှေ့ပြောင်းနေထိုင်သူများနှင့် မည်ကဲ့သို့ ကွာခြားမှု ရှိသည်ကို ဆန်းစစ်ပြီး၊ ဒုက္ခသည်များနှင့် ၎င်းတို့အား လက်ခံပေးထားသူများကို ကူညီ

---

[10] de Haas, 2001.
[11] Van Hear et al., 2018.
[12] Jacobsen, 2014.

ပံ့ပိုးပေးနိုင်မည့် ဒုက္ခသည်အစီအစဉ်များကို ပြန်လည်ပုံဖော်ရန် လိုအပ်ကြောင်းကို အလေးပေးဖော်ပြသည်။ စာရေးသူက အနာဂတ် စည်းရုံးလှုံ့ဆော်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် သုတေသနတို့အတွက် အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

အဆိုပါပညာရှင်များ၏ ယေဘုယျချဉ်းကပ်မှုနည်းလမ်းများမှာရွှေ့ပြောင်းနေထိုင်မှုအား ယေဘုယျအားဖြင့် သိရှိနားလည်နိုင်ရန် အသုံးဝင်ပါသည်။ သို့သော်လည်း မိဗိုရမ်သို့ ရွှေ့ပြောင်းနေထိုင်ကြသော ဗမာရက်ကန်းသမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် သီးခြားစိန်ခေါ်မှုအခက်အခဲများနှင့် ရွှေ့ပြောင်းနေထိုင်ရသည့် အရင်းခံအကြောင်းများကို သိရှိနားလည်နိုင်ရန်အတွက် ပိုမိုလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

လုပ်အားခ ကွာခြားချက်များ

လုပ်အားခကွာခြားမှုဟုသိကြသော ဒေသများအကြားဖြစ်စေ၊ နိုင်ငံများအကြားဖြစ်စေ လုပ်အားခများ မတူညီမှုသည် စီးပွားရေးအကြောင်းပြချက်အရ ရွှေ့ပြောင်းနေထိုင်ရသည့် လူများ၏ ဆုံးဖြတ်ချက်တွင် အရေးပါသော အချက်တစ်ခုဖြစ်သည်။ နေရာတစ်ခုသည် အခြားနေရာတစ်ခုထက် လုပ်အားခ ပိုပေးသည့်အခါ အလုပ်သမားများက ၎င်းတို့၏ ငွေကြေးအခြေအနေပိုမိုကောင်းမွန်ရန်အတွက် အဆိုပါ ပိုပေးသည့်နေရာသို့ ပြောင်းရွှေ့ရန် ရွေးချယ်ကြသည်။ ယင်းအခြေအနေမှာ အထူးသဖြင့် လုပ်အားခ များသည့်ဒေသသို့ ရွှေ့ပြောင်းခြင်းဖြင့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းအား သိသိသာသာ မြှင့်တင်နိုင်မည့် လုပ်အားခ နည်းပါသော အလုပ်သမားများအတွက် မှန်ကန်ပါသည်။

လူနေမှုစရိတ်၊ အလုပ်အကိုင်ဈေးကွက်အခြေအနေနှင့် အလုပ်သမားရရှိနိုင်မှုနှင့် အလုပ်သမား လိုအပ်ချက်အကြားမျှခြေ အစရှိသည့် အချက်များစွာကြောင့် လုပ်အားခကွာခြားမှုများ ဖြစ်ပေါ်နိုင်ပါသည်။ အစိုးရနှင့် အခြားအဖွဲ့အစည်းများများအနေဖြင့် အနိမ့်ဆုံးလုပ်အားခဥပဒေများ၊ စုပေါင်းညှိနှိုင်းသဘောတူညီချက်များနှင့် ရည်ရွယ်ပစ်မှတ်ထားသည့် စီးပွားရေး ဖွံ့ဖြိုးတိုး

တက်မှု အစီအစဉ်များ အစရှိသည့် မူဝါဒများမှတစ်ဆင့် လုပ်အားခ ကွာခြားမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။

စီးပွားရေးအရရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးအခြေအနေကို တိုးတက်စေသည့်အပြင် ၎င်းတို့ရောက်ရှိနေသည့်နေရာ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် နေရာအသစ်သို့ ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် လုပ်အားများ ဆောင်ယူလာခြင်းဖြင့် လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ၊ ကုန်ထုတ်လုပ်မှုကိုလည်း မြင့်တက်စေပြီး၊ စီးပွားရေးတိုးတက်မှုကိုလည်း လှုံ့ဆော်ပေးပါသည်။ သို့သော်လည်း စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုသည် အလုပ်အကိုင်နှင့် နေထိုင်ရာ အဆောက်အဦအတွက် ယှဉ်ပြိုင်မှုပိုလာစေခြင်း သို့မဟုတ် ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ရာ ရောက်ရှိနေသည်နေရာနှင့် မူလနေထိုင်ခဲ့သည့်နေရာ နှစ်ရပ်စလုံးအပေါ် အကျိုးသက်ရောက်မှု ရှိစေပါသည်။

ရွှေ့ပြောင်းစရိတ်များ

တစ်ဦးချင်း၏ ရွှေ့ပြောင်းနေထိုင်မှု ပြု၊ မပြုအပေါ် လွှတ်လပ်သည့် ဆုံးဖြတ်ချက် ချမှတ်ရာ၌ နေရာရွှေ့ပြောင်းရခြင်းကြောင့် ကုန်ကျရသည့် စရိတ်များသည် အရေးပါ ပါသည် (တိုက်ရိုက်ရွှေ့ပြောင်းခြင်း မပြုနိုင်သူများ သို့မဟုတ် အတင်းအကျပ် နေရပ်စွန့်ခွာကြရသူများနှင့် အသက်ဆိုင်ဆုံး ဖြစ်သည်)။ နေရာ အသစ်သို့ ရွှေ့ပြောင်းပါက ရရှိလာမည့် ငွေကြေးအကျိုးအမြတ်သည် ကုန်ကျ စရိတ်ထက် သာလွန်ပါက လူများသည် ၎င်းတို့၏ ငွေကြေးအခြေအနေပိုကောင်းလာစေရန်အတွက် ရွှေ့ပြောင်းနေထိုင်ရန် ရွေးချယ်ကြမည်ဖြစ်သည်။ ပြောင်းရွှေ့စရိတ်များတွင် သယ်ယူပို့ဆောင်ရေး၊ နေထိုင်မည့် အိမ်ရာနှင့် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခွင့်ပြုမိန့်များ ရရှိရန်အတွက် ကုန်ကျစရိတ်များ ပါဝင်သည်။ အဆိုပါ ကုန်ကျစရိတ်များသည် မူလနေထိုင်သည့် နေရာနှင့် သွားရောက်မည်နေရာအကြား အကွာအဝေး၊

သယ်ယူပို့ဆောင်နိုင်မှု အခြေအနေနှင့် ကုန်ကျစရိတ်၊ ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များအပေါ် မူတည်၍ ကွဲပြားနိုင်သည်။

လုပ်အားခ သိသိသာသာ ပိုကောင်းပါက သို့မဟုတ် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်ပါက သို့မဟုတ် သွားရောက်မည့်နေရာ၌ လုပ်ငန်းခွင်အခြေအနေ ပိုမိုလွယ်ကူသက်သာပါက အချို့သောသူများမှာ ရွှေ့ပြောင်းစရိတ် များနေလျှင်ပင် ရွှေ့ပြောင်းနေထိုင်ရန်ကိုသာ ရွေးချယ်မည် ဖြစ်သည်။ သို့သော်လည်း ရွှေ့ပြောင်းစရိတ် မြင့်မားခြင်းသည် ကျန်သူများအား အကျိုးရှိနေလျှင်ပင် မရွှေ့ပြောင်းနိုင်အောင် တိုက်ရိုက်တားဆီးနေနိုင်ပါသည်။ ထိုကဲ့သို့သော ကိစ္စရပ်မျိုးတွင် ငွေကြေး အထောက်အပံ့ဖြစ်စေ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ သို့မဟုတ် ခွင့်ပြုမိန့်များ ရရှိနိုင်ရန် ကူညီပေးခြင်းဖြစ်စေ ကြားဝင်ကူညီဆောင်ရွက်ခြင်းများက အထောက်အကူ ဖြစ်စေပါသည်။

တိုက်ရိုက်ကုန်ကျစရိတ်များအပြင် ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ဆက်စပ်သော သွယ်ဝိုက်ကုန်ကျစရိတ်များလည်း ရှိနိုင်ပါသည်။ သာဓကအားဖြင့် အလုပ်အကိုင်အတွက် ရွှေ့ပြောင်းနေထိုင်သူ တစ်ဦးချင်းစီသည် အထီးကျန် ခံစားမှုဖြစ်စေ၊ နေထိုင်ရာ နေရာအသစ်၌ လိုအပ်သည့် အရင်းအမြစ်များ ရယူရာ၌ မလိုမုန်းထားခံရမှုဖြစ်စေ၊ စိန်ခေါ်မှုအခက်အခဲများဖြစ်စေ တွေ့ကြုံရနိုင်ပါသည်။ ထိုသို့ တိုက်ရိုက်မဟုတ်သည့် ကုန်ကျမှုများသည် အလုပ်သမားတစ်ဦး ၏ စီးပွားရေးအကြောင်းပြချက်ကြောင့် ရွှေ့ပြောင်းနေထိုင်မည့် ဆုံးဖြတ်ချက် အပေါ် လွှမ်းမိုးမှုရှိနိုင်ပါသည်။ ရွှေ့ပြောင်းရန်အတွက် တိုက်ရိုက်နှင့် သွယ်ဝိုက် ကုန်ကျစရိတ်များအား ရရှိလာနိုင်သည့် ငွေကြေး အကျိုးအမြတ်များနှင့်ယှဉ်၍ သေချာထည့်သွင်းစဉ်းစားကာ အလုပ်သမားများအနေဖြင့် ၎င်းတို့၏ ငွေကြေး အခြေအနေ ပိုမိုကောင်းမွန်လာစေရေး ရွှေ့ပြောင်းနေထိုင်မှု ပြုမည်၊ မပြုမည် ကို အမြော်အမြင်ရှိစွာဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။

သတင်းအချက်အလက်ရယူနိုင်ခြင်း

သတင်းအချက်အလက်ရယူနိုင်ခြင်းသည် လူများ၏ လူမှုရေးအကြောင်းပြချက်များဖြင့် ရွှေ့ပြောင်းနေထိုင်မည့် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသည့် အရေးပါသည့် အချက်ဖြစ်သည်။ တစ်ဦးချင်းအနေဖြင့် အခြားနေရာဒေသများရှိ အခွင့်အလမ်းများ၊ လူနေမှုအခြေအနေများနှင့် လူမှုကွန်ရက်များအကြောင်း သတင်းအချက်အလက်များ ရရှိသည့်အခါ၊ ၎င်းတို့၏ လူမှုရေးဘဝ ပိုမိုအဆင်ပြေကောင်းမွန်လာစေရန်အတွက် ရွှေ့ပြောင်းနေထိုင်ခြင်း ပြုမည်၊ မပြုမည်ကို ပိုမို၍ ကောင်းမွန်စွာ အမြော်အမြင်ရှိရှိ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါသည်။ ပုဂ္ဂိုလ်ရေးအချိတ်အဆက်များ၊ မီဒီယာများနှင့် အစိုးရနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အစရှိသည့် အရင်းအမြစ်အမျိုးမျိုးတို့ထံမှ သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့် လူမှုမီဒီယာများပေါ်ထွန်းလာမှုကြောင့် လူများမှာ အခြားနေရာဒေသများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ယခင်ကထက် ပို၍လွယ်ကူစွာ ရရှိလာကြသည်။ ရောက်ရှိလာကြမည့် ရွှေ့ပြောင်းနေထိုင်သူများသည် ရောက်နှင့်နေသူများ၏ အတွေ့အကြုံများကို သင်ယူသည့်အပြင် အခြားနေရာဒေသများရှိ ဥပဒေရေးရာ လိုအပ်ချက်များ၊ လူနေမှု အခြေအနေများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုဝန်ဆောင်မှုများအကြောင်းကိုလည်း လေ့လာနိုင်ပါသည်။

သတင်းအချက်အလက်ရယူနိုင်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်မှာ လူတစ်ဦးအနေဖြင့် သတင်းအချက်အလက်များ ရယူအကဲဖြတ်နိုင်သည့် လူမှုအသိုင်းအဝိုင်းတစ်ခုအား လက်လှမ်းမီ ရရှိနိုင်ခြင်းဖြစ်သည်။ လူတစ်ဦး၏ လူမှုအသိုင်းအဝိုင်းများမှာ ၎င်း၏ ရွှေ့ပြောင်းနေထိုင်မှုဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးကြောင်း သိသာထင်ရှားပါသည်။[13] ရောက်ရှိလာမည့် ရွှေ့ပြောင်းနေထိုင်သူတစ်ဦးသည် အခြားသော ရွှေ့ပြောင်းနေထိုင် သူများနှင့် သိရှိသည့်အခါတွင် ၎င်းတို့အနေဖြင့် သွားရောက်ရန် ရည်ရွယ်သည့်နေရာ၌ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူနေမှုအခြေအနေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပို၍ရရှိနိုင်

[13] Chi, 2020.

ပါသည်။ သို့သော် လူမှုအသိုင်းအဝိုင်းဟူသည် သတင်းအချက်အလက် ရယူရန်ထက် ပိုမိုပါသည်။ လူမှုကွန်ရက်များသည် ငွေကြေး အကူအညီ၊ နေထိုင်စရာ အိမ်ရာ သို့မဟုတ် အဖော်ပြုပေးခြင်း အစရှိသည့် ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာဖြစ်စေ အထောက်အပံ့များ ပံ့ပိုးပေးကာ ရွှေ့ပြောင်းနေထိုင်သူများအတွက် အကူအညီပေးသည့်စနစ်များကို ဖြစ်ပေါ်စေပါသည်။ ရွှေ့ပြောင်းနေထိုင်သူများသည် နေရာပတ်ဝန်းကျင်အသစ်၌ အခြေချနေထိုင်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများမှာ ပြောင်းလဲသွားပြီး အသစ်အသစ်သော အချိတ်အဆက်နှင့် အခွင့်အလမ်းများ ရရှိလာကြပါသည်။ အဆိုပါ အချိတ်အဆက်အသစ်များက ရွှေ့ပြောင်းနေထိုင်သူများကို ရပ်ရွာအသိုက်အဝန်းအသစ်၌ သဟဇာတဖြစ်လာစေရေးနှင့် လိုအပ်သော အရင်းအမြစ်များ ရရှိလာစေရေးအတွက် ကူညီပေးပါသည်။

အထောက်အကူပေးသည့် လူမှုကွန်ရက်တစ်ခုရှိခြင်းက ရွှေ့ပြောင်းနေထိုင်သူများအား ရပ်ရွာအသိုက်အဝန်းအသစ်နှင့် ချိတ်ဆက်ပေးပြီး လက်သင့်ခံလာစေရန်အတွက် ကူညီပေးပါသည်။ လူမှုကွန်ရက်များသည် လူမှုဆက်ဆံရေး နှင့် ရပ်ရွာတွင် ပါဝင်လာနိုင်ရေးတို့အတွက် အခွင့်အလမ်းများပေးပြီး၊ ရွှေ့ ပြောင်းနေထိုင်သူများ၏ အသိုက်အမြုံအစုအဖွဲ့နှင့် သက်ဆိုင်မှုရှိသည့် ခံစားမှု နှင့် ပေါင်းစည်းနိုင်မှုကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ အဆိုပါအချိတ်အဆက်များသည် စိတ်ခံစားမှုဆိုင်ရာ အထောက်အပံ့၊ လက်တွေ့ကျသော အကူအညီနှင့် အသိုက်အဝန်းတွင် ပါဝင်နိုင်သည့် ခံစားချက်တို့ကို ပေးစွမ်းပါသည်။ ယေဘုယျအားဖြင့် လူမှုကွန်ရက်များသည် လူမှုရေး အကူအညီ၊ သက်ဆိုင်မှုနှင့် လူမှုဆက်ဆံရေးအပါအဝင် ရွှေ့ပြောင်းနေထိုင်ရခြင်းအတွက် ဆွဲဆောင်နိုင် သည့် လူမှုရေးအကြောင်းပြချက်များကို ပေးပါသည်။

အချုပ်ဆိုရသော် လူများသည် စီးပွားရေးနှင့် လူမှုရေး အကြောင်းပြချက်များအပါအဝင် အကြောင်းရင်းမျိုးစုံတို့ကြောင်း ရွှေ့ပြောင်းနေထိုင်ကြပြီး ရှုပ်ထွေးသည့် ဆုံးဖြတ်ချက်များ ရောယှက်နေပါသည်။ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်ခြင်းတွင် အခြားသောနေရာများထက် ပိုမိုကောင်းမွန်သည့် အလုပ်

အကိုင် အလားအလာများ၊ ပိုမိုမြင့်မားသည့် လစာဝင်ငွေ သို့မဟုတ် ပိုမို ကောင်းမွန်သည့် လူနေမှုအဆင့်အတန်းများကို ရှာဖွေခြင်းလည်းပါဝင်သည်။ အခြားသော ရွှေ့ပြောင်းနေထိုင်မှုများတွင် ရှေ့ကတည်းက ရွှေ့ပြောင်းရောက်ရှိ နှင့်ပြီးသော မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်း ခြင်း၊ ပဋိပက္ခ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုများမှ လွတ်မြောက်အောင် ထွက်ပြေးခြင်း သို့မဟုတ် မတူညီသည့် လူမှုအသိုက်အဝန်းတစ်ခုတွင် လိုလားသည့် လူမှု ဘဝတစ်ခုကို ရှာဖွေခြင်းတို့လည်း ပါဝင်နိုင်သည်။ ဤဆောင်းပါးပါ ဖြစ်စဉ်လေ့လာမှု အတိုင်း အဆိုပါ အရင်းခံအကြောင်းများမှာ ထပ်နေနိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင် ခြင်းသည် ရှုပ်ထွေးပြီး၊ ဘက်ပေါင်းစုံပါဝင်သည့် ဖြစ်ရပ်တစ်ခုဖြစ်ပြီး လူများ သည် ၎င်းတို့၏ အခြေအနေများ ပိုမိုကောင်းမွန်လာစေရန်နှင့် ၎င်းတို့ကိုယ် တိုင်နှင့် ချစ်ခင်ရသူများအတွက် ပိုမိုတောက်ပသည့်အနာဂတ်များ ဖန်တီးနိုင် ရန်တို့အတွက် ကြိုးပမ်းနေသည်ဖြစ်ရာ စီးပွားရေးနှင့် လူမှုရေး အရင်းအခံ အကြောင်းများ ပေါင်းစည်းကာ လွှမ်းမိုးထားပါသည်။

သုတေသနနည်းလမ်းများ

မီဇိုရမ်ပြည်နယ်ရှိ ဗမာလူမျိုး ရွှေ့ပြောင်းရက်ကန်းသမားအများစုသည် အိုက်ဇောတွင် နေထိုင်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးလက်ဒေသများ အထူးသဖြင့် မုံရွာနှင့် ရွှေဘိုရှိ ဆိပ်ခွန်သာမက မန္တလေးတိုင်းဒေသကြီးရှိ အမရပူရ၊ ပဲခူးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည် ကျေးလက်ဒေသအချို့မှ ရောက်ရှိလာကြခြင်းဖြစ်သည်။ အိုက်ဇောရှိ ရက်ကန်းလုပ်ငန်းများမှာ အများ အားဖြင့် မြို့အရှေ့ခြမ်းရှိ စက်မှုဇုန်တစ်ခု ဖြစ်သည့် Zuangtui တွင် ရှိကြပြီး၊ မြို့၏ အခြားရပ်ကွက်များတွင်လည်း ပြန့်ကျဲ တည်ရှိကြသည်။ အိုက်ဇောရှိ Zuangtui, Vaivakawn, Kulikawn, Thrkthing, Durtlang, Luangmual, Khatla, Chhingaveng နှင့် Tuikualtlang ရပ်ကွက် များတွင် လက်ရှိ အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းဗမာရက်ကန်းသမား (၁,၄၀၀) ခန့်ရှိမည်ဟု ကျွန်ုပ်အနေဖြင့် ခန့်မှန်းပါသည်။

၂၀၂၂ ဇူလိုင်လမှ အောက်တိုဘာအထိ Zuangtui ရှိ ရွှေ့ပြောင်းဗမာ ရက်ကန်းသမားများအကြားတွင် ကျွန်ုပ်အနေဖြင့် နေထိုင်ခွင့်ရရှိခဲ့သည်။ ၎င်းတို့၏ လုပ်ငန်းခွင်များအား လေ့လာကာ အတူတကွ စားသောက်ရင်းဖြင့် ၎င်းတို့၏ ဘဝနေထိုင်ပုံ၊ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုများကို နက်ရှိုင်းစွာ သိရှိနားလည်နိုင်ခဲ့သည်။ ရက်ကန်သမားများနှင့် အလွတ်သဘော ပြောဆိုမှုပေါင်း (၁၀၀) ကျော်မှ တစ်ဆင့် ၎င်းတို့၏ စိန်ခေါ်မှုအခက်အခဲများနှင့် ပြင်းပြသောဆန္ဒများကို သိရှိခဲ့ရသည်။ လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့် ပါဝင်ရသည့် လူမှုရေးဆောင်ရွက်ချက်များ အပါအဝင် ၎င်းတို့၏ လုပ်ငန်းခွင် အခြေအနေများကို ကိုယ်တွေ့သိခွင့်ရရှိခဲ့သည်။ ၎င်းတို့၏ ဇာတ်ကြောင်းများကို နားထောင်ရင်းဖြင့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်မှုနှင့် အသိုက်အဝန်းတွင် ပါဝင်သည့် ခံစားချက်တို့ကို စိတ်ထဲ၌ စွဲငြိနေမိတော့သည်။ Zuangtui တွင် ရက်ကန်းသမားများနှင့် အတူနေထိုင်ခဲ့ရခြင်းမှာ ကျွန်ုပ်အား ထိုတက်ကြွအားမာန် ပြည့်ဝသည့် အသိုက်အဝန်းနှင့် ပုဂ္ဂိုလ်ရေးရာ ချိတ်ဆက်ပေးနိုင်ခဲ့ပြီး ဤသုတေသနဆောင်းပါး ဖြစ်ပေါ်လာစေရေး တိုက်ရိုက်စေ့ဆော်ပေးခဲ့သည့် အလွန်ပင် စစ်မှန် ကြွယ်ဝသည့် အတွေ့အကြုံတစ်ရပ်ဖြစ်ပါသည်။

၂၀၂၃ ဇွန်နှင့် ဇူလိုင်လများတွင် ကျွန်ုပ်အနေဖြင့် ရက်ကန်းသမားများ၏ မတူထူးခြားသော အခြေအနေများနှင့်စပ်လျဉ်း၍ အရည်အသွေးအခြေပြု သုတေသန အချက်အလက်များ ရရှိနိုင်ရန်အတွက် ရက်ကန်းသမား (၁၇) ဦးနှင့် အဓိကပါဝင်သူ အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ အင်တာဗျူးများမှတစ်ဆင့် ၎င်းတို့ ရွှေ့ပြောင်းနေထိုင်ရသည့် အကြောင်းရင်းများနှင့် ဘာသာစကားအခက်အခဲ၊ ယဉ်ကျေးမှု ကွဲပြားခြင်းနှင့် စီးပွားရေးအခက်အခဲများ အပါအဝင် ၎င်းတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှု အခက်အခဲများကို လေ့လာခဲ့ပါသည်။ အခက်အခဲများရှိလင့်ကစား ရက်ကန်းသမားများသည် ၎င်းတို့၏ လက်မှုပညာအပေါ် စူးစိုက်နှစ်မြှုပ်ထားရှိမှုကို ပြသနိုင်ခဲ့ပြီး ၎င်းတို့၏ ရိုးရာရက်ကန်းရက်လုပ်နည်းများကို ထိန်းသိမ်းထားရန်လည်း စိတ်ပိုင်းဖြတ်ထားကြပါသည်။ ၎င်းတို့ အသိပညာနှင့် ကျွမ်းကျင်မှုများကို အနာဂတ် မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးရန် အရေးပါပုံကိုလည်း စိတ်အားထက်သန်

စွာ ပြောပြခဲ့ကြသည်။ ထိုကဲ့သို့ ထပ်ခါတလဲလဲ အင်တာဗျူးများမှတစ်ဆင့် အဆိုပါ အသိုက်အဝန်း၏ ဘဝနှင့် အတွေ့အကြုံများကို အတွင်းကျကျ သိမြင်နားလည်နိုင်ခဲ့ပါသည်။

အင်တာဗျူးခဲ့သူများ၏ လူမှုပထဝီဝင်အသေးစိတ်အချက်အလက်များ ဇယား (၁) တွင် ဖော်ပြထားသည်။ မှတ်သားရန်အချက်မှာ မီဒီယာရမ်ပြည်နယ်တွင် ရက်ကန်းရက်လုပ်ခြင်းအား အမျိုးသမီးများ၏ အလုပ်အဖြစ် မှတ်ယူထားကြ သော်လည်း ကျွန်ုပ် အင်တာဗျူးခဲ့သူ အများစုမှာ အမျိုးသားများ ဖြစ်ကြသည်။ အမျိုးသားနှင့်ယှဉ်ပါက အမျိုးသမီးရက်ကန်းသမားများက အင်တာဗျူးတောင်း ဆိုချက်များကို ပို၍ငြင်းဆိုကြသည်။ မည်သည့်အကြောင်းကြောင့် ဖြစ်ရသည် ကို သေချာမသိရှိသော်လည်း အမျိုးသမီးရက်ကန်းသမများမှာ အမျိုးသားများထက် ပို၍စိုးရိမ်တတ်ကာ ယုံကြည်မှုနည်းခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဇယား (၁)

သုတေသနတွင် ပါဝင်သူများနှင့် လူမှုပထဝီဝင်အချက်အလက်များ။

စဉ်	ပါဝင်သူ	ရောက်ရှိသည့်နှစ်	အသက်	ကျား/မ	အိမ်ထောင်ရေး အခြေအနေ
၁	A	၁၉၈၆	၅၂	ကျား	အိမ်ထောင်မရှိ
၂	B	၁၉၈၇	၅၅	မ	အိမ်ထောင်ရှိ
၃	C	၁၉၈၈	၅၄	ကျား	အိမ်ထောင်မရှိ
၄	D	၁၉၉၀	၅၁	ကျား	အိမ်ထောင်ရှိ
၅	E	၁၉၉၀	၆၇	ကျား	အိမ်ထောင်ရှိ
၆	F	၁၉၉၂	၄၂	ကျား	အိမ်ထောင်ရှိ
၇	G	၁၉၉၉	၅၇	မ	အိမ်ထောင်ရှိ
၈	H	၂၀၀၀	၄၅	ကျား	အိမ်ထောင်ရှိ
၉	I	၂၀၀၂	၆၀	ကျား	အိမ်ထောင်ရှိ
၁၀	J	၂၀၀၆	၅၃	ကျား	အိမ်ထောင်မရှိ
၁၁	K	၂၀၀၇	၅၂	ကျား	အိမ်ထောင်ရှိ
၁၂	L	၂၀၀၇	၄၀	ကျား	အိမ်ထောင်ရှိ
၁၃	M	၂၀၁၀	၃၀	ကျား	အိမ်ထောင်ရှိ
၁၄	N	၂၀၁၇	၄၆	ကျား	အိမ်ထောင်ရှိ
၁၅	O	၂၀၁၉	၃၉	ကျား	အိမ်ထောင်ရှိ
၁၆	P	၂၀၂၂	၄၀	မ	အိမ်ထောင်ရှိ
၁၇	Q	၂၀၂၂	၅၂	ကျား	အိမ်ထောင်ရှိ

တွေ့ရှိချက်များ

ရွှေ့ပြောင်းဗမာရက်ကန်းသမားများ မီဇိုရမ်ပြည်နယ်သို့ လာရောက်ကြသည့် အဓိကအကြောင်းရင်းမှာ လုပ်အားခကွာခြားခြင်းကြောင့်ဖြစ်ကြောင်း၊ အထူး သဖြင့် အိန္ဒိယတွင် ရရှိသည့် လုပ်အားခမှာ ၎င်းတို့ မူလနေရာတွင် ရနိုင်သည့်

ပမာဏထက် နှစ်ဆ၊ သုံးဆ သို့မဟုတ် လေးဆအထိရှိကြောင်း ကျွန်ုပ် ရရှိသည့် အချက်အလက်များက ဖော်ပြနေသည်။ ဖြေဆိုသူများပြောပြသည့် မူလနေထိုင်ခဲ့သည့်နေရာနှင့် အိုက်ဇောအကြား လုပ်အားခကွာခြားချက် အသေးစိတ်ကို ဇယား (၂) တွင် ဖော်ပြထားသည်။ ရွှေ့ပြောင်းနေထိုင်ရခြင်းအတွက် သုတေသနတွင် ပါဝင်သူများပြောပြသည့် အခြားသောအကြောင်းရင်း များတွင် စီးပွားရေးအခက်အခဲများ၊ အရက်တကွဲ ဖြစ်ရခြင်းနှင့် ခွဲခြားဆက်ဆံ ခံရခြင်း အတွေ့အကြုံများနှင့် ၁၉၈၈ လူထုအုံကြွမှုတွင် ပါဝင်ခဲ့ခြင်းစသည့် အချက်များလည်း ပါဝင်သည်။ သို့သော်လည်း လုပ်အားခ ကွာဟချက်နှင့် ယှဉ်ပါက သာမညအကြောင်းပြချက်များသာဖြစ်သည်ဟု ကျွန်ုပ်အနေဖြင့် ယူဆပါသည်။

ဇယား (၂)

ပါဝင်သူများနှင့် ၎င်းတို့ ပြောပြသည့် လုပ်အားခ ကွာခြားချက်များ။

ပါဝင်သူ	မူလနေရာနှင့် မီဇိုရမ်အကြား လုပ်အားခ ကွာခြားမှု အဆ
A	၄
B	၃
C	၄
D	၄
E	၂
F	၂
G	၃
H	၄
I	၂
J	၃
K	၄
L	၃

M	၃
N	၄
O	၄
P	၃
Q	၂

၁၉၈၀ ပြည့်လွန်နှစ်များကတည်းက မီဇိုရမ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသော ဗမာရက်ကန်းသမားများမှာ ၎င်းတို့၏ လက်မှုအတတ်တွင် ကျွမ်းကျင်ကြသူများဖြစ်ကြပြီး လုပ်ငန်းခွင်နှင့် သီးခြားနေထိုင်ကြကာ မူလနေရာများ၌ ရရှိကြသည့် ဝင်ငွေထက် လေးဆ (သို့မဟုတ် ထို့ထက်ပို၍) ရရှိသည့် ပညာရှင်အဆင့်၌ လုပ်ကိုင်ကြသည်။ အဆိုပါကျွမ်းကျင်ပညာရှင်အလွှာသည် ရက်ကန်းရက်လုပ်ခြင်းအပြင် ဖက်ရှင်ဒီဇိုင်းထံမှပါ ဝင်ငွေရရှိသည်။ ရက်ကန်းရက်လုပ်မှုကျွမ်းကျင်သော၊ မူလနေထိုင်ခဲ့သည့်နေရာတွင် ရနိုင်သည်ထက် ဝင်ငွေ သုံးဆအထိ ရရှိနိုင်သော အလယ်အလတ်အဆင့် ကျွမ်းကျင်သူများလည်းရှိသည်။ ဗိုင်းငင်ခြင်းကဲ့သို့သော အခြေခံအလုပ်များကိုသာ လုပ်ဆောင်သည့် ကျွမ်းကျင်မှုနည်းသော ရွှေ့ပြောင်းရက်ကန်းသမားအချို့လည်း ရှိသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများသည်ပင် မူလနေရာအသိုက်အဝန်း၌ ရရှိသည်ထက် နှစ်ဆအထိ ဝင်ငွေရရှိကြသည်။

မိသားစုတစ်စုအနေဖြင့် အိုက်ဇောတွင် လေးနှစ် သို့မဟုတ် ငါးနှစ်ကြာ ရက်ကန်းလုပ်ငန်းကို ကြိုးကြိုးစားစား လုပ်ကိုင်ပါက ဇာတိမြေတွင် ကိုယ်ပိုင်အိမ်ဝယ်နိုင်သည်အထိ ငွေပြန်ပို့နိုင်ပြီး ရက်ကန်းလုပ်ငန်းပိုင်ရှင်များပင် ဖြစ်လာနိုင်သည်။ သုတေသနတွင် ပါဝင်သူများစွာတို့က နှစ်ရက် အလုပ်လုပ်ရုံမျှဖြင့် မူလနေရပ်တွင် ရက်သတ္တပတ်တစ်ပတ်စာအထိ လုံလောက်သည့် ဝင်ငွေကို ပံ့ပိုးပေးနိုင်သည်ဟု ဆိုကြသည်။ အချို့က ရက်သတ္တပတ်တစ်ပတ် လုပ်ရုံမျှဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်လလုံးအတွက် လုံလောက်သည့် ဝင်ငွေကို ရနိုင်သည်ဟု ဆိုသည်။

မီဇိုရမ်သို့ ၁၉၉၉ က ရွှေ့ပြောင်းလာခဲ့သော မုံရွာမြို့မှ အသက် (၅၇) အရွယ်ရှိ ဒေါ်ချယ်ရီက သူ့အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေသည်။

> ကျွန်မရဲ့ မွေးရပ်မြေမှာ စီးပွားရေးကျပ်တည်းလို့ ဒီမှာ အလုပ်လာ လုပ်တာပါ။ အဲဒီမှာတုန်းက ကျွန်မရဲ့ တစ်နေ့လုပ်အားခ မြန်မာကျပ် နှစ်ထောင်၊ သုံးထောင်လောက်က တစ်နေ့စားဖို့တောင် မလောက်ဘူး။ ဒီမှာ တစ်နေ့ကို ရူပီး လေးရာ၊ ငါးရာ လောက်ရတယ်။ မြန်မာငွေနဲ့ဆို တစ်သောင်းကျော်လောက်နဲ့ ညီတော့ လုံလောက်တယ်။ အသက်ကြီးလာတာနဲ့အမျှ လိုအပ်ချက်တွေလည်း ပြောင်းလာတယ်။ ကျွန်မ ရောက်လာကတည်းက ဆယ်နှစ်လောက်အတွင်း အသုံးစရိတ်တွေကလည်း သိသိသာသာ တက်လာတယ်။ အခုတော့ ကျွန်မဘာသာ လောက်လောက်ငငရှိပါတယ်။ အကြွေးလည်း မတင်နေဘူး။

အချို့သော မိသားစုများက မီဇိုရမ်ပြည်နယ်တွင် အလုပ်လုပ်ရန်အတွက် မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ကြသည်။ မိသားစုဝင် လေးငါးဦးက ငါးနှစ်မှ ဆယ်နှစ်အထိ ကြိုးကြိုးစားစား အလုပ်လုပ်ပြီး ငွေကြေးစုဆောင်းပါက မြန်မာနိုင်ငံတွင် အိမ်နှင့် လယ်ယာများကို ဝယ်နိုင်ပါသည်။ ငွေလုံးငွေရင်း စုဆောင်းမိပါက အများစုမှာ မူလနေထိုင်ခဲ့ သည့်နေရာ၌ ပြန်လည်ရင်းနှီးမြှုပ်နှံကြပြီး စီးပွားရေး အောင်မြင်ရန် ဆက်လက်လုပ်ကိုင်ကြသည်။

တစ်ဦးချင်းရွှေ့ပြောင်းနေထိုင်သူများသည် သက်သောင့်သက်သာရှိသော ဘဝနှင့် ဝင်ငွေကောင်းများ ရလေ့ရှိသော်လည်း မိသားစုလိုက်ရွှေ့ပြောင်းလာသူများနှင့် ယှဉ်ပါက စုဆောင်းငွေ နည်းပါးသည်။ လုပ်အားခများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ ပေးချေသော်လည်း ရွှေ့ပြောင်းနေထိုင်သူအများစုမှာ ဝင်ငွေများကို အလျင်အမြန် သုံးစွဲပစ်လိုက်ကြသည့်အတွက် အချိန်ကြာလာသည်နှင့်အမျှ အကြွေးတင်သွားကြသည်များလည်း ရှိသည်။ အသက်ရလာပြီး ကုန်ထုတ်စွမ်းအားလည်း ကျဆင်းလာသည်နှင့်အမျှ အချို့မှာ ဝင်ငွေနှင့် အသုံး

စရိတ် မျှတစေရန် ကြိုးစားရုန်းကန်နေကြရပြီး ငွေကြေးအခက်အခဲများ ကြုံတွေ့လာကြရသည်။ ရွှေဘိုမြို့နယ်မှ အသက် (၅၃) နှစ် အရွယ်ရှိ ဦးမြင့်ဇော်သည် မီဇိုရမ်ပြည်နယ်သို့ ၂၀၀၆ ခုနှစ်က ရွှေ့ပြောင်းလာခဲ့သည်။ အိမ်ထောင်မရှိသည့် တစ်ကိုယ်ရည်သမား တစ်ဦးအနေဖြင့် ငွေကြေးအရ ရုန်းကန်နေရဆဲဖြစ်သည်။

> ကျွန်တော့် အသက် (၃၆) နှစ်အရွယ်ကတည်းက ရက်ကန်းရက်ခဲ့တာ။ ရက်ကန်းပြင်ဆင်တဲ့ နေရာမှာရော၊ အခြားရက်ကန်းရက်တဲ့ လုပ်ငန်းတွေမှာပါ ကျွမ်းကျင်ပါတယ်။ ဒါပေမဲ့ တစ်ကိုယ်တည်းသမားအနေနဲ့ ရသမျှကို သုံးတယ်။ အလုပ်ရှင်တစ်ဦးထဲဆီမှာပဲ နှစ်ရှည်လများ အလုပ်လုပ်ခဲ့တာ မိသားစုလိုတောင် ဖြစ်နေပါပြီ။ ဒါပေမဲ့ ပြီးခဲ့တဲ့လက ကိစ္စတစ်ခု ရှိခဲ့ပြီး တခြားနေရာကို ပြောင်းရတယ်။ အဲဒီမှာ အထည်ဒီဇိုင်းက ခက်ခဲပြီး လုပ်အားခလည်း နည်းတယ်။ ဒါ့ကြောင့် ထပ်ပြောင်းဖို့တော့ ကြိုးစားနေတယ်။ ကျွန်တော့် အိမ်မှာထက်တော့ လုပ်အားခ နှစ်ဆ၊ သုံးဆ ရပါတယ်။ ဒါပေမဲ့ ရသမျှ မစုဆောင်းဘဲ သုံးပစ်တော့ သိပ်အဆင်မပြေဘူး။

အိုက်ဇောရှိ မြန်မာလူမှုဖူလုံရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ထွန်းက ရွှေ့ပြောင်းဗမာရက်ကန်းသမားများအတွက် ၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်ကာလများသည် အချိန်ကောင်းဖြစ်ကြောင်း မှတ်ချက်ပြုသည်။

> အဲဒီတုန်းက ရွှေဘိုမြို့နယ်မှ လူတွေက မီဇိုရမ်ကို ပညာရှင်ရက်ကန်းသမားတွေအနေနဲ့ လာကြတာ။ အလုပ်ရှင်တွေကလည်း သီးခြားနေရာထိုင်ခင်းပေးတော့ သက်သောင့်သက်သာနေခဲ့ကြရတယ်။ အလုပ်ရုံတွေကလည်း လူနေရပ်ကွက်တွေနဲ့ သီးခြားတည်ထားတာ။ ရက်ကန်းသမားကလည်း နည်းတော့ အလုပ်ရှင်တွေက သူတို့ လိုအပ်တာတွေကို ဖြည့်ဆည်းပြီး

> ဂရုစိုက်ပေးခဲ့ကြတယ်။ ဒါပေမဲ့ ၁၉၉၀ ကျော်ကာလတွေမှာ ရက်ကန်းသမားတွေ အဆမတန် များလာတော့ ကိုယ်ပိုင်နေစရာတွေ မရကြတော့ဘူး။ အလုပ်ရုံတွေမှာပဲ နေကြရတယ်။ ၁၉၈၀ နှင့် ၁၉၉၀ ကျော်ကာလတွေက ငွေလဲနှုန်းက တစ် ရူပီးကို နှစ်ကျပ်လောက် ရှိခဲ့တော့ လုပ်အားခလည်း အတော်ကောင်းပြီး ရက်ကန်းသမားတွေက မြန်မာပြည်မှာရှိတဲ့ မိသားစုတွေကို ထောက်ပံ့နိုင်ခဲ့တယ်။

ကျွန်ုပ်၏ အင်တာဗျူးများအရ အိုက်ဇောရှိ ရက်ကန်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားတစ်ဦးက ပျမ်းမျှ အပတ်စဉ်လုပ်အားခမှာ ရူပီး (၂,၅၀၀) မှ (၃,၅၀၀) ခန့်အထိဖြစ်ပြီး အပတ်စဉ် လုပ်အားခများမှာ ရက်ကန်းသမား၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့အပေါ် မူတည်ကာ အနိမ့်ဆုံး ရူပီး (၂,၀၀၀) မှသည် အများဆုံး ရူပီး (၁၀,၀၀၀) အထိ ရှိနိုင်သည်။ အချို့အား အလုပ်ရုံများတွင် ရက်ကန်းသမားများနှင့် အလုပ်ရှင်အကြား ဆက်သွယ်ပေးခြင်း၊ အလုပ်သမားများထံသို့ ညွှန်ကြားချက်များ ပို့ပေးခြင်းနှင့် ရက်ကန်းသမားများအား အပတ်စဉ်လုပ်အားခများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသည့် ကြီးကြပ်ရေးမှူးများအဖြစ် ခန့်ထားသည်။ ယင်းရာထူးအတွက် ဒေသခံမီဇိုဘာသာစကားကျွမ်းကျင်မှုရှိရန် မရှိမဖြစ်လိုအပ်သည်။ ကြီးကြပ်ရေးမှူးများသည် ရက်ကန်းစင်စက်ကိုင်အလုပ်ကို လုပ်ကိုင်လေ့ရှိကြပြီး လစာအနေဖြင့် ရူပီး (၃,၀၀၀) မှ (၅,၀၀၀) အထိ အလျဉ်းသင့်သလို ရရှိကြသည်။ ရက်ကန်း မကျွမ်းကျင်သေးသော ရွှေ့ပြောင်းရက်ကန်းသမားများမှာ အပတ်စဉ် လုပ်အားခ ရူပီး (၂,၀၀၀) မှ (၃,၀၀၀) အထိ ရရှိသော ဗိုင်းငင်ခြင်းကို လုပ်ကိုင်ကြသည်။ အချို့က အထည်ဒီဇိုင်နာများအဖြစ် လုပ်ကိုင်ကြပြီး အပတ်စဉ် လုပ်အားခ ရူပီး (၁၀,၀၀၀) နီးပါး ရရှိကြသည်။

သတင်းအချက်အလက်ရယူနိုင်ခြင်း

၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း မီဇိုရမ်ပြည်နယ်ရှိ ရက်ကန်းရက်လုပ်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လူချင်းတွေ့ဆက်သွယ်ပြောဆိုမှုများနှင့် စာပို့ခြင်းများမှတစ်ဆင့် အဓိကဆက်သွယ်ရယူခဲ့ကြသည်။ မီဇိုရမ်နှင့် အချိတ်အဆက်ရှိသည့် ချင်းပြည်နယ်မှ ကုန်သည်များထံမှလည်း သတင်းစကားများ ရရှိနိုင်ပါသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့တွင် နေထိုင်ကြသော မီဇိုလူမျိုးများထံမှလည်း သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။

မီဇိုရမ်ပြည်နယ်သို့ ၁၉၉၀ ပြည့်နှစ်က ရွှေ့ပြောင်းလာသည့် ရွှေဘိုမြို့နယ်မှ အသက် (၆၇) နှစ် အရွယ်ရှိ ဦးတင်ထွန်းက ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြသည်။

> အဲဒီအချိန်တုန်းက ကလေးမြို့နဲ့ အိုက်ဇောအကြား ကုန်ကူးကြတဲ့သူတွေကတစ်ဆင့်ပဲ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ သတင်းတွေ ရနိုင်တာ။ ရွှေဘိုကနေ မုံရွာအထိကို ကားနဲ့သွားပြီး အဲဒီကမှ ကလေးဝအထိကို သင်္ဘောနဲ့ သွားရတဲ့ လမ်းပဲ ရှိတယ်။ ကလေးဝကမှ ကလေးကို အဲဒီကမှတစ်ဆင့် တီးတိန်ကို ကားနဲ့ သွားရတယ်။ ထပ်ပြီး နယ်စပ်နဲ့ မီဇိုရမ်က Champai ကို ခြေလျင်သွားရတယ်။ Champai ကနေ အိုက်ဇောကို ကားနဲ့ သွားလို့ရတယ်။ ရာသီဥတုအခြေအနေ၊ လမ်းအခြေအနေနဲ့ ခရီးသည်တွေအပေါ် မူတည်ပြီး ရွှေဘိုကနေ အိုက်ဇောအထိကို တစ်ပတ်ကျော်ကျော်လောက်ကြာတယ်။

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရွှေဘိုမြို့နယ်မှ ဒေသခံများမှာ ရက်ကန်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် အိုက်ဇောသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ကျွမ်းကျင်လုပ်သား လိုအပ်ချက် မြင့်တက်နေသည့် ကာလများအတွင်းက မီဇိုစီးပွားရေးလုပ်ငန်းရှင်များသည် ရက်ကန်းသမားများ

ခေါ်ယူရန်အတွက် ကလေးမြို့သို့ လမ်းစရိတ်နှင့် စားစရိတ်များ ကျခံပေးကာ ကိုယ်စားလှယ်များ စေလွှတ်ကြသည်။ အိုက်ဇောသို့ ပြောင်းရွှေ့နေထိုင်သူ အချို့မှာ အိုက်ဇော၌ မိသားစုဖြစ်စေ၊ ဆွေမျိုးဖြစ်စေ၊ သူငယ်ချင်းမိတ်ဆွေများ ဖြစ်စေ ရှိနှင့်ကြပြီး အချို့မှာလည်း အချိတ်အဆက် သို့မဟုတ် အသိအကျွမ်း များမှတစ်ဆင့် ရွှေ့ပြောင်းကြရသည်။ သို့သော်လည်း အချို့မှာ ယခင်အချိတ် အဆက်မရှိဘဲ အိုက်ဇောသို့ အရဲစွန့်၍ထွက်ခွာလာကြပြီး ရောက်လာချိန်၌ ရက်ကန်းစက်များတွင် အလုပ်ရှာဖွေကြရသည်။

၂၀၀၀ ပြည့်လွန်နှစ်များတွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ ရာ မီဇိုရမ်နှင့် ချင်းနှင့် စစ်ကိုင်းတို့အကြား အပြန်အလှန်ဆက်ဆံရေးများ ပိုမိုအဆင်ပြေ ချောမွေ့လာခဲ့သည်။ မြန်မာနယ်စပ် ရိကောဒါတွင် တယ်လီဖုန်း ဆက်သွယ်ရေး ကောင်းမွန်ရာ၊ မီဇိုရမ်ဘက်မှ ရက်ကန်းအလုပ်သမား လိုအပ် ချက်နှင့် စီးပွားရေးအခြေအနေများအပါအဝင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူလာနိုင်ခဲ့သည်။ နယ်စပ်၌ စုံစမ်းမေးမြန်းရုံဖြင့် သတင်းအချက်အလက်များ အလွယ်တကူ ရရှိနိုင်ခဲ့သည်။ ထို့ပြင် အပတ်စဉ် မော်တော်ယာဉ်အဆက်အသွယ်များကြောင့် သတင်းအချက်အလက်ရရှိမှုမှာ ပို၍ပင် လွယ်ကူအဆင်ပြေလာသည်။ ရိကောဒါမှ Tiau နယ်စပ်ချောင်းကို ဖြတ်ကျော်ကာ အိုက်ဇောသို့ ခရီးဆက်နိုင်မည့် မော်တော်ယာဉ် ဝန်ဆောင်မှု များရှိရာ အိန္ဒိယဘက်မှ Zokhawthar ရွာကို ဦးတည်သွားရောက်ရသည်။ ထို့ကြောင့် ဆက်သွယ်ရေးမှာ ပိုမိုအဆင်ပြေလာပြီး သတင်းအချက်အလက် များအား ယခင်ကထက် ပိုမိုမြန်ဆန်စွာ ရရှိလာနိုင်သည်။

၂၀၁၀ မှ စတင်ကာ ဆယ်သွယ်ရေးနည်းပညာများ တိုးတက်လာပြီး လူမှုကွန်ရက်များမှတစ်ဆင့် ပိုမိုလွယ်ကူစွာ ချိတ်ဆက်လာနိုင်သည်။ မီဇို အလုပ်ရှင်များအနေဖြင့် လုပ်သားလိုအပ်ချက်များကို ဖြည့်တင်းနိုင်သည့်အပြင် မြန်မာမှ ရက်ကန်းစင်များ၊ မော်တာများနှင့် ချည်ငင်စက်များကို တင်သွင်းကာ လုပ်ငန်းများ ချဲ့ထွင်လာနိုင်သည်ဖြစ်ရာ ထိုအခြေအနေမှာ အိုက်ဇောရှိ ရက်ကန်းလုပ်ငန်းကို များစွာအထောက်အပံ့ ဖြစ်စေခဲ့သည်။ ထို့ပြင် ငွေလွှဲ ပြောင်းရာ၌ လွယ်ကူအဆင်ပြေသည့်အတွက် သတင်းအချက်အလက်နည်း

ပညာဖွံ့ဖြိုးမှုများကြောင့် မကြာခဏ ခရီးသွားလာနိုင်လာသည့် ဗမာရက်ကန်း သမားများကို ပိုမိုလွယ်ကူချောမွေ့စွာ ခေါ်ယူနိုင်ခဲ့သည်။

၂၀၂၂ တွင် မိသားစုနှင့်အတူ မြန်မာနိုင်ငံမှ မဏိပူရ်သို့ ရောက်ရှိလာသည့် အသက် (၄၀) နှစ်အရွယ် မမော်ငြိမ်းထွေးက ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်သည့် ၎င်း၏ အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေပေးသည်။

> အရင်အလုပ်ရှင်ရဲ့ ဖုန်းဆက်ပြီး ဆက်သွယ်ကူညီမှုနဲ့ ကျွန်မတို့ မဏိပူရ်ကနေ အိုက်ဇောကို ပြောင်းလာခဲ့ကြတာပါ။ ၂၀၂၃ မေလက မဏိပူရ်မှာ အရေးအခင်း[14] ဖြစ်တော့ ဗမာရွှေ့ပြောင်း ရက်ကန်းသမားတွေအနေနဲ့ အဲဒီမှာ ဆက်နေပြီး လုပ်ကိုင်ဖို့ အဆင်မပြေတော့ဘူး။ ဒါ့ကြောင့် အိုက်ဇောကို ပြောင်းဖို့ ဆုံးဖြတ်ခဲ့တာပါ။ မဏိပူရ်မှာလောက် လစာမကောင်းပေမဲ့ ဒီမှာ အဖမ်းအဆီးလည်း မရှိတော့ အလုပ်လုပ်ရတာ ပိုပြီး စိတ်ချလက်ချရှိတယ်။

ရွှေ့ပြောင်းစရိတ်များ

ရက်ကန်းသမားအချို့က ၎င်းတို့အား စရိတ်စကများကျခံပေးမည့် အလုပ်ရှင်များက ခန့်အပ်ပြီးနောက်တွင်မှ အိုက်ဇောသို့ ရောက်ရှိလာကြခြင်းဖြစ်ပြီး အချို့က ထိုဒေသတွင် ရေးဦးစွာ အဆက်အသွယ်ချိတ်ဆက်ပြီးမှသာ ကိုယ်ပိုင် စရိတ်စကဖြင့် လာရောက်ကြခြင်းဖြစ်သည်။ ရွှေဘိုမြို့နယ်မှ အသက် (၄၂) နှစ်အရွယ်ရှိ ဦးမင်းသူက အိုက်ဇောသို့ လာရောက်ခဲ့သည့် လမ်းကြောင်းနှင့် စရိတ်စကများအကြောင့် ၎င်း၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြသည်။

[14] ထိုစဉ်က မဏိပူရ်ပြည်နယ်ရှိ Meitei နှင့် Kuki-Zo အသိုင်းအဝိုင်းနှစ်ခုအကြား လူစုလူဝေး ဖြင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

> စစ်ကိုင်း၊ မုံရွာကဖြစ်ဖြစ် ရွှေဘိုကဖြစ်ဖြစ် မန္တလေး၊ အမရပူရဖြစ်ဖြစ် ကလေးမြို့ကို အရင်သွားပြီး အဲဒီကမှ ရိကောဒါကို သွားရတယ်။ ရိကောဒါမှာ နယ်စပ်ကို ဖြတ်ပြီး အိန္ဒိယဘက်က Zokhawthar ရွာသို့ သွားရတယ်။ Zokhawthar ကနေ အိုက်ဇောအထိက ကားနဲ့ ဆယ်နာရီလောက် ကြာတယ်။ ရွှေဘိုကနေလာတာဆိုရင် အိုက်ဇောအထိရောက်ဖို့ မြန်မာကျပ် နှစ်သိန်းခွဲလောက် ကျတယ်။ ဒါပေမဲ့ အလုပ်ရှင်တွေက ခရီးစရိတ်ပေးရင်တော့ ဘာစရိတ်မှ ကုန်ကျစရာ မရှိတော့ဘူး။

မြန်မာရွှေ့ပြောင်းနေထိုင်သူများသည် နယ်စပ်ဂိတ်များ၌ ၎င်းတို့ရွေးချယ်ပါက လိုအပ် သည့် လုပ်ရိုးလုပ်စဉ်များကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်သည်။ အထက်တွင် ပြောသည့်စရိတ်များသည့် ခရီးစရိတ်သီးသန့်သာသည်။ စစ်ကိုင်းမှလာပါက ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် တောင်ကိုရီးယားကဲ့သို့သော အခြားနိုင်ငံများထက် အိန္ဒိယသို့ တရားမဝင် လာရောက်ရှိရန်မှာ ကုန်ကျစရိတ် ပိုသက်သာပါသည်။

နိဂုံး

မီဇိုရမ်သို့ ပြောင်းရွှေ့နေထိုင်ရန်အတွက် ဗမာရက်ကန်းသမားများက ဆုံးဖြတ်ခဲ့ရာတွင် စီးပွားရေးနှင့် လူမှုရေး အကြောင်းအချက်များမှ အပြန်အလှန် ရောယှက်ကာ လွှမ်းမိုးနေပါသည်။ စီးပွားရေးဆိုပါက လုပ်အားခ ကွာခြားချက်မှာ အားကောင်းသည့် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။ မီဇိုရမ်ပြည်နယ်သို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် ၎င်းတို့သည် လုပ်အားခ ပိုမိုရရှိလာနိုင်ပြီး လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်နိုင်သည်။ သို့သော်လည်း ရွှေ့ပြောင်းနေထိုင်ရေးဆုံးဖြတ်ရာ၌ စီးပွားရေးအရ စဉ်းစားချက်များသည်သာ အဓိကစေ့ဆော်မှု မဟုတ်ပါ။ မီဇိုရမ်ပြည်နယ်ရှိ လုပ်သားဈေးကွက်အကြောင်း သတင်းအချက်အလက် ရယူနိုင်ခြင်း၊ လူမှုကွန်ရက်များရှိခြင်းစသည့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များသည်လည်း ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်မြောက်စေရာ၌

အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဥပမာအားဖြင့် အလုပ်အကိုင် အခွင့်အလမ်း၊ လုပ်ငန်းခွင် အခြေအနေနှင့် အထောက်အပံ့ဝန်ဆောင်မှုများ စသည်တို့နှင့်သက်ဆိုင်သည့် ယုံကြည်စိတ်ချရသော သတင်းအချက်များ ရယူနိုင်ခြင်းကလည်း ရွှေ့ပြောင်းရက်ကန်းသမားများအား အမြော်အမြင်ရှိသည့် ဆုံးဖြတ်ချက် များ ချမှတ်ရာတွင် အထောက်အပံ့ဖြစ်စေပါသည်။ အလားတူပင် လူမှုကွန်ရက်များကလည်း နိုင်ငံအသစ်တွင် အခြေချနေထိုင်ရာ၌ အခက်အခဲများ ကျော်လွှားနိုင်ရေးတွင် အကူအညီဖြစ်စေပြီး ရွှေ့ပြောင်းနေထိုင်သူများအတွက် လုံခြုံစေပါသည်။ ရွှေ့ပြောင်းစရိတ်သည်လည်း ရွှေ့ပြောင်းနေထိုင်ရသည့် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးနိုင်သည့် အကြောင်းအချက်တစ်ခုဖြစ်သည်။ အခြားတစ်နိုင်ငံသို့ ရွှေ့ပြောင်းရသည့် ကုန်ကျစရိတ်မှာလည်း အရေးပါပြီး ရက်ကန်းသမားအချို့အတွက် မရွှေ့ပြောင်းနိုင်အောင် ဟန့်တားထားသည့် အချက်လည်းဖြစ်သည်။

အထက်ပါအကြောင်းအချက်များနှင့် အခြားပံ့ပိုးပေးသည့် အကြောင်းအချက်များအား ပို၍အသေးစိတ် လေ့လာဖော်ထုတ်နိုင်ရန်နှင့် မိဗိုရမ်ရှိ မြန်မာရွှေ့ပြောင်းရက်ကန်းသမားများ၏ အကျိုးအကြောင်းနှင့် အတွေ့အကြုံများကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် သုတေသနများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များ အပြန်အလှန်ဆက်စပ်နေမှုများကို ပိုမိုလေးနက်စွာ သိရှိနားလည်ပါက မူဝါဒချမှတ်သူများနှင့် လက်တွေ့အကောင်အထည် ဖော်ဆောင်နေသူများအနေဖြင့် ရွှေ့ပြောင်းရက်ကန်းသမားများ၏ အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ဖြစ်စေမည့် ပိုမိုထိရောက်သည့် ဆောင်ရွက်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

ကိုးကားချက်များ

Aung Tun. (2022). Migration in Post-coup Myanmar: A Critical Determinant in Shaping the Country's Future? *ISEAS-Yusof Ishak Institute*. https://www.iseas.edu.sg/wp-content/uploads/2022/03/ISEAS_Perspective_2022_37.pdf

Chi, G. (2020). *Migration and Social Networks: New Insights from Novel Data*. University of California Press.

Czaika, M., & Reinprecht, C. (2022). Migration Drivers: Why Do People Migrate? In P. Scholten (Ed.), *Introduction to Migration Studies: An Interactive Guide to the Literatures on Migration and Diversity* (pp. 49–82). Springer. https://doi.org/10.1007/978-3-030-92377-8_3

De Haas, H. (2021). A theory of migration: the aspirations-capabilities framework. *Comparative Migration Studies*, *9*(1), 1-35. https://doi.org/10.1186/340878-020-00210-4

Hagen-Zanker, J. (2008). *Why do people migrate? A review of the theoretical literature* [Working paper]. Maastrcht Graduate School of Governance. https://dx.doi.org/10.2139/ssrn.1105657

Jacobsen, K. (2014). Livelihoods and Forced Migration. In E. Fiddian-Qasmiyeh, G. Loescher, K. Long, & N. Sigona (Eds.), *The Oxford Handbook of Refugee and Forced Migration Studies* (p. 99-111). Oxford University Press. https://doi.org/10.1093/oxfordhb/9780199652433.013.0018

Lalmalsawmi Renthlei. (2019). Socio-economic Conditions of Handloom Weavers: A Case Study of Weavers in Zuangtui Cluster, Aizawl, Mizoram. *Senhri Journal of Multidisciplinary Studies*.

Pakem, B. (1992). *India–Myanmar Relations*. Omsons.

Ramswamy, R., & Kumar, N. J. (2013). Women weavers in Mizoram: Sustaining livelihood through cluster development. *Indian Journal of Gender Studies*, *20*(3), 435-452. https://doi.org/10.1177/0971521513495292

Sampada, J. (2023). *Textiles of Mizoram*. Indira Gandhi National Centre for the Arts. https://ignca.gov.in/divisionss/janapada-sampada/northeastern-regional-centre/textiles-of-mizoram/

Sangpuii, L. (2016). *Trans border Migration and Livelihood: The Case of Migrant Workers from Myanmar in Mizoram* [Unpublished master's dissertation]. Mizoram University.

Van Hear, N., Bakewell, O., & Long, K. (2018). Push-pull plus: reconsidering the drivers of migration. *Journal of Ethnic and*

Migration Studies, *44*(6), 927-944. https://doi-org/10.1080/1369183x.2017.1384135

Zirnunsanga, K. (2007). *The pattern of migration and its effect on economic development with special reference to Mizoram* [Unpublished doctoral dissertation]. Mizoram University.

Experiences of Chin Refugee Women Accessing Livelihoods in Mizoram State, India

Dawt

Abstract

This study aims to explore the livelihood experiences of Chin refugee women who migrated from Myanmar to Mizoram State, India, due to political violence and persecution after the 2021 military coup. It asks: How do Chin refugee women access livelihoods in Mizoram? The study used qualitative methods and generated its data from interviews with four women. The article argues these women face several multifaceted challenges, including language barriers, discrimination, lack of legal status, exclusion from receiving identification cards, and having their Myanmar professional accreditations ignored. The high cost of living in Mizoram State, coupled with low wages, further exacerbates these challenges. Through these findings and insights into their lived realities, this article aims to amplify the voices of this new wave of refugees and contribute to studies of refugees, gender, and development. To help improve their situation, policymakers and organizations should provide legal work permits, job training, and social support. These steps can help refugees earn a living and contribute to the local community.

Introduction

The Chin people are an ethnic minority group who largely inhabit the Chin Hills of Myanmar. The Chin have faced decades of oppression, discrimination, and human rights violations by successive military regimes in Myanmar. As a result, many of them have fled their homes and sought refuge in neighboring countries, especially India.

Mizoram State (henceforth: just "Mizoram") is in northeast India and shares a 318-kilometer border with Bangladesh and a

404-kilometer border with Myanmar. It is home to about 30,000 refugees from Myanmar and about 300 refugees from Bangladesh, most of whom are Chin, Kuki, or Mizo people. Mizoram has a history of hosting refugees since the 1980s, when it welcomed thousands of Mizo refugees who had fled from Bangladesh during the Mizo insurgency.[1]

However, the situation for refugees in Mizoram is precarious and complex. They lack legal recognition or protection from the Indian national government, which considers them illegal immigrants. They also face social and economic challenges in accessing livelihood opportunities, such as language barriers, lack of education and skills, discrimination, harassment, exploitation, abuse, and limited resources and support. Moreover, they must cope with the trauma and stress of displacement, loss, and uncertainty.

Refugee women are particularly vulnerable and marginalized. They often bear the burden of household responsibilities, childcare, and income generation. They also face gender-based violence, such as domestic violence, sexual harassment, rape, and trafficking. They have limited access to healthcare, education, legal aid, and social services. They have low participation and representation in decision-making processes and leadership roles. Despite these challenges, refugee women also demonstrate resilience and agency in pursuing livelihood opportunities and coping with their situations. They engage in various economic activities, such as petty trade, domestic work, tailoring, weaving, and farming.

There is a dearth of research on the experiences of Chin refugee women accessing livelihoods in Mizoram. Most studies on refugees in Mizoram focus on the political and legal aspects of their situation or on their general socioeconomic conditions. We need a more in-depth and nuanced understanding of how Chin refugee women navigate their livelihood opportunities and challenges in Mizoram.

---

[1] Hasnat, 2023.

Literature Review

The gendered dimensions of refugee livelihoods have been studied by several international organizations, including the World Bank and the United Nations (UN).[2] The World Bank's "Gender Dimensions of Forced Displacement" research program aims to understand how forced displacement affects women and men differently and how policy and program design and implementation should reflect these differences.[3] It notes how during displacement, families are often separated, assets and livelihoods are lost or disrupted, and people face language barriers, legal constraints, and discrimination. The nature of these impacts, barriers, and opportunities may differ between women and men. This is also explained by a UN Women manual providing guidance on designing and implementing gender-sensitive refugee response programs.[4] These World Bank and UN Women resources provide valuable insights into the gendered dimensions of displacement and refugee livelihoods in general.

The specific experiences of Chin refugee women trying to access livelihoods in Mizoram is less well understood, but there are two useful studies focusing on refugees from Myanmar in Delhi. The first, by Mallick, discusses the livelihood challenges of refugees from Myanmar. While the article does not specifically focus on Chin refugee women in Mizoram, it does highlight some of the issues that may be relevant to their experiences. Mallick describes the poor economic conditions faced by Myanmar refugees in Delhi, who often rent rooms in peri-urban areas with polluted environments, cramped living conditions, and poor healthcare access, and contextualizes this within the informal economy and the challenges faced by informal workers more broadly, including lack of social security and government

---

[2] UN Women, 2022; World Bank Group, 2023.

[3] World Bank Group, 2023.

[4] The manual highlights the specific vulnerabilities of refugee women, who often face additional challenges in accessing livelihood opportunities due to their gender, as well as opportunities particular to refugee women (UN Women, 2022).

intervention. Refugees often face issues with identity and citizenship complicating them finding formal work in Delhi. This can make them vulnerable to exploitation and discrimination.[5]

The second useful article by Paula Jops focuses explicitly on the experiences and livelihood challenges of Chin refugee women in Delhi.[6] It highlights the importance of social networks and community support in helping women access livelihoods, and notes the general context of risk they live in. This includes incidents of sexual harassment and discrimination.

While more research is clearly needed to understand the experiences of Chin refugee women in Mizoram, these two articles on the situation in Delhi are still valuable. They note the historic and cultural ties between the Chin and Mizo ethnic groups, who have a common ancestry, language and religion. These ties facilitate cross-border migration and the hospitality of Mizoram host communities, especially during times of political turmoil and armed conflict in Myanmar.[7] However, these ties have also created tensions and ambiguities over the identity and status of Chin refugees, who are often seen as "brothers" but not as "citizens" by Mizo people.[8] Moreover, these ties have not prevented the discrimination and harassment of Chin refugees in Mizoram, especially from authorities, who view them as illegal immigrants and potential threats.[9] Most articles also highlight the barriers facing refugee women in particular, such as sexual harassment, exploitation, violence and stigma in their workplaces and communities.[10] On the other hand, Chin refugee women also demonstrate resilience and agency in pursuing livelihood activities that suit their needs and preferences, such as domestic work, petty trade, handicrafts, tailoring and teaching. They also participate

---

[5] Mallick, 2014.
[6] Jops, 2017.
[7] Choudhury, 2021.
[8] Lungchuang, 2023.
[9] Bahn, 2022.
[10] Hasnet, 2023.

in social and religious activities that provide them with support, empowerment and wellbeing.[11]

This brief literature review shows that research to better understand the experiences of Chin refugee women accessing livelihoods in Mizoram requires the collection of primary data from Chin refugee women themselves, as most writing is based on secondary data or only brief interviews. There is a need for more in-depth and participatory research that captures the voices, perspectives and stories of Chin refugee women, as well as their coping strategies, adaptations and aspirations, to better understand the complexity and diversity of Chin refugee women's livelihoods in Mizoram, raise awareness of the challenges faced by these women, and inform policy and practice. This short article is an attempt in that direction.

Research Design and Methods

This study's research question has been designed with three sub-questions in mind. Primarily, it asks: How do Chin refugee women access livelihoods in Mizoram? Within that, what are the main livelihood opportunities available? What are the main challenges and barriers that Chin refugee women face in accessing these livelihood opportunities? And how do Chin refugee women cope with these challenges and barriers?

In order to answer these questions, I employ qualitative methods and a case study design. A case study design enables examination of a given phenomenon in detail, using multiple sources of evidence, such as interviews, observations, etc., and also allows for exploration of the interactions and relationships between a phenomenon and its context. Within my case study of Chin refugee women who migrated from Myanmar to Mizoram, the unit of analysis is individual refugee women. The context is the sociopolitical, economic, and cultural environment of Mizoram, and its impact on refugee women's livelihood experiences.

[11] Choudhury, 2021.

I generated my data through semi-structured interviews with four individual Chin refugee women who were engaged in different types of livelihood activities. Interviews are a common and effective method for qualitative research, especially for exploring personal experiences, opinions, feelings, and meanings. Semi-structured interviews involve a set of open-ended questions that guide conversation but also allow for flexibility and follow-up questions. Using semi-structured interviews enabled me to elicit the richest and most detailed data from my research participants, while also giving them space and voice to express themselves freely.

My sample size of four was based on the principle of saturation, which means that data collection continued until no new or relevant information emerged from the interviews. The sampling strategy was purposive, with participants selected based on specific criteria relevant to the research question and objectives. The exact criteria was: Being a Chin refugee woman who migrated from Myanmar to Mizoram, with an education and work experience in her home country, being engaged in any form of livelihood activity in Mizoram, and being willing and able to participate in the interview.

My four research participants were a diverse group of women with varying levels of education and work experience. Participant 1 was 37 years old with a bachelor's degree in law. She used to work for a law firm in Myanmar before fleeing to Mizoram. Participant 2 was a 27-year-old elementary school teacher. She has a degree in education and taught in Myanmar for several years. Participant 3 was a 24-year-old nurse. She has a nursing degree and worked at a hospital in Myanmar before the coup. Participant 4 was a 40-year-old university lecturer and taught at a university in Myanmar for many years. Participants 1-3 were single but participant 4 was married. The participants all fled to Mizoram in 2021.

The interviews were conducted face-to-face in safe and convenient locations in Mizoram. The interviews lasted for approximately an hour and were audio-recorded with the consent of the participants. I took notes during and after the interviews to

capture important points and impressions. Interview questions covered the following topics: Demographics (age, marital status, education level, migration history, legal status); livelihood activities (type, duration, frequency, income, both before and after coup); opportunities (availability, accessibility, suitability); challenges (personal, interpersonal, structural); and coping strategies (individual, collective).

The shared experiences of the respondents reflect the common challenges and resilience of Chin refugee women in Mizoram. Their narratives emphasize their collective ability to adapt to a new environment and actively participate in livelihood activities despite significant hardships.

Results and Discussion

All research participants had stable incomes in the Myanmar public sector before the 2021 coup and have been forced to use a variety of livelihood strategies to navigate their economic realities in Mizoram. They each lamented that earning opportunities are very limited, and even when they do identify an income source, making enough money from it alone to cover living costs is difficult.

Participant 1 started a small business, selling the traditional Chin dish *sabuti*, a kind of corn and meat soup. Participant 2 took up part-time work as a salesperson and street vendor. For these two participants, lacking regular, predictable income is a major concern they grapple with daily. Somewhat more fortunate, participants 3 and 4 secured stable jobs that provide them with regular monthly incomes. These four women's stories highlight the resilience of Chin refugee women in the face of economic challenges and the urgent need for comprehensive policies that support economic integration and empowerment.

This need is all the more important as, despite their best efforts, participants 1, 2 and 3 found that their new monthly incomes were not enough to meet their basic needs. At the time of interview, these three participants were financially dependent on family. Participant 2 noted that the average monthly income

of a salesperson in Mizoram is between 4,000-5,000 Indian rupees which is not even enough to cover monthly rent:

> *Opportunities are very rare. As a salesperson in a cloth shop, my salary is around 4,500 rupees, which doesn't even cover my rent. It's completely unrealistic to survive on it over the long run, so I have to rely on relatives.*

The high cost of living, including costs related to food, housing and transportation, is a major factor contributing to financial strain. In the words of participant 2:

> *Before the coup, I was an office worker with a stable monthly income, which gave me enough money to buy what I wanted. However, the revolution turned my world upside down. Now I find myself having to cling to my aunt to survive in Mizoram, and fulfilling my wishes has become a challenge.*

Respondents also mentioned other short-term wage labor opportunities such as rice paddy work, farmhand work, sewing, domestic service, and more. Participant 4:

> *When I arrived in Mizoram, I found shelter at a private high school with the help of a church elder. As a former university lecturer, I was hoping to find a teaching opportunity here, but I didn't get one. I know ex-government employees like me who now work as farm laborers. I know former engineers who now rely on sewing to make a living. Earning opportunities for women are few and often out of reach.*

Participant 4 pointed out that although government salaries in Myanmar are not high, the cost of living there is low, so before 2021 she could support her family. In Mizoram she is actually lucky enough to earn a higher income than she did in Myanmar, but the cost of living is also higher, making life more difficult.

Participant 1 highlighted a related barrier to improving Chin refugee women livelihoods in Mizoram. She said:

> *We refugee women don't have the opportunity to initiate business activities. Even if we have the capital, we can't get started without an identification card, which leaves us with very few options.*

This shows how women face administrative difficulties in improving their lot even if they are lucky enough to service their basic needs and save money for investment.

Their general lack of legal status also affects their ability to secure livelihood opportunities in Mizoram. Participant 3 shared: "Here, my nursing certificate isn't recognized, which greatly affects my professional career." Participants 1 and 3 put it more baldly, intimating that "as refugees, we have no right to do anything." These statements highlight the legal obstacles faced by refugees in Mizoram. Refugee status not only limits their rights but also hinders their career development because their qualifications and skills are not recognized.

A major challenge augmenting all these difficulties faced by my research participants in accessing livelihoods is their difficulty in understanding and being understood in the local languages. "I think not understanding the local language is a big barrier and my views and priorities are different to those of the locals," said participant 3. Language barriers can lead to communication problems and misunderstandings, making it difficult for individuals to fully integrate into the community and access available resources. It can also lead to discrimination and prejudice, common problems in Mizoram permeating daily life. Participant 2 admitted:

> *Following news reports of seizures of drugs coming from Myanmar, the locals became more contemptuous of us and our humiliation deepened. When I was employed part-time selling fruit, I was forced by my boss to do*

> *demeaning tasks unrelated to my job, like cleaning people's shoes.*

Another participant said:

> *For us refugees from Myanmar, maintaining a livelihood in Mizoram is tricky, because as soon as we reveal ourselves as coming from Myanmar, local people immediately change the way they communicate with us and treat us.*

As we can see, there are substantial challenges for Chin refugee women to access livelihoods in Mizoram. These challenges are multifaceted and include language barriers, discrimination, lack of legal status, including exclusion from receiving identification cards, and the misrecognition of their professional accreditations and qualifications. The high cost of living, coupled with low wages, further exacerbates these challenges, often forcing these women to rely on their relatives for support. Despite these challenges, Chin refugee women demonstrate remarkable resilience and adaptability. My four research participants were generally uncertain about the best way to tackle their hardships or manage them effectively. Participant 1 just focuses on getting on with things: "I just make *sabuti* at home." But another participant reflected:

> *There's no systemic solution (to these challenges). Sometimes I confide in and ask for advice from the Myanmar people around me. I go to church, find solace in prayer, and maintain contact with my family in Myanmar.*

In this way, social networks and community support are important coping mechanisms.

Limitations of this Research

1. Small Sample Size – This study is based on interviews with only four women, which may not fully represent the diverse experiences of all Chin refugee women in Mizoram.
2. Limited Generalizability – Findings are specific to Mizoram and may not apply to Chin refugees in other regions of India or beyond.
3. Reliance on Self-Reported Data – This study relies on personal narratives, which may be influenced by memory biases or individual perspectives.
4. Lack of Longitudinal Analysis – This research provides a snapshot of current experiences but does not track changes in accessing livelihoods over time.
5. Legal and Policy Constraints – This study does not explore the broader legal and policy frameworks that impact refugee status and livelihood access in India in any detail.

Recommendations for Future Research

1. Broaden the Sample Size – Future research should include more participants from different age groups, occupations, and educational backgrounds to provide a more comprehensive analysis.
2. Comparative Studies – A comparative study between Chin refugees in Mizoram and other Indian states or refugee populations from different backgrounds could offer deeper insights.
3. Longitudinal Research – Conducting follow-up studies over time would help assess long-term adaptation strategies and economic integration.
4. Policy Engagement – Findings should be shared with local policymakers, non-governmental organizations, and international organizations to advocate for improved

legal recognition, work permits, and social protection for Chin refugees.

5. Skill Development Programs – Organizations working with refugees should focus on vocational training, language courses, and professional accreditation recognition to enhance livelihood opportunities.

Conclusion

The political instability in Myanmar has had a profound impact on the economic situation for women, highlighting the importance of political stability for economic prosperity. The experiences shared in this article underscore the urgent need for more inclusive policies, recognition of refugees' qualifications, language training programs, and measures to combat discrimination. As mentioned above, further research is necessary to better explore more specific aspects of these experiences and to develop effective interventions to improve economic wellbeing. We need more research attention and policy intervention aimed at improving the livelihood opportunities of Chin refugee women in Mizoram. The economic and legal challenges they face require comprehensive and systemic solutions. By addressing both the economic and systemic challenges they face, we can help them regain economic independence and improve their quality of life.

Despite the hardships Chin refugee women have faced since the 2021 coup in Myanmar, they continue to show remarkable resilience and agency in navigating their new lives in Mizoram. But without more structured support and resources, they will continue to struggle to cope with their situation and make little economic progress.

References

Bahn, D. (2022, November 13). Bangladesh refugees pushed into Mizoram. *The New Indian Express*. https://www.newindianexpress.com/nation/2022/nov/22/bangladesh-refugees-pushed-into-mizoram-2520806.html

Choudhury, A. R. (2021). Remembering a History of Brotherhood, Mizoram Is Welcoming Chin Refugees From Myanmar. *The Wire*. https://thewire.in/rights/remembering-a-history-of-brotherhood-mizoram-is-welcoming-chin-refugees-from-myanmar

Hasnat, K. (2023, February 6). As Chin families flow into Mizoram, a tale of hope & fear in refugee camps near Myanmar border. *ThePrint*. https://theprint.in/the-fineprint/as-chin-families-flow-into-mizoram-a-tale-of-hope-fear-in-refugee-camps-near-myanmar-border/1352019/

Jops, P. T. (2017). *Negotiating Survival: Uncovering the Lived Experiences of Chin Refugee Women in Delhi, India who Engage in Risky Livelihoods* [Unpublished doctoral dissertation]. University of New South Wales. https://doi.org/10.26190/unsworks/19757

Lungchuang, R. (2023, March 29). Is the refugee crisis in Mizoram finally breaking the state? *East Mojo*. https://www.eastmojo.com/mizoram/2023/03/29/is-mizorams-refugee-crisis-finally-breaking-the-state/

Mallick, S. K. (2014, May 11). Livelihood of Burmese Refugees and Homeless People in Delhi. *Tata Institute of Social Sciences*. https://www.academia.edu/9217494/Livelihood_of_Burmese_refugees_and_homeless_people_in_Delhi

UN Women. (2022). *Gender-Sensitive Refugee Response Manual for Facilitators: Capacity Development Training for Civil Society Organizations*. https://eca.unwomen.org/sites/default/files/2022-03/FINAL_21.03.2022_Manual%20for%20Facilitators%20EN.pdf

World Bank Group. (2023, March 28). *Gender Dimensions of Forced Displacement (GDFD) Research Program*. https://www.worldbank.org/en/topic/gender/brief/gender-dimensions-of-forced-displacement-gdfd-research-program

မီဇိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လှမ်းမီရယူခြင်းအတွေ့အကြုံများ

ဒေါ်ထံ

အကျဉ်းချုပ်

ဤစာတမ်းသည် ၂၀၂၁ စစ်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံရေးအကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသော ဒုက္ခသည်ချင်းအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတွေ့အကြုံများကို လေ့လာရန် ရည်ရွယ်ပါသည်။ "မီဇိုရမ်ပြည်နယ်တွင် ဒုက္ခသည်ချင်းအမျိုးသမီးများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်သို့မည်ပုံလက်လှမ်းမီရယူသနည်း" ဟူသောမေးခွန်းကို ဤလေ့လာမှုမှ မေးခွန်းထုတ်ထားသည်။ ဤလေ့လာမှုသည် အရည်အသွေးဆိုင်ရာသုတေသန နည်းလမ်းကို အသုံးပြုပြီး အမျိုးသမီးလေးဦးကို အင်တာဗျူးမေးမြန်းကာ ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့ရသည့် အတားအဆီးများကို မည်သို့မည်ပုံ ကျော်လွှား သို့မဟုတ် ကိုင်တွယ်ဖြေရှင်းကြပုံကို နားလည်သဘောပေါက်ရန် ဆောင်ရွက်ထားသည်။ ဘာသာစကားအတားအဆီးများ၊ ခွဲခြားဆက်ဆံခံရမှု၊ တရားဝင်အထောက်အထားမရှိမှု၊ အထောက်အထားကတ်များ ရယူနိုင်ခြင်းမှ ကင်းလွတ်နေမှုနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို အသိအမှတ် မပြုမှုတို့အပါအဝင် အမျိုးမျိုးသော စိန်ခေါ်မှုများစွာရှိနေကြောင်း ဤဆောင်းပါးမှ ဆိုထားသည်။ မီဇိုရမ်ပြည်နယ်တွင် နေထိုင်စရိတ်မြင့်မားမှုနှင့် လုပ်ခလစာများနည်းပါးမှုတို့ ပေါင်းစပ်လိုက်သောအခါ "တစ်ပူပေါ် နှစ်ပူဆင့်" ဖြစ်သွားစေသည်။ ၎င်းတို့ လက်ရှိနေထိုင်ရှင်သန်နေရသော ပကတိအရှိတရားများမှ ရှာဖွေတွေ့ရှိသော အချက်အလက်များမှတစ်ဆင့် ဤဆောင်းပါးသည်

ဤဒုက္ခသည်လှိုင်းသစ်တွင် ပါဝင်သူများ၏ အသံကို ပိုမိုမြှင့်တင်ပေးကာ ဒုက္ခသည်များ၊ ဂျန်ဒါနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ဆောင်ရွက်ထားသည့် လေ့လာမှုများအပေါ်တွင် အထောက်အကူပြုရန် ရည်ရွယ်သည်။ ၎င်းတို့၏ အခြေအနေများ တိုးတက်လာစေရေး အထောက်အကူပြုရန် မူဝါဒရေးဆွဲသူများနှင့် အဖွဲ့အစည်းများအနေဖြင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့်များ ချပေးခြင်း၊ လုပ်ငန်းဆိုင်ရာ သင်တန်းပို့ချမှုများနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်ရန် လိုအပ်သည်။ ဤလုပ်ငန်းစဉ်များသည် ဒုက္ခသည်များအား အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုမှ ဝင်ငွေရရှိရန်နှင့် ဒေသခံလူ့အဖွဲ့အစည်းအတွက် အထောက်အကူဖြစ်လာစေရန် ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

နိဒါန်း

ချင်းလူမျိုးများသည် မြန်မာနိုင်ငံ ချင်းတောင်ပေါ်ဒေသများတွင် အများဆုံးအခြေချနေထိုင်ကြသည့် တိုင်းရင်းသားလူနည်းစုတစ်စုဖြစ်သည်။ ချင်းလူမျိုးများသည် ဆယ်စုနှစ်ချီ မြန်မာစစ်အစိုးရအဆက်ဆက်၏ ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံခဲ့ရသည်။ ၎င်းအခြေအနေများကြောင့် အများစုသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် ဝင်ရောင် ခိုလှုံခဲ့ကြသည်။

မီဇိုရမ်ပြည်နယ် (နောက်တွင် “မီဇိုရမ်” ဟုသာ ဆက်လက်သုံးနှုန်းသွားပါမည်) သည် အိန္ဒိယအရှေ့မြောက်ပိုင်းတွင်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် (၃၁၈) ကီလိုမီတာ ထိစပ်နေကာ မြန်မာနိုင်ငံနှင့် (၄၀၄) ကီလိုမီတာ ထိစပ်နေသည်။ မီဇိုရမ်တွင် မြန်မာမှ ဒုက္ခသည်ပေါင်း (၃၀,၀၀၀) ဝန်းကျင်နှင့် ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည် (၃၀၀) ဝန်းကျင်ရှိကာ အများစုမှာ ချင်းလူမျိုး၊ ကူကီးလူမျိုးနှင့် မီဇိုလူမျိုးများဖြစ်ကြသည်။ မီဇိုပုန်ကန်မှုကာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်မှ ထွက်ပြေးလာခဲ့ကြသော မီဇိုဒုက္ခသည်များကို လက်ခံကြိုဆိုခဲ့ခြင်းမှစပြီး

မီဇိုရမ်သည် ၁၉၈၀ ခုနှစ်များကတည်းက ဒုက္ခသည်များအား လက်ခံထားသည့် အစဉ်အလာရှိခဲ့သည်။[1]

သို့သော် မီဇိုရမ်ရှိ ဒုက္ခသည်များ၏ အခြေအနေသည် ရေရေရာရာမရှိဘဲ ရှုပ်ထွေးလှသည်။ ၎င်းတို့အနေဖြင့် အိန္ဒိယဗဟိုအစိုးရ၏ အသိအမှတ်ပြုမှုနှင့် အကာအကွယ်ပေးမှုကို မရရှိသောကြောင့် ၎င်းတို့အား တရားမဝင်ရွှေ့ပြောင်းလာသူများအဖြစ် သတ်မှတ်ကြသည်။ ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီရယူကြရာတွင် လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ဘာသာစကား အခက်အခဲများ၊ အတန်းပညာနှင့် အတတ်ပညာ အားနည်းမှု၊ ခွဲခြားဆက်ဆံခံရမှု၊ နှောင့်ယှက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ ဖိနှိပ်ခံရမှုနှင့် ရင်းမြစ်များနှင့် အထောက်အပံ့များ အကန့်အသတ်ဖြင့်သာရှိမှု စသည်တို့ကို ကြုံတွေ့ကြရသည်။ ထို့အပြင် ၎င်းတို့သည် မိမိ၏ နေရပ်မှ စွန့်ခွာထွက်ပြေးလာရခြင်း၊ ဆုံးရှုံးမှုများနှင့် မသေချာမှုများကြောင့် ဖြစ်ပေါ်လာသည့် စိတ်ဒဏ်ရာများနှင့် စိတ်ဖိစီးမှုများကိုလည်း ရင်ဆိုင်ဖြေရှင်းကြရသည်။

ဒုက္ခသည်အမျိုးသမီးများမှာ ပိုမိုထိခိုက်လွယ်နေပြီး ဖယ်ကြဉ်ခံထားကြရသည်။ ၎င်းတို့သည် အိမ်ထောင်မှုတာဝန်များ၊ သားသမီးများကို ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ဝင်ငွေရှာဖွေရခြင်းတာဝန်တို့ကို ထမ်းထားကြရလေ့ရှိသည်။ ၎င်းတို့သည် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ မုဒိမ်းမှုနှင့် လူကုန်ကူးမှု အစရှိသည့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများကိုပါ ကြုံတွေ့ခံစားကြရလေ့ရှိသည်။ ၎င်းတို့တွင် ကျန်းမာရေး၊ ပညာရေး၊ ဥပဒေပိုင်း ဆိုင်ရာ အထောက်အကူနှင့် လူမှုဝန်ဆောင်မှုများကို လက်လှမ်းမီရယူရာတွင် လည်း အကန့်အသတ်များရှိနေသည်။ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ နှင့် ဦးဆောင်မှုအခန်းကဏ္ဍများတွင်လည်း ၎င်းတို့၏ ပါဝင်မှုနှင့် ကိုယ်စားပြုမှု နည်းပါးနေသည်။ ထိုကဲ့သို့ စိန်ခေါ်မှုများရှိနေသည့်တိုင် ဒုက္ခသည်အမျိုးသမီး

[1] Hasnat, 2023.

များသည် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေသည့်အခါနှင့် ၎င်းတို့၏ အခြေအနေများကို ရင်ဆိုင်ဖြတ်သန်းကြရသည့်အခါများတွင် ခံနိုင်ရည်ရှိမှုနှင့် လှုပ်ရှားဆောင်ရွက်နိုင်ခြင်းရှိမှုတို့ကို ထုတ်ဖော်ပြသနိုင်ကြသည်။ ၎င်းတို့သည် အသေးစားကုန်ရောင်းကုန်ဝယ်၊ အိမ်တွင်းမှုအလုပ်၊ စက်ချုပ်ခြင်း၊ ရက်ကန်း ရက်ခြင်းနှင့် လယ်ယာစိုက်ပျိုးခြင်း စသည်တို့အပါအဝင် အမျိုးမျိုးသော စီးပွားရေးအလုပ်အကိုင်များတွင် ပါဝင်ဆောင်ရွက်ကြသည်။

မီဇိုရမ်တွင် ဒုက္ခသည်ချင်းအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ရယူသည့် အတွေ့အကြုံများနှင့်ပတ်သက်၍ သုတေသန ပြုလုပ်ထားမှု နည်းပါးနေသေးသည်။ မီဇိုရမ်ရှိ ဒုက္ခသည်များနှင့် ပတ်သက် သည့် လေ့လာမှုအများစုသည် ၎င်းတို့၏ အခြေအနေအပေါ် သို့မဟုတ် ၎င်းတို့၏ ယေဘုယျ လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကို နိုင်ငံရေးနှင့် ဥပဒေရေးရာရှုထောင့်များမှ အဓိကအလေးပေးထားကြသည်။ ဒုက္ခသည် ချင်း အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အခွင့်အရေးများ နှင့် မီဇိုရမ်ရှိ စိန်ခေါ်မှုများကို မည်သို့မည်ပုံ ဖော်ဆောင်လုပ်ကိုင်ကြသည့် အပေါ် ပိုမိုနက်ရှိုင်းပြီး အနုစိတ်သည့် နားလည်သဘောပေါက်မှုတစ်ရပ် လိုအပ် နေပါသည်။

စာပေသုံးသပ်ချက်

ဂျန်ဒါပေါ်မူတည်ပြီးကြုံတွေ့ရသည့် ဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်း နှင့် ပတ်သက်သည့် သက်ရောက်မှုများကို ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂတို့ အပါ အဝင် နိုင်ငံတကာအဖွဲ့များစွာမှ လေ့လာခဲ့ကြပြီးဖြစ်သည်။[2] ကမ္ဘာ့ဘဏ်၏ "အတင်းအကျပ်နေရပ်စွန့်ခွာစေခြင်းအရေးတွင် ဂျန်ဒါပေါ် မူတည်ပြီး ကြုံတွေ့ ရသည့် အကြောင်းအရာများ (Gender Dimensions of Forced Displacement) သုတေသနအစီအစဉ်မှ အတင်းအကျပ် နေရပ်ရွှေ့ပြောင်း စေမှုသည် အမျိုးသားနှင့် အမျိုးသမီးများအပေါ် မည်သို့မည်ပုံ ကွဲပြားစွာ သက်ရောက်မှု

[2] UN Women, 2022; World Bank Group, 2023.

ရှိပြီး မူဝါဒများ၊ အစီအစဉ်ဒီဇိုင်းများနှင့် အကောင်အထည် ဖော်မှုများအနေဖြင့် ၎င်းကွဲပြားမှုများအား မည်သို့မည်ပုံ ပြန်လှန်ဆန်းစစ် ကြည့်သင့်သည်ဆိုသည့် အပေါ် နားလည်သဘောပေါက်ရန် ရည်ရွယ်သည်။[3] နေရပ်စွန့်ခွာရွှေ့ပြောင်း ရမှုအတွင်းတွင် မိသားစုများအနေဖြင့် ခွဲခွာရလေ့ရှိမှု၊ ပိုင်ဆိုင်မှုများနှင့် အသက် မွေးဝမ်းကျောင်းအလုပ်အကိုင်များ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးသွားမှု၊ ဘာသာစကားအတားအဆီးများ၊ ဥပဒေပိုင်းဆိုင်ရာ ကန့်သတ်တားဆီးထားမှု များနှင့် ခွဲခြားဆက်ဆံခံရမှုများ ကြုံတွေ့ရပုံကို ၎င်းသုတေသနမှ မှတ်ချက်ပြု ထားသည်။ အဆိုပါ သက်ရောက်မှုများ၊ အတားအဆီးများနှင့် အခွင့်အရေးများ ၏ သဘောသဘာဝသည် အမျိုးသားများနှင့် အမျိုးသမီးများအကြား ကွဲပြားနိုင် သည်။ ၎င်းအချက်အား ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့လက်စွဲမှလည်း ရှင်းပြ ထားပြီး ဂျန်ဒါအရ ထိခိုက်လွယ်သော ဒုက္ခသည်များအတွက် အစီအစဉ်များ ရေးဆွဲရာတွင်နှင့် အကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးထားသည်။[4] ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့မှ ရင်းမြစ်များသည် အတင်း အဓမ္မ နေရပ်ရွှေ့ပြောင်းရခြင်းများ၏ ဂျန်ဒါဆိုင်ရာ အကြောင်းအရာများနှင့် ဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် အသုံးဝင်သော အချက် အလက်များကို ဖော်ပြပေးနေသည်။

ဒုက္ခသည်ချင်းအမျိုးသမီးများ မီဇိုရမ်တွင်အသက်မွေးဝမ်းကျောင်းအလုပ် များ လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများအကြောင်းအား နားလည်သဘောပေါက်မှု နည်းနေသေးသော်လည်း ဒေလီမြို့ရှိ မြန်မာ ဒုက္ခ သည်များအပေါ် အထူးပြုလေ့လာထားသည့် လေ့လာမှု နှစ်ခုရှိသည်။ ပထမ တစ်ခုမှာ မောလစ် ဆွေးနွေးထားသည့် မြန်မာဒုက္ခသည်များ (ချင်းလူမျိုး သို့ မဟုတ် အမျိုးသမီးများအပေါ် သီးသန့်လေ့လာထားခြင်းမဟုတ်) ၏ အသက်

[3] World Bank Group, 2023.

[4] ၎င်းတို့၏ ဂျန်ဒါကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ရယူရာတွင် ထပ်ဆောင်းစိန်ခေါ်မှုများကြုံတွေ့ရလေ့ရှိသည့် ဒုက္ခသည်အမျိုးသမီးများ သီးသန့်ကြုံတွေ့ရ သော အန္တရာယ်များနှင့် အမျိုးသမီးဒုက္ခသည်များအတွက် သီးသန့်အခွင့်အရေးများကိုလည်း လက်စွဲမှ မီးမောင်းထိုးပြထားသည် (UN Women, 2022)။

မွေးဝမ်းကျောင်းဆိုင်ရာ စိန်ခေါ်မှုများအကြောင်းဖြစ်သည်။ အဆိုပါ ဆောင်းပါးသည် မီဒိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီးများအပေါ် သီးသန့်အလေးပေးထားခြင်း မရှိသော်လည်း ၎င်းတို့၏ အတွေ့အကြုံများနှင့် သက်ဆိုင်မှုရှိမည့် အချို့သော ကိစ္စရပ်များကို မီးမောင်းထိုးပြထားသည်။ ပတ်ဝန်းကျင်ညစ်ညမ်းသည့် ဝေးလံခေါင်ဖျားနေရာများတွင် အိမ်ခန်းငှားပြီး ကျဉ်းကျဉ်းကျပ်ကျပ်နေထိုင်ရကာ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီကြသည့် ဒေလီရှိ မြန်မာဒုက္ခသည်များ၏ စီးပွားရေးကျပ်တည်းမှုအခြေအနေများအကြောင်းကို မောလစ်က တင်ပြထားပြီး လူမှုဖူလုံရေး မရှိခြင်းနှင့် အစိုးရမှ ကြားဝင်ဆောင်ရွက်ပေးမှု မရှိခြင်းတို့အပါအဝင် တရားမဝင်လုပ်သားများ ကြုံတွေ့ကြရသည့် စိန်ခေါ်မှုများနှင့် တရားမဝင်လုပ်ငန်းများအကြောင်းကိုလည်း ဆက်စပ်တင်ပြထားသည်။ အထောက်အထား မစုံလင်မှု၊ နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသည့် ပြဿနာများရှိသည့် ဒုက္ခသည်များအနေဖြင့် တရားဝင်အလုပ်လုပ်ခွင့်ရယူကာ ဒေလီတွင် အလုပ်လုပ်နိုင်ခြင်း မရှိပေ။ ၎င်းအချက်သည် ဒုက္ခသည်များအား ခေါင်းပုံဖြတ်ခံရမှုနှင့် ခွဲခြားဆက်ဆံခံရမှုတို့ကို ကြုံတွေ့ရနိုင်ရန် အလားအလာပိုများစေသည်။[5]

ဒုတိယမြောက်ဆောင်းပါးမှာ ဂျော့ပ်(စ်)၏ ဆောင်းပါးဖြစ်ပြီး ၎င်းသည် ဒေလီရှိ ချင်းအမျိုးသမီးဒုက္ခသည်များ၏ အတွေ့အကြုံများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာစိန်ခေါ်မှုများကို အလေးပေးထားသည်။[6] ၎င်းဆောင်းပါးသည် အမျိုးသမီးများအနေဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို လက်လှမ်းမီရယူနိုင်ရန် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်မှ ပံ့ပိုးမှု၏ အရေးပါပုံကို မီးမောင်းထိုးပြထားကာ အမျိုးသမီးများ နေထိုင်ဖြတ်သန်းနေရသည့် အန္တရာယ်များ၏ ယေဘုယျအခြေအနေများကို ဖော်ပြထားသည်။ ၎င်းအန္တရာယ်များတွင် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ ပါဝင်သည်။

[5] Mallick, 2014.

[6] Jops, 2017.

မီဇိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီးများ၏ အတွေ့အကြုံများကို နားလည်သဘောပေါက်ရန် သုတေသနများ ပိုမိုပြုလုပ်ရန်လိုအပ်သော်လည်း ဒေလီရှိ အခြေအနေများအကြောင်း ဖော်ပြထားသည့် အထက်ပါ ဆောင်းပါးများသည် အကျိုးရှိသော ဆောင်းပါးများ ဖြစ်နေဆဲဖြစ်သည်။ ၎င်းဆောင်းပါးများနည်းတူ လတ်တလော သတင်းတင်ပြမှုများသည်လည်း တူညီသော မျိုးရိုးနောက်ခံ၊ ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာရှိကြသည့် ချင်းလူမျိုးအုပ်စုများနှင့် မီဇိုလူမျိုးအုပ်စုများအကြား သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအချိတ်အဆက်များကို ဖော်ပြထားသည်။ ၎င်းဆက်နွယ်မှုများသည် နယ်စပ်ဖြတ်ကျော် နေရပ်ရွှေ့ပြောင်းမှုနှင့် မီဇိုရမ်ဒေသခံလူ့အသိုင်းအဝိုင်း၏ ရင်းနှီးခင်တွယ်မှုတို့အပေါ် အထူးသဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပဋိပက္ခများ ဖြစ်ပွားနေချိန်တွင် အထောက်အကူဖြစ်စေသည်။[7] သို့သော် အဆိုပါဆက်နွယ်မှုများကပင် မီဇိုလူမျိုးများမှ "သွေးချင်းများ" အဖြစ် ရှုမြင်ကြသော်လည်း "နိုင်ငံသားများ" အဖြစ် ရှုမြင်ကြခြင်း မရှိသည့် ချင်းလူမျိုးဒုက္ခသည်များ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာနှင့် လူမှုအဆင့်အတန်းတို့ပေါ်တွင် တင်းမာမှုများနှင့် မသေချာမရေရာမှုများကိုလည်း ဖန်တီးပေးသည်။[8] ထို့အပြင် အဆိုပါဆက်နွယ်မှုများသည် မီဇိုရမ်ရှိ ချင်းဒုက္ခသည်များအား တရားမဝင်ရွှေ့ပြောင်းလာပြီး ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်သည်ဟု ရှုမြင်သည့် အာဏာပိုင်များ၏ ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်မှုတို့အားလည်း ကာကွယ်နိုင်ခဲ့ခြင်း မရှိပေ။[9] ဆောင်းပါးအများစုသည် ဒုက္ခသည်အမျိုးသမီးများ အထူးသဖြင့် ကြုံတွေ့ကြရသော အတားအဆီးများဖြစ်သည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ အကြမ်းဖက်ခံရမှုနှင့် ၎င်းတို့၏ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်များတွင် အရှက်ရစရာအဖြစ် ခံစားရမှုစသည့်တို့ကို မီးမောင်းထိုးပြထားသည်။[10] အခြားတစ်ဖက်တွင်မူ ဒုက္ခသည်ချင်းအမျိုးသမီးများသည် အိမ်တွင်းမှုအလုပ်၊ အသေးစားကုန်

---

[7] Choudhury, 2021.

[8] Lungchuang, 2023.

[9] Bahn, 2022.

[10] Hasnet, 2023.

ရောင်းကုန်ဝယ်၊ လက်မှုလုပ်ငန်း၊ စက်ချုပ်ခြင်းနှင့် စာသင်ပြခြင်းကဲ့သို့ ၎င်းတို့နှစ်သက်လိုလားလုပ်ဆောင်လိုသည့် အသက်မွေးဝမ်းကျောင်းအလုပ်များကို လုပ်ဆောင်ခြင်းဖြင့် ကြံ့ကြံ့ခံနိုင်မှုနှင့် လုပ်နိုင်စွမ်းတို့ကို ဖော်ထုတ်ပြသလျက်ရှိသည်။ ၎င်းတို့သည် ၎င်းတို့အား ထောက်ပံ့မှု၊ ခွန်အားမြှင့်တင်ပေးမှုနှင့် ကောင်းကျိုးအထွေထွေတို့ကို ဖန်တီးပေးသည့် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများတွင်လည်း ပါဝင်ကြသည်။[11]

လေ့လာရေးသားထားချက် အများစုသည် တစ်ဆင့်ခံအချက်အလက်သို့မဟုတ် အကျဉ်းချုပ်မေးမြန်းမှုများပေါ်တွင် အခြေခံထားသောကြောင့် မီဇိုရမ်တွင် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ လက်လှမ်းမီရယူနေကြသော ချင်းအမျိုးသမီးဒုက္ခသည်များ၏ အတွေ့အကြုံများကို ပိုမိုနားလည်သဘောပေါက်ရန် သုတေသနလုပ်ရာတွင် ဒုက္ခသည်ချင်းအမျိုးသမီးများထံမှ မူရင်းအချက်အလက်များ ကောက်ယူရန် လိုအပ်နေကြောင်း ဤစာပေသုံးသပ်ချက်အကျဉ်းချုပ်မှ ဖော်ပြနေသည်။ မီဇိုရမ်ရှိ ချင်းအမျိုးသမီးဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်းမှုများ၏ ရှုပ်ထွေးမှုနှင့် စုံလင်ကွဲပြားမှုတို့ကို ပိုမိုနားလည်သဘောပေါက်ကာ ၎င်းအမျိုးသမီးများကြုံတွေ့နေရသည့် စိန်ခေါ်မှုများအကြောင်း အသိပညာမျှဝေရန်နှင့် မူဝါဒများနှင့် ကျင့်ထုံးများကို အသိပေးနိုင်ရန် ချင်းအမျိုးသမီးဒုက္ခသည်များ၏ အသံများ၊ ရှုထောင့်များနှင့် အကြောင်းအရာအဖြစ်အပျက်များအပြင် ၎င်းတို့၏ ကိုင်တွယ်ဖြေရှင်းနည်းဗျူဟာများ၊ လိုက်လျောညီထွေရှိစေရန် ပြောင်းလဲမှုများနှင့် ရည်မှန်းချက်များကို ဖမ်းဆုပ်မိနိုင်မည့် ပိုမိုအသေးစိတ်ကျပြီး ပါဝင်မှုရှိသော သုတေသနလိုအပ်နေသည်။ ဤဆောင်းပါးသည် ၎င်းရည်ရွယ်ချက်ကို ဦးတည်နိုင်ရန် ကြိုးပမ်းထားချက်တစ်ရပ်ဖြစ်သည်။

သုတေသနပုံစံနှင့် နည်းနာများ

---

[11] Choudhury, 2021.

ဤလေ့လာမှု၏ သုတေသနမေးခွန်းကို မေးခွန်းခွဲသုံးခုဖြင့် ဒီဇိုင်းဆွဲထားသည်။ အဓိကမေးမြန်းထားသည်မှာ "ဒုက္ခသည်ချင်းအမျိုးသမီးများအနေဖြင့် မီဇိုရမ်တွင် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို မည်ကဲ့သို့ရယူနေသနည်း" ဆိုသည့် မေးခွန်းဖြစ်သည်။ အဆိုပါမေးခွန်းအောက်တွင် ထပ်ဆင့်မေးမြန်းထားသည်မှာ "အဓိကအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းများက မည်သည်တို့ဖြစ်သနည်း" "ယင်းအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းများကို ရယူရာတွင် ဒုက္ခသည်ချင်းအမျိုးသမီးများအနေဖြင့် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုများနှင့် အတားအဆီးများမှာ မည်သည်တို့ဖြစ်သနည်း" "ဒုက္ခသည်ချင်းအမျိုးသမီးများအနေဖြင့် စိန်ခေါ်မှုနှင့် အတားအဆီးများကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းကြသနည်း" ဆိုသည့် မေးခွန်းခွဲများဖြစ်သည်။

၎င်းမေးခွန်းများကို ဖြေဆိုနိုင်ရန် အရည်အသွေးအခြေပြုနည်းလမ်းများနှင့် ဖြစ်ရပ်များကို လေ့လာဆန်းစစ်ခြင်းနည်းလမ်းကို အသုံးပြုထားပါသည်။ ဖြစ်ရပ်များကို လေ့လာဆန်းစစ်ခြင်းနည်းလမ်းသည် အင်တာဗျူးများ၊ စောင့်ကြည့်လေ့လာမှုများ အစရှိသည့် သက်သေအထောက်အထားများစွာကို အသုံးပြုခြင်းဖြင့် မိမိလေ့လာလိုသော အကြောင်းအရာအား အသေးစိတ်စူးစမ်းလေ့လာနိုင်စေသည့်အပြင် အကြောင်းအရာတစ်ခုနှင့် ၎င်းအကြောင်းအရာ၏ ဖြစ်တည်မှုအခြေအနေအကြား ကူးလူးဆက်ဆံမှုများနှင့် ပတ်သက်ဆက်နွယ်မှုများကိုလည်း စူးစမ်းလေ့လာနိုင်စေသည်။ ကျွန်ုပ်ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံမှ မီဇိုရမ်သို့ ရွှေ့ပြောင်းလာခဲ့သည့် ဒုက္ခသည်ချင်းအမျိုးသမီးများ၏ ဖြစ်ရပ်များကို လေ့လာဆန်းစစ်ခြင်းတွင် ခွဲခြမ်းစိတ်ဖြာမှုအား တိုင်းတာခြင်းပုံစံမှာ ဒုက္ခသည်အမျိုးသမီး တစ်ဦးချင်းစီအလိုက် သတ်မှတ်တိုင်းတာခြင်းဖြစ်သည်။ တိုင်းတာသည့် အခြေအနေသည် မီဇိုရမ်၏ လူမှုနိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ရပ်ဝန်းများဖြစ်ပြီး ဒုက္ခသည်အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းအတွေ့အကြုံများအပေါ် ၎င်းတို့၏ သက်ရောက်မှုများဖြစ်သည်။

ရယူခဲ့သောအချက်အလက်များမှာ မတူညီသော အသက်မွေးဝမ်းကျောင်း အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ဒုက္ခသည်ချင်းအမျိုးသမီး လေးဦးအား တစ်စိတ်တစ်ပိုင်း သတ်မှတ်ထားသည့် မေးခွန်းများဖြင့် ဖွဲ့စည်း ထားသော (semi-structured) အင်တာဗျူးများ မေးမြန်းခြင်းမှတစ်ဆင့် ရယူခဲ့ခြင်းဖြစ်ပါသည်။ အင်တာဗျူးများသည် အထူးသဖြင့် ကိုယ်ပိုင် အတွေ့ အကြုံများ၊ ရှုထောင့်များ၊ ခံစားချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စူးစမ်းလေ့လာရာတွင် အရည်အသွေးအခြေပြုသုတေသနများအတွက် အသုံး များပြီး ထိရောက်မှုရှိသော နည်းလမ်းဖြစ်သည်။ တစ်စိတ်တစ်ပိုင်း သတ်မှတ် ထားသည့် မေးခွန်းများဖြင့် ဖွဲ့စည်းထားသော အင်တာဗျူးများတွင် စကားဝိုင်း အား လမ်းကြောင်းပေးရန် အဖွင့်မေးခွန်းတစ်စုံပါဝင်သော်လည်း လိုအပ်သလို ပြောင်းလဲကာ နောက်ဆက်တွဲမေးခွန်းများမေးနိုင်ရန်လည်း လမ်းကြောင်းဖွင့် ပေးထားသည်။ တစ်စိတ်တစ်ပိုင်း သတ်မှတ်ထားသည့် မေးခွန်းများဖြင့် ဖွဲ့စည်း ထားသော အင်တာဗျူးများကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်၏ သုတေသနတွင် ပါဝင်သူများထံမှ အပြည့်ဝဆုံးနှင့် အသေးစိတ်အကျဆုံးအချက်အလက်များကို ရယူနိုင်စေခဲ့ကာ တစ်ချိန်တည်းမှာပင် ၎င်းတို့ကိုယ်ပိုင် ထုတ်ဖော်ပြောဆိုလို သည်များကိုလည်း ပြောဆိုနိုင်ရန် အခွင့်အရေးပေးနိုင်ခဲ့သည်။ ဤသုတေသန တွင် အသုံးပြုထားသည့် လူဦးရေပမာဏ လေးဦးသည် Principle of saturation ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အင်တာဗျူး များမှ အချက်အလက်အသစ် သို့မဟုတ် သက်ဆိုင်သော အချက်အလက် ထပ်မံ ထွက်ရှိလာခြင်း မရှိတော့သည်အထိ အချက်အလက်စုဆောင်းခြင်းအား ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။ ပါဝင်သူများကို ရွေးချယ်ရာတွင်လည်း ရည်ရွယ်ချက်ရှိရှိဖြင့် သုတေသနမေးခွန်းများ၊ သုတေသနရည်ရွယ်ချက်များ နှင့် ကိုက်ညီမှုရှိသည့် သီးခြားသတ်မှတ်ချက်များပေါ်တွင် အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သတ်မှတ်ချက်အတိအကျမှာ မြန်မာနိုင်ငံမှ မီဇိုရမ် သို့ ရွှေ့ပြောင်းလာခဲ့သော ချင်းအမျိုးသမီးဒုက္ခသည်တစ်ဦးဖြစ်ကာ မိမိ၏ နိုင်ငံ တွင် ပညာရေးနှင့် အလုပ်အကိုင်အတွေ့အကြုံရှိခဲ့ပြီး လက်ရှိတွင် မီဇိုရမ်၌

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်နေကာ အင်တာဗျူးတွင် ပါဝင်လိုပြီး ပါဝင်နိုင်သူဖြစ်ရမည်။

ကျွန်ုပ်၏ သုတေသနတွင်ပါဝင်ခဲ့သူများမှာ မတူညီသော ပညာရေးအဆင့်အတန်းနှင့် အလုပ်အတွေ့အကြုံများရှိသည့် စုံလင်ကွဲပြားသည့် အမျိုးသမီးအုပ်စုဖြစ်သည်။ ပါဝင်သူ (၁) မှာ အသက် (၃၇) နှစ်အရွယ်ရှိပြီး ဥပဒေဘွဲ့ရထားသူတစ်ဦးဖြစ်သည်။ သူမသည် မီဇိုရမ်သို့မလာမီ မြန်မာနိုင်ငံတွင် ဥပဒေအကြံပေးအကျိုးဆောင်အဖွဲ့တစ်ခု၌ အလုပ်လုပ်ကိုင်ခဲ့သည်။ ပါဝင်သူ (၂) မှာ အသက် (၂၇) နှစ်အရွယ် မူလတန်းပြဆရာမတစ်ဦးဖြစ်သည်။ သူမသည် ပညာရေးဘွဲ့ရဖြစ်ပြီး မြန်မာနိုင်ငံတွင် စာသင်အတွေ့အကြုံ နှစ်နှင့်ချီရှိသည်။ ပါဝင်သူ (၃) သည် အသက် (၂၄) နှစ်အရွယ် သူနာပြုဆရာမ တစ်ဦးဖြစ်သည်။ သူမသည် သူနာပြုဘွဲ့ရတစ်ဦးဖြစ်ပြီး အာဏာသိမ်းမှုမတိုင်မီတွင် မြန်မာနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ အလုပ်လုပ်ကိုင်ခဲ့သည်။ ပါဝင်သူ (၄) သည် အသက် (၄၀) နှစ်အရွယ် တက္ကသိုလ်ကထိကတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် နှစ်ပေါင်းများစွာ စာသင်ပြခဲ့သည်။ ပါဝင်သူ (၁) ၊ (၂) ၊ (၃) တို့သည် လူလွတ်များဖြစ်ကြပြီး ပါဝင်သူ (၄) သည် အိမ်ထောင်သည်ဖြစ်သည်။ ပါဝင်သူအားလုံးသည် မီဇိုရမ်သို့ ၂၀၂၁ ခုနှစ်တွင် ထွက်ပြေးခဲ့ကြသည်။

အင်တာဗျူးများအား မီဇိုရမ်ရှိ လုံခြုံပြီး သင့်လျော်သောနေရာများတွင် လူချင်းတွေ့ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အင်တာဗျူးများသည် ခန့်မှန်းချေ တစ်နာရီခန့်ကြာပြီး ပါဝင်သူများ၏ ခွင့်ပြုချက်ဖြင့် အသံသွင်းမှတ်တမ်းတင်ထားခဲ့သည်။ အင်တာဗျူး ပြုလုပ်နေစဉ်အတွင်းနှင့် ပြီးသွားသည့်နောက်တွင် ပါဝင်သူများပြောကြားခဲ့သည့် အရေးကြီးသောအချက်များနှင့် သဘောထားအမြင်များကို မှတ်စုထုတ်ရေးသားထားခဲ့သည်။ အင်တာဗျူးမေးခွန်းများသည် အောက်ပါအကြောင်းအရာများကို ခြုံငုံမေးမြန်းခဲ့သည်။ လူမှုအုပ်စု (အသက်၊ အိမ်ထောင်ရှိ/မရှိ၊ ပညာရေးအဆင့်အတန်း၊ ရွှေ့ပြောင်းမှုသမိုင်းကြောင်း၊ တရားဝင်အထောက်အထားအခြေအနေ)၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများ (အမျိုးအစား၊ ကြာချိန်၊ အကြိမ်ရေ၊ ဝင်ငွေ၊ အာဏာ

မသိမ်းမီကာလနှင့် သိမ်းပြီးနောက်ပိုင်းကာလ)၊ အခွင့်အလမ်းများ (ရှိနေမှု၊ လက်လှမ်းမီမှု၊ သင့်လျော်မှု)၊ စိန်ခေါ်မှုများ (တစ်ကိုယ်ရေဆိုင်ရာ၊ အခြားလူများနှင့် ဆက်ဆံမှုဆိုင်ရာ၊ ဖွဲ့စည်းပုံဆိုင်ရာ) နှင့် ကိုင်တွယ်ဖြေရှင်းသည့် နည်းဗျူဟာများ (တစ်ဦးချင်း၊ အုပ်စုလိုက်) တို့ဖြစ်သည်။

အင်တာဗျူးဖြေဆိုခဲ့သူများ ရင်ဆိုင်နေရသော တူညီသည့် အတွေ့အကြုံများသည် မီဇိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီးများ၏ ဘုံစိန်ခေါ်မှုများနှင့် ခံနိုင်ရည်ရှိမှုတို့ကို ထင်ဟပ်နေသည်။ ၎င်းတို့၏ ဇာတ်ကြောင်းများသည် ကြီးမားသည့် စိန်ခေါ်မှုများကြားကပင် ပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေဖြစ်စေရန် ပြောင်းလဲပြုပြင်ကာ အသက်မွေးဝမ်းကျောင်းအလုပ်များတွင် တက်ကြွစွာပါဝင်နေသည့် ၎င်းတို့၏ စုပေါင်းစွမ်းရည်ကို တွေ့မြင်နေရသည်။

ရလဒ်များနှင့် ဆွေးနွေးမှု

သုတေသနတွင် ပါဝင်ခဲ့သူအားလုံးသည် ၂၀၂၁ အာဏာသိမ်းမှုမတိုင်မီတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှုဌာနများတွင် အလုပ်လုပ်ကိုင်ခဲ့ကြကာ တည်ငြိမ်သော ဝင်ငွေများရှိခဲ့ကြပြီး မီဇိုရမ်တွင် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ အရှိတရားများအကြား ရှင်သန်ဖြတ်သန်းနိုင်ရန် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများကို မဖြစ်မနေအသုံးချနေကြရသည်။ ၎င်းတို့တစ်ဦးချင်းစီတိုင်းတွင် ဝင်ငွေရနိုင်သော အခွင့်အလမ်းများသည် အနည်းအကျဉ်းသာရှိပြီး ဝင်ငွေရနိုင်သည့် လမ်းကြောင်းတစ်ခုရှာဖွေတွေ့ရှိလျှင်ပင် နေထိုင်စရိတ်များကို ကာမိရန် လုံလောက်သောငွေရရှိဖို့ရန် ခက်ခဲနေကြောင်း ညည်းညူခဲ့ကြသည်။

ပါဝင်သူ (၁) မှ ချင်းရိုးရာဟင်းတစ်မျိုးဖြစ်သည့် ဆာဗူးသီး (*sabuti*) ခေါ် ပြောင်းဖူးနှင့် အသားစွပ်ပြုတ်တစ်မျိုးကို ရောင်းချသည့် အသေးစား စီးပွားရေးလုပ်ငန်း တစ်ခုစတင်ခဲ့သည်။ ပါဝင်သူ (၂) မှ အရောင်းစာရေးတစ်ဦးအဖြစ် အချိန်ပိုင်းအလုပ်လုပ်ခဲ့ပြီး လမ်းဘေးဈေးသည်တစ်ဦးအဖြစ်လည်း ဈေးရောင်းခဲ့သည်။ အဆိုပါနှစ်ဦးအတွက် ခန့်မှန်းနိုင်သော ပုံမှန်ဝင်ငွေပမာဏတစ်ခု မရှိ

နေခြင်းသည် ၎င်းတို့ နေ့စဉ်ရင်ဆိုင်နေရသည့် အဓိက စိုးရိမ်စရာ ပြဿနာ တစ်ခု ဖြစ်နေသည်။ သူတို့နှစ်ဦးထက် အနည်းငယ် ပိုမိုကံကောင်းသည်ဟုဆိုရမည့် ပါဝင်သူ (၃) နှင့် (၄) တို့တွင် လစဉ်ပုံမှန်လစာရရှိစေနိုင်သည့် တည်ငြိမ်မှုရှိသော အလုပ်အကိုင်များကို ရယူထားနိုင်ခဲ့သည်။ ဤအမျိုးသမီး လေးဦး၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖြစ်အပျက်များသည် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကြားမှ ဒုက္ခသည်ချင်းအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်မှုကို မီးမောင်းထိုးပြနေပြီး နှစ်နိုင်ငံကြား အလုပ်လုပ်နိုင်ခွင့်နှင့် စွမ်းရည်မြှင့်တင်ခြင်းတို့ကို အထောက်အကူပေးသည့် ပြည့်စုံကျယ်ပြန့်သော မူဝါဒများ အရေးတကြီး လိုအပ်နေကြောင်းလည်း ထောက်ပြနေသည်။

ပါဝင်သူ (၁)၊ (၂) နှင့် (၃) တို့သည် အကောင်းဆုံး ကြိုးစားဆောင်ရွက်ခဲ့ကြသည့်ကြားမှပင် ၎င်းတို့၏ လစဉ်ဝင်ငွေများမှာ အခြေခံလိုအပ်ချက်များအတွက် လုံလောက်မှုမရှိသည်ကို တွေ့ရှိခဲ့ကြရပြီး ၎င်းအချက်ကြောင့်ပင် အထက်ပါ မူဝါဒများလိုအပ်မှုသည် ပို၍ပင်အရေးကြီးလာနေသည်။ ဤပါဝင်သူ သုံးဦးသည် လက်ရှိတွင် ၎င်းတို့၏ မိသားစုများအပေါ် ငွေကြေးအရ မှီခိုနေကြရ သည်။ မီဇိုရမ်မှ အရောင်းစာရေးတစ်ဦး၏ လစဉ်ဝင်ငွေသည် အိန္ဒိယရူပီး (၄,၀၀၀) မှ (၅,၀၀၀) ကြားရှိပြီး ၎င်းပမာဏသည် လစဉ်အိမ်ငှားခအတွက်ပင် လောက်ခြင်းမရှိကြောင်း ပါဝင်သူ (၂) မှဆိုခဲ့သည်။

> အခွင့်အလမ်းတွေက အရမ်းရှားတယ်။ အဝတ်အစားရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးအနေနဲ့ လုပ်နေတဲ့ ကျွန်မရဲ့ လစာက ရူပီး (၄,၅၀၀) လောက်ပဲရှိပြီး အဲဒါက အိမ်ငှားခ အတွက်တောင် မလောက်ဘူး။ ရေရှည်မှာ ရပ်တည်ဖို့ဆိုတာ ဘယ်လိုမှ လက်တွေ့မကျနေဘူး။ အဲဒါကြောင့်မို့လို့ ကျွန်မရဲ့ ဆွေမျိုးတွေပေါ်မှာ မှီခိုနေရတယ်။

စားစရိတ်များ၊ နေစရိတ်နှင့် သွားလာစရိတ်အပါအဝင် နေထိုင်စရိတ်ကြီးမား ခြင်းသည် ငွေကြေးအကျပ်အတည်းကိုဖြစ်စေသည့် အဓိကအချက်ဖြစ်သည်။ ပါဝင်သူ (၂) မှဆိုသည်မှာ —

> အာဏာမသိမ်းခင်တုန်းက ကျွန်မက ပုံမှန်လစဉ်ဝင်ငွေရှိတဲ့ ရုံးဝန်ထမ်းတစ်ယောက်။ ကျွန်မလိုချင်တာကို ဝယ်ဖို့ ပိုက်ဆံလုံလုံလောက်လောက်ရှိခဲ့တယ်။ ဒါပေမဲ့ တော်လှန်ရေးက ကျွန်မဘဝကို ဇောက်ထိုးဖြစ်သွားစေခဲ့တယ်။ အခုဆို မိဒိုရမ်မှာ ရပ်တည်နိုင်ဖို့ ကျွန်မရဲ့ အဒေါ်ကို ကပ်နေရပြီး ကျွန်မလိုချင်တာ ရဖို့ဆိုတာ စိန်ခေါ်မှုတစ်ခုဖြစ်လာခဲ့တယ်။

ပါဝင်သူများမှ တောင်ယာအလုပ်၊ လယ်အလုပ်၊ စက်ချုပ်အလုပ်၊ အိမ်ဖော်အလုပ်နှင့် အခြားသော နေ့စားအလုပ်အကိုင်များကိုလည်း ဖော်ပြခဲ့ကြသည်။ ပါဝင်သူ (၄) ကပြောသည်မှာ —

> ကျွန်မ မိဒိုရမ်ကို ရောက်တဲ့အချိန် ဘုရားကျောင်းက လူကြီးတစ်ဦးရဲ့ အကူအညီနဲ့ ပုဂ္ဂလိကကျောင်းတစ်ကျောင်းမှာ နေစရာရခဲ့တယ်။ ကျွန်မကိုယ်တိုင်ကလည်း တက္ကသိုလ်ကကထိကဟောင်းတစ်ယောက်မို့ အဲဒီမှာစာသင်ဖို့ အခွင့်အလမ်းရနိုင်မယ် ထင်ခဲ့ပေမဲ့ မရခဲ့ဘူး။ ကျွန်မလိုမျိုး အစိုးရဝန်ထမ်းဟောင်းတွေ အခုလယ်လုပ်သားသူရင်းငှားတွေအနေနဲ့ ဝင်လုပ်နေရတဲ့သူတွေရှိတယ်။ အင်ဂျင်နီယာဟောင်းတွေ ရှင်သန်ရပ်တည်ဖို့အတွက် စက်ချုပ်နေရတာမျိုးတွေရှိတာ ကျွန်မသိထားတယ်။ အမျိုးသမီးတွေအတွက် ဝင်ငွေရနိုင်မယ့် အခွင့်အလမ်းတွေက အရမ်းကို နည်းပါးပြီးတော့ အများအားဖြင့်လက်လှမ်းမမီတာတွေ ဖြစ်နေလေ့ရှိတယ်။

ပါဝင်သူ (၄) မှ မြန်မာနိုင်ငံမှာ အစိုးရဝန်ထမ်းလစာသည် မများသော်လည်း နေထိုင်စရိတ်သက်သာသောကြောင့် အာဏာမသိမ်းမှုမီက သူမ၏ မိသားစုကို ထောက်ပံ့နိုင်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ မီဇိုရမ်တွင် သူမအနေဖြင့် မြန်မာနိုင်ငံ၌ ရခဲ့သော လစာထက် များသည့် လစာကို ရနေသဖြင့် ကံကောင်းဟုဆိုရမည်ဖြစ်လည်း နေထိုင်စရိတ် ပိုမိုမြင့်မားသောကြောင့် ဘဝနေထိုင်မှုသည် ပိုမိုခက်ခဲနေသည်။

ပါဝင်သူ (၁) မှ မီဇိုရမ်တွင် ဒုက္ခသည်ချင်းအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကို တိုးတက်စေနိုင်မှုနှင့် သက်ဆိုင်သည့် အတားအဆီးတစ်ခုကို ထောက်ပြခဲ့သည်။ "ကျွန်မတို့ ဒုက္ခသည်အမျိုးသမီးတွေက စီးပွားရေးလုပ်ငန်းတွေ စဖို့အတွက် အခွင့်အလမ်းမရှိကြဘူး။ ကျွန်မတို့ဆီမှာ ပိုက်ဆံရှိနေရင်တောင်မှ အထောက်အထားကတ် မရှိဘဲနဲ့ စလို့မရတဲ့အတွက် ကျွန်မတို့မှာ ရွေးချယ်စရာ နည်းနည်းပဲရှိတယ်" ဟု သူမက ဆိုသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ကာမိစေရန် လုပ်ဆောင်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ရန် ငွေစုဆောင်းနိုင်လျှင်ပင် အမျိုးသမီးများ ဘဝတိုးတက်ရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရသေးကြောင်း အထက်ပါအချက်မှ ဖော်ပြနေသည်။

တရားဝင်အထောက်အထား မရှိမှုသည် မီဇိုရမ်တွင် ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ဆုပ်ကိုင်မိနိုင်ရန် အတားအဆီးဖြစ်နေသည်။ ပါဝင်သူ (၃) မှ မျှဝေခဲ့သည်မှာ "ဒီမှာ ကျွန်မရဲ့ သူနာပြုအသိအမှတ်ပြုလက်မှတ်ကို အသိအမှတ်ပြုခြင်း မရှိတဲ့အတွက် ကျွန်မရဲ့ ပရော်ဖယ်ရှင်နယ်အလုပ်ကို ကြီးကြီးမားမားထိခိုက်နေတယ်" ပါဝင်သူ (၁) နှင့် (၃) မှ "ဒုက္ခသည်တွေအနေနဲ့ ကျွန်မတို့မှာ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး" ဟု ပြတ်ပြတ်သားသား မှတ်ချက်ပြုခဲ့ကြသည်။ ဤပြောဆိုချက်များသည် မီဇိုရမ်ရှိ ဒုက္ခသည်များ ကြုံတွေ့နေရသည့် ဥပဒေပိုင်းဆိုင်ရာ အတားအဆီးများကို မီးမောင်းထိုးပြနေသည်။ ဒုက္ခသည်ဖြစ်နေခြင်းသည် ၎င်းတို့၏ အခွင့်အရေးများကိုသာ ကန့်သတ်နေသည်မဟုတ်ဘဲ ၎င်းတို့၏ အရည်အချင်းများနှင့် လုပ်

နိုင်စွမ်းရည်များကို အသိအမှတ်ပြုခြင်း မရှိသည့်အတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း တိုးတက်ရေးတွင်လည်း အတားအဆီးဖြစ်နေသည်။

ကျွန်ုပ်၏ သုတေသနတွင် ပါဝင်သူများအားလုံး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့ရသည့် ဤအခက်အခဲများအားလုံးကို ပိုမိုဆိုးဝါးစေသည့် စိန်ခေါ်မှုတစ်ရပ်မှာ ဒေသခံဘာသာစကားများကို နားမလည်ခြင်းနှင့် ၎င်းတို့ပြောသော စကားများကို ဒေသခံများမှ နားမလည်ခြင်းဖြစ်သည်။ "ဒေသခံဘာသာစကားကို နားမလည်တာက ကျွန်မအမြင်မှာ အတားအဆီးကြီးတစ်ခုလို့ မြင်တယ်။ ပြီးတော့ ကျွန်မရဲ့ အမြင်တွေနဲ့ သဘောထားတွေက ဒေသခံတွေနဲ့ အလှမ်းကွာနေတယ်" ဟု ပါဝင်သူ (၃) မှဆိုခဲ့သည်။ ဘာသာစကားအတားအဆီးများသည် ဆက်သွယ်ဆက်ဆံရေး ပြဿနာများနှင့် နားလည်မှု လွဲမှားခြင်းများဆီသို့ ဦးတည်သွားစေနိုင်ပြီး လူ့အသိုင်းအဝိုင်းထဲသို့ အပြည့်အဝ ပေါင်းစည်းဝင်ရောက်သည့်အခါနှင့် ရှိနေသည့် ရင်းမြစ်များကို အသုံးချသည့်အခါ အခက်အခဲများဖြစ်စေသည်။ ထို့ပြင် ခွဲခြားဆက်ဆံခြင်းနှင့် ဘက်လိုက်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပြီး ၎င်းတို့သည် မိဒိုရပ်မှ နေ့စဉ်ဘဝများတွင် စိမ့်ဝင်နေသည့် အဖြစ်များသော ပြဿနာများဖြစ်ကြသည်။ ပါဝင်သူ (၂) မှ ပြောသည်မှာ —

> မြန်မာနိုင်ငံကနေ မူးယစ်ဆေးဝါးတွေ သိမ်းဆည်းရမိတယ်ဆိုတဲ့ သတင်းတွေ တက်လာပြီးနောက်မှာ ဒေသခံတွေက ကျွန်မတို့အပေါ် ပိုမိုအထင်သေးလာကြပြီးတော့ ဂုဏ်သိက္ခာလည်း ပိုမိုကျဆင်းခဲ့ရတယ်။ ကျွန်မ သစ်သီးရောင်းတဲ့အလုပ်ကို အချိန်ပိုင်းလုပ်နေခဲ့တုန်းက ဖိနပ်သန့်ရှင်းရေး လုပ်ခိုင်းတာမျိုး အလုပ်နဲ့ မဆိုင်တဲ့၊ သိက္ခာကျစေတဲ့အလုပ်တွေကို သူဌေးက ဖိအားပေးပြီး ခိုင်းခဲ့တာတွေရှိတယ်။

အခြားပါဝင်သူတစ်ဦးမှ ဆိုခဲ့သည်မှာ —

ကျွန်မတို့လို မြန်မာနိုင်ငံက ဒုက္ခသည်တွေအတွက် မီဇိုရမ်မှာ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို အခြေတကျယူထား နိုင်ဖို့ဆိုတာ ခက်ခဲတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ မြန်မာ ကလာတယ်ဆိုတာကို ပြောလိုက်ပြီဆိုတာနဲ့ ဒေသခံတွေရဲ့ ကျွန်မတို့နဲ့ ပြောဆိုဆက်ဆံတဲ့ ပုံစံတွေက ချက်ချင်းပြောင်း သွားကြတယ်။

ကျွန်ုပ်တို့ အခုတွေ့မြင်ရသည့်အတိုင်းပင် မီဇိုရမ်ရှိ ဒုက္ခသည်ချင်းအမျိုးသမီး များအတွက် အသက်မွေးဝမ်းကျောင်းအလုပ်များကို လက်လှမ်းမီရယူနိုင်ရန် သိသာထင်ရှားသော စိန်ခေါ်မှုများရှိနေသည်။ အဆိုပါစိန်ခေါ်မှုများသည် အလွှာအမျိုးမျိုးရှိပြီး ၎င်းတို့ထဲတွင် ဘာသာစကားအတားအဆီးများ၊ ခွဲခြား ဆက်ဆံခံရမှုများ၊ အထောက်အထားကတ်များ လျှောက်ထားရယူနိုင်ခြင်းမှ ဖယ်ထုတ်ထားခံရခြင်းနှင့် ၎င်းတို့၏ ပရော်ဖယ်ရှင်နယ် အသိအမှတ်ပြု လက်မှတ်များနှင့် စွမ်းဆောင်ရည်တို့ကို အသိအမှတ်မပြုခြင်းတို့အပါအဝင် တရားဝင်အထောက်အထားမရှိခြင်းများ စသည်တို့ပါဝင်သည်။ နေထိုင်စရိတ် မြင့်မားသည့်အပြင် လုပ်ခလစာများနည်းပါးခြင်းသည် အဆိုပါစိန်ခေါ်မှုများကို ပိုမိုဆိုးဝါးစေပြီး အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများ၏ ထောက်ပံ့မှုအပေါ် မှီခိုနေရလေ့ရှိသည်။ ယခုကဲ့သို့စိန်ခေါ်မှုများရှိနေသည့်တိုင် ဒုက္ခသည်ချင်းအမျိုးသမီးများသည် အံ့ဩဖွယ်ကောင်းလောက်သော ကြံ့ကြံ့ခံ နိုင်မှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြောင်းလဲနိုင်မှုတို့ကို ပြသနေကြသည်။ ကျွန်ုပ်၏ သုတေသနတွင် ပါဝင်ခဲ့သူ လေးဦးမှာ ၎င်းတို့၏ အခက်အခဲများအား မည်သို့မည်ပုံ အကောင်းဆုံးကိုင်တွယ်ရမည် သို့မဟုတ် ထိရောက်စွာ စီမံခန့်ခွဲ ရမည်နှင့် ပတ်သက်ပြီး သေချာရေရာမှု ရှိမနေကြပေ။ ပါဝင်သူ (၁) မှ "ကျွန်မ ကတော့ အိမ်မှာပဲ ဆာဖူးသီး လုပ်တယ်" ဟု သူ လုပ်ဆောင်နိုင်သည့် အရာ အပေါ်တွင်သာ အာရုံစိုက်ကြောင်းဆိုသည်။ သို့သော် အခြားပါဝင်သူတစ်ဦးမှ "(ဒီစိန်ခေါ်မှုတွေအတွက်) စနစ်ကျတဲ့ ဖြေရှင်းမှုမျိုး မရှိနေဘူး။ တစ်ခါတလေ ကျွန်မနားမှာရှိတဲ့ မြန်မာကလူတွေဆီကိုပဲ ရင်ဖွင့်ပြီး အကြံဉာဏ်တောင်းရ

တယ်။ ဘုရားကျောင်းကိုသွားပြီး ဆုတောင်းစကားတွေထဲမှာ စိတ်သက်သာရာကို ရှာဖွေတယ် ပြီးတော့ မြန်မာပြည်က မိသားစုနဲ့ အဆက်အသွယ် မပြတ်အောင်နေတယ်" ဟု ပြောဆိုခဲ့သည်။ ဤအချက်များကိုကြည့်ပါက လူမှုအသိုင်းအဝိုင်းများနှင့် ပတ်ဝန်းကျင်မှ ကူညီပံ့ပိုးမှုများသည် အရေးကြီးသောရင်ဆိုင်ဖြေရှင်းမှု ယန္တရားများ ဖြစ်နေသည်။

သုတေသနအကန့်အသတ်များ

၁။ **သုတေသနအတွက် နမူနာယူသည့် ပမာဏအရွယ်အစား သေးငယ်ခြင်း**

ဤလေ့လာမှုသည် အမျိုးသမီး လေးဦးတည်းကိုသာ အင်တာဗျူးထားသည့် အချက်အလက်များပေါ်တွင် အခြေခံထားသောကြောင့် မီဖိုရမ်ရှိ ချင်းအမျိုးသမီးအားလုံး၏ စုံလင်ကွဲပြားသော အတွေ့အကြုံများကို အပြည့်အဝ ကိုယ်စားပြုနိုင်ခြင်း ရှိချင်မှ ရှိပါမည်။

၂။ **ခြုံငုံမိမှုတွင် အကန့်အသတ်ရှိနေခြင်း**

ရှာဖွေတွေ့ရှိချက်များသည် မီဖိုရမ်အတွက် သီးသန့်ဖြစ်နေကာ အိန္ဒိယသို့မဟုတ် အခြားနေရာများမှ ချင်းဒုက္ခသည်များအပေါ် အသုံးချနိုင်မှု ရှိချင်မှ ရှိပါမည်။

၃။ **ကိုယ်တိုင်တင်ပြထားသည့် အချက်အလက်များပေါ်တွင် မှီခိုထားရမှု**

ဤလေ့လာမှုသည် ကိုယ်တွေ့ဖြစ်ရပ်များပေါ်တွင် အခြေခံထားခြင်းဖြစ်သောကြောင့် မှတ်မိသည့် အကြောင်းအရာများ သို့မဟုတ် တစ်ဦးချင်း၏ အမြင်များမှ လွှမ်းမိုးမှုများရှိနေနိုင်သည်။

၄။ **ရေရှည်ကာလအတွက် ခွဲခြမ်းစိတ်ဖြာထားမှု မရှိနေခြင်း**

ဤသုတေသနသည် လက်ရှိအတွေ့အကြုံများ၏ ပုံရိပ်တစ်ခုကို ဖော်ပြပေးသော်လည်း အချိန်ကာလကြာလာသည်နှင့်အမျှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်လှမ်းမီမှုအပြောင်းအလဲများကို မှတ်တမ်းတင်စောင့်ကြည့်ထားခြင်း မရှိပေ။

၅။ **ဥပဒေပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ အကန့်အသတ်များ**

ဤလေ့လာမှုသည် အိန္ဒိယရှိ ဒုက္ခသည် အခြေအနေနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်လှမ်းမီမှုတို့အပေါ်တွင် သက်ရောက်မှုများရှိသည့် နယ်စပ် ဥပဒေပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ မူဘောင်များကို အတွင်းကျကျ စူးစမ်းလေ့လာထားခြင်းမရှိပေ။

အကြံပြုချက်များ

၁။ **သုတေသနအတွက် နမူနာယူသည့် ပမာဏကို ပိုမိုချဲ့ထွင်ရန်**
အနာဂတ်သုတေသနများသည် ပိုမိုကျယ်ပြန့်ပြည့်စုံသော ခွဲခြမ်းစိတ်ဖြာမှုတစ်ရပ်ရနိုင်ရန် မတူညီသော အသက်အရွယ်အပိုင်းအခြား အုပ်စုများ၊ အလုပ်အကိုင်များနှင့် ပညာရေးနောက်ခံများမှ ပုဂ္ဂိုလ်များကို ထည့်သွင်းသင့်သည်။

၂။ **နှိုင်းယှဉ်လေ့လာမှုများ**
မိဇိုရမ်မှ ချင်းဒုက္ခသည်များနှင့် အိန္ဒိယ နိုင်ငံ အခြားပြည်နယ်များ သို့မဟုတ် မတူညီသော နောက်ခံများမှ ဒုက္ခသည်လူအုပ်စုများနှင့် နှိုင်းယှဉ်လေ့လာမှုမျိုးသည် ပိုမိုနက်ရှိုင်းသော အသိအမြင်များ ဖော်ထုတ်ပေးအပ်နိုင်သည်။

၃။ **ရေရှည်သုတေသန**
အချိန်ကာလကြာလာသည်နှင့်အမျှ နောက်ဆက်တွဲလေ့လာမှုများ ဆောင်ရွက်ခြင်းသည် ရေရှည်လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲမှုနည်းဗျူဟာများနှင့် စီးပွားရေးဆိုင်ရာ ပေါင်းစည်းမှုများကို အကဲဖြတ်လေ့လာရာတွင် အထောက်အကူပြုနိုင်သည်။

၄။ **မူဝါဒပိုင်းဆိုင်ရာ ဆက်စပ်ပတ်သက်မှု**
Buscher, D. (2011). *Bright Lights, Big City: Urban Refugees Struggle to Make a Living in New Delhi*. Women's Refugee Commission. http://www.womensrefugeecommission.org/research-resources/bright-lights-big-city-urban-refugees-struggle-to-make-a-living-in-new-delhi/

Buscher, D. (2013). New Approaches to Urban Refugee Livelihoods. *Refuge: Canada's Journal on Refugees*, *28*(2), 17–29. https://doi.org/10.25071/1920-7336.36473

Creswell, J. W. (2007). *Qualitative Inquiry & Research Design: Choosing Among Five Approaches*. Sage.

Cridland, E. K., Jones, S. C., Caputi, P., & Magee, C. A. (2015). Qualitative research with families living with autism spectrum disorder: Recommendations for conducting semi-structured interviews. *Journal of Intellectual and Developmental Disability*, *40*(1), 78–91. https://doi.org/10.3109/13668250.2014.964191

Crisp, J. (2017, June 6). *The Case Against Refugee Camps*. Refugees International. https://www.refugeesinternational.org/reports/refugeecamps

Crisp, J., Morris, T., & Refstie, H. (2012). Displacement in urban areas: New challenges, new partnerships. *Disasters*, *36*, S23–S42. https://doi.org/10.1111/j.1467-7717.2012.01284.x

Cureton, A. E. (2020). Strangers in the School: Facilitators and Barriers Regarding Refugee Parental Involvement. *The Urban Review*, *52*(5), 924–949. https://doi.org/10.1007/s11256-020-00580-0

Darling, J. (2017). Forced migration and the city: Irregularity, informality, and the politics of presence. *Progress in Human Geography*, *41*(2), 178–198. https://doi.org/10.1177/0309132516629004

Dey, N. (2022). Resilience and coping mechanisms of refugee communities. In S. I. Rajan (Ed.), *The Routledge Handbook of Refugees in India* (pp. 307-317). Routledge.

Dryden-Peterson, S. (2015). Refugee education in countries of first asylum: Breaking open the black box of pre-resettlement experiences. *Theory and Research in Education*, *2*(14), 131–148. https://doi.org/10.1177/1477878515622703

Hammad, N. (2017). Refugees in urban areas. *International Journal of Humanities and Social Science*, *7*(3), 123–126.

Hopkins, G. (2015). Casamance refugees in urban locations of The Gambia. In K. Koizumi & G. Hoffstaedter (Eds.), *Urban Refugees* (pp. 42-75). Routledge.

Kalita, K. (2023, December 3). New Mizoram govt must allow us to stay in state: Manipur displaced. *The Times of India.* https://timesofindia.indiatimes.com/city/guwahati/new-mizoram-govt-must-allow-us-to-stay-in-state-manipur-displaced/articleshow/105690173.cms

Kobia, K., & Cranfield, L. (2009). Literature Review: Urban Refugees. *Refugees Branch, Citizenship and Immigration Canada.* https://www.acnur.org/sites/default/files/legacy-pdf/4b0a528c9.pdf

Lozet, F., & Easton-Calabria, E. (2020). Counting Urban Refugees During COVID-19. *Forced Migration Review*, *64*, 79–80.

McConnachie, K. (2018). Boundaries and Belonging in the Indo-Myanmar Borderlands: Chin Refugees in Mizoram. *Journal of Refugee Studies*, *31*(3), 314–333. https://doi.org/10.1093/jrs/fey012

PTI. (2022, September 18). Mizoram instructs Myanmar refugees not to purchase land or house without govt permission.

ThePrint. https://theprint.in/india/mizoram-instructs-myanmar-refugees-not-to-purchase-land-or-house-without-govt-permission/1133723/

PTI. (2023, August 9). Over 8,000 children of Myanmar, Bangladesh refugees, strife-torn Manipur enrolled in Mizoram schools: Education Minister. *Deccan Herald*. https://www.deccanherald.com/india/mizoram/over-8000-children-of-myanmar-bangladesh-refugees-strife-torn-manipur-enrolled-in-mizoram-schools-education-minister-2640631

Rah, Y., Choi, S., & Nguyễn, T. S. T. (2009). Building bridges between refugee parents and schools. *International Journal of Leadership in Education*, *12*(4), 347–365. https://doi.org/10.1080/13603120802609867

Saito, S., Harris, M. F., Long, K. M., Lewis, V., Casey, S., Hogg, W., Cheng, I.-H., Advocat, J., Marsh, G., Gunatillaka, N., & Russell, G. (2021). Response to language barriers with patients from refugee background in general practice in Australia: Findings from the OPTIMISE study. *BMC Health Services Research*, *21*(1), 921. https://doi.org/10.1186/s12913-021-06884-5

Samkange-Zeeb, F., Samerski, S., Doos, L., Humphris, R., Padilla, B., & Bradby, H. (2020). "It's the First Barrier" – Lack of Common Language a Major Obstacle When Accessing/Providing Healthcare Services Across Europe. *Frontiers in Sociology*, *5*. https://www.frontiersin.org/articles/10.3389/fsoc.2020.557563

Sanyal, R. (2012). Refugees and the City: An Urban Discussion. *Geography Compass*, *6*(11), 633–644. https://doi.org/10.1111/gec3.12010

Satapathy, R. K., & Lalthansiami, P. C. (2021). Chin Migration to Mizoram Ethnic Affinity and Changing Perceptions. In H. Srikanth & M. Majumdar (Eds.), *Linking India and Eastern Neighbours: Development in the Northeast and Borderlands*. Sage Publications.

Seker, B., & Sirkeci, I. (2015). Challenges for Refugee Children at School in Eastern Turkey. *Economics & Sociology*, *8*, 122–133. https://doi.org/10.14254/2071-789X.2015/8-4/9

UNHCR. (2009). *UNHCR policy on refugee protection and solutions in urban areas*. https://www.unhcr.org/media/unhcr-policy-refugee-protection-and-solutions-urban-areas
UNHCR. (2021). *Global Trends: Forced Displacement in 2021*. https://www.unhcr.org/media/40152
UNHCR. (2023). *Myanmar Emergency Update*. https://reliefweb.int/report/myanmar/myanmar-emergency-update-10-april-2023
Unique Identification Authority of India. (2022). *What is Aadhaar?* https://www.uidai.gov.in/en/16-english-uk/aapka-aadhaar/14-what-is-aadhaar.html
Verghis, S., & Balasundram, S. (2019). Urban refugees: The hidden population. In P. Allotey & D. Reidpath (Eds.), *The Health of Refugees: Public Health Perspectives from Crisis to Settlement* (pp. 131-152). Oxford University Press. https://doi.org/10.1093/oso/9780198814733.003.0007
Yin, R. K. (2018). *Case Study Research and Applications*. Sage. https://us.sagepub.com/en-us/nam/case-study-research-and-applications/book250150

၂၀၂၁ နောက်ပိုင်း ချင်းဒုက္ခသည်များ အိုင်ဇောမြို့တွင် အခြေချခြင်းအပေါ် လွှမ်းမိုးမှုရှိနေသည့် အချက်များ

ဇလပ်မြေ

အကျဉ်းချုပ်

ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များ၏ တစ်ဝက်ကျော်သည် မြို့ပေါ်နေဒုက္ခသည်များ ဖြစ်သော်ငြားလည်း ၎င်းတို့သည် လူမသိသူမသိနေထိုင်ရလေ့ရှိပြီး ဒုက္ခသည်စခန်းများတွင် နေထိုင်နေသူများနှင့် ယှဉ်ပါက ၎င်းတို့ပေါ်တွင် စာပေသုတေသနဆိုင်ရာအာရုံစိုက်မှု ပိုမိုနည်းပါးနေသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း အိန္ဒိယနိုင်ငံ မီဇိုရမ်သို့ တိမ်းရှောင်ခဲ့ရပြီး မြို့တော် အိုင်ဇောတွင် အခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့ကြသည့် ဒုက္ခသည်များအတွက်လည်း မှန်ကန်နေသည်။ ဒုက္ခသည်စခန်းများ၏ အခြေအနေများသည် လုံခြုံမှုမရှိသလို နေရထိုင်ရ ကျဉ်းကျပ်သည်ဟူသော ယူဆချက်များသည် ၎င်းတို့အတွက် အိုင်ဇောတွင် အခြေချရန် ရွေးချယ်စေသည့် အဓိကတွန်းအားများ ဖြစ်နေခဲ့ကြောင်း အိုင်ဇောမှ ချင်းဒုက္ခသည်များနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးများမှ တစ်ဆင့်သိရှိခဲ့ရသည်။ အိုင်ဇောတွင် နေထိုင်ရန် ဆွဲဆောင်နေသည့် အခြားသော အချက်များမှာ ပိုမိုကောင်းမွန်သောအခြေအနေများရှိသည့် ကလေးများအတွက် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖြစ်သည်။ ၎င်းတို့အနေဖြင့် အဆိုပါအကျိုးကျေးဇူးများကို အတိုင်းအတာတစ်ခုထိ ခံစားကြရသော်လည်း မြို့ပေါ်ဒေသများတွင် မတူညီသော စိန်ခေါ်မှုအသစ်များ အထူးသဖြင့် နေထိုင်ရန် အိမ်ရာ၊ လူမျိုးရေးခွဲခြားမှုနှင့် ဘာသာစကား အတားအဆီးများကို ကြုံတွေ့ကြရသည်။ ဤအတားအဆီးများသည် ပညာရေး၊ အိမ်ရာနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရန် နှောင့်နှေးစေပြီး ဒုက္ခသည်များအား မကောင်းသော ရင်ဆိုင်ဖြေရှင်းခြင်း ဗျူဟာများကို ကျင့်သုံးလာရန် ဖိအားပေးနေသည်။ ထို့အပြင် စီးပွားရေးလုပ်ရန် ဥပဒေအရ

တားဆီးထားပြီး အများစုမှာ ဒေသခံလုပ်ငန်းရှင်များ အသိအမှတ်ပြုသည့် အထောက်အထားများ သို့မဟုတ် ကျွမ်းကျင်မှုလက်မှတ်များ မရှိနေခြင်းကြောင့် ၎င်းတို့သည် သင့်တော်သော အသက်မွေးဝမ်းကျောင်းမှု သို့မဟုတ် အလုပ်အကိုင်များရှာဖွေရာတွင်လည်း အတားအဆီးများစွာ ကြုံတွေ့နေကြရသည်။ ၎င်းတို့သည် အစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ထောက်ပံ့မှု လုံးဝမရခြင်း သို့မဟုတ် အနည်းငယ်သာရရှိသောကြောင့် ၎င်းတို့စုဆောင်းထားသည့် ငွေများနှင့် ပြည်ပတွင် နေထိုင်သည့် ဆွေမျိုးများထံမှ ငွေကြေးထောက်ပံ့မှုများပေါ်တွင် မှီခိုနေကြရသည်။

နိဒါန်း

၂၀၂၁ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုတစ်ရပ် ကျူးလွန်ခဲ့သည်။ စစ်တပ်၏ လူထုကို ဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပစ္စည်းဥစ္စာဖျက်ဆီးမှုတို့သည် သန်းနှင့်ချီသော လူထုကို ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာထွက်ပြေးရသည့်အခြေအနေမျိုးသို့ ကျရောက်စေခဲ့သည်။ မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်း နေရပ်စွန့်ခွာထွက်ပြေးရသည့် အရေအတွက်သည် အံ့သြဖွယ်ကောင်းစွာပင် နှစ်နှစ်အတွင်း လူပေါင်း (၃၃၀,၀၀၀) မှ (၁ ဒသမ ၈) သန်းသို့ တိုးမြင့်လာခဲ့သည်။[1] မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိလာခဲ့သည့် ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းသူများသည်လည်း တိုးမြင့်လာခဲ့သည်။ ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်းတွင် လူတစ်သန်းနီးပါးရှိသည့် နဂိုကတည်းကပင် များနေပြီဖြစ်သော ဒုက္ခသည်ဦးရေတွင် ခန့်မှန်းချေ လူပေါင်း (၈၄,၄၀၀) ထပ်မံရောက်ရှိလာခဲ့သည်။[2] အစီရင်ခံစာများအရ ၂၀၂၃ ခုနှစ်တွင် လူပေါင်း (၅၂,၃၅၀) သည် အိန္ဒိယသို့ ထွက်ပြေးခဲ့ကြပြီး ၎င်းတို့အနက် (၄၀,၀၀၀) ဝန်းကျင်သည် ချင်းပြည် နယ်စပ်တစ်ဖက်ခြမ်းရှိ မီဇိုရမ်ပြည်နယ်တွင် နေထိုင်နေကြသည်။[3]

[1] UNHCR, 2023.

[2] UNHCR, 2023.

[3] UNHCR, 2023.

ချင်းတိုင်းရင်းသားဒုက္ခသည်များသည် မီဇိုရမ်ပြည်နယ်ရှိ နယ်ခံလူထု အများစုဖြစ်သည့် မီဇိုလူမျိုးများနှင့် သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ တူညီကြသည်။ ချင်းလူမျိုးများနှင့် မီဇိုလူမျိုးများသည် ကျောက်တုံး သို့မဟုတ် ဂူ ဟုအဓိပ္ပာယ်ရသည့် မီဇိုဘာသာစကားအရ *chhinn lung* (ချင်းလွန်္င်) အမည်ရှိနေရာမှ ထွက်ပေါ်လာခဲ့သည့် တူညီသော ဘိုးဘေးတစ်ဦးထံမှ ဆင်း သက်လာကြကြောင်း ဒဏ္ဍာရီတစ်ခုရှိသည်။[4] ဗြိတိသျှကိုလိုနီခေတ်အထိနှင့် ကိုလိုနီခေတ်အတွင်းတွင် မီဇိုနှင့် ချင်း လူ့အဖွဲ့အစည်းများအတွင်း ယေဘုယျ အားဖြင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ရှိခဲ့သည်။

မြန်မာစစ်တပ်ထံမှ ထွက်ပြေးလွတ်မြောက်ကာ မီဇိုရမ်တွင် အခြေချနေ ထိုင်ခဲ့ကြသည့် ချင်းလူမျိုးများ၏ ပထမဦးဆုံးအစုလိုက်အပြုံလိုက် ရွှေ့ပြောင်း မှုသည် ၁၉၆၀ ခုနှစ် နှောင်းပိုင်းကာလများတွင် ဖြစ်ပေါ်ခဲ့သည်။ ၁၉၈၈ အရေးအခင်းနောက်ပိုင်းတွင် ရွှေ့ပြောင်းသူဦးရေသည် သိသိသာသာတိုးပွား လာခဲ့ပြီး[5] ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းတွင် အမြင့်ဆုံးစံချိန်သို့ ရောက်ရှိခဲ့သည်။[6] အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည့် ချင်းဒုက္ခသည်များတွင် အနည်းငယ်သာ မြို့တော် နယူးဒေလီသို့ ဆက်လက်သွားရောက်ကာ ကုလသမဂ္ဂ၏ အကာအကွယ်ကို ရှာဖွေခဲ့ကြသည်။ အများစုမှာ မီဇိုရမ်တွင် ဆက်လက်နေထိုင်ခဲ့ကြသည်။[7] ယခင်က ဒုက္ခသည်များကို လက်ခံထားသည့် ဒုက္ခသည်စခန်းများ ပြည်နယ်ထဲတွင် မရှိခဲ့ပေ။ ချင်းဒုက္ခသည်များသည် အများအားဖြင့် မြို့ပေါ်ဒေသများတွင် အထောက်အထားမဲ့နေထိုင်ခဲ့ကြသည်။ သို့သော် ၂၀၂၁ နောက်ပိုင်းတွင် ရောက်ရှိလာသည့် ချင်းဒုက္ခသည်အချို့မှာမူ ယာယီတည်ဆောက်ထားသည့် စခန်းများတွင် နေထိုင်နေကြရသည်။

---

[4] Satapathy & Lalthansiami, 2021.

[5] Satapathy & Lalthansiami, 2021.

[6] UNHCR, 2023.

[7] Alexander, 2008.

ပုံ (၁)

အိန္ဒိယ အရှေ့မြောက်ပိုင်းနှင့် မြန်မာမှ ပြည်နယ်များနှင့် ဆက်စပ်နေသည့် အိုင်ဇောခရိုင်နှင့် မီဇိုရမ်ပြည်နယ်ကို ဖော်ပြထားသည့် မြေပုံ။



တူညီသော နောက်ခံသမိုင်းကြောင်းရှိသော်လည်း မီဇိုရမ်ရှိ မီဇိုလူမျိုးများနှင့် ချင်းလူမျိုးများ၏ ဆက်ဆံရေးသည် ကြိုဆိုညှော့ဝတ်ပြုမှုဆိုင်ရာ အတက်အကျများကြောင့် ရှုပ်ထွေးသည်။ ပြည်နယ်အတွင်းရှိ အသိုင်းအဝိုင်းများစွာမှ ကြိုဆိုခဲ့ကြသော်လည်း ချင်းဒုက္ခသည်များအနေဖြင့် မီဇိုရမ်မှ အစုလိုက်အပြုံလိုက် နေရပ်ပြန်ပို့ခြင်းများကို ၁၉၉၆ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် အကြားတွင် ကြုံတွေ့ခဲ့ကြရသည်။ အချို့သည် ချင်းဒုက္ခသည်များအား လူ့အဖွဲ့အစည်းအပေါ် ဝန်ထုပ်တစ်ခုအဖြစ် ရှုမြင်ကြကာ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားခြင်း၊ ခားပြ

တိုက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် လူသတ်မှု အစရှိသည့် ရာဇဝတ်မှုများ ကျူးလွန်ကြသည်ဟု စွပ်စွဲကြသည်။[8]

အချို့ကမူ 'တိုင်းတစ်ပါးသား' အဖြစ် ရှုမြင်ခံရသည့် ဘရူ (Bru) နှင့် ချက်ခ်မာ (Chakma) တိုင်းရင်းသားများကဲ့သို့ အခြားသော ပြည်တွင်းမှ ရွှေ့ပြောင်းလာသူများနှင့် အခြားဒုက္ခသည်များနှင့် ယှဉ်ပါက ခြုံငုံကြည့်လျှင် မီဇိုရမ်ရှိ ချင်းဒုက္ခသည်များသည် ပိုမိုကောင်းမွန်သော ဆက်ဆံခံရမှုမျိုးရရှိသည်ဟု ဆိုကြသည်။[9] ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံး (UN-HCR) သည် မီဇိုရမ်ပြည်နယ်တွင် လှုပ်ရှားဆောင်ရွက်ခွင့် မရှိသော ကြောင့် ၎င်းပြည်နယ်တွင် နေထိုင်ကြသူများသည် အကာအကွယ်နှင့် အထောက်အပံ့အတွက် လက်လှမ်းမီနိုင်မှု မရှိနေပေ။[10] မီဇိုရမ်မှ ဒုက္ခသည်များသည် မြေပိုင်ဆိုင်ခွင့်၊ အိမ်ရာပိုင်ဆိုင်ခွင့် သို့မဟုတ် အလုပ်အကိုင်ရှာဖွေခွင့်တို့အတွက် တရားဝင်အခွင့်အရေးမရှိပေ။ ၎င်းတို့သည် စီးပွားရေးတစ်ခု စတင်လည်ပတ်ခွင့် သို့မဟုတ် အာဒါ *(aadhaar)*[11] မဲပေးခွင့်အထောက်အထား သို့မဟုတ် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများနှင့် ငွေလွှဲပြောင်းလက်ခံမှုများပြုလုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ယာဉ်မောင်းလိုင်စင်ကို တရားဝင်လျှောက်ထားပိုင်ခွင့် မရှိပေ။[12] ၎င်းတို့အနေဖြင့် ညီအစ်ကိုစိတ်ဓာတ်မျိုးပေါ်တွင် အခြေပြုပြီး မီဇိုလူ့အဖွဲ့အစည်းများအတွင်း ခိုလှုံခွင့်ရကြသော်လည်း တရားဝင် အမှီအခိုကင်းသော ဘဝများစတင်ရန် အခွင့်အရေးများကိုမူ မရရှိကြပေ။

မီဇိုရမ်ရှိ ချင်းဒုက္ခသည်များအနေဖြင့် ဤကဲ့သို့ မသေချာမရေရာသော အခြေအနေမျိုးတွင် နေထိုင်ဖြတ်သန်းနေကြရသော်လည်း အာရှရှိ အခြား

---

[8] Satapathy & Lalthansiami, 2021.

[9] McConnachie, 2018; Satapathy & Lalthansiami, 2021.

[10] Alexander, 2008.

[11] အာဒါ (aadhaar) သည် ကိုယ်ပိုင်သက်သေခံလက်မှတ်ထုတ်ပေးသည့် ဌာနမှ ထုတ်ပေးသည့် ကိုယ်ပိုင်သက်သေခံနံပါတ်ဖြစ်သည်။ ၎င်းအားငွေကြေးဆိုင်ရာနှင့် ဘဏ်ဆိုင်ရာဝန်ဆောင်မှုများ အပါအဝင် အခြားသော အများပြည်သူဝန်ဆောင်မှုအမျိုးမျိုးကို ရယူရာတွင် အသုံးပြုနိုင်သည်။ အသေးစိတ်သိရှိလိုပါက Unique Identification Authority of India (2022) တွင်ရှုပါ။

[12] PTI, 2022.

သော ဒုက္ခသည်လူအုပ်စုများနှင့် ယှဉ်လျှင် ၎င်းတို့၏ အကျပ်အတည်းများပေါ်တွင် သုတေသနပြုထားမှု နည်းပါးနေသေးသည်။ ဤဆောင်းပါးသည် အဆိုပါအချက်ကို ပြုပြင်ရန်နှင့် ချင်းဒုက္ခသည်များအနေဖြင့် မီဇိုရမ်၏ မြို့တော် အိုင်ဇောမြို့တွင် အခြေချရန် တွန်းအားပေးနေသည့်အချက်များကို အထူးသဖြင့် ဖော်ပြရန် ရည်ရွယ်ပါသည်။ ဤကဲ့သို့ပြုလုပ်ရာတွင် ကျွန်ုပ်အနေဖြင့် အခြေချနေထိုင်ရန် နေရာရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားသည့် တွန်းအားပေးမှုများနှင့် ဆွဲဆောင်မှုများ၊ မြို့ပေါ်နေဒုက္ခသည်ဖြစ်ရခြင်း၏ ကောင်းကျိုးများနှင့် စိန်ခေါ်မှုများ၊ ဒုက္ခသည်များအနေဖြင့် နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသည်များကို ရင်ဆိုင်ဖြေရှင်းနည်း နည်းဗျူဟာများနှင့် ၎င်းတို့အတွက် ရှိထားသော အထောက်အပံ့များ၏ အတိုင်းအတာနှင့် သဘောသဘာဝတို့အပေါ်တွင် အချက်အလက်များ ရယူဖန်တီးထားပါသည်။ ကျွန်ုပ်မေးထားသော မေးခွန်းများမှာ အောက်ပါတို့ဖြစ်သည်။ "ချင်းဒုက္ခသည်များအနေဖြင့် အိုင်ဇော၏ မြို့ပေါ်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ရန် မည်သည့်အချက်များက လွှမ်းမိုးနေပြီး ထိုနေရာများကို ရွှေ့ပြောင်းခြင်းအားဖြင့် ဒုက္ခသည်များအနေဖြင့် မည်သည့်အကျိုးကျေးဇူးများကို ခံစားရသနည်း။" "ဤဒုက္ခသည်များကို မည်သည်တို့က စိန်ခေါ်နေပြီး ၎င်းတို့အနေဖြင့် မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းနေကြသနည်း။" "၎င်းတို့အတွက် မည်သို့သော အထောက်အပံ့များ ရှိသနည်း။"

ဤဆောင်းပါးကို အောက်တွင် အပိုင်း (၅) ပိုင်းဖြင့် ခွဲထားသည်။ ပထမဦးစွာ ကျွန်ုပ်အနေဖြင့် မြို့ပေါ်တွင် ဒုက္ခသည်များအခြေချမှုနှင့် စပ်လျဉ်းသည့် စာပေများကို လေ့လာဆန်းစစ်မှုပြုလုပ်ပြီး မြို့ပေါ် သို့မဟုတ် စခန်းတွင် နေထိုင်ကြသည့် ဒုက္ခသည်များကို ခွဲခြားမှုပြုလုပ်ကာ မြို့ပေါ်တွင် ဒုက္ခသည်များ အခြေချနေ ထိုင်ကြရာတွင် တွန်းအားပေးသည့်အချက်များနှင့် ဆွဲဆောင်နေသည့် အချက်များကို စူးစမ်းလေ့လာမှုပြုလုပ်ထားသည်။ ကမ္ဘာပေါ်ရှိ အခြား နေရာများမှ ဒုက္ခသည်လူအဖွဲ့အစည်းများ ကြုံတွေ့နေကြရသည့် ဘုံစိန်ခေါ်မှု များအပြင် ၎င်းတို့အသုံးပြုသည့် ရင်ဆိုင်ဖြေရှင်းသည့် ယန္တရားများကိုလည်း ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းထားသည်။ ၎င်းနောက်တွင် နည်းလမ်းအပိုင်း ဖော်ပြထားပြီး ၎င်းအပိုင်းတွင် အရည်အသွေးအခြေပြု သုတေသနနည်းလမ်း များနှင့် တစ်စိတ်တစ်ပိုင်းမေးခွန်းသတ်မှတ်ထားသော

အင်တာဗျူးများကို ဖော် ပြထားသည်။ ထို့နောက် အင်တာဗျူးရလဒ်များကို အပိုင်း (၅) ပိုင်းခွဲ၍ တင်ပြ ထားကာ ရှာဖွေတွေ့ရှိမှုများကို ခွဲခြမ်းစိတ်ဖြာပြီး ဆွေးနွေးမှုပြုလုပ်ထားသည်။ မြို့ပေါ် ဒေသများရှိ ဒုက္ခသည်များအပေါ် ပိုမိုများပြားပြီး စုံလင်ကွဲပြားသော နမူနာယူသည့် လူဦးရေများဖြင့် သုတေသနများ ပိုမိုဆောင်ရွက်ရန် လိုအပ် ကြောင်း အလေးပေးပြောကြားရင်း နိဂုံးချုပ်ထားသည်။

မြို့ပေါ်နေဒုက္ခသည်များ အခြေချနေထိုင်ခြင်း

ဒုက္ခသည်များ၏ အခြေချနေထိုင်မှု သဘောသဘာဝများနှင့် ပုံစံများသည် ပြောင်းလဲလာနေသည်။ ကမ္ဘာပေါ်ရှိ ဒုက္ခသည်ပေါင်း (၂၇ ဒသမ ၁) သန်းထဲမှ ထက်ဝက်ကျော်သည် မြို့ကြီးများတွင် နေထိုင်ကြသည်။[13] မြို့ပေါ်ဒေသများ တွင် နေထိုင်သော ဒုက္ခသည်များသည် ၁၉၅၀ ခုနှစ်များကတည်းက သိသာစွာ တိုးတက်ပြောင်းလဲလာနေခဲ့သော်လည်း ၁၉၈၀-၁၉၉၀ ခုနှစ်များတွင်မှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သုတေသနပညာရှင်များ၏ အာရုံစိုက်မှုကို ရရှိခဲ့ကြသည်။[14] ကနဦးတွင် မြို့ပေါ်တွင် နေထိုင်ကြသည့် ဒုက္ခသည်များအား ထောက်ပံ့ကူညီသည့်အပေါ် အဆိုးမြင်သော သဘောထားများ လွှမ်းမိုးခဲ့ပြီး ၎င်းအချက်အား မြို့ပြနေရာများမှ ဒုက္ခသည်များအား မထောက်ပံ့ရန် အဆို ပြုခဲ့သည့် UNHCR ၏ မူဝါဒစာတမ်းတွင် ထင်ဟပ်ပြထားကာ ကိုယ်တိုင် ကြိုးစားမရပ်တည်နိုင်သူများအနေဖြင့် ဒုက္ခသည်စခန်းများသို့ ပြောင်းရွှေ့သင့် ကြောင်း အကြံပြုထားသည်။[15] ဤကဲ့သို့ မူဝါဒအတွက် စဉ်းစားရာတွင် နောက်ကွယ်၌ အချက်နှစ်ချက်ရှိနေနိုင်သည်။ ယာယီ သို့မဟုတ် ရေတိုနေရပ် စွန့်ခွာရမှု သဘောသဘာဝအပေါ် လွဲမှားယုံကြည်နေမှုနှင့် ဒုက္ခသည်စခန်းများ အား လက်ခံထားပေးသည့် နိုင်ငံများမှ လူဦးရေထိန်းချုပ်သည့်နေရာများအဖြစ်

[13] UNHCR, 2021; Verghis & Balasundram, 2019.

[14] Crisp, 2017.

[15] Crisp, 2017; Darling, 2017.

အသုံးချမှုတို့ဖြစ်သည်။[16] မကြာမီကပင် ဒုက္ခသည်စခန်းများအစား အခြား ရွေးချယ်စရာများ လိုအပ်လာမှုကို အသိအမှတ်ပြုမှု တိုးပွားလာခဲ့သည်။ ၁၉၉၇ မူဝါဒစာတမ်းနှင့် ဆန့်ကျင်ဖက်ဖြစ်နေသည့် UNHCR ၏ ၂၀၀၉ မူဝါဒစာတမ်း သည် မြို့ပေါ်နေဒုက္ခသည်များ၏ အဖြစ်မှန်များကို အသိအမှတ်ပြုပြီး မြို့ပေါ် နေဒုက္ခသည်များအတွက် တန်းတူအခွင့်အရေးများနှင့် အခွင့်အလမ်းများ အတွက် တိုက်တွန်းနှိုးဆော်ထားခဲ့သည်။[17] သို့ပေကာမူ မြို့ပေါ်နေဒုက္ခသည် များသည် သိသာထင်ရှားသော စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဖြစ်သည်။

မြို့ပေါ်နေဒုက္ခသည်များအတွက် တွန်းအားပေးနေသော အချက်များနှင့် ဆွဲဆောင်နေသောအချက်များ

ဒုက္ခသည်များအနေဖြင့် မြို့ပေါ်နေရာများတွင် အခြေချနေထိုင်မှုအပေါ် လေ့လာထားသည့် သုတေသနမှ ဒုက္ခသည်များအနေဖြင့် ဒုက္ခသည်စခန်းများ အစား မြို့ပေါ်နေဒုက္ခသည်များအဖြစ် ရွေးချယ်ရသည့် အဓိကတွန်းအားပေး သော အချက်များနှင့် ဆွဲဆောင်နေသော အချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။

ဇယား (၁)

မြို့ပေါ်ဒေသများတွင် အခြေချနေထိုင်ကြသော ဒုက္ခသည်များအတွက် တွန်းအားပေးနေသောအချက်များနှင့် ဆွဲဆောင်နေသော အချက်များ။[18]

တွန်းအားပေးနေသောအချက်များ	ဆွဲဆောင်နေသောအချက်များ
တစ်ကိုယ်ရေလုံခြုံစိတ်ချရမှု မရှိခြင်း	လူသူမသိနေထိုင်နိုင်ခြင်း

[16] Sanyal, 2012.

[17] UNHCR, 2009.

[18] Crisp et al., 2012; Hammad, 2017; Hopkins, 2015; Kobia & Cranfield, 2009.

ကလေးများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ရမှု	အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများနှင့် ပိုမိုကောင်းမွန်သော လုံခြုံစိတ်ချရမှု
လူဦးရေထူထပ်မှုမြင့်မားခြင်းနှင့် ကျဉ်းကျပ်စွာနေထိုင်ရသည့် အခြေအနေများ	ပိုမိုကောင်းမွန်သော ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ
ဝင်ငွေနည်းပါးမှုနှင့် အကန့်အသတ်ဖြင့်သာရှိသော အလုပ်အကိုင်အခွင့်အလမ်းများ	မြို့များတွင် မိသားစုများနှင့် ဆွေမျိုးများရှိနေမှု
ခွဲခြားဆက်ဆံခံရမှု	ဝင်ငွေပိုမိုရနိုင်သော အခွင့်အလမ်းများ
အခြေခံဝန်ဆောင်မှုများ မလုံလောက်ခြင်း (ရေ၊ မိလ္လာနှင့် လျှပ်စစ်မီး စသည်)	ဆက်သွယ်ဆက်ဆံနိုင်ခြင်းရှိမှုနှင့် အခြေခံဝန်ဆောင်မှုများရှိမှု (ရေ၊ မိလ္လာ နှင့် လျှပ်စစ်မီး စသည်)
စိတ်ပိုင်းဆိုင်ရာအချက်များ (ငြီးငွေ့မှုနှင့် မျှော်လင့်ချက်ပျောက်ဆုံးမှု စသည်)	

ဤတွန်းအားများနှင့် ဆွဲဆောင်မှုများ၏ ရှုပ်ထွေးသော အပြန်အလှန်သက်ရောက်မှုများသည် ဒုက္ခသည်များမှ မြို့ပေါ်နေရာများသို့ ရွှေ့ပြောင်းမှုပေါ်တွင် လွှမ်းမိုးနေသည်။ အဆိုပါအချက်များသည် တစ်ဖက်တွင်လည်း လက်ခံထားသည့် နိုင်ငံ သို့မဟုတ် လူ့အသိုင်းအဝိုင်း၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများပေါ်တွင် မူတည်နေပြန်သည်။ အချို့အချက်များသည် အခြားအချက်များနှင့် ယှဉ်ပါက ပိုမိုဦးစားပေးခံရသည့် အချက်များဖြစ်နိုင်သည်။

ဒုက္ခသည်စခန်းများ၏ အခန်းကဏ္ဍ

ဒုက္ခသည်စခန်းများရှိ ခက်ခဲသော နေထိုင်မှုအခြေအနေများသည် ဒုက္ခသည်များအား မြို့ပေါ်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် လုပ်ဆောင်စေသည့် တွန်းအားပေးသောအချက်များ ဖြစ်နေလေ့ရှိသည်။ ဒုက္ခသည်စခန်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် လုပ်ငန်းလည်ပတ်မှုများအတွက် ကျယ်ကျယ်ပြန့်ပြန့်လက်ခံနိုင်ရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သော်လည်း ဒုက္ခသည်စခန်းများသည် အခြေခံလူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ စီးပွားရေးနှင့် နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ခွင့်နှင့် အခြေခံဝန်ဆောင်မှုများဖြစ်သည့် ပညာရေးနှင့် အခြားဝန်ဆောင်မှုများကို ရရှိရန် ခက်ခဲစေသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ဒုက္ခသည်စခန်းများသည် ဒုက္ခသည်များ၏ လူ့ဂုဏ်သိက္ခာကို ငဲ့ကွက်မှု မရှိသော ဖိနှိပ်သည့် နေရာတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ ဒုက္ခသည်စခန်းပုံစံသည် ဒုက္ခသည်များကို အသံထွက်ခွင့်မရှိသော နစ်နာသူများ၊ အထောက်အပံ့လက်ခံသူများ၊ အထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် လက်ခံထားသော အစိုးရများ အနေဖြင့် ကြားဝင်ဆောင်ရွက်နိုင်သည့် သူများအဖြစ် ရှုမြင်ခံရသည့် အခြေအနေသို့ရောက်ရန် တွန်းပို့နေသည်။[19] စခန်းများရှိ ထိုအခြေအနေများကို ရှောင်ရှားရန် ဒုက္ခသည်များသည် ပြည်တွင်းဥပဒေ သို့မဟုတ် အခြားဥပဒေများကို ချိုးဖောက်ရာရောက်သော်လည်း မြို့ပြများသို့ ရွှေ့ပြောင်းလေ့ရှိသည်။[20] မြို့ပြနေရာများသည် ဒုက္ခသည်များအား ဈေးများ၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဒုက္ခသည်စခန်းများတွင် မရှိသည့် အခြားသော ပြည်သူ့ဝန်ဆောင်မှုများ ရရှိစေနိုင်သည်။[21] ၎င်း၏ ရလဒ်အနေဖြင့် မြို့ပေါ်နေ ဒုက္ခသည်များသည် စခန်းမှ ဒုက္ခသည်များနှင့်ယှဉ်ပါက ပိုမိုမြင့်မားသောဝင်ငွေများ ရရှိတတ်ကြသည်။[22]

---

[19] Sanyal, 2012.
[20] Crisp, 2017.
[21] Crisp et al., 2012.
[22] Betts et al., 2017.

မြို့ပေါ်နေဒုက္ခသည်များ၏ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ဖြေရှင်းသည့် နည်းဗျူဟာများ

မြို့ပြဒေသများသို့ ရွှေ့ပြောင်းခြင်းအားဖြင့် "လျစ်လျူရှုခံထားရပြီး အထောက်အထားများဖြင့် မှတ်တမ်းတင်ထားခံရခြင်း မရှိသည့်" ဒုက္ခသည်များသည် ပိုမိုကောင်းမွန်သော ဘဝကို ရရှိမည်ဟူသော အာမခံချက် မရှိပေ။[23] ဒုက္ခသည်များအနေဖြင့် မြို့ပေါ်ဒေသများကို ရွှေ့ပြောင်းခြင်းအားဖြင့် ၎င်းတို့ လက်ရှိသို့မဟုတ် အနာဂတ်တွင် ရရှိလာနိုင်သည့် နိုင်ငံတကာမှ အထောက်အပံ့ အခွင့်အလမ်းများကို စွန့်လွှတ်ရလေ့ရှိသည်။ ထို့အပြင် ၎င်းတို့သည် မြို့ပေါ်ဒေသများ တွင် စိန်ခေါ်မှုအသစ်များကိုလည်း ကြုံတွေ့ကြရသည်။ ဒုက္ခသည်များကို လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ပေးပြီး အလုပ်လုပ်ခွင့်ပေးထားသည့် နိုင်ငံ အနည်းငယ်ထဲမှ တစ်နိုင်ငံဖြစ်သည့် တောင်အာဖရိကနိုင်ငံတွင်ပင်လျှင် ဒုက္ခ သည်များသည် ယုံကြည်စိတ်ချရသော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် များ ရှာဖွေရန် ရုန်းကန်နေကြရသည်။ အလုပ်အကိုင်များ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ရယူရာတွင် ဒုက္ခသည်များသည် ခွဲခြားဆက်ဆံခံရမှုများကြုံတွေ့ရလေ့ရှိပြီး အချို့အခြေအနေများတွင် လူမျိုးရေးမုန်းတီး အကြမ်းဖက်မှုများကိုပါ ကြုံတွေ့ရလေ့ရှိသည်။[24] မကြာသေးမီက ဖြစ်ပွားခဲ့ သော ကိုဗစ်ကပ်ရောဂါကြောင့် အစိုးရမှ ရောဂါပိုးပြန့်ပွားမှုကို ထိန်းချုပ်ရန် လှုပ်ရှားသွားလာမှုများအား ကန့်သတ်လိုက်သောအခါ ဒုက္ခသည်များအနေဖြင့် ၎င်းတို့၏ တရားမဝင် လုပ်ကိုင်နေကြရသော အလုပ်များမှ မလောက်မင ရရှိနေသော ဝင်ငွေရင်းမြစ်များသည် ဆုံးရှုံးသွားခဲ့ရသောကြောင့် ကိုဗစ်ကပ်ရောဂါသည် မြို့ပေါ်နေဒုက္ခသည်များအတွက် "မိအေး နှစ်ခါနာ"သည့် အခြေအနေမျိုး ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့သည် ၎င်းတို့ကို လက်ခံထားသော အစိုးရ

[23] Lozet & Easton-Calabria, 2020.
[24] Betts & Collier, 2017.

သို့မဟုတ် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အထောက်အပံ့ အနည်းငယ် သို့မဟုတ် လုံးဝရရှိခဲ့ခြင်း မရှိပေ။[25]

မြို့ပေါ်နေဒုက္ခသည်များအနေဖြင့် ၎င်းတို့၏ စိန်ခေါ်မှုများကို ကျော်လွှားရန် အသုံးပြုကြသည့် ရင်ဆိုင်ဖြေရှင်းသောနည်းဗျူဟာများမှာ ၎င်းတို့ မည်သည့်နိုင်ငံသားဖြစ်သည်နှင့် ၎င်းတို့ကိုလက်ခံထားပေးသော နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေပေါ်တွင် မူတည်နေသည်။ သိသာထင်ရှားသော တူညီသည့်အချက်တစ်ချက်မှာ လူမှုကွန်ရက်များ၏ လုပ်ဆောင်မှုများဖြစ်ပြီး ၎င်းတို့သည် ယုံကြည်သက်ဝင်မှုဆိုင်ရာနှင့် ပံ့ပိုးကူညီမှုအတွက် ရင်းမြစ်တစ်ခုအဖြစ် ရှိနေပေးပြီး အခက်အခဲဖြစ်နေသောအချိန်များတွင် ဒုက္ခသည်များအတွက် နောက်ဆုံးရွေးချယ်စရာအဖြစ် ရှိနေပေးသည်။ ဥပမာ ဆိုမာလီ လူ့အဖွဲ့အစည်းများသည် ယူဂန်ဒါနှင့် တောင်အာဖရိကနိုင်ငံများတွင် အတိုင်းအတာတစ်ခုအထိ သက်သောင့်သက်သာရှိကြခြင်း၏ အကြောင်းပြချက်မှာ ၎င်းတို့ သေသပ်သိပ်သည်းစွာ တည်ဆောက်ထားသည့် လူမှုကွန်ရက်ကြောင့်ဖြစ်သည်။[26] နေရာတစ်ခုရပြီးသား ဆိုမာလီစီးပွားရေးသမားများသည် ဆိုမာလီဒုက္ခသည်များကို ငှားရမ်းပြီး ၎င်းဒုက္ခသည်များသည် ၎င်းတို့လူ့အသိုင်းအဝိုင်းထဲတွင် အကျိုးခံစားရမှု အနည်းဆုံးဖြစ်နေသူများကို ပြန်လည်ထောက်ပံ့ပေးသည်။[27] အိန္ဒိယတွင် ခရစ်ယာန်အများစုဖြစ်သည့် မြန်မာမှ ဒုက္ခသည်အသိုင်းအဝိုင်းများသည် ၎င်းတို့အသိုင်းအဝိုင်းအတွင်းရှိ အကျိုးခံစားရမှု အနည်းဆုံး ဖြစ်နေသူများအတွက် အလှူငွေများကောက်ခံကာ အမျိုးမျိုးသော ထောက်ပံ့မှုများကို ပေးအပ်နေသည်။[28] မတော်တဆမှုများ၊ ကျန်းမာရေးကိစ္စရပ်များ၊ ခွဲစိတ်မှုများ သို့မဟုတ် မိမိတို့ အသိုင်းအဝိုင်းအတွင်းမှ တစ်စုံတစ်ယောက် သေဆုံးမှုများ စသည့် မျှော်လင့်မထားသော အခြေအနေအတွက် ငွေကြေးအထောက်အပံ့များ ပံ့ပိုးပေးသည်။

[25] Lozet & Easton-Calabria, 2020.
[26] Betts et al., 2017; Buscher, 2013.
[27] Buscher, 2013.
[28] Dey, 2022.

မြို့ပေါ်နေဒုက္ခသည်များသည် ထမင်းလျှော့စားခြင်း၊ ကလေးများအား အလုပ်လုပ်ရန်ကျောင်းမှ ထွက်ခိုင်းခြင်း၊ စက်ရုံပိုင်ရှင်များထံမှ အလုပ်ရရန် တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်လံမေးမြန်းခြင်း သို့မဟုတ် ယူဂန်ဒါနိုင်ငံမှ ကွန်ဂိုအမျိုးသမီးများ၏ ဖြစ်ရပ်တွင်မူ ၎င်းတို့သည် တစ်မြို့လုံးပတ်လျှောက်သွားပြီး အိမ်တံခါးများခေါက်ကာ အဝတ်အစားများနှင့် ကုန်ပစ္စည်းများ ရောင်းချခြင်း စသည့် အဆိုးဘက်ရောက်သော ရင်ဆိုင်ဖြေရှင်းနည်းများကို အသုံးပြုခြင်းကြောင့် ၎င်းတို့ကိုယ်တိုင်အပေါ် ထိပါးနှောင့်ယှက်မှု၊ မုဒိမ်းကျင့်မှု၊ ခိုးမှု နှင့် ဖမ်းဆီးခံရမှုအန္တရာယ်တို့ ကျရောက်လာစေနိုင်သည်။[29] အလွန်ဆိုးဝါးသော ဆင်းရဲမွဲတေမှုကြောင့် နယူးဒေလီမှ ချင်းဒုက္ခသည်များသည် ပန်းဂေါ်ဖီရွက်ကဲ့သို့ လွှင့်ပစ်ထားသော အသီးအရွက်များကို ကောက်ပြီး ကောင်းသည့်နေရာများကို ဖြတ်ထုတ်ကာ ချက်ပြုတ်စားသောက်နေကြရသည်။ တိရစ္ဆာန်များကို ကျွေးမွေးရန် ချန်ထားသည့် စားကြွင်းစားကျန်များထဲမှ ကောက်ယူနိုင်ရန်လည်း ဈေးလုံခြုံရေးဝန်ထမ်းများမှ ခွင့်ပြုထားပေးကြသည်။[30]

သုတေသနနည်းလမ်း

ကျွန်ုပ်၏ သုတေသနသည် ဒုက္ခသည်များအနေဖြင့် မည်သည့်ကြောင့်နှင့် မည်သို့မည်ပုံ မြို့ပြနေရာများကို ရွှေ့ပြောင်းကြသနည်းဟူသောအချက်နှင့် ဆက်စပ်နေပြီး ၎င်းအချက်များကို သိရှိရန် ကျွန်ုပ်အနေဖြင့် အိုင်ဇောမှ ချင်းဒုက္ခသည်များ၏ ဖြစ်ရပ်များကို လေ့လာဆန်းစစ်ခြင်းနည်းကို ရွေးချယ်ခဲ့သည်။ ဖြစ်ရပ်များကို လေ့လာဆန်းစစ်သည့် သုတေသနသည် စေ့စပ်မှုရှိပြီး အသေး စိတ်ကျသော အချက်အလက်များကို ကောက်ယူခြင်းဖြင့် သတ်မှတ်ထားသော စနစ်တစ်ခု (ဖြစ်ရပ်တစ်ခု) ကို စုံစမ်းထောက်လှမ်းမှုပြုခြင်းဖြစ်သည်။[31] ဖြစ်ရပ် များကို လေ့လာဆန်းစစ်ခြင်းသည် "မည်သို့မည်ပုံ" နှင့် "အဘယ်ကြောင့်"

[29] Buscher, 2011.
[30] Buscher, 2011.
[31] Creswell, 2007.

ဟူသောမေးခွန်းများကို ဖြေဆိုရာတွင် အသင့်တော်ဆုံး ဖြစ်သည်။[32] ကျွန်ုပ်သုတေသန၏ အဓိကမေးခွန်းသည် ဒုက္ခသည်များအနေဖြင့် မြို့ပြဒေသများသို့ အဘယ်ကြောင့်နှင့် မည်သို့မည်ပုံ ရွှေ့ပြောင်းရသနည်းဟူသောအချက်များနှင့် သက်ဆိုင်နေသောကြောင့် ဖြစ်ရပ်များကို လေ့လာဆန်းစစ်ခြင်းနည်းလမ်းသည် အသင့်တော်ဆုံး နည်းလမ်းဖြစ်သည်။ ကျွန်ုပ်၏ ဖြစ်ရပ် (case) အားအိုင်ဇောတွင် နေထိုင်နေသော ဗမာဒုက္ခသည်များနှင့် သတ်မှတ်ထားသည်။ အခြားသော ပိုမိုတိကျသည့် စည်းဘောင်များချမှတ်ရန် ၂၀၂၁ နောက်ပိုင်းမှသာ ရောက်ရှိလာသော ဒုက္ခသည်များကို အင်တာဗျူးပြုလုပ်ထားသည်။ အချက်အလက်များကို အဓိကအားဖြင့် တစ်စိတ်တစ်ပိုင်းဖွဲ့စည်းထားသော အင်တာဗျူးများမှတစ်ဆင့် စုဆောင်းခဲ့ပြီး ၎င်းနည်းစနစ်သည် အပြည့်အဝ ဖွဲ့စည်းတည်ဆောက်ထားသော အင်တာဗျူးများနှင့်ယှဉ်ပါက အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများသည် သတ်မှတ်ထားသော မေးခွန်းစုများ သို့မဟုတ် သတ်မှတ်ထားသော ဖြေဆိုရမည့်ဘောင်များမှ ဟန့်တားနေခြင်းမရှိဘဲ ၎င်းတို့၏ စုံလင်ကွဲပြားသော အမြင်များကို လွတ်လပ်စွာ မိမိဖြေကြားလိုသလောက် ဖြေကြားနိုင်ခြင်းကြောင့် အင်တာဗျူးဖြေဆိုသူများ၏ ဘဝများ၊ အတွေ့အကြုံများနှင့် ရှုထောင့်များအကြောင်း စေ့စပ်အသေးစိတ်ကျသော အချက်အလက်များစုဆောင်းနိုင်စေခဲ့သည်။[33] အင်တာဗျူးတွင် ပါဝင်သူများကို ရွေးချယ်ရာတွင် သုတေသနအတွက် လွယ်ကူစွာလက်လှမ်းမီနိုင်မည့် (non-probability convenience) နမူနာပုံစံကို အသုံးပြုခဲ့ပြီး အဓိကအကြောင်းအရင်းမှာ ဗမာဒုက္ခသည်များသည် လူသူသိရှိခြင်း မရှိအောင်နေကြသောကြောင့် ၎င်းတို့အားဆက်သွယ်ခြင်းနှင့် အချက်အလက်များ ကောက်ယူခြင်းသည် စိန်ခေါ်မှုများသောကြောင့်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် လူဦးရေ အချက်အလက်ကောက် ယူသည့် စစ်တမ်းတိုတစ်ရပ်ကိုလည်း ဆောင်ရွက်ခဲ့ပြီး အသက်၊ ဝင်ငွေ၊ ပညာရေးအဆင့်အတန်း အစရှိသည်တို့ကို ကောက်ယူခဲ့သည်။ အင်တာဗျူးမှ ရရှိသော အချက်အလက်များအား

[32] Yin, 2018.
[33] Cridland et al., 2015.

မြို့ပေါ်နေဒုက္ခသည်များအပေါ်တွင် ရှိပြီး သား စာပေများအပေါ် ဖြည့်စွက်ကာ နှိုင်းယှဉ်တိုင်းတာမှုပြုလုပ်ခဲ့သည်။

နမူနာအုပ်စု၏ ဝိသေသလက္ခဏာများ

အသက် (၂၀) မှ (၆၀) အကြားရှိ ပါဝင်သူ (၁၄) ဦး (အမျိုးသမီး ရှစ်ဦး၊ အမျိုးသား ခြောက်ဦး) တို့အား ၎င်းတို့၏ မတူညီသော ဇာတိဒေသများကို ထင်ဟပ်မှုရှိစေရန် ကနဦး စုဆောင်းမှုပြုခဲ့သည်။ နမူနာရှာဖွေသည့် နည်းလမ်းအား လေ့လာမှု ပြုမည့်နေရာတွင် နမူနာယူမည့်သူများကို ရှာဖွေရန်ခက်ခဲမှုနှင့် နမူနာများထံမှ မတူညီသော မူရင်းဒေသများကို ထင်ဟပ်မှုရှိစေရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဇယား (၂)

နမူနာအုပ်စု၏ လူဦးရေဆိုင်ရာ ဝိသေသလက္ခဏာများ။

	အမျိုးသား (ဦးရေ-၆)	အမျိုးသမီး (ဦးရေ-၈)
အသက် (နှစ်)		
၂၁-၃၀	၁	၁
၃၁-၄၀	၃	၅
၄၁-၅၀	၂	၁
၅၁-၆၀	၀	၀
၆၀ အထက်	၀	၁
ပညာအရည်အချင်း		
မူလတန်း	၀	၁
အထက်တန်း	၃	၂
တက္ကသိုလ်ဘွဲ့	၂	၅
မဟာဘွဲ့	၁	၀
အိမ်ထောင်ဦးစီး		

ဟုတ်သည်	၆	၅
မဟုတ်ပါ	၀	၃
စွန့်ခွာခဲ့သည့်နေရာ		
မြို့ပေါ်ဒေသ	၆	၇
ကျေးလက်ဒေသ	၀	၁
မူရင်းမြို့နယ်		
ဟားခါး	၁	၀
ဖလမ်း	၂	၀
တီးတိန်	၂	၀
ထန်တလန်	၀	၂
မင်းတပ်	၀	၂
မတူပီ	၁	၂
ကန်ပက်လက်	၀	၂
ယခင်အလုပ်အကိုင်		
အစိုးရအလုပ်	၅	၅
ပုဂ္ဂလိကအလုပ်	၁	၃

ပါဝင်သူ (၁၂) အား လူချင်းတွေ့အင်တာဗျူးခဲ့ခြင်းဖြစ်ပြီး (၂) နှစ်ဦးကို ဖုန်းမှ တစ်ဆင့်အင်တာဗျူးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်၏ သုတေသနတွင် ပါဝင်သူ အများစုသည် မြန်မာမှ မထွက်ခွာခင် မြို့ပေါ်ဒေသများတွင် နေထိုင်ခဲ့ကြကာ တက္ကသိုလ်ဘွဲ့နှင့် မဟာဘွဲ့အစရှိသည့် အဆင့်မြင့်ပညာရေးဘွဲ့များ ရှိထားကြ သည်။ အများစုသည် အစိုးရရုံးများတွင် အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကာ ၂၀၂၁ အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြရန် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင်ပါဝင်ခဲ့သူများဖြစ်ကြသည်။

ခွဲခြမ်းစိတ်ဖြာမှုနည်းလမ်း

အင်တာဗျူးများအား စာရေးသူနှင့် အင်တာဗျူးဖြေဆိုသူများ (အင်တာဗျူးဖြေ ဆိုသူများသည် မတူညီသော ချင်းဘာသာစကားများကိုလည်း ပြောတတ်ကြ

သည်) နှစ်ဖက်စလုံး ပြောဆိုတတ်သည့် ဗမာဘာသာစကားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အင်တာဗျူးများအား နောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသော မှတ်စုများအား အဓိပ္ပာယ်ဖွင့်ဆိုခွဲခြမ်းစိတ်ဖြာမှုပြုလုပ်သည့် ဘာသာစကားအဖြစ် အသုံးပြုခဲ့ပြီး အဓိပ္ပာယ်ဖွင့်ဆို ခွဲခြမ်းစိတ်ဖြာမှု အဆင့်နှစ်ဆင့်ကို အသုံးပြုခဲ့သည်။ မှတ်စုများထံမှ သက်ဆိုင်ပတ်သက်မှုရှိသည့် အချက်အလက်များကို ထုတ်ယူပြီး သုတေသနမေးခွန်းများနှင့်အညီ စာရင်းပြုစုပြီးနောက် လေ့လာဆန်းစစ်မှုကို အဆင့် နှစ်ဆင့်ဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်မှာ အင်တာဗျူးများအား တစ်ပိုင်းချင်းစီ ဖတ်ရှုပြီး အဓိကအကြောင်းအရာများနှင့် အမျိုးအစားများကို ဖော်ထုတ်ခဲ့သည်။ ဒုတိယအဆင့်မှာ အကြောင်းအရာနှင့် အကြောင်းအရာခွဲများ (သုတေသနမေးခွန်း ပေါ်တွင် မူတည်၍) ကို အဆိုပါ အဓိကအကြောင်းအရာများနှင့် အမျိုးအစားများအား ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခြင်းဖြင့် ဖန်တီးရယူခဲ့သည်။

ရလဒ်များ

ချင်းဒုက္ခသည်များ အိုင်ဇောကို ရွေးချယ်ရခြင်းအတွက် တွန်းအားပေးနေသော အချက်များနှင့် ဆွဲဆောင်နေသော အချက်များ

ပညာရေးကို လက်လှမ်းမမီနိုင်ခြင်းသည် အိုင်ဇောမြို့တွင် အခြေချရန် ရွေးချယ်စေသည့် ဆွဲဆောင်နေသော အချက်တစ်ချက်ဖြစ်ကာ အင်တာဗျူးဖြေဆိုသူ ခုနှစ်ဦးမှလည်း အဆိုပါအချက်သည် ၎င်းတို့အတွက် အဓိကတွန်းအားပေးသည့် အချက်ဖြစ်ကြောင်း ဆိုခဲ့သည်။ ဥပမာ အင်တာဗျူးဖြေဆိုသူ (၁)၊ (၅)၊ (၆) နှင့် (၁၃) တို့မှ ပညာရေးလက်လှမ်းမမီနိုင်ခြင်းသည် ၎င်းတို့အနေဖြင့် ဒုက္ခသည် စခန်းများအစား အိုင်ဇောမြို့တွင် ခိုလှုံရန် ရွေးချယ်ခဲ့သည့် အဓိကအချက် ဖြစ်ကြောင်း ဆိုခဲ့ကြသည်။ ဒုက္ခသည်စခန်းတွင် တစ်နှစ်နီးပါး နေထိုင်ခဲ့ပြီး နောက် အိုင်ဇောမြို့သို့ ရွှေ့ပြောင်းခဲ့သူ အသက် (၃၆) နှစ်အရွယ် အမျိုးသား တစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၁၁) မှလည်း ၎င်းအနေဖြင့်

ရွှေ့ပြောင်း ရန်ဆုံးဖြတ်ချက်ချရာ၌ ထည့်သွင်းစဥ်းစားရာတွင် အဘယ်ကြောင့် ပညာရေး သည် အဓိကအချက်ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။

> ကိုယ့်ဟာကိုယ် နေရာပြောင်းအခြေချဖို့ ရွေးချယ်လိုက်တာက ကလေးကလည်း အရွယ်ရောက်လာပြီ။ ကျွန်တော်တို့ မြန်မာ ကထွက်လာခဲ့တုန်းက သူက သုံးနှစ်သားပဲရှိသေးတယ်။ စခန်း ထဲမှာ နေတဲ့အချိန်အတွင်းမှာ သူ လေးနှစ်ပြည့်သွားခဲ့တယ်။ သူ့ပညာရေးကို စဉ်းစားပြီးတော့မှ ကျွန်တော် ဒီဆုံးဖြတ်ချက် ကို ချခဲ့ရတာ။ သူ့ကို မူကြိုကျောင်းမှာ ကျောင်းအပ်ပေးချင် တယ်။ ဒါပေမဲ့ ကံဆိုးတာက စခန်းထဲမှာ ကလေးတွေအတွက် ပညာရေးအခွင့်အလမ်းတွေက သိပ်မရှိနေဘူး။

မြန်မာဒုက္ခသည်များ အိုင်ဒေါမြို့သို့ရွှေ့ပြောင်းအခြေချရာတွင် စိတ်ကျန်းမာ ရေးဆိုင်ရာစိုးရိမ်မှုများအပါအဝင် ကျန်းမာရေးဆိုင်ရာ ထည့်သွင်းစဥ်းစားချက် များသည်လည်း အဓိကနေရာမှ ပါဝင်နေသည်။ ပါဝင်ဖြေဆိုသူ ခြောက်ဦးမှ ကလေးများရော လူကြီးများအတွက်ပါ စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ်ရမှုများ သည် အဓိကတွန်းအားပေးသည့် အချက်များဖြစ်ကြောင်းဆိုခဲ့ကြပြီး ပါဝင်ဖြေ ဆိုသူ လေးဦးမှ ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ခြင်းသည် အိုင်ဒေါမြို့ သို့ ရွှေ့ပြောင်းအခြေချရန် ဆွဲဆောင်ခဲ့သည့်အချက်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။

အသက် (၄၆) နှစ်အရွယ် ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၁၄) သည် ဒုက္ခသည်စခန်းတွင်နေစဉ်က သူမ၏ စိတ် ကျန်းမာရေးချို့တဲ့ခဲ့ပြီး ထိန်းသိမ်းမရ ဒေါသထွက်မြန်သော စိတ်အခြေအနေ တစ်ခုရှိနေခဲ့ကြောင်း ဆိုခဲ့သည်။ သူမ၏ ဒေါသမထိန်းနိုင်မှုသည် ပိုမိုဆိုးဝါး လာပြီး မိသားစုအပေါ် ရေရှည်သက်ရောက်မှုများ ရှိလာမည်ကို စိုးရိမ်သော ကြောင့် သူမအနေဖြင့် ဒုက္ခသည်စခန်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

> ကျွန်မကလေးတွေနဲ့ မိသားစုရဲ့ စိတ်ကျန်းမာရေးကို ထိခိုက် လာနိုင်တဲ့ အလားအလာတွေ ရှိတယ်ဆိုတာကို သိပြီးတဲ့

နောက်မှာ ကျွန်မအနေနဲ့ စခန်းထဲမှာ ဆက်နေတာက ရေရှည် အတွက် အဆင်မပြေနိုင်ဘူးဆို တာကို သိခဲ့ရတယ်။ ... ကျွန်မ စခန်းကနေထွက်ပြီး ကိုယ့်ဟာကိုယ် နေရာပြောင်းရွှေ့အခြေချ ဖို့ ဆုံးဖြတ်ခဲ့တယ်။

အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း စခန်းအတွင်းမှ ကန့်သတ်တားမြစ်မှု များသည် ကျွန်ုပ်၏ သုတေသနတွင်ပါဝင်သူအချို့၏ စိတ်ကျန်းမာရေးကို ထိခိုက်ခဲ့သလို ၎င်းတို့ဘဝ၏ အခြားသော အစိတ်အပိုင်းများကိုလည်း ထိခိုက်ခဲ့ သည်။ လက်ရှိတွင် ဆက်လက်လည်ပတ်နေခြင်းမရှိတော့သော ဖော့က်လန်း (Falkland) စခန်း[34] တွင် နေထိုင်ခဲ့ကြသည့် ပါဝင်ဖြေဆိုသူ သုံးဦးမှလည်း ၎င်းတို့ နေရာရွှေ့ပြောင်းခဲ့ရခြင်း၏ အဓိကအကြောင်းပြချက်မှာ စိတ်ကျန်းမာ ရေးကြောင့်ဟု ဆိုခဲ့ကြသည်။ စခန်းမှကန့်သတ်ချက်များတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ဈေးများကို လက်လှမ်းမမီမှုနှင့် ကုန်ပစ္စည်းများကို မတန်တဆဈေးပေးဝယ်ရခြင်းများ ပါဝင်သည်။ ဖော့က်လန်းစခန်းတွင် တစ်နှစ်ကြာနေထိုင်ခဲ့သူ အသက် (၆၂) နှစ် အရွယ် အင်တာဗျူးဖြေဆိုသူ (၁၀) မှ အောက်ပါအတိုင်းဆိုခဲ့သည်။

စခန်းရဲ့ တားမြစ်ချက်တွေက တော်တော်တင်းကျပ်တယ်။ ကျွန်မတို့က အပြင်ထွက်ခွင့် မရှိဘူး။ တစ်ခါက ကျွန်မဆို

---

[34] ဖော့က်လန်းစခန်းသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ထွက်ပြေးလာသော မြန်မာများ၏ ပထမဆုံး ခိုလှုံရာနေရာဖြစ်ခဲ့သည်။ ၎င်းခိုလှုံသူများသည် အများသောအားဖြင့် လွှတ်တော် အမတ်များနှင့် CDMer များဖြစ်ကြသည်။ ၂၀၂၁ ဇူလိုင်လဝန်းကျင်တွင် ၎င်းစခန်းအတွင်း နေထိုင်နေသော ဒုက္ခသည်အားလုံး ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့ပြီး များစွာသော သာမန်ဒုက္ခသည် များသည် အိုင်ဇောမြို့၏ ခေါင်ဖျားသောနေရာများသို့ ရောက်ရှိသွားခဲ့သည်။ လွှတ်တော်အမတ် များသည် အိုင်ဇောမြို့ရှိ Youth Hostel သို့ ရွှေ့သွားခဲ့ကြသည်။ ထိုကဲ့သို့ နှင်ထုတ်ရသည့် အကြောင်းပြချက်ကို မဖော်ပြခဲ့ပေ။ ၂၀၂၃ မှစတင်ကာ ဖော့က်လန်းစခန်းသည် ကူကီးနှင့် ကသည်းလူမျိုးများအကြား ဖြစ်ပွားနေသော လူမျိုးစုအကြား တင်းမာမှုများကြောင့် နေရပ်စွန့်ခွာ လာရသည့် မဏိပူရ်ပြည်နယ်မှ ကူကီးမိသားစုများ၏ အဓိက ခိုလှုံရာနေရာ ဖြစ်လာခဲ့သည် (Kalita, 2023)။

> တော် တော်ဖျားပြီး မြေကြီးပေါ်မှာ ဆန်အိတ်လေးကို ခေါင်းအုံးပြီး လှဲနေရတဲ့အခြေအနေကို ရောက်သွားခဲ့သေးတယ်။ သက် သောင့်သက်သာဖြစ်အောင်လို့ မွေ့ရာတစ်ခုဝယ်ချင်တာကို ကျွန်မမှာ ပိုက်ဆံရှိနေတာတောင်မှ အစောင့်တွေက ဝယ်ခွင့် မပြုခဲ့ဘူး။ နှစ်လလောက် ကျွန်မ အပြင်းအထန်ကို ဖျားပြီး တော်တော်ကြီးခံစားခဲ့ရတာ။ လေမဖြတ်သွားတာ တော်တော် လေးကံကောင်းတယ်။ ကျွန်မ အဆစ်တွေ အရမ်းနာလို့ဆိုပြီး ဆေးရုံသွားခွင့်ပေးဖို့ အသနားခံခဲ့တာတောင်မှ သူတို့က အဲဒါ ကိုလည်း ခွင့်မပြုခဲ့ဘူး။

အိုင်ဇောမြို့သို့ ရွှေ့ပြောင်းရန် ကျွန်ုပ်၏ သုတေသနတွင် ပါဝင်ခဲ့သူများကို ဆွဲဆောင်ခဲ့သည့် အခြားသော အချက်များမှာ အင်တာဗျူးဖြေဆိုသူ (၁)၊ (၇)၊ (၁၄) နှင့် (၁၃) ၏ အဆိုအရ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ၊ အိမ်ရာ အခြေအနေပိုမိုကောင်းမွန်နိုင်သည့် အလားအလာနှင့် အလုပ်သို့သွားရောက် ရန် သယ်ယူပို့ဆောင်ရေးလွယ်ကူမှုတို့ဖြစ်ကြသည်။ သို့သော် ဤအချက်များ သည် ဤအပိုင်း၏ အထက်ပိုင်းတွင် ဖော်ပြခဲ့သောအချက်များနှင့် ယှဉ်ပါက သိသာ ထင်ရှားမှု ပိုမိုနည်းပါးသည်။

အိုင်ဇောမြို့မှ မြို့ပေါ်တွင် ခိုလှုံမှု၏ အကျိုးကျေးဇူးများ

လုံခြုံသည်ဟုခံစားရမှု မြင့်မားလာပြီး ကြောက်ရွံ့ရမှုနှင့် မသေချာမရေရာမှုတို့ လျော့ကျလာခြင်းသည် အိုင်ဇောမြို့တွင် နေထိုင်ခြင်း၏ သိသာထင်ရှားသော အကျိုးကျေးဇူးများဖြစ်ကြောင်း အိုင်ဇောမြို့တွင်နေထိုင်နေသည့် အင်တာဗျူး ခဲ့သူများထဲမှ တစ်ဆယ့်သုံးဦးက ဆိုခဲ့သည်။ ဤအချက်မှာ သုတေသနတွင် ပါဝင်သူအများစုသည် CDM ဖြစ်နေမှုနှင့် သက်ဆိုင်မှုရှိနေသည်။ အသက် (၃၈) နှစ်အရွယ်အမျိုးသမီး အင်တာဗျူးဖြေဆိုသူ (၁) မှ ဆိုခဲ့သည်မှာ —

> အိုင်ဇောမှာ နေရတဲ့အထဲမှာ လုံခြုံတယ်လို့ခံစားရတာကိုတော့ အကြိုက်ဆုံးပဲ။ လမ်းပေါ်မှာ လူတွေအများကြီးရှိနေပေမဲ့ ညသန်းခေါင်မှာတောင် အေးဆေးအပြင်ထွက်လို့ရတယ်။ ပြီးတော့ အမျိုးသားတွေနဲ့ အမျိုးသမီးတွေကို တန်းတူထားပြီး ဆက်ဆံတယ်။ အမျိုးသမီးတွေ ခွဲခြားဆက်ဆံခံရတာ၊ လှောင်ပြောင်ခံရတာမျိုးတွေ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်မ အနေနဲ့ မီဇိုစကားကို အတိုင်းအတာတစ်ခုအထိပဲ ပြောနိုင်တယ်ဆိုပေမဲ့ မှားပြောမိတဲ့အခါ ဘယ်သူမှ လှောင်ရယ်တာမျိုးမရှိဘူး။

ထို့အပြင် စစ်ကောင်စီမှ ဥင်းအားဖမ်းဆီးလိုသည်ဟု သတင်းကြားသောကြောင့် အိုင်ဇောမြို့သို့ ထွက်ပြေးခဲ့သူ စီဒီအမ်တစ်ဦးဖြစ်သည့် အသက် (၃၆) နှစ်အရွယ် အင်တာဗျူးဖြေဆိုသူ (၁၁) မှလည်း အိုင်ဇောမြို့သည် မီဇိုရမ်၏ အခြားသော ကျေးလက်ဒေသများနှင့် ယှဉ်ပါက လုံခြုံစိတ်ချရမှု ပိုမိုကောင်းမွန်ကြောင်း ထောက်ပြခဲ့သည်။

> အိုင်ဇောနဲ့ ဇိုကောသာက မတူဘူး။ ဇိုကောသာမှာဆိုရင် သူက နယ်စပ်နဲ့ တံတားပဲခြားတဲ့အတွက် ကျွန်တော်တို့ အမြဲတမ်းလိုလို သေနတ်သံတွေနဲ့ ပေါက်ကွဲသံတွေ အမြဲလိုလို ကြားနေရတယ်။ ကျွန်တော်တို့နေတဲ့နေရာဘက်ကို တိုက်ပွဲတွေ ပြန့်လာမှာ တော်တော်လေးကြောက်ခဲ့ရတယ်။ မြန်မာဘက်ခြမ်းကနေ မီးခိုးတွေတက်လာတာမျိုးတွေ ကျွန်တော်တို့ တွေ့ခဲ့ဖူးတယ်။ ဇိုကောသာမှာ ကျွန်တော်တို့ လုံခြုံတယ်လို့ကို မခံစားခဲ့ရဘူး။ ဒါပေမဲ့ အိုင်ဇောမှာတော့ ကျွန်တော်တို့ လုံခြုံတယ်လို့ခံစားရတယ်။

အင်တာဗျူးဖြေဆိုသူ ခြောက်ဦးမှ အိုင်ဇောမြို့၏ ကောင်းကွက်တစ်ခုသည် ပိုမိုကောင်းမွန်သော ပညာရေးကို လက်လှမ်းမီနိုင်မှုပိုမိုရှိခြင်း ဖြစ်သည်ဟုဆိုခဲ့

ပြီး အခြားငါးဦးမှ အရည်အသွေးရှိသော ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း ပြောပြခဲ့သည်။ တက္ကသိုလ်ကထိကဟောင်းတစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၆) သည် အထောက်အထားများ မရှိသော်ငြားလည်း ၎င်း၏ ကလေးများကို ကျောင်းများမှ တရားဝင်စာရင်းသွင်းပေးကြောင်း ထောက်ပြခဲ့သည်။

> ဒီနေရာကို ဒုတိယတစ်ခေါက်ရွှေ့ပြီးတဲ့နောက်ပိုင်းမှာ ကလေးတွေကို နောက်ဆုံးတော့ ကျောင်းအပ်နိုင်ခဲ့တယ်။ ကလေးတွေက သူတို့နောက်ဆုံးတက်ခဲ့တဲ့အတန်းတွေကနေ ပြန်စတက်နိုင်ခဲ့တယ်။ အစိုးရကနေပြီးတော့မှ ဒုက္ခသည်ကလေးတွေကို တရားဝင် ကျောင်းဝင်ခွင့်ပေးတဲ့အတွက် ကျွန်တော်တို့မှာ ကျောင်းအပ်တာနဲ့ပတ်သက်ပြီး ဘာပြဿနာမှ မရှိခဲ့ဘူး။ လိုအပ်တဲ့ အထောက်အထား မရှိနေတာတောင်မှ ကျောင်းတွေက ကျွန်တော့်ကလေးတွေကို လက်ခံခဲ့တယ်။ ကျွန်တော့်သားကို အစိုးရကျောင်းတစ်ကျောင်းမှာ အပ်ထားပြီး သမီးကိုတော့ ပုဂ္ဂလိကကျောင်းတစ်ကျောင်းမှာ အပ်ထားတယ်။

မူလတန်းပြကျောင်းဆရာမတစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၂) အောက်တွင် ဆိုထားသည့်အတိုင်း အချို့သူများသည် အိုင်ဇောမြို့၌ အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားတွင် ပညာရေး အရည်အသွေးတိုးတက်လာမှုကိုလည်း မီးမောင်းထိုးပြခဲ့သည်။

> (ပညာရေးက) ကောင်းတယ်။ တော်တော်လေးကောင်းတယ်။ အထူးသဖြင့် အင်္ဂလိပ်စာလေ့လာတဲ့နေရာမှာ။ (ကလေးတွေရဲ့) အင်္ဂလိပ်စကားပြောစွမ်းရည်က အများကြီးတိုးတက်လာတယ်။ သူတို့ရဲ့ လက်ရေးလည်း ပိုလှလာတယ်။

အိုင်ဇောပြည်သူ့ဆေးရုံတွင် မီးဖွားခဲ့သည့် အင်တာဗျူးဖြေဆိုသူ (၇) ရှင်းပြခဲ့သည့်အတိုင်း ပါဝင်သူများမှ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီနိုင်မှုသည်လည်း သိသာစွာတိုးတက်လာကြောင်း ဖော်ပြခဲ့ကြသည်။

> အိုင်ဇောမှာ ကျွန်တော့်အမျိုးသမီး ပြည်သူ့ဆေးရုံးမှာ မီးဖွားတာ ဘာပြဿနာမှ မရှိခဲ့သလို ဝန်ဆောင်မှုတွေကလည်း အရမ်းကောင်းတယ်။ ... ပြည်သူ့ဆေးရုံမှာ စရိတ်ပိုသက်သာရုံတင်မကဘဲ ဒုက္ခသည်ဖြစ်နေလို့ဆိုပြီးတော့ ကျွန်တော်တို့ကို ခွဲခြားဆက်ဆံခဲ့တာမျိုးမရှိဘူး။ သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကတော့ ချီးကျူးစရာပဲ။

အင်တာဗျူးဖြေဆိုသူများမှ သိသိသာသာဖော်ထုတ်ပြောကြားခဲ့ခြင်း မရှိသော်လည်း အခြားသော အကျိုးကျေးဇူးများမှာ လူမှုအသိုင်းအဝိုင်းအတွင်း လက်ခံမှုမြင့်တက်လာခြင်း၊ စိတ်ကျန်းမာရေးတိုးတက်လာခြင်းနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ကြသည်။

အိုင်ဇောမှ ဒုက္ခသည်များရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ

နေထိုင်ရန် အိမ်ရာသည် ကျွန်ုပ်၏ သုတေသနတွင်ပါဝင်ခဲ့သူများ အဓိကပြောကြားခဲ့သည့် စိုးရိမ်မှုတစ်ခုဖြစ်ပြီး အင်တာဗျူး တစ်ဆယ့်သုံးခုမှ ၎င်းအချက်အား အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ပြခဲ့ကြသည်။ အခြေအနေအများစုတွင် ဒုက္ခသည်များသည် ဒုက္ခသည်များဖြစ်နေသောကြောင့် အိမ်ရာငှားရမ်းရန် ငြင်းပယ်ခံရလေ့ရှိပြီး အိမ်ငှားခွင့်ရသည့်အခြေအနေတွင်ပင်လျှင် ၎င်းတို့သည် ဒေသခံများထက်ပိုမိုပေးရလေ့ရှိသည်။ အသက် (၆၂) နှစ်အရွယ် ကျောင်းဆရာမတစ်ဦးမှ သူမ၏အတွေ့အကြုံကို ဝေမျှခဲ့သည်။

> အိမ်ငှားဖို့ အိမ်ရှင်တော်တော်များများနဲ့ ဖုန်းပြောပြီး ကနဦးသဘောတူညီချက်တွေရခဲ့တယ်။ ဒါပေမဲ့ ကျွန်မ ဒုက္ခသည်ဖြစ် နေတယ်ဆိုတာကို သိပြီးတဲ့နောက်မှာ သူတို့တွေက

မငှားပေး တော့ဘဲ နောက်ဆုတ်သွားကြတယ်။ တချို့အိမ်ရှင်တွေဆိုရင် အိမ်ကိုလာကြည့်ဖို့ ခေါ်ပြီးတော့မှ ကျွန်မရဲ့ နောက်ကြောင်းကို သိပြီဆိုတာနဲ့ ချက်ချင်း တုံးတိဖြတ်ချပစ်တာမျိုးတွေရှိတယ်။ ငွေကြေးဆိုင်ရာပိုင်းမှာ မယုံကြည်မှုကလည်း နောက်ထပ် အတားအဆီးတစ်ခုဖြစ်နေတယ်။ ကျွန်မကို အိမ်ငှားခ တတ်နိုင်လားဆိုတာမျိုးတွေ အခေါက်ပေါင်းများစွာ မေးခံခဲ့ရပြီးပြီ။ အဲဒါအပြင်ကို ကျွန်မက အိမ်ငှားခတစ်လစာ ကြိုပေးရလေ့ ရှိတယ်။ အိမ်ရှင်တွေကတော့ အရင်ဒုက္ခသည် အိမ်ငှားတွေက ပေးစရာကျန်တာတွေမပေးဘဲ အိမ်ကနေ ထွက်သွားကြလို့ဆို ပြီးလို့တော့ ရှင်းပြတယ်။

ဒုက္ခသည်များအနေဖြင့် အဆိုပါ အိမ်ငှားမှုနှင့်ပတ်သက်သည့် ခွဲခြားဆက်ဆံမှုမျိုးကို ကိုင်တွယ်ဖြေရှင်းသည့် နည်းဗျူဟာတစ်ခုမှာ ပွဲစားများမှတစ်ဆင့် ငှားရမ်းခြင်းဖြစ်သည်။ အိမ်ငှားပွဲစားများသည် ၎င်းတို့၏ ဝန်ဆောင်ခအတွက် အိမ်ငှားခများကို ဈေးမြှင့်သတ်မှတ်ထားသောကြောင့် နဂိုကပင် ဈေးမြင့်နေပြီးသားဖြစ်သည့် ငှားခမှာ ပိုမိုဈေးကြီးသွား၍ အထက်ပါနည်းလမ်းသည်လည်း အခြားပြဿနာများဖြစ်လာစေသည်။ အခြားသော ကိုင်တွယ်ဖြေရှင်းသည့် နည်းဗျူဟာတစ်ခုမှာ လူမှုကွန်ရက်များပေါ်တွင် မှီခိုခြင်းဖြစ်ပြီး ၎င်းအချက်အား အသက် (၃၃) နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၈) မှ အောက်ပါအတိုင်း ဆွေးနွေးသွားခဲ့သည်။

စိတ်ကောင်းရှိတဲ့ အိမ်ရှင်တွေရှိပါတယ်။ ကျွန်မတို့အနေနဲ့ သူတို့ကို မတွေ့မချင်းဆက်ရှာရတာပါပဲ။ အဲဒါအပြင် ကျွန်မတို့ အနားမှာ (တခြား) ဒုက္ခသည်တွေလည်းရှိတယ်။ ကျွန်မတို့ အနေနဲ့ အချင်းချင်း ချိတ်ဆက်ကွန်ရက်တွေ တည်ဆောက်ပြီး လွတ်နေတဲ့အိမ်တွေအကြောင်း အချင်းချင်းပြောပြကြတယ်။ ပြီးတော့ ဖော်ရွေတဲ့အိမ်ရှင်တစ်ယောက်ကို တွေ့ပြီဆိုရင်

> အိမ်ငှားကြတာပဲ။ ဆိုတော့ ကျွန်မတို့က ကိုယ့်ရဲ့ အချိတ်အဆက်တွေကို သုံးပြီး အိမ်တွေရှာနေပါတယ်။

မီဒီစကားမတတ်ခြင်းသည် လူမှုဆက်ဆံရေးများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကိုလက်လှမ်းမီရယူရာတွင် သိသာစွာသက်ရောက်မှု ရှိနေသည့် နောက်ထပ်အချက်တစ်ချက်ဖြစ်သည်။ ၎င်းအချက်အား အင်တာဗျူးဖြေဆိုသူ တစ်ဆယ့်တစ်ဦးမှ အဓိကစိန်ခေါ်မှုအဖြစ် ဖော်ပြခဲ့ကြသည်။ ဖခင်မှာ စိတ်ကျန်းမာရေးမကောင်းသူ အသက် (၃၅) နှစ်အရွယ် အင်တာဗျူးဖြေဆိုသူ (၉) သည် ဆရာဝန်များနှင့် ပြောဆိုဆက်ဆံရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းပြခဲ့သည်။

> ကျွန်မတို့ ဘာသာစကားတွေက မတူတဲ့အခါကျတော့ အဖေ့အခြေအနေအသေးစိတ်ကို ဆရာဝန်တွေကို မပြောပြနိုင်ခဲ့ဘူး။ ဆရာဝန်က အဖေ့ကို စက်တွေနဲ့ စမ်းသပ်ပြီး မီဒီစကားနဲ့ မေးခွန်းတွေ မေးတယ်။ ကျွန်မတို့လည်း ဖြေနိုင်သလောက် ဖြေခဲ့ပေမဲ့ ကျွန်မတို့ရှင်းပြချင်သလောက် အသေးစိတ်ကျကျ မရှင်းပြနိုင်ခဲ့ဘူး။

ဘာသာစကားအတားအဆီးများကြောင့် ဒုက္ခသည်များသည် မီဒီစကားပြောတတ်သည့် အသိအကျွမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများရယူရာတွင် ဘာသာပြန်များအဖြစ် မှီခိုနေရသည်။ သို့သော် ထိုကဲ့သို့သောသူများမှာ လိုအပ်သည့်အချိန်တိုင်း ရှိနေနိုင်သည်မဟုတ်ပေ။ ထို့ကြောင့် မကြာခဏ ဖျားနာတတ်သည့် ကလေး ခြောက်ဦး၏ မိခင် အသက် (၃၅) နှစ်အရွယ် အင်တာဗျူးဖြေဆိုသူ (၁၂) ၏ ဖော်ပြချက်တွင် တွေ့မြင်ရသည့်အတိုင်း ဒုက္ခသည်များသည် ဆေးရုံများနှင့် ဆေးခန်းများကို မသွားတော့ဘဲ ရှောင်ရှားလာကြသည့် အပြုသဘောမဆောင်သော ဖြေရှင်းနည်းမျိုးကို အသုံးပြုလာကြသည်။ သူမသည် ဆေးဆိုင်တွင် ဆေးလက်မှတ်မလိုဘဲ ဝယ်နိုင်သော ဆေးများ

နှင့် အိမ်နီးနားချင်းများပေးသည့် ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်များပေါ်တွင် မှီခိုပြီး ဆေးရုံဆေးခန်းများကို သွားရခြင်းမှ ရှောင်ရှားလေ့ရှိသည်။

> ဒီမှာက ရာသီဥတုမကောင်းတဲ့အခါကျတော့ ကျွန်မကလေး တွေက ခဏခဏဖျားကြတယ်။ ဘာသာစကားအတားအဆီး ပြဿနာတွေကြောင့် ဆေးခန်းတွေကို မသွားဘဲနဲ့ အဲဒီအစား ဆေးစာမလိုတဲ့ ဆေးတွေကိုပဲ ဆေးခန်းကဝယ်လိုက်တယ်။ ဆရာဝန်ဆီကနေ အကြံဉာဏ်တောင်းတဲ့အစား ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ရင်းနှီးတဲ့ အခြားပုဂ္ဂိုလ်တွေနဲ့ပဲတိုင်ပင်ပြီး သူတို့ညွှန်းတဲ့ဆေးတွေ၊ ဘယ်လောက်တိုက်ရမယ် ဆိုတာတွေ ကို အကြံယူလိုက်တာများတယ်။

၎င်းအပြင် မိဘများရော ကလေးများပါ ပညာရေးဝန်ဆောင်မှုကို ရယူရာတွင် ဘာသာစကားအတားအဆီးများ ကြုံတွေ့ရသည်။ အင်တာဗျူးဖြေဆိုသူ (၉) မှ သူမအနေဖြင့် ကျောင်းအပ်သည့်အချိန်တွင် ဆရာမများနှင့် ပြောဆိုဆက်ဆံမှု ပြုရန် ဘာသာပြန်တစ်ဦးအပေါ်တွင် မှီခိုခဲ့ရကြောင်း ဆိုခဲ့သည်။ အခြားမိဘ တစ်ဦးမှလည်း သူမ၏အငယ်ဆုံးကလေးအား ပုဂ္ဂလိကကျောင်းတွင် ကျောင်း ထားခဲ့သော်လည်း ဘာသာစကားအတားအဆီးကြောင့် သီးသန့်ခွဲထုတ်ခံထား ရသကဲ့သို့ ဖြစ်လာသောကြောင့် ကျောင်းထုတ်ခဲ့ရကြောင်း ရှင်းပြခဲ့သည်။ နောက်ဆုံးတွင် ကလေးအား အိမ်တွင်သာ စာသင်ကြားပေးခဲ့ရသည်။ ကလေး များအတွက်မူ ၎င်းတို့သည် စာသင်ခန်းထဲတွင် ဘာသာစကားအတားအဆီး နှစ်ခု (အချို့ကျောင်းများတွင်အသုံးမပြုမနေရဖြစ်သည့် မီဇိုဘာသာစကားနှင့် ဟိန္ဒီဘာသာစကား) ကြုံတွေ့ကြရသည်။ ကလေးသုံးဦးကို ပုဂ္ဂလိကကျောင်း သို့ ပို့ထားသည့် အသက် (၄၆) နှစ်အရွယ် မိဘတစ်ဦးဖြစ်သည့် အင်တာဗျူး ဖြေဆိုသူ (၅) မှ အောက်ပါအတိုင်းပြောခဲ့သည်။

> ပထမဆုံး ကျွန်တော်တို့ ကြုံရတဲ့စိန်ခေါ်မှုက ဘာသာစကား အတားအဆီးဖြစ်တယ်။ မြန်မာမှာတုန်းက အဓိကအားဖြင့်

ဗမာလိုပဲပြောခဲ့ကြတယ်။ ဒီမှာကျ ကျွန်တော့် ကလေးတွေက မီဇိုရော ဟိန္ဒီရောနှစ်ခုလုံးနဲ့ လုံးပန်းကြရပြီး သူတို့အတွက် ခက်ခဲတယ်။ တစ်ခါတလေဆိုရင် ကလေးတွေက ဟိန္ဒီကို ဘာသာပြန်တဲ့နေရာမှာ ခက်တဲ့အတွက် သင်ခန်းစာတွေကို လိုက်မီဖို့ ခက်ခဲတယ်ဆိုပြီး ပြောခဲ့ဖူးတာမျိုးတွေရှိတယ်။

ကျွန်ုပ်၏ သုတေသနတွင်ပါဝင်သူများသည် ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရမှု မရှိခြင်း၊ စီးပွားရေးဆိုင်ရာလုပ်ရှားမှုများအပေါ်တွင် ဥပဒေဆိုင်ရာ အတားအဆီးများရှိနေခြင်းနှင့် စွန့်ဦးတီထွင်မှုများပြုလုပ်ရာတွင် မအောင်မြင်ခြင်း စသည့် ငွေကြေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ဒုက္ခသည်အများစုသည် တရားမဝင်လုပ်ငန်း ခွင်များတွင် အလုပ်လုပ်ကိုင်နေကြပြီး စုဆောင်းငွေများမရှိခြင်းကြောင့် အထက်ပါစိန်ခေါ်မှုများထဲတွင် ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရမှုမရှိခြင်းသည် အထင်ရှားဆုံးဖြစ်သည်။ ကလေးငါးဦး၏ ဖခင်ဖြစ်သူ အင်တာဗျူးဖြေဆိုသူ (၅) မှ ဖျားနာပြီး ၎င်းဖျားနာမှုကြောင့် မိသားစုအပေါ်နှင့် ကလေးများ၏ ပညာရေး အပေါ် သက်ရောက်မှုများ ရှိလာနိုင်သည်ဟူသော အတွေးကြောင့် အလွန် စိတ်ပူပန်ခဲ့ရသည်။

အိမ်မှာအလုပ်လုပ်နေတာက ကျွန်တော်တစ်ယောက်ပဲ ရှိပြီး တော့ ပိုက်ဆံရှာရမှာက ကျွန်တော့် တာဝန်ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော် ရုတ်တရက် အပြင်းဖျားနာပြီး အလုပ်မလုပ်နိုင် တော့ဘူးဆိုရင် ဘယ်လိုဖြစ်မှာလဲ။ ဘယ်သူက ကျွန်တော့် မိသားစုကို ကျွေးထားမှာလဲ။ အဲ့ဒီစိုးရိမ်မှုတွေက အမြဲတမ်း စိတ်ထဲမှာရှိနေတယ်။ ကျွန်တော် အခုကြုံတွေ့နေရတဲ့ အကြီး မားဆုံးပြဿနာက အဲဒါပဲ။ ကျွန်တော် အကြောင်းတစ်ခုခု ကြောင့် အလုပ်မလုပ်နိုင်ခဲ့ဘူးဆိုရင် ကျွန်တော့်မိသားစုရဲ့ အနာဂတ်ကို စိုးရိမ်တယ်။

လက်ရှိတွင် တရားဝင်မဟုတ်သော အလုပ်အမျိုးမျိုးတွင် လုပ်ကိုင်နေသည့် အသက် (၂၉) နှစ်အရွယ် ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သည့် အင်တာဗျူး ဖြေဆိုသူ (၇) မှလည်း ၎င်း၏ ကလေးကို အခြားကလေးများကဲ့သို့ ကျောင်း တက်နေသည်ကို မြင်ချင်သော်လည်း ၎င်းတွင် ပိုက်ဆံအလုံအလောက် မရှိနေ ပေ။ သူသည် အများအားဖြင့် အချိန်ပိုင်း လက်သမားအဖြစ်လုပ်ကိုင်ပြီး တစ်ရက်လျှင် အများဆုံးရနိုင်သည့် ပမာဏမှာ ရူပီး (၅၀၀) ဖြစ်သည်။ "ကျွန်တော့် ကလေးကို အစိုးရကျောင်းမှာ အပ်မယ်ဆိုရင်တောင်မှ ကျောင်း ဝတ်စုံနဲ့ ကျောင်းသုံးပစ္စည်းတွေလိုမျိုး တခြားကုန်ကျစရိတ်တွေရှိသေးတယ်။ ကျွန်တော့် လက်ရှိငွေရေးကြေးရေးအခြေအနေအရ အဲဒီကုန်ကျစရိတ်တွေကို မပေးနိုင်သေးတဲ့အတွက် ကျွန်တော့်ကလေးကို အခုချိန်ထိ ကျောင်းမပို့ရသေး တာ" ဟု ၎င်းမှ ပြောကြားခဲ့သည်။

ဤစိန်ခေါ်မှုများကို ပိုမိုဆိုးဝါးစေသည့်အချက်သည် ဒုက္ခသည်များ၏ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများအပေါ် ချမှတ်ထားသည့် ဥပဒေဆိုင်ရာ ကန့် သတ်ချက်များဖြစ်သည်။ လမ်းဘေးစားသောက်ဆိုင်လေးဖွင့်ရန် ကြိုးပမ်းရာ တွင် အထက်ပါအတားအဆီးများကို ကြုံတွေ့ခဲ့ရသည့် အင်တာဗျူးဖြေဆိုသူ (၁၀) ၏ ဖော်ပြချက်အရ ၎င်းကန့်သတ်ချက်များသည် ဝင်ငွေရှိနိုင်သည့် အခွင့် အလမ်းများကို အတားအဆီးဖြစ်စေသည်။

> ဘာစီးပွားရေးအခွင့်အလမ်းမှ မရှိဘူး။ ဘာဆိုဘာမှ မရှိတာ။ ကျွန်မစုဆောင်းထားတာတွေ အကုန်လုံးလည်း ကုန်ပြီ။ ကျွန်မ ပြောချင်တာက ဒီမှာ အစိုးရက ကျွန်မတို့ကို ဘာစီးပွားရေးမှ လုပ်ခွင့်မပေးထားဘူး။ မြန်မာခေါက်ဆွဲဆိုင် အသေးလေး ဖွင့်ဖို့ ကျွန်မ ကြိုးစားခဲ့ပေမဲ့ သူတို့က ခွင့်မပြုခဲ့ဘူး။ ဆိုတော့ ကျွန်မ တို့ လုပ်နိုင်တာ ဘာမှမရှိဘူး။

ကျွန်ုပ်၏ သုတေသနတွင်ပါဝင်ခဲ့သူများ၏ အဆိုအရ အလုပ်အကိုင်ရှားပါးခြင်း၊ ရှိထားပြီးသား အသိအမှတ်ပြုလက်မှတ်များနှင့် အထောက်အထားများအား အသိအမှတ်ပြုမှုမရှိခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့

သည် အလုပ်အကိုင်အတွက် အတားအဆီးများဖြစ်ကြသည်။ ပါဝင်သူ ငါးဦးမှ အလုပ်အကိုင်ရှားပါးခြင်းသည် အလုပ်အကိုင်ရရှိရေးအတွက် အဓိကအတား အဆီးဖြစ်ကြောင်း ဆိုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် လမ်းဘေးစားသောက်ဆိုင် ဖွင့်ခဲ့ပြီး တစ်ကိုယ်တည်းသမားမိခင်တစ်ဦးဖြစ်သည့် အသက် (၃၈) နှစ်အရွယ် အင်တာဗျူးဖြေဆိုသူ (၁) မှ စားသောက်ဆိုင်များတွင် အလုပ်အကိုင်များရှာဖွေ ခဲ့ပြီး တစ်ရက်လုပ်ခသည် ရူပီး (၂၀၀) သို့မဟုတ် (၃၀၀) သာရှိကြောင်း သိရှိခဲ့ရ သည်။ သူမအနေဖြင့် ပန်းရန်လုပ်သားကဲ့သို့ ကိုယ်ကာယအားထားရသော အလုပ်အကိုင်များကို ရှာဖွေကြည့်သောအခါ သူမကဲ့သို့ အမျိုးသမီးတစ်ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးကြောင်း တွေ့ရှိခဲ့ရသည်။

အင်တာဗျူးဖြေဆိုသူအချို့မှ အထောက်အထားမရှိမှုနှင့် ၎င်းတို့၏ အရည် အချင်းပြအသိအမှတ်ပြုလက်မှတ်များကို အသိအမှတ်ပြုခြင်း မရှိမှုတို့သည် လည်း အလုပ်အကိုင်ရရှိရေးအတွက် အတားအဆီးများဖြစ်ကြောင်း ဆိုခဲ့ကြ သည်။ အစိုးရဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် အသက် (၃၈) နှစ်အရွယ် အင်တာဗျူးဖြေဆိုသူ (၁၃) မှ ၎င်းသည် ဒေသတွင်းရှိကုမ္ပဏီများတွင် ပညာ အရည်အချင်းလိုအပ်သော နေရာများ၌ အလုပ်လျှောက်ရန် ကြိုးစားခဲ့သော် လည်း အလုပ်ရှင်များမှ ၎င်း၏မြန်မာနိုင်ငံမှ ဘွဲ့လက်မှတ်ကိုမြင်သောအခါ ၎င်း၏ လျှောက်လွှာကို ငြင်းဆိုခဲ့ကြကြောင်း ရှင်းပြခဲ့သည်။ နောက်ထပ် ပါဝင်သူတစ်ဦးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၇) သည်လည်း ကုမ္ပဏီတစ်ခု တွင် အင်တာဗျူးမေးသည့် အဆင့်များကို ကျော်ဖြတ်ခဲ့ပြီး အလုပ်ရရန် ကမ်းလှမ်းခံရပြီးကာမှ ၎င်းတွင် အလုပ်လုပ်ရန် ဗီဇာမရှိသောကြောင့် ကမ်းလှမ်းမှုကို ပယ်ဖျက်ခြင်းခံခဲ့ရသည်။

ဒုက္ခသည်များအနေဖြင့် အရည်အချင်းနိမ့်ပါးသည်ဖြစ်စေ မြင့်မားသည် ဖြစ်စေ ၎င်းတို့အတွက်အလုပ်သည် ဆောက်လုပ်ရေးနှင့် ပန်းရန်အလုပ်သာရှိ သည်။ ၎င်းနေရာများတွင်ပင်လျှင် အလုပ်ရရန်ခက်ခဲကြောင်း တက္ကသိုလ် ကထိကဟောင်းတစ်ဦးဖြစ်သည့် အသက် (၄၃) နှစ်အရွယ် အင်တာဗျူးဖြေဆို သူ (၆) မှ ရှင်းပြထားသည်။ ဒုက္ခသည်များသည် အလုပ်အကိုင်ရရန် စွမ်းဆောင် နိုင်သည့်အခါတွင်ပင်လျှင် ခွဲခြားဆက်ဆံခံရမှုများ ကြုံရလေ့ရှိသည်။

> သူတို့တွေက လစာအတော်အတန်ကောင်းတဲ့အလုပ်တွေကို ယူထားကြပြီး ပြောရမယ်ဆိုရင် အလုပ်အကိုင်စျေးကွက်ကို လက်ဝါးကြီးအုပ်ထားကြတယ်။ ဒေသခံတွေ လုပ်ဖို့ မရှိတဲ့ အလုပ်မျိုးမှာမှ ဒုက္ခသည်တွေကို ထည့်စဉ်းစားကြတာ ... သူတို့ရဲ့ လုပ်ငန်းခွင်ကို ဝင်ရတာက စိန်ခေါ်မှုများတယ်။ သူတို့တွေက အုပ်စုလိုက်အလုပ်လုပ်ကြတယ်။ ဒုက္ခသည်တွေကို ငှားလိုက်တယ်ဆိုရင်တောင်မှ ကျွန်တော်တို့အနေနဲ့ အချိန်ပို အလုပ်လုပ်ရတယ်။ ဥပမာ အလုပ်တစ်ခုက ရှစ်နာရီ လုပ်ဖို့လိုတယ်ဆိုရင် ဒုက္ခသည်တွေကို ကိုးနာရီလောက် လုပ်ခိုင်းတာမျိုးတွေရှိတယ်။

အထောက်အပံ့ရရှိနိုင်မှု

တစ်ခါတစ်ရံတွင် တချို့သူများအနေဖြင့် တစ်ကြိမ်သာ ပေးအပ်သော ထောက်ပံ့မှုမျိုး ရရှိတတ်ကြသော်လည်း ယေဘုယျအားဖြင့် အိုင်ဇောမြို့မှ ဒုက္ခသည်များသည် စိတ်ချရပြီး ရေရှည်ခံမည့် အထောက်အပံ့မျိုး မရှိနေပေ။ ထူးခြားသည်မှာ အသက် (၃၃) နှစ်အရွယ် CDMer အင်တာဗျူးဖြေဆိုသူ (၈) မှ ထောက်ပြခဲ့သည့်အတိုင်း ထိုကဲ့သို့သော အထောက်ပံ့များပေးသည့် အဖွဲ့အစည်းများမှာ မြန်မာအခြေပြုအဖွဲ့အစည်းများဖြစ်သည်။

> အစပိုင်းမှာ CDMer တွေအတွက် ရူပီး (၃,၀၀၀) လောက် ထောက်ပံ့ခဲ့တာတွေရှိတယ်။ နောက်ပိုင်းမှာ မြန်မာအခြေစိုက် အဖွဲ့အစည်းတစ်ခုက ကျွန်မတို့ကို ရူပီး (၅,၀၀၀) ပေးခဲ့တယ်။ အဲဒီမှာ ကျွန်မ မမှတ်မိတဲ့တခြားပေးခဲ့တာတွေလည်း ရှိသေးတယ်။ တစ်ခါတုန်းက ကျွန်မက မိခင်တစ်ယောက်ဖြစ်နေလို့ဆိုပြီး ရူပီး (၁,၀၀၀) ရခဲ့ဖူးတာလည်းရှိတယ်။ အထောက်အပံ့

> တော်တော်များများက မြန်မာအခြေစိုက် အဖွဲ့အစည်းတွေက နေလာတာ။

၎င်း၏ ကလေးသုံးဦးစလုံးကို အစိုးရကျောင်းသို့ ပို့ထားသည့် အသက် (၃၈) နှစ် အရွယ်အမျိုးသမီးဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၁) ၏ ဖော်ပြချက်အရ မီဇိုရမ်အစိုးရသည် အခမဲ့ပညာရေးနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းတို့ကို ပံ့ပိုးခြင်းဖြင့် အထောက်အပံ့ပေးနေသည်။ "သူတို့က ကိုးတန်းစာမေးပွဲကို အောင်ပြီး ထိပ်ဆုံးကျောင်းသား (၁၀) ဦးစာရင်းထဲမှာ ပါခဲ့တယ်။ အဲဒါကြောင့် ကျောင်းက ဒီနှစ်အတွက် ကုန်ကျစရိတ်အကုန်လုံးကို ပေးခဲ့တယ်"

အင်တာဗျူးဖြေဆိုသူများထဲမှ အချို့သည် ဒုက္ခသည်အသိုင်းအဝိုင်းမှ ဖွဲ့စည်းထားသည့် Myanmar Fellowship Church အမည်ရှိ မြန်မာအခြေပြု ဘုရားကျောင်းကို တက်ကြသည်။ အသက် (၃၃) နှစ် အရွယ် အမျိုးသမီးတစ်ဦး ဖြစ်သည့် အင်တာဗျူးဖြေဆိုသူ (၈) ၏ ဖော်ပြချက်အရ ဘုရားကျောင်းသည် စတင်တက်ရောက်သည့်အချိန်တွင် ငွေကြေးပေးအပ်မှုရှိသည်။ "ကျွန်မက နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းကိုတက်တယ်။ ဘုရားကျောင်းက စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးပြီး စီးပွားရေး ဒါမှမဟုတ် လူမှုရေးဆိုင်ရာ အထောက်အပံ့မျိုး မပေးဘူး။ ဒါပေမဲ့ အသစ်ဝင်လာတဲ့ ဒုက္ခသည်တွေက ထောက်ပံ့ကြေး ရူပီး (၁,၀၀၀) ကိုတော့ ဝင်ဝင်ချင်းမှာ တစ်ခါရကြတယ်"

ထိုသို့ဆိုခဲ့သော်လည်း ကျွန်ုပ်၏ သုတေသနတွင်ပါဝင်သူ အများစုသည် မှီခိုအားထားနိုင်သော ပြင်ပမှ တောက်လျှောက်ထောက်ကူနေမှုမရှိဘဲ ၎င်းတို့၏ ကိုယ်ပိုင်ရင်းမြစ်များပေါ်တွင် မှီခိုနေကြရသည်။

ဆွေးနွေးချက်

အချုပ်ဆိုရလျှင် ဤလေ့လာမှုတွင်ပါဝင်ခဲ့သော ဒုက္ခသည်များသည် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုမပြုရမီ မြို့ပေါ်ဒေသများတွင်နေထိုင်ခဲ့ကြပြီး ဒုက္ခသည်များ၏ ယခင်နေထိုင်မှုပုံစံနှင့် အခြားနေရာတစ်ခု၌ ပြန်လည်အခြေချနေထိုင်ခြင်းကြားတွင် ပတ်သက်မှုရှိနိုင်သည်ဟူသော ကိုဘီယာ နှင့် ကရန်ဖီး တို့၏

လေ့လာတွေ့ရှိချက်ကို ယခုရှာဖွေတွေ့ရှိထားသည့် အချက်များမှ ထောက်ခံနေသည်။[35] အာဏာသိမ်းပြီးနောက်ပိုင်း ချင်းပြည်နယ်မှ အိုင်ဇောမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြရသည့် ဒုက္ခသည်များ၏ အဖြစ်အပျက်တွင် ပါဝင်သူ အများစုမှာ စီဒီအမ်ဝင်ခဲ့ကြသည့် အစိုးရဝန်ထမ်းဟောင်းများဖြစ်ကြပြီး ဖမ်းဆီးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများမှလွတ်မြောက်ရန် လိုအပ်သောကြောင့် နေရပ်စွန့်ခွာခဲ့ကြခြင်းဖြစ်သည်။ ကျွန်ုပ်၏ အချက်အလက်များအရ ဒုက္ခသည်များ အိုင်ဇောၟ အခြေချရာတွင် သက်ရောက်မှုရှိနေသည့် တွန်းအားပေးသည့် အချက်များတွင် မိမိမူလနေထိုင်ရာနိုင်ငံ၌ လုံခြုံစိတ်ချရမှုမရှိခြင်း၊ ဒုက္ခသည်စခန်းအတွင်း နေထိုင်ရသည့် အခြေအနေများ၊ စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများနှင့် စစ်ကောင်စီ၏ ဝင်ရောက်စီးနင်းမှုများကြောင့် အိုးအိမ်ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုတို့ပါဝင်သည်။ ဆွဲဆောင်နေသောအချက်များတွင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ ရယူနိုင်မှု၊ အိမ်ရာရရှိနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မှု အလားအလာတို့ပါဝင်သည်။ ဤရှာဖွေတွေ့ရှိချက်သည် အခြားသော လေ့လာမှုများမှ ထောက်ပြထားသည့်အတိုင်း ဤနယ်ပယ်ထဲတွင် ရှိပြီးသားဖြစ်သော အခြားသော သုတေသနများနှင့်လည်း ကိုက်ညီမှုရှိသည်။[36]

မြို့ပေါ်တွင်ခိုလှုံမှု၏ ကောင်းကျိုးများ

ဒုက္ခသည်များအနေဖြင့် မြို့ပေါ်ဒေသများသို့ ရွှေ့ပြောင်းခြင်းဖြင့် ရရှိသောကောင်းကျိုးများအပေါ်သုတေသနလုပ်ထားမှုသည် နည်းပါးနေသော်လည်း ခရစ်(စ်ပ်) နှင့် အခြားသူများမှ ဒုက္ခသည်များသည် ပြည်သူ့ဝန်ဆောင်မှုများ၊ ဈေးများနှင့် စီးပွားရေးအခွင့်အလမ်းများကို သဘောကျနှစ်သက်ကြလေ့ရှိကြောင်း မှတ်ချက်ပြုထားသည်။[37] အင်တာဗျူးခဲ့သည့် အိုင်ဇောမြို့တွင် နေထိုင်သော ချင်းဒုက္ခသည်အများစုမှ အကြောက်တရားနှင့် မသေချာမှု ခံစားရခြင်းလျော့နည်းသွားကာ လုံခြုံသည်ဟူသော စိတ်ခံစားချက်တိုးလာကြောင်း

[35] Kobia & Cranfield, 2009.
[36] Crisp et al., 2012; Hammad, 2017; Hopkins, 2015.
[37] Crisp et al., 2012.

နှင့် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိမှု တိုးမြင့်လာကြောင်း ဖော်ပြထားမှုဖြင့် အထက်ပါအချက်အား ဤလေ့လာမှု၏ ရှာဖွေတွေ့ရှိချက်များမှ ထောက်ခံနေသည်။ အများပြည်သူဝန်ဆောင်မှုများ အထူးသဖြင့် ပညာရေးဝန်ဆောင်မှုကို ရရှိနိုင်ခြင်းသည် လုံခြုံမှုပြီးနောက် ဒုတိယမြောက် သိသာထင်ရှားမှုအရှိဆုံး အကျိုးကျေးဇူးဖြစ်သည်။

အိမ်ရာ

အထက်တွင်ဖော်ပြခဲ့သော အကျိုးကျေးဇူးများရှိနေသော်လည်း အိုင်ဇောတွင်နေထိုင်သည့် ဒုက္ခသည်များသည် အိမ်ရာရှာဖွေရခြင်းမှသည် အလုပ်အကိုင်ရှာဖွေရခြင်းနှင့် ၎င်းတို့တန်ဖိုးထားသော ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ရယူရာတွင် ရှုပ်ထွေးစေသော အတားအဆီးများကဲ့သို့ စိန်ခေါ်မှုအမျိုး မျိုးကြုံတွေ့ခဲ့ရသည်။ ၎င်းစိန်ခေါ်မှုများတွင် အိမ်ရာနှင့် သက်ဆိုင်သော စိန်ခေါ် မှုသည် အကြီးမားဆုံးဖြစ်သည်။ ၎င်းတို့၏ ဒုက္ခသည် ဖြစ်နေမှုကြောင့် ခွဲခြား ဆက်ဆံခံရပြီး အိမ်လခများတိုးကောက်ခံခဲ့ရကြောင်း အိုင်ဇောတွင် နေထိုင် သည့် ကျွန်ုပ်၏ သုတေသနတွင် ပါဝင်သူများမှ မကြာခဏ ဖော်ပြခဲ့ကြသည်။ အင်တာဗျူးများမှရရှိသည့် အချက်အလက်များအရ အချို့သော အိမ်ရှင်များ သည် ဒုက္ခသည်များအား အိမ်လခမပေးနိုင်မည်ကို စိုးရိမ် သောကြောင့် အိမ်ငှား ရန် တွန့်ဆုတ်မှုများရှိကြောင်းလည်း တွေ့ရှိခဲ့ရသည်။ ၎င်းကဲ့သို့ ခွဲခြားဆက်ဆံ မှုကိုဖြေရှင်းရန် ပွဲစားများကို အသုံးပြုလေ့ရှိသောကြောင့် ၎င်းအချက်သည် အိမ်လခများကို ပို၍ပင်မြင့်မားသွားစေသည်။ အခြားသော မြို့ပေါ်နေ ဒုက္ခ သည်များ၏ အခြေအနေများတွင်လည်း တူညီသော အိမ်ရာဆိုင်ရာ စိန်ခေါ်မှုများတွေ့ရှိခဲ့ရပြီး ဥပမာ ဂမ်ဘီယာနိုင်ငံ၏ မြို့ပေါ်ဒေသများတွင် နေထိုင်သည့် ကာဆာမန့်စ်မှ ဒုက္ခသည်များ၏ အဖြစ်အပျက်တွင်လည်း တူညီသော စိန်ခေါ်မှု များတွေ့နိုင်သည်။[38] သို့သော် ဤအခြေအနေ နှစ်ခုအကြားရှိ ကွာခြားမှုများ သည်လည်း မှတ်သားဖွယ်ဖြစ်သည်။ ဂမ်ဘီယာနိုင်ငံတွင်

[38] Hopkins, 2015.

ကာဆာမန့်စ် ဒုက္ခ သည်များသည် အိုးအိမ်ဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးအပါအဝင် အခြေခံစီးပွားရေး ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိပြီး အိုင်ဇောတွင် နေထိုင်သည့် ချင်းဒုက္ခ သည်များတွင် အဆိုပါအခွင့်အရေးများ ရှိမနေပေ။ ကာဆာမန့်စ် ဒုက္ခသည်များ အနေဖြင့် အိမ်ရာရရှိရန် အသုံးပြုလေ့ရှိသည့် နည်းဗျူဟာတစ်ခုမှာ ဆောက် လုပ်လက်စအဆောက်အဦများတွင် အခကြေးငွေမရသော အစောင့်များအဖြစ် ဆောင်ရွက်ကြပြီး အပြန်အလှန်အနေဖြင့် ၎င်းတို့မိသားစုကိုပါ ခေါ်လာနေ ထိုင်ခွင့်ရှိခြင်းဖြစ်သည်။ သို့သော် ၎င်းတို့သည် အဆောက်အဦပိုင်ရှင် စိတ် ပြောင်းသွားသည်နှင့် ချက်ချင်း နှင်ချခံရနိုင်သည်။ အိုင်ဇောတွင် ဒုက္ခသည် အဖြစ် လုံခြုံစိတ်ချရသော အိမ်ရာ ရှာဖွေရခြင်းသည်လည်း အလားတူပင် သေချာရေရာမှုမရှိပေ။ အိမ်ရာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ဒုက္ခသည် များသည် ၎င်းတို့၏ လူမှုကွန်ရက်များနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချိတ်အဆက် များပေါ်တွင် မှီခိုကာ ၎င်းတို့ကို အိမ်ငှားလိုသည့် ဖော်ရွေသော အိမ်ရှင်များကို ရှာဖွေရလေ့ရှိကြောင်း လေ့လာမှုတွင် ပါဝင်ခဲ့သည့် ဒုက္ခသည်အများစုမှ ဖော်ပြခဲ့ကြသည်။

ဘာသာစကားအတားအဆီး

နောက်ထပ်သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်မှာ ဘာသာစကား အတား အဆီးဖြစ်သည်။ ဤလေ့လာမှုတွင် ပါဝင်သူအများစုသည် ၎င်းတို့ မည်သည့် မြို့နယ်မှ လာခဲ့သည်ဖြစ်စေ မီဇိုဘာသာစကားဖြင့် ပြောဆိုဆက်ဆံမှု ပြုလုပ် နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့အနေဖြင့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင် မှုများ ရယူရာတွင် သက်ရောက်မှုများရှိနေသည်။ ချင်းဒုက္ခသည်များသည် အိမ်ရှင် မီဇိုအသိုင်းအဝိုင်းနှင့် တူညီသည့် ယဉ်ကျေးမှုနှင့် လူမျိုးစုဆိုင်ရာ ချိတ်ဆက်မှုများရှိနေသောကြောင့် ဤအချက်သည် အံ့သြဖွယ်ဖြစ်နေသည်။[39] မည်သို့ပင်ဆိုစေကာမူ ချင်းဒုက္ခသည်များသည် ကျန်းမာရေးပြဿနာများကို ဆရာဝန်များအား ဖော်ပြရာတွင် စိန်ခေါ်မှုများကြုံတွေ့ရလေ့ရှိသည်။ ဘာသာ

[39] McConnachie, 2018.

စကားအတားအဆီးကြောင့် ကျွန်ုပ်၏ လေ့လာမှုတွင်ပါဝင်သူ ချင်းဒုက္ခသည်များစွာသည် ဆေးရုံဆေးခန်းများသို့ သွားရောက်ခြင်းမရှိဘဲ ပြင်းထန်သော ကျန်းမာရေးပြဿနာများမဟုတ်ပါက ဆေးဆိုင်တွင် ဝယ်၍ရသော ဆေးများနှင့် ၎င်းတို့၏ မိတ်ဆွေများထံမှ ကျန်းမာရေးအကြံဉာဏ်များပေါ်တွင် မှီခိုလေ့ရှိကြသည်။ သင့်လျော်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုရရှိရန် ထိရောက်မှုရှိသော ဆက်သွယ်ဆက်ဆံရေးနှင့် ဘာသာစကားအရည်အချင်းသည် အရေးကြီးသည်။[40] ဆက်သွယ်ဆက်ဆံမှုကောင်းမွန်စွာမလုပ်နိုင်ခြင်းသည် ရောဂါရှာဖွေမှုမှားယွင်းခြင်း သို့မဟုတ် နားလည်မှုလွဲမှားခြင်းတို့ဖြစ်သွားနိုင်ပြီး အသက်ဆုံးရှုံးခြင်း သို့မဟုတ် ဆေးကုသမှုဆိုင်ရာပေါ့လျော့မှု စွပ်စွဲချက် စသည့် ကြီးမားသော အကျိုးဆက်များဆီသို့ ဦးတည်သွားနိုင်သည်။[41] ဘာသာစကားအတားအဆီးများကို ကျော်လွှားရန် အသုံးပြုသည့် လေ့လာမှုတွင်ပါဝင်သူများအကြား တူညီသော နည်းဗျူဟာတစ်ခုမှာ သူငယ်ချင်းများနှင့် အသိမိတ်ဆွေများ၏အကူအညီရယူခြင်းဖြစ်ပြီး ၎င်းပုဂ္ဂိုလ်များသည် အမြဲတမ်းအားလပ်ခြင်းမရှိနေပေ။

ဤလေ့လာမှုတွင်ပါဝင်ခဲ့သည့် ဒုက္ခသည်များသည် ဘာသာစကားအတားအဆီးများကြောင့် ၎င်းတို့ကလေးများ၏ ပညာရေးတွင်လည်း ပါဝင်မှုနည်းပါးလာကြောင်း ဆိုခဲ့ကြသည်။ ဤအချက်သည် အခြားသော ဒုက္ခသည်အခြေအနေများတွင် ရှာဖွေတွေ့ရှိခဲ့သည့်အချက်များကို ထောက်ခံနေသည်။[42] လက်ရှိပညာသင်ကြားနေကြသော ဒုက္ခသည်ကလေးများသည် ကျောင်းများတွင် အထူးသဖြင့် အတန်းငယ်များတွင် မိဒိုဘာသာစကားရော ဟိန္ဒီဘာသာစကားပါ နားလည်ရန်လိုအပ်သည့် စိန်ခေါ်မှုတစ်ခု ကြုံတွေ့နေရသည်။ အင်တာဗျူးဖြေဆိုသူများ၏ ပြောကြားချက်အရ ဘာသာစကား အတားအဆီးသည် ၎င်းတို့အား စိတ်ဓာတ်ကျစေပြီး ပညာရေးစွမ်းဆောင်ရည် တစ်ခုလုံးပေါ်တွင် ထိခိုက်နေသည်။ ဘာသာစကားအတားအဆီးသည် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်ကလေးများစွာ ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုများထဲမှ

[40] Samkange-Zeeb et al., 2020.
[41] Saito et al., 2021.
[42] Cureton, 2020; Rah et al., 2009.

တစ်ခုဖြစ်သည်။[43] ဒရိုင်ဒန်-ပီတာဆန်သည် မြောက်အမေရိက၊ ဥရောပနှင့် ဩစတေးလျတွင် ပြန်လည်အခြေချနေထိုင်ခဲ့ကြသည့် ဒုက္ခသည်ကလေးများ၏ ယခင်ပညာရေးအတွေ့အကြုံများကို လေ့လာရာတွင် ကလေးများသည် ဘာသာစကားများကို သင်ယူလေ့လာရန် သိသိသာသာ အချိန်ပေးထားကြရပြီး ၎င်းတို့အသက်အရွယ်နှင့် ကိုက်ညီသည့် ဘာသာရပ်များတွင် နှောင့်နှေးနေသည်ကို တွေ့ခဲ့ရသည်။[44] ထိုနည်းတူစွာ စီခါနှင့် ဆာခီချီမှလည်း ဘာသာစကားများအတားအဆီးများ အထူးသဖြင့် တူရကီဘာသာစကားကို ဖတ်ရခြင်းသည် ကလေးများ၏ ပညာရေးဆိုင်ရာစွမ်းဆောင်ရည်များကို အဆိုးဖက်မှ ထိခိုက်မှုများရှိနေကြောင်း တင်ပြခဲ့ကြသည်။[45] သို့သော်လည်း ကလေးများသည် ကျောင်းတက်သည့် ကာလကြာလာသည်နှင့်အမျှ ကလေးများစွာသည် ပညာရေးကဏ္ဍတွင် ၎င်းတို့ရွယ်တူအခြားကလေးများနည်းတူ လိုက်နိုင်ကြသောကြောင့် ဘာသာစကားအတားအဆီးသည် ပိုမိုလျော့နည်းလာကြောင်းလည်း ဤလေ့လာမှုထဲတွင်တွေ့ရှိရသည်။

ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရခြင်းမရှိမှု

ကျွန်ုပ်၏ သုတေသနတွင် ပါဝင်ခဲ့သူများမှ ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရမှုမရှိခြင်းသည် နေရာတကာတွင်ရှိနေသော ပြဿနာတစ်ရပ်ဖြစ်ပြီး လစာနည်းသည့် တရားဝင်မဟုတ်သော လုပ်ငန်းခွင်များတွင် အများအားဖြင့် လုပ်ကိုင်နေရသည့် အလုပ်များမှ အဓိကအခြေခံပြီး ၎င်းအချက်ကြောင့်ပင် ငွေကြေးစုဆောင်းနိုင်ခြင်းမရှိမှု ဖြစ်ပေါ်လာကြောင်း ဆိုခဲ့ကြသည်။ ဝင်ငွေရရှိရန် ဆောင်ရွက်နိုင်သည့်အရာများကို အစိုးရ၏ တားဆီးပိတ်ပင်မှုများဖြင့် ပိတ်ဆို့ထားသည်။ ၎င်းအချက်အပြင် အိုင်ဇောတွင်အလုပ်အကိုင်များလည်း ရှားပါးကာ ဒုက္ခသည်တစ်ဦးအနေဖြင့် အလုပ်တစ်ခုကို ကံကောင်းထောက်မစွာ ရှာတွေ့ပါက ၎င်းတို့သည် အင်တာဗျူးနှင့် ဝန်ထမ်းရွေးချယ်မှုလုပ်ငန်းစဉ်

[43] Dryden-Peterson, 2015; Seker & Sirkeci, 2015.
[44] Dryden-Peterson, 2015.
[45] Seker & Sirkeci, 2015.

များတွင် ခွဲခြားဆက်ဆံခံရလေ့ရှိပြီး၊ ခန့်အပ်ခံရပါကလည်း ခွဲခြားဆက်ဆံခံရလေ့ရှိကာ အချိန်ပို၍အလုပ်ဆင်းရလေ့ရှိသည်။ အလုပ်အကိုင် ရရှိရေးအတွက် ရှိနေသည့် သိသာထင်ရှားသည့် နောက်ထပ်အတားအဆီးတစ်ခုမှာ မြန်မာတွင် ရရှိထားသည့် အသိအမှတ်ပြုလက်မှတ်များနှင့် အထောက်အထား စာရွက်စာတမ်းများအား အသိအမှတ်မပြုခြင်းဖြစ်သည်။[46] အိုင်ဇောတွင် ဒုက္ခသည်များစွာသည် လုပ်ခလစာနည်းပါးခြင်း၊ အလုပ်အကိုင်အတည်တကျမရှိမှုတို့ကို ကာမိရန်နှင့် အခြားသော စီးပွားရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် အလုပ်အမျိုးမျိုးကို တစ်ချိန်ထဲတွင်လုပ်ကိုင်ခြင်း နှင့် လွှဲပို့ငွေများပေါ်တွင်မှီခိုခြင်းတို့ကိုပြုလုပ်နေရကြောင်း ဖော်ပြခဲ့ကြသည်။ အချို့သော ဒုက္ခသည်အိမ်ထောင်စုများတွင် အိမ်ထောင်ဦးစီးသည် အိုင်ဇောရှိ မိသားစုကို ထောက်ပံ့ရန် ထိုင်းနိုင်ငံ သို့မဟုတ် မလေးရှားနိုင်ငံကို တရားမဝင်သွားရောက်၍ အလုပ်ရှာဖွေခြင်းများပင်ရှိကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုကို ရယူခြင်း

ဒုက္ခသည်များသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများကို ရယူရာတွင်လည်း စိန်ခေါ်မှုများကြုံတွေ့ရကြောင်း တွေ့ရှိရသည်။ ဒုက္ခသည်ကလေးများအား ကျောင်းအပ်နိုင်သည့်အခွင့်အရေးရှိခြင်းသည် အိုင်ဇောမြို့ရှိ ဒုက္ခသည်များအတွက် တစ်ခုတည်းသော တရားဝင်အခွင့်အရေးဟု ဆိုနိုင်သည်။ သို့သော် အစိုးရကျောင်းများသည် အခမဲ့ဟုဆိုသော်လည်း[47] အချို့မိဘများအနေဖြင့် မတတ်နိုင်သည့် ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းဝတ်စုံ ဝယ်ရခြင်းကဲ့သို့ ကွယ်ဝှက်ထားသော ကုန်ကျစရိတ်များရှိနေသည်။ ငွေကြေးဆိုင်ရာခက်ခဲမှုများရှိနေသည့်တိုင် ဒုက္ခသည်များစွာသည် ၎င်းတို့၏ ကလေးများအား ၎င်းတို့၏ အမြင်တွင် အရည်အသွေး ပိုမိုကောင်းသည်ဟု ယူဆသည့်

---

[46] ဤစိန်ခေါ်မှုများသည် အိုင်ဇောမြို့ပေါ်ဒေသများတွင် နေထိုင်သည့် ချင်းဒုက္ခသည်များသာ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ မဟုတ်ပေ။ (Crisp et al., 2012; Kobia & Cranfield, 2009)။

[47] PTI, 2023.

ပုဂ္ဂလိကကျောင်းများသို့ ပို့ကြကြောင်း ဖော်ပြခဲ့ကြသည်။ အသုံးများသည့် နည်းဗျူဟာတစ်ခုမှာ ကျောင်းလခပေးရန် ချေးငွေများယူကြ ခြင်းဖြစ်သည်။ ကုန်ကျစရိတ်သည် လွန်စွာကြီးမားလာသော အတားအဆီးတစ်ရပ် ဖြစ်လာသည့်အခါ အချို့သော ဒုက္ခသည်များသည် ၎င်းတို့၏ ကလေးများကို ကျောင်းပို့ခြင်း မပြုကြတော့ပေ။ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အလားတူပင်ဖြစ်သည်။ ဒုက္ခသည်များစွာသည် မတန်တဆကုန်ကျစရိတ်များကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် နိုင်ငံခြားမှ ဆွေမျိုးများ၏ ထောက်ပံ့မှုပေါ်တွင် မှီခိုနေကြရသည်။

ပြင်ပအကူအညီနှင့် စပ်လျဉ်း၍ အိုင်ဇောတွင်နေထိုင်ကြသော ချင်းဒုက္ခသည်များသည် ပြင်ပမှအကူအညီနှင့် အထောက်အပံ့အနည်းငယ်ဖြင့်သာ ကိုယ့်အားကိုယ်ကိုးပြီး နေထိုင်နေကြသည်။ ဒုက္ခသည်များစွာမှ အများအားဖြင့် မြန်မာအခြေစိုက်အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ တစ်ကြိမ်သာရရှိဖူးကြောင်း ဆိုခဲ့ကြပြီး Myanmar Fellowship Church ကို ဝင်ရောက်ခြင်းဖြင့်လည်း ရူပီး (၁,၀၀၀) ရကြသည်။ ၎င်းအချက်သည် ဒုက္ခသည်များအနေဖြင့် နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် အထောက်အကူပေးသည့် လူမှုကွန်ရက်များနှင့် ဘာသာရေးအသိုက်အဝန်းများ၏ အရေးပါပုံကို အလေးပေးထားသည့် ဘုရှ်ရှာ[48] နှင့် ဒေး[49] တို့၏ ရှာဖွေတွေ့ရှိချက်များနှင့် ကိုက်ညီနေသည်။

နိဂုံး

ဤလေ့လာမှုသည် အိုင်ဇောတွင်အခြေချသည့် ဒုက္ခသည်များ၏ ၎င်းတို့ကို ရွှေ့ပြောင်းစေသည့် နောက်ကွယ်ကတွန်းအားများ၊ ၎င်းတို့ ရင်ဆိုင်ဖြေရှင်းရသည့် စိန်ခေါ်မှုများ၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားရန် ၎င်းတို့ အသုံးပြုသည့် နည်းဗျူဟာများနှင့် ၎င်းအတွက်ရှိသော ပြင်ပမှ ပံ့ပိုးထောက်ကူမှုတို့ကို

[48] Buscher, 2011.
[49] Dey, 2022.

စူးစမ်းလေ့လာမှုပြုထားသည်။ ထူးခြားသည်မှာ ဒုက္ခသည်များ၏ အိုင်ဇောတွင် အခြေချရန်ဆုံးဖြတ်ခြင်းအား မိမိတို့၏နိုင်ငံတွင် လုံခြုံစိတ်ချရမှုမရှိတော့ခြင်း၊ ဒုက္ခသည်စခန်းများတွင် နေထိုင်ရသည့်တင်းကျပ်သောအခြေအနေများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတို့အပါအဝင် တွန်းအားပေးသည့် အချက်များ စုပုံလာမှုက လွှမ်းမိုးထားကြောင်း တွေ့ရသည်။ အပြန်အလှန်အားဖြင့် ဆွဲဆောင်နေသောအချက်များတွင် နေထိုင်ရန်အိမ်ရာအနေအထား၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့်အတူ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူနိုင်ခြင်းတို့ပါဝင်သည်။ ကွန့်ပ်အင်တာဗျူးခဲ့သော ဒုက္ခသည်အများစုမှာ မြန်မာနိုင်ငံမြို့ပေါ်ဒေသများမှ စီဒီအမ်ဝင်ခဲ့သူများဖြစ်ကြသည်။ ဤလူအုပ်စုစာရင်းသည် အိုင်ဇောရှိ ပိုမိုများပြားကျယ်ပြန့်သော ချင်းလူမျိုးအသိုင်းအဝိုင်းအတွက် အညွှန်းပြုနေနိုင်ပြီး ရှာဖွေတွေ့ရှိထားသည့် တွန်းအားပေးသောအချက်များနှင့် ဆွဲဆောင်နေသည့်အချက်များကို ပုံဖော်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေနိုင်သည်။

မြို့ပေါ်တွင် နေထိုင်ခြင်း၏ အကျိုးကျေးဇူးများရှိနေသော်ငြားလည်း အိုင်ဇောတွင်နေထိုင်သည့် ဒုက္ခသည်များသည် သိသာထင်ရှားသော စိန်ခေါ်မှုများ ရင်ဆိုင်နေကြရသည်။ ၎င်းတို့ထဲမှ သိသာထင်ရှားမှုအရှိဆုံးမှာ အိမ်ငှားရာတွင် ခွဲခြားဆက်ဆံခံရခြင်းနှင့် ဘာသာစကားအတားအဆီးတို့ဖြစ်သည်။ ဒုက္ခသည်ဖြစ်နေသောကြောင့် ခွဲခြားဆက်ဆံခံရမှုသည် ဒုက္ခသည်များစွာအား အိမ်ငှားနိုင်ခြင်းမှ တားဆီးထားသကဲ့သို့ ဘာသာစကားအတားအဆီးများသည်လည်း ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ မရှိမဖြစ်လိုအပ်သော အများပြည်သူဝန်ဆောင်မှုများကို ရယူရာတွင် အဟန့်အတားဖြစ်နေသည်။ ရလဒ်အနေဖြင့် ဒုက္ခသည်များသည် ဘာသာပြန်များ အားလပ်သည့် အချိန်များတွင်သာ ဆေးရုံဆေးခန်းများသို့သွားရောက်လေ့ရှိပြီး ကျန်အချိန်များတွင် ဆေးခန်း၌ အလွယ်တကူဝယ်ယူနိုင်သော ဆေးများပေါ်တွင်သာ မှီခိုခြင်းသို့မဟုတ် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုကို အလုံးစုံလစ်လျူရှုထားခြင်း တို့ကိုပင် လုပ်ဆောင်လေ့ရှိကြသည်။ ထို့အပြင် ဤလေ့လာမှုတွင် ပါဝင်ခဲ့သည့် ဒုက္ခသည်များသည် ဝင်ငွေရှာဖွေရာတွင် အတားအဆီးများစွာ ကြုံတွေ့ကြရသည်။ အဆိုပါစိန်ခေါ်မှုများသည် ဥပဒေကြောင်းဆိုင်ရာ ကန့်သတ်ထားမှုများ၊

အလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှု၊ အသိအမှတ်ပြုလက်မှတ်များ နှင့် စာရွက်စာတမ်းအထောက်အထားများကို အသိအမှတ်ပြုခြင်းမရှိမှုနှင့် အချိန်ပိုကြာ အလုပ်လုပ်ခိုင်းခြင်းကဲ့သို့ ခွဲခြားဆက်ဆံသည့်လုပ်ငန်းခွင် အလေ့ အကျင့်များမှ အရင်းခံခြင်းဖြစ်သည်။

မြို့ပေါ်နေဒုက္ခသည်များအား အကာအကွယ်ပေးရေးနှင့် ကုလသမဂ္ဂ ဒုက္ခ သည်များဆိုင်ရာ သဘောတူညီချက်[50] အောက်တွင်ရှိသည့် အခွင့်အရေးများ ကို ရပိုင်ခွင့်အား တိုက်တွန်းအားပေးထားသည့် UNHCR ၏ ၂၀၀၉ မူဝါဒ ရှိနေသည့်တိုင် အိုင်ဇောတွင်ရှိသော ဒုက္ခသည်များသည် ယခုဖော်ပြခဲ့သည့် နေ့စဥ်ကြုံတွေ့နေရသော စိန်ခေါ်မှုများအား အစိုးရ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ပေးအပ်သည့် ပြင်ပမှအကူအညီ အနည်းအကျဉ်းမှသည် လုံးဝမရှိသည့်အခြေအနေဖြင့် ရင်ဆိုင်လှုပ်ရှားနေကြရကြောင်း ဤလေ့လာမှုမှ ဖော်ထုတ်ပြသခဲ့သည်။ အိုင်ဇောနှင့် မီဇိုရပ်တစ်ဝန်းရှိ မြို့ပေါ်နေဒုက္ခသည်များ ၏ အတွေ့အကြုံများနှင့် လိုအပ်မှုများအပေါ် နားလည်မှုပိုမိုတိုးမြင့်လာရန် သုတေသနများ ထပ်မံပြုလုပ်ရန်လိုအပ်သည်။ အနာဂတ်တွင်ဆောင်ရွက်မည့် သုတေသနဆိုင်ရာ ကြိုးပမ်းအားထု

တ်မှုများသည် နည်းလမ်းအမျိုးမျိုးရောထားသော ချဉ်းကပ်မှုကို အသုံးပြု ကာ ပိုမိုများပြားပြီး စုံလင်ကွဲပြားသော ပါဝင်သူများဖြင့် ဆောင်ရွက်ရန် စဉ်းစားကြည့်ခြင်းဖြင့် ဤလေ့လာမှုပေါ်တွင် ထပ်တိုးဆောင်ရွက်နိုင်သည်။

ကိုးကားချက်များ

Alexander, A. (2008). Without Refuge: Chin Refugees in India and Malaysia, *Forced Migration Review*, *30*, 36-37.

Betts, A., Bloom, L., Kaplan, J. D., & Omata, N. (2017). *Refugee Economies: Forced Displacement and Development*. Oxford University Press.

Betts, A., & Collier, P. (2017). *Refuge: Rethinking Refugee Policy in a Changing World*. Oxford University Press.

[50] UNHCR, 2009.

Buscher, D. (2011). *Bright Lights, Big City: Urban Refugees Struggle to Make a Living in New Delhi.* Women's Refugee Commission. http://www.womensrefugeecommission.org/research-resources/bright-lights-big-city-urban-refugees-struggle-to-make-a-living-in-new-delhi/

Buscher, D. (2013). New Approaches to Urban Refugee Livelihoods. *Refuge: Canada's Journal on Refugees*, *28*(2), 17–29. https://doi.org/10.25071/1920-7336.36473

Creswell, J. W. (2007). *Qualitative Inquiry & Research Design: Choosing Among Five Approaches*. Sage.

Cridland, E. K., Jones, S. C., Caputi, P., & Magee, C. A. (2015). Qualitative research with families living with autism spectrum disorder: Recommendations for conducting semi-structured interviews. *Journal of Intellectual and Developmental Disability*, *40*(1), 78–91. https://doi.org/10.3109/13668250.2014.964191

Crisp, J. (2017, June 6). *The Case Against Refugee Camps*. Refugees International. https://www.refugeesinternational.org/reports/refugeecamps

Crisp, J., Morris, T., & Refstie, H. (2012). Displacement in urban areas: New challenges, new partnerships. *Disasters*, *36*, S23–S42. https://doi.org/10.1111/j.1467-7717.2012.01284.x

Cureton, A. E. (2020). Strangers in the School: Facilitators and Barriers Regarding Refugee Parental Involvement. *The Urban Review*, *52*(5), 924–949. https://doi.org/10.1007/s11256-020-00580-0

Darling, J. (2017). Forced migration and the city: Irregularity, informality, and the politics of presence. *Progress in Human Geography*, *41*(2), 178–198. https://doi.org/10.1177/0309132516629004

Dey, N. (2022). Resilience and coping mechanisms of refugee communities. In S. I. Rajan (Ed.), *The Routledge Handbook of Refugees in India* (pp. 307-317). Routledge.

Dryden-Peterson, S. (2015). Refugee education in countries of first asylum: Breaking open the black box of pre-resettlement experiences. *Theory and Research in Education*, *2*(14), 131–148. https://doi.org/10.1177/1477878515622703

Hammad, N. (2017). Refugees in urban areas. *International Journal of Humanities and Social Science*, *7*(3), 123–126. https://www.ijhssnet.com/journals/Vol_7_No_3_March_2017/14.pdf

Hopkins, G. (2015). Casamance refugees in urban locations of The Gambia. In K. Koizumi & G. Hoffstaedter (Eds.), *Urban Refugees* (pp. 42-75). Routledge.

Kalita, K. (2023, December 3). New Mizoram govt must allow us to stay in state: Manipur displaced. *The Times of India*. https://timesofindia.indiatimes.com/city/guwahati/new-mizoram-govt-must-allow-us-to-stay-in-state-manipur-displaced/articleshow/105690173.cms

Kobia, K., & Cranfield, L. (2009). Literature Review: Urban Refugees. *Refugees Branch, Citizenship and Immigration Canada*. https://www.acnur.org/sites/default/files/legacy-pdf/4b0a528c9.pdf

Lozet, F., & Easton-Calabria, E. (2020). Counting Urban Refugees During COVID-19. *Forced Migration Review*, *64*, 79–80. https://www.fmreview.org/issue64/lozet-eastoncalabria/

McConnachie, K. (2018). Boundaries and Belonging in the Indo-Myanmar Borderlands: Chin Refugees in Mizoram. *Journal of Refugee Studies*, *31*(3), 314–333. https://doi.org/10.1093/jrs/fey012

PTI. (2022, September 18). Mizoram instructs Myanmar refugees not to purchase land or house without govt permission. *ThePrint*. https://theprint.in/india/mizoram-instructs-myanmar-refugees-not-to-purchase-land-or-house-without-govt-permission/1133723/

PTI. (2023, August 9). Over 8,000 children of Myanmar, Bangladesh refugees, strife-torn Manipur enrolled in Mizoram schools: Education Minister. *Deccan Herald*. https://www.deccanherald.com/india/mizoram/over-8000-children-of-myanmar-bangladesh-refugees-strife-torn-manipur-enrolled-in-mizoram-schools-education-minister-2640631

Rah, Y., Choi, S., & Nguyễn, T. S. T. (2009). Building bridges between refugee parents and schools. *International Journal of*

Leadership in Education, *12*(4), 347–365. https://doi.org/10.1080/13603120802609867

Saito, S., Harris, M. F., Long, K. M., Lewis, V., Casey, S., Hogg, W., Cheng, I.-H., Advocat, J., Marsh, G., Gunatillaka, N., & Russell, G. (2021). Response to language barriers with patients from refugee background in general practice in Australia: Findings from the OPTIMISE study. *BMC Health Services Research*, *21*(1), 921. https://doi.org/10.1186/s12913-021-06884-5

Samkange-Zeeb, F., Samerski, S., Doos, L., Humphris, R., Padilla, B., & Bradby, H. (2020). "It's the First Barrier" – Lack of Common Language a Major Obstacle When Accessing/Providing Healthcare Services Across Europe. *Frontiers in Sociology*, *5*. https://www.frontiersin.org/articles/10.3389/fsoc.2020.557563

Sanyal, R. (2012). Refugees and the City: An Urban Discussion. *Geography Compass*, *6*(11), 633–644. https://doi.org/10.1111/gec3.12010

Satapathy, R. K., & Lalthansiami, P. C. (2021). Chin Migration to Mizoram Ethnic Affinity and Changing Perceptions. In H. Srikanth & M. Majumdar (Eds.), *Linking India and Eastern Neighbours: Development in the Northeast and Borderlands*. Sage Publications.

Seker, B., & Sirkeci, I. (2015). Challenges for Refugee Children at School in Eastern Turkey. *Economics & Sociology*, *8*, 122–133. https://doi.org/10.14254/2071-789X.2015/8-4/9

UNHCR. (2009). *UNHCR policy on refugee protection and solutions in urban areas*. https://www.unhcr.org/media/unhcr-policy-refugee-protection-and-solutions-urban-areas

UNHCR. (2021). *Global Trends: Forced Displacement in 2021*. https://www.unhcr.org/media/40152

UNHCR. (2023). *Myanmar Emergency Update*. https://reliefweb.int/report/myanmar/myanmar-emergency-update-10-april-2023

Unique Identification Authority of India. (2022). *What is Aadhaar?* https://www.uidai.gov.in/en/16-english-uk/aapka-aadhaar/14-what-is-aadhaar.html

Verghis, S., & Balasundram, S. (2019). Urban refugees: The hidden population. In P. Allotey & D. Reidpath (Eds.), *The Health*

of Refugees: Public Health Perspectives from Crisis to Settlement (pp. 131-152). Oxford University Press. https://doi.org/10.1093/oso/9780198814733.003.0007

Yin, R. K. (2018). *Case Study Research and Applications*. Sage. https://us.sagepub.com/en-us/nam/case-study-research-and-applications/book250150

Young Chin Refugees in Aizawl District Since 2021

Len Len

Abstract

This article investigates the multifaceted challenges young Chin refugees face in the refugee camps in Aizawl District, Mizoram State, India, after they arrived there following the 2021 military coup in Myanmar. These refugees struggle with their new foreign surroundings, language barriers, cramped living conditions, and shortages of essential provisions. Furthermore, they face impediments in accessing vital resources such as education. These adversities manifest in their hopelessness, depression, stress, and anxiety. This study aims to detail their unique circumstances, their resilience, and provides recommendations for a support system that should help them build a brighter future in their host country.

Introduction

Myanmar has land borders with Bangladesh, India, China, Laos, and Thailand, and has experienced significant upheaval since its independence, with millions of refugees fleeing to these neighboring countries due to ongoing conflict and persecution. After the most recent military coup on 1 February 2021, over 40,000 refugees from Myanmar have sought sanctuary in Mizoram State, India.[1] The majority of these refugees identify as ethnic Chin and fled from Chin State. This article explores the specific experiences and challenges of ethnic Chin refugees in Aizawl District, Mizoram State, acknowledging that their crisis is just one part of a much larger, broader humanitarian context.

The plight of Chin refugees in Aizawl District is a poignant reminder of the complex and multifaceted challenges faced by

[1] Singh, 2022.

those who seek safety outside their homeland of Myanmar. This group of refugees includes civilians who experienced the destruction of their homes, and the loss of their property, as well as Civil Disobedience Movement (CDM) participants, including striking teachers, doctors, students, and even former police officers. Their journeys to secure a stable and secure life in a foreign land are marked by considerable uncertainty and hardship. They grapple to adjust to their new host society, facing education limitations, economic hardship, few job opportunities, and barriers to social integration. This article aims to detail the unique circumstances of several young Chin refugees in Aizawl, showcasing their resilience, and provides recommendations for a support system to be put in place to help them build a brighter future in their host country.

Literature Review and Methods

Myanmar has the world's longest-running civil war and many refugees have fled from its military dictators. The military has seized power three separate times: in 1962, 1988, and 2021. Since the latest coup, Myanmar has undergone one of the most turbulent times in its history. As of 2023, according to the Office of the United Nations High Commissioner for Refugees (UNHCR) the number of people forcibly displaced has reached a new height of around 2.8 million.[2] Tens of thousands of people have fled from Chin State to neighboring states in India, such as Manipur and Mizoram. Most newly arrived refugees settle in Mizoram State.[3] Given continuing conflict in Chin State and neighboring Sagaing Region, more people are expected to flee to India. They face many hardships and challenges in their host country, such as a lack of legal status, basic amenities, health care, education and livelihood opportunities.[4]

These factors may adversely affect their mental health and wellbeing, their social integration, and their ability to adapt to a

[2] UNHCR, 2023.
[3] UNHCR, 2023.
[4] Zahan, 2022.

new and unfamiliar environment. According to the World Health Organization, refugees and migrants are at risk of poor mental health because of traumatic or stressful experiences, such as exposure to violence, loss of loved ones, separation from family and community, displacement, and uncertainty.[5] Refugees also often experience human rights violations such as torture, rape, and exposure to armed conflict.[6] They may experience anxiety, sadness, hopelessness, difficulty sleeping, fatigue, irritability, anger, or aches and pains. These factors may impair their cognitive, emotional and social development, as well as their academic performance and prospects. They often face risks and challenges during migration, such as physical injuries, malnutrition, separation from family members, exploitation by smugglers, and detention by authorities. This compounds the difficulties they face when trying to settle in a new host community.

This is the case for many of those displaced following the 2021 coup in Myanmar when the military targeted them for detention, torture, and even death. Civilians were forced from their homes and ran for safety due to the military's rampages and arson attacks. This happened nearly all over Myanmar, but Thantlang Township in Chin State was hit early. Residents had to flee at short notice and took risks crossing the border to India, including suffering physical threats and injuries, exploitation, hunger, exhaustion, and arrest. Once they arrived to a place of relative safety, many experienced poor living conditions, unemployment, education and language barriers, and uncertainty about the future. This increases the risk of developing mental health problems such as post-traumatic stress disorder (PTSD), depression, anxiety, and other mental illnesses.

Chin refugees who fled from Myanmar to Malaysia decades ago also faced many challenges and difficulties in their new country. They struggled with financial problems, language barriers, poor living conditions, a lack of access to medical support, and educational opportunities. They lived in fear of people wearing uniforms, such as the police and immigration officers,

---

[5] World Health Organization, 2022.

[6] World Health Organization, 2021.

because they had experienced detention, deportation, and harassment at home and on their journeys.[7]

Chin refugees who recently escaped to Mizoram State experience some of the same, but in general do not fear authorities in uniform to the same extent. While India is not a party to the United Nations 1951 Refugee Convention and does not grant legal status to refugees, the Mizoram State government accepts and supports Chin refugees, and has set up refugee camps.[8] This shows how situations for refugees vary depending on the location of the destination country and its policies. In Mizoram State, refugees in camps receive food and medical treatment from local people and organizations. They rarely fear people who wear uniforms and face little direct harassment by local authorities. This significantly helps their wellbeing and prospects, but their situation is certainly not perfect.

The Karenni are another ethnic group from Myanmar who often flee Myanmar due to political and military oppression, usually to Thailand, which borders Kayah (Karenni) State. Many Karenni have lived on-and-off in camps along the Thailand-Burma border for decades, facing various challenges and uncertainties about their security and future, many suffering with depression, anxiety, and PTSD. They have limited access to education, employment, and secure legal status in Thailand, which affects their social functioning and integration into mainstream society. These factors contribute to their mental distress and vulnerability, which require culturally appropriate and community-based interventions.[9]

The Chin refugees from Myanmar who crossed the border to India since February 2021 experienced similar trauma and violence, such as losing their homes, being separated from their families, being threatened, and even detained. In Mizoram State,

---

[7] Kaur et al., 2002.

[8] Refugees in India often struggle to access the full extent of support available from UNHCR. While there is an official UNHCR office in New Delhi, reaching it is often difficult, and the resources available there may not be sufficient to meet financial and security needs.

[9] Cardozo et al., 2004.

they face precarious living conditions in makeshift camps or host family homes, where they often lack adequate food, water, sanitation, health care, and education. They also live in uncertainty and anxiety about their legal status, protection, and prospects of return or resettlement.

These factors may increase their mental health problems, such as stress, anxiety, and major depressive disorder. However, there is no study on the mental health situations of the refugees in Mizoram State. Unlike the Karenni refugees in Thailand, who fear being forced to return to Myanmar without adequate protection and safety guarantees, the Chin refugees in Mizoram receive solidarity and hospitality from the Mizo people, who share cultural and linguistic ties with them.[10] However, this may also create social pressure and expectations from their relatives and friends in Mizoram.

Some studies deal with Myanmar refugees in New Delhi, but few with those in Mizoram State. Most focus on social coping strategies, life experiences, risk contexts, and border issues.[11] There is a lack of systematic data and research on the mental health status and needs of Chin refugees in Mizoram State, especially young refugees. We need more comprehensive and culturally sensitive assessments of the mental health of Chin refugees in Mizoram State, leading to effective intervention programs.

This article attempts to address this by exploring the problems faced by young Chin refugees in Aizawl District. I use qualitative methods to understand the factors contributing to these problems and to evaluate possible interventions. I delve into young Chin refugee experiences, emotions, mental health, and wellbeing perceptions. I focus on the diverse perspectives of young Chin refugees aged between 17 and 30.

I generated my data through semi-structured interviews with eight participants in four refugee camps using an interview guide developed from my research objectives. These interviews provided a rich understanding of participants' mental health

---

[10] Zahan, 2022.

[11] For example: Jops et al., 2016; Jops et al., 2019; Mallick, 2014; McConnachie, 2018.

challenges, factors influencing these challenges, and their perceptions of interventions. For added contextual insight, I observed some of my research participants' daily lives, interactions, and living conditions, to complement the interviews. These observations were documented through file notes. Data was analyzed to identify patterns and themes related to mental health challenges, contributing factors, coping mechanisms, and interventions. Participants were fully informed about the study's purpose, procedures, confidentiality, and their right to withdraw, and I employed pseudonyms for their names for security reasons. All collected data has been anonymized and stored securely to protect participants' privacy and confidentiality. Written informed consent was obtained before data collection. Given my research aims to contribute to a deeper understanding of the challenges experienced by young Chin refugees in Aizawl District specifically, including to inform culturally appropriate interventions to address their particular mental health concerns, facilitate their integration, and enhance their overall wellbeing, its findings may not be fully generalizable to other contexts.

Results

There are many diverse perspectives and stories in the data I generated from my interviews and observations, but some continuity and shared themes are apparent. The importance of family and friends was a common thread weaving through my eight research participants' narratives. The impact of their current circumstances on their emotional and mental health was also highlighted. In this section, I will focus on three major themes in the data: emotional wellbeing, a sense of safety, and trauma experience.

Emotional Wellbeing

The participants' differing emotional wellbeing reflected their unique sets of circumstances. One participant, Thang Te, said, "A

solemn man with a distant gaze finds joy elusive." Yet, whenever he mentioned God, he clearly embodied more happiness than his usual stoic demeanor. Another, Sang Sang, a motherly figure among my interviewees, expressed that her happiness blossomed when strangers visited, offering strength and prayers to the community. Ti Ti, a young girl with an enthusiasm for learning, is happiest at school, immersed in her studies. Thang Thang, a lively boy, shared that playing with friends provided him with a brief respite from his other worries. Van Van, a focused young man, revealed that he could only experience joy during group study sessions with his friend; otherwise, happiness eluded him. Dim Dim, a social butterfly, lights up when she is with her friends, her haven of joy. Nu Dawt finds solace and joy tending to plants around her home and managing her household. In stark contrast, A Thang struggled to identify activities that brought him happiness, candidly admitting that he did not know what activities made him happy and that he did not feel inclined to seek enjoyment.

Among these eight participants, seven could identify activities that brought them happiness. Most residents found happiness in social interactions, whether with friends, family, or strangers who provided support and encouragement. However, a few confessed to an underlying sense of unhappiness that they could not easily shake off. This could be related to the difficulties in meeting basic needs such as food, water, shelter, and medical treatment. It is crucial to ensure that the basic needs of refugees are met. Compared to other refugee camps, like those in Malaysia and Thailand, some refugees struggle to access sufficient food in the official refugee camps in Aizawl District. Therefore, there is a pressing need to provide support and resources to help refugees cope with the mental health challenges associated with these difficulties and to improve their overall emotional wellbeing.

Sense of Safety

My respondents said they experience complicated emotions, with only brief moments of happiness, and prolonged periods of sorrow. Community support makes them feel safe, but language and cultural barriers keep some on edge. Out of the eight participants interviewed, seven expressed feeling safe in Aizawl District, where there is far less conflict than in Myanmar. The majority of these participants mentioned receiving support from local organizations and feeling accepted as refugees by the Mizoram State government. Additionally, they expressed that they felt there was a sense of shared culture between the Mizo and Chin ethnic groups.

Most of the refugees from Myanmar cited insecurity as a significant reason for their presence in Mizoram. India has not signed the United Nations 1951 Refugee Convention and the treatment of refugees differs considerably between locations in India. Those residing in the capital New Delhi for example often face more significant security challenges than those in Aizawl. But while the situation for the Chin may be better in Aizawl compared to other parts of India, one participant, Sang Sang, said she felt unsafe in Aizawl simply because it was not her home, she could not speak the local languages fluently, and she experienced discrimination. Consequently, she felt insecure.

Trauma Experience

Regarding trauma, participant Thang Te recalled distressing experiences including the detention and imprisonment of his friends, which affected his mental health. His duty as a police officer had put him under immense pressure, fueling his fears of the armed forces. Sang Sang revealed she had sleepless nights, disturbed by thoughts about her plight. Similarly, Van Van struggles to sleep at night whenever he thinks about his family's safety. A Thang has mysterious pain in his body and suffers from sleeplessness but does not know the exact cause. Ti Ti claimed not to have experienced trauma per se, but she relayed that she

does feel stressed about her exams and her family situation. Dim Dim disclosed she grappled with mental health problems tied to her family situation too. While not always classified as trauma, a huge mental toll influences my participants' daily lives, reflecting the impact of their unique circumstances.

Thang Te, a CDM police officer, found solace in religious musings. Although he saw little reason to be happy, the very mention of God elevated his spirits. Sang Sang took comfort in the strength and prayers of strangers. Then for Ti Ti, Thang Thang, and Van Van, happiness lies in the simple joys of attending school, playing, and studying with friends. Nu Dawt and A Thang were exceptions; the latter barely found reason to be happy, while Nu Dawt discovered her slice of happiness tending to the plants around her home.

However, there was a shared undercurrent of sadness beneath the surface-level contentment. Thang Te was worried for his ailing parents, as was Sang Sang, whose concern extended to her children and financial stability. Ti Ti, Van Van, and Thang Thang were bound by the heavy sadness of separation from their families and endless worries about their wellbeing. For Nu Dawt, loneliness was intensified by her inability to communicate in the local Mizo language, leaving her mainly confined to her home.

The refugee camps are melting pots of varying traumas and mental health concerns. Thang Te spoke of the horrors of being forced to arrest civilians as a police officer during the coup, the threat of detention, and the arrest of his friends by the Myanmar military. Van Van and Nu Dawt talked about sleepless nights, while others like Ti Ti and Thang Thang claimed to be relatively unscathed by trauma, albeit still stressed by family situations or exams. Friendships blossomed even in this difficult situation. Whether it was the joy of playing football for Thang Te and Van Van or simple companionship for Ti Ti and Thang Thang, friends provided an emotional cushion. Nu Dawt, however, is solitary and spends most of her time in the solitude of her home.

Many refugees have experienced traumatic events and health problems before, during, and after migration, including my respondents in Aizawl District, Mizoram State. Some also reported health issues related to their challenging circumstances.

To address the needs of this vulnerable population, a multifaceted approach involving the community and organizations is crucial.

Discussion

Many refugees mentioned missing their families that remained in Myanmar. The inability to support their families financially and the challenges of communication due to poor network connectivity also caused emotional distress. Thang Te, Dim Dim, Van Van, and Ti Ti reported experiencing mental health challenges such as stress, anxiety, and depression, primarily due to traumatic events, family separation, and uncertainty about the future.

Language differences mean most participants have difficulty communicating with the local population in Mizoram State. This hinders their integration and limits their opportunities for employment and education. My respondents also encountered financial hardship as they were restricted from engaging in most forms of employment and economic activities. They relied on occasional daily wage labor and support from local organizations for their basic needs.

Thang Thang, Sang Sang, A Thang, and Van Van, who are all aged between 17 and 20, had their education disrupted by the 2021 coup and their migration. They wanted to continue their education, particularly by improving their English language skills. Sang Sang and Ti Ti said they were discriminated against daily. A Thang was contemplative of his interrupted education, while Dim Dim focused on the cramped living conditions. As mentioned, language barriers presented a unique challenge for Nu Dawt.

In summary, each research participant confronted and acknowledged their own unique set of challenges. Financial struggles loomed large in their responses, with Mizoram's comparatively high cost of living exacerbating their insecurity. Limited job opportunities for refugees further compounded financial woes.

Education opportunities remain elusive for those in refugee camps. Mizoram's education system allows refugees to attend public schools. However, most refugee camp residents choose to study the Myanmar curriculum online through the National Unity Government of Myanmar's (NUG's) Interim Education Program, which does not satisfy their educational needs for life in India. Financial constraints further impede their educational pursuits.

To better support these resilient individuals, it is imperative for both the Mizoram State government and non-governmental organizations (NGOs) to collaboratively address the multifaceted issues they face. This includes expanding access to education, improving employment prospects, and facilitating cultural integration, ultimately empowering refugees to rebuild their lives with dignity and opportunity.

Moreover, we should ask, what led these refugees to Mizoram State? Why did they leave Myanmar? The answers from my participants were unequivocal—safety concerns. Thang Te, the CDM police officer, would be arrested immediately if identified in Myanmar. The military's targeting of CDM members makes staying in Myanmar a dangerous gamble. Sang Sang's husband, too, is a CDM participant. Ti Ti and Thang Thang spoke of soldiers patrolling their neighborhoods. At the same time, Nu Dawt mentioned her inability to continue her work under the constant surveillance and threats posed by the military in Myanmar.

But in this patch of land in Mizoram, these individuals have found a place to pause and breathe. It is fraught with its own complications, and while the camp is not home, it is a refuge, a holding space for lost souls looking for safety, normalcy, and, most importantly, a future.

Recommendations

The following five recommendations are directed at NGOs in Mizoram State.

1. Increase funding for education and healthcare in refugee camps. This will help ensure that all young Chin refugees have access to the necessities they need to succeed.
2. Provide vocational training and job placement assistance to young Chin refugees. This will help them to find sustainable employment and become self-sufficient.
3. Raise awareness of the challenges faced by young Chin refugees and combat discrimination against them, through education campaigns, public awareness events, legal advocacy, and cultural exchange programs.
4. Support civil society organizations that are working to help young Chin refugees, through financial donations, volunteer work, and advocacy.
5. Given the prevalence of mental health issues among the refugees, provide mental health services, including counseling and support groups, to help them cope with trauma and stress.

In addition to these recommendations for organizations, the Mizoram State government should also ensure access to healthcare services, especially for those with physical health problems, and collaborate with healthcare organizations to provide necessary medical assistance. The UNHCR should advocate for refugee rights and legal protection, including their rights to work and access essential services. Legal support can help them navigate the immigration and asylum processes.

By taking these steps, we can help young Chin refugees in Mizoram State overcome their challenges and build a better future for themselves and their families. Tailored support programs can help these young Chin refugees rebuild their lives and look forward to a more secure and hopeful future.

Conclusion

The challenges young Chin refugees face in Mizoram State, India, are numerous and complex. They are forced to live in camps with limited access to education, healthcare, and employment

opportunities. They are also exposed to high levels of discrimination. As a result, many young Chin refugees experience feelings of hopelessness and despair.

Despite these challenges, there are also many stories of resilience and hope among young Chin refugees. Many young people are determined to overcome obstacles and build a better future for themselves and their families. They work hard to get an education, find jobs, and contribute to their communities.

Several things can be done to help young Chin refugees in Mizoram State. First, providing them with access to quality education and healthcare is essential. Second, creating opportunities for them to learn skills and find jobs is critical. Third, it is vital to combat discrimination and violence against young Chin refugees. The Indian government, international organizations, and civil society groups all have a role to play in helping young Chin refugees. We can create a more just and equitable society by working together. By taking these steps, we can help young Chin refugees in Mizoram State overcome their challenges and build a better future for themselves and their families.

References

Bhugra, D., Gupta, S., Bhui, K., Craig, T., Dogra, N., Ingleby, J. D., Kirkbride, J., Moussaoui, D., Nazroo, J., Qureshi, A., Stompe, T., & Tribe, R. (2011). WPA guidance on mental health and mental health care in migrants. *World Psychiatry*, *10*(1), 2–10. https://doi.org/10.1002/j.2051-5545.2011.tb00002.x

Bogic, M., Njoku, A., & Priebe, S. (2015). Long-term mental health of war-refugees: A systematic literature review. *BMC International Health and Human Rights*, *15*, 29. https://doi.org/10.1186/s12914-015-0064-9

Cardozo, B. L., Talley, L., Burton, A., & Crawford, C. (2004). Karenni refugees living in Thai–Burmese border camps: Traumatic experiences, mental health outcomes, and social functioning. *Social Science & Medicine*, *58*(12), 2637–2644. https://doi.org/10.1016/j.socscimed.2003.09.024

Johnson, H., & Thompson, A. (2008). The development and maintenance of post-traumatic stress disorder (PTSD) in civilian adult survivors of war trauma and torture: A review. *Clinical Psychology Review*, *28*(1), 36–47. https://doi.org/10.1016/j.cpr.2007.01.017

Jops, P., Lenette, C., & Breckenridge, J. (2016). A Context of Risk: Uncovering the Lived Experiences of Chin Refugee Women Negotiating a Livelihood in Delhi. *Refuge: Canada's Journal on Refugees*, *32*(3), 84–94.

Jops, P., Lenette, C., & Breckenridge, J. (2019). Lessons of Survival: Exploring the Social Networks and Coping Mechanisms of Chin Refugee Women in Delhi. *Journal of Immigrant & Refugee Studies*, *17*(4), 509–528. https://doi.org/10.1080/15562948.2018.1550230

Kaur, K., Sulaiman, A. H., Yoon, C. K., Hashim, A. H., Kaur, M., Hui, K. O., Sabki, Z. A., Francis, B., Singh, S., & Gill, J. S. (2020). Elucidating Mental Health Disorders among Rohingya Refugees: A Malaysian Perspective. *International Journal of Environmental Research and Public Health*, *17*(18), Article 18. https://doi.org/10.3390/ijerph17186730

Lie, B. (2002). A 3-year follow-up study of psychosocial functioning and general symptoms in settled refugees. *Acta Psychiatrica Scandinavica*, *106*(6), 415–425. https://doi.org/10.1034/j.1600-0447.2002.01436.x

Mallick, S. K. (2014). Livelihood of Burmese refugees and homeless people in Delhi. *Tata Institute of Social Science*, 5. https://www.academia.edu/9217494/livelihood-of-Burmese-refugees-and-homeless-people-in-Delhi

McConnachie, K. (2018). Boundaries and Belonging in the Indo-Myanmar Borderlands: Chin Refugees in Mizoram. *Journal of Refugee Studies*, *31*(3), 314–333. https://doi.org/10.1093/jrs/fey012

Rashki Kemmak, A., Nargesi, S., & Saniee, N. (2021). Social Determinant of Mental Health in Immigrants and Refugees: A Systematic Review. *Medical Journal of The Islamic Republic of Iran (MJIRI)*, *35*(1), 1389–1397. https://doi.org/10.47176/mjiri.35.196

Singh, V. (2022, September 25). Over 40,000 refugees from Myanmar based in 60 camps set up in Mizoram, says Rajya Sabha MP. *The Hindu.* https://www.thehindu.com/news/national/over-40000-refugees-from-myanmar-based-in-60-camps-set-up-in-mizoram-says-rajya-sabha-mp/article65930882.ece

UNHCR. (2023). *Myanmar Emergency Update.* https://reliefweb.int/report/myanmar/myanmar-emergency-update-10-april-2023

World Health Organization. (2021, August 31). *Mental health and forced displacement.* https://www.who.int/news-room/fact-sheets/detail/mental-health-and-forced-displacement

World Health Organization. (2022, May 2). *Refugee and migrant health.* https://www.who.int/news-room/fact-sheets/detail/refugee-and-migrant-health

Zahan, S. A. (2022, February 1). Myanmar's Refugees in Mizoram: As India Looks the Other Way, Thousands on Edge. *Outlook.* https://www.outlookindia.com/international/myanmar-s-refugees-in-mizoram-as-india-looks-the-other-way-thousands-on-the-edge-news-52001

၂၀၂၁ ကတည်းက အိုက်ဇောသို့ ရောက်ရှိနေကြသည့် ချင်းလူငယ်ဒုက္ခသည်များ

လန်းလန်း

အကျဉ်းချုပ်

ဤဆောင်းပါးသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ အိုက်ဇောခရိုင်ရှိ ဒုက္ခသည်စခန်းများသို့ ရောက်ရှိသွားကြသော ချင်းလူငယ်ဒုက္ခသည်များ ကြုံတွေ့နေရသည့် ဘက်ပေါင်းစုံမှ အခက်အခဲများအကြောင်းကို စုံစမ်းလေ့လာ ရေးသားထားခြင်းဖြစ်ပါသည်။ ထိုဒုက္ခသည်များမှာ ရေမြေခြားဝန်းကျင်သစ်၊ ဘာသာစကားအခက်အခဲ၊ နေထိုင်မှုအကျပ်အတည်းနှင့် စားနပ်ရိက္ခာ အထောက်အပံ့ မလုံလောက်မှုများဖြင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထို့ပြင် ပညာရေးကဲ့သို့သော အရေးပါသည့် အရင်းအမြစ်များကို လက်လှမ်းမီ ရရှိနိုင်ရေးအတွက်လည်း အတားအဆီးများကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ထိုသို့သော ဒုက္ခအခက်အခဲများကြောင့် မျှော်လင့်ချက်ကင်းမဲ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် စိုးရိမ်ပူပန်ခြင်းတို့မှာ ပို၍ပင် တိုးပွားလာနေသည်။ ဤလေ့လာမှုတွင် ၎င်းတို့၏ မတူခြားနားသော အခြေအနေနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့အား အသေးစိတ်လေ့လာကာ လက်ခံပေးထားသော အိမ်ရှင်နိုင်ငံ၌ ပိုမိုကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရေးကို ကူညီပေးနိုင်မည့် အထောက်အပံ့စနစ် တစ်ရပ်အတွက် အကြံပြုချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။

နိဒါန်း

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး လွတ်လပ်ရေး ရချိန်မှစတင်ကာ ထူးခြားသည့် အပြောင်းအလဲအရှုပ်အထွေးများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယနေ့ချိန်ထိ

ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် သန်းနှင့်ချီသည့် ဒုက္ခသည်များသည် အဆိုပါအိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးနေကြရသည်။ ၂၀၂၂ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှ နောက်ပိုင်း၌ မြန်မာနိုင်ငံမှ ဒုက္ခသည် (၄၀,၀၀၀) ကျော်တို့သည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်တွင် ခိုလှုံနေကြသည်။[1] ဒုက္ခသည်အများစုမှာ ချင်းပြည်မှ ထွက်ပြေးလာကြသော ချင်းတိုင်းရင်းသားများဖြစ်သည်။ မီဇိုရမ်ပြည်နယ်၊ အိုက်ဇောခရိုင်ရှိ ချင်းဒုက္ခသည်များ၏ အသေးစိတ်အတွေ့အကြုံများနှင့် အခက်အခဲများသည် ကြီးမားကျယ်ပြန့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း လက်ခံအသိအမှတ်ပြုကာ ဤဆောင်းပါးတွင် လေ့လာဖော်ထုတ်ထားပါသည်။

အိုက်ဇောခရိုင်ရှိ ချင်းဒုက္ခသည်များ၏ အတိဒုက္ခအခက်အခဲများသည် မြန်မာနိုင်ငံပြင်ပတွင် ဘေးကင်းလုံခြုံမှုကို ရှာဖွေနေကြသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် နက်နဲရှုပ်ထွေးလှသည့် အခက်အခဲများအကြောင်း ထင်ရှားစေသည့် သတိပေးနှိုးဆော်မှုတစ်ရပ်ဖြစ်သည်။ အဆိုပါဒုက္ခသည်အုပ်စုများတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (စီဒီအမ်) တွင် ပါဝင်ခဲ့ကြပြီး နေရပ်အိုးအိမ်နှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ကြရသော အရပ်သားများ၊ သပိတ်မှောက်ပညာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ ကျောင်းသားများ၊ ရဲတပ်ဖွဲ့ဝင်ဟောင်းများ ပါဝင်သည်။ နိုင်ငံရပ်ခြားတွင် တည်ငြိမ်လုံခြုံသော ဘဝတစ်ခုရရှိရေးအတွက် လျှောက်လှမ်းကြရသည့် ၎င်းတို့၏ ခရီးလမ်းမှာ မရေရာမှုများ၊ ဒုက္ခများစွာတို့ဖြင့် ပြည့်နှက်နေသည်။ ၎င်းတို့သည် ပညာရေး ကန့်သတ်ချက်များ၊ စီးပွားရေးအခက်အခဲများ၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုနှင့် လူမှုပေါင်းစည်းမှုဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်နေကြရပြီး ၎င်းတို့အား လက်ခံပေးထားသည့် အိမ်ရှင်လူ့အဖွဲ့အစည်းအသစ်နှင့် လိုက်လျောညီထွေဖြစ်နိုင်ရန် ကြိုးပမ်းနေကြရသည်။ ဤဆောင်းပါတွင် အိုက်ဇောရှိ ချင်းလူငယ်ဒုက္ခသည်များစွာတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းအားကို ပြသကာ ၎င်းတို့၏ မတူကွဲပြားသော အခြေအနေများအား အသေးစိတ်ဖော်ပြမည်ဖြစ်ပြီး လက်ခံပေးထား

[1] Singh, 2022.

သော အိမ်ရှင်နိုင်ငံ၌ ပိုမိုကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရေးကို ကူညီပေးနိုင်မည့် အထောက်အပံ့စနစ်တစ်ရပ်အတွက် အကြံပြုချက်များကိုလည်း တင်ပြသွားမည်ဖြစ်ပါသည်။

စာပေသုံးသပ်ချက်နှင့် နည်းလမ်းများ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားနေသည့် နိုင်ငံဖြစ်ပြီး ဒုက္ခသည်များစွာတို့မှာ စစ်အာဏာရှင်များလက်မှလွတ်မြောက်ရန် ထွက်ပြေးနေကြရသည်။ စစ်တပ်သည် ရွေးကောက်တင်မြှောက်ခံ အရပ်သားခေါင်းဆောင်များထံမှ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် သုံးကြိမ်တိုင်တိုင် အာဏာသိမ်းခဲ့သည်။ နောက်ဆုံးအာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် အဆိုးရွားအရှုပ်ထွေးဆုံး အချိန်များအနက် တစ်ခုကို တွေ့ကြုံရလျက်ရှိသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အဆိုအရ အတင်းအကျပ်နေရပ်စွန့်ခွာထွက်ပြေးနေရသူ အရေအတွက်မှာ (၂ ဒသမ ၈) သန်းခန့်အထိ မြင့်တက်လာကြောင်း သိရသည်။[2] ၎င်းတို့အနက် လူပေါင်း (၅၁,၄၀၀) ခန့်မှာ ချင်းပြည်နယ်မှ အိန္ဒိယနိုင်ငံအတွင်းရှိ အနီးအပါး ပြည်နယ်များဖြစ်ကြသည့် မဏိပူရ်နှင့် မီဇိုရမ်ပြည်နယ်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အသစ် ရောက်ရှိလာကြသော ဒုက္ခသည်အများစုမှာ မီဇိုရမ်ပြည်နယ်တွင် အခြေချနေ ထိုင်လျက်ရှိကြသည်။[3] ချင်းပြည်နယ်နှင့် ချင်းနှင့် စစ်ကိုင်း နယ်စပ်တို့တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးတိမ်း ရှောင်လာမည့်သူများ ပိုမိုများပြားလာမည်ဟု မှန်းဆရသည်။ ၎င်းတို့သည် လက်ခံပေးထားသော အိမ်ရှင်နိုင်ငံတွင် တရားဝင်အထောက်အထား၊ အခြေခံ လိုအပ်သည့်ပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြား

[2] UNHCR, 2023.
[3] UNHCR, 2023.

ခွင့်နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ မရှိခြင်း အစရှိသည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။[4]

ယင်းအကြောင်းအချက်များက ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် ကိုယ်စိတ်ကျန်းမာပျော်ရွှင်မှု၊ လူမှုပေါင်းစည်းမှုနှင့် မရင်းနှီးသော ပတ်ဝန်းကျင်အသစ်၌ လိုက်လျောညီထွေ နေထိုင်နိုင်မှုတို့အပေါ် ဆိုးရွားစွာထိခိုက်စေသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများသည် အကြမ်းဖက်မှုအား ကြုံတွေ့ခဲ့ရခြင်း၊ ချစ်ခင်ရသူအား ဆုံးရှုံးရခြင်း၊ မိသားစုအသိုင်းအဝိုင်းနှင့် ခွဲခွာနေရခြင်း၊ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် မသေချာမရေရာခြင်း အစရှိသည့် စိတ်ဒဏ်ရာဖြစ်စေသော သို့မဟုတ် စိတ်ဖိစီးမှုဖြစ်စေသော အတွေ့အကြုံများကြောင့် စိတ်ကျန်းမာရေး အားနည်းကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။[5] ဒုက္ခသည်များသည် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများကို ကြုံတွေ့ရခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မကြာခဏရင်ဆိုင်ကြုံတွေ့ကြရသည်။[6] ၎င်းတို့သည် စိုးရိမ်ပူပန်မှု၊ ဝမ်းနည်းမှု၊ မျှော်လင့်ချက်မဲ့မှု၊ အိပ်မပျော်မှု၊ ပင်ပန်းနွမ်းနယ်မှု၊ စိတ်တိုမှု၊ ဒေါသကြီးမှု သို့မဟုတ် နာကျင်ကိုက်ခဲမှုတို့ကို ခံစားရနိုင်သည်။ ယင်းအကြောင်းအချက်များက ၎င်းတို့၏ သိမြင်နိုင်စွမ်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုအပြင် ၎င်းတို့၏ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် အလားအလာတို့ကို ထိခိုက်စေနိုင်သည်။ ၎င်းတို့သည် ရွှေ့ပြောင်းနေထိုင်စဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှု၊ အာဟာရချို့တဲ့မှု၊ မိသားစုဝင်များနှင့် ခွဲခွာရမှု၊ မှောင်ခိုသမားများ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှု၊ အာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခံရမှု စသည့် အန္တရာယ်များနှင့် အခက်အခဲများကို မကြာခဏ ရင်ဆိုင်ကြရသည်။ ယင်းအချက်များက လက်ခံပေးထားသည့် အိမ်ရှင်အသိုင်းအဝိုင်းအသစ်တွင် အခြေချရန် ကြိုးစားသည့်အခါ ကြုံတွေ့ရသော အခက်အခဲများနှင့် ပေါင်းစပ်သွားသည်။

---

[4] Zahan, 2022.

[5] World Health Organization, 2022.

[6] World Health Organization, 2021.

ဤသည်မှာ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်တွင် စစ်တပ်၏ ရည်ရွယ်ပစ်မှတ်ထား ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည့် လူပေါင်းများစွာတို့၏ ဖြစ်ရပ်ဖြစ်သည်။ စစ်တပ်၏ အကြမ်းဖက်သောင်းကျန်းမှုနှင့် မီးရှို့တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများမှာ ဘေးကင်းလုံခြုံရေးအတွက် ၎င်းတို့၏ နေရပ်အိုးအိမ်များအား မဖြစ်မနေစွန့်ခွာကာ ထွက်ပြေးခဲ့ကြရသည်။ ယင်းဖြစ်ရပ်များမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင်မူ အစောပိုင်းကာလကတည်းက ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဒေသခံများမှာ အချိန်တိုအတွင်း၌ပင် ရပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှု၊ ငတ်မွတ်မှု၊ ခြေကုန်လက်ပန်းကျမှုနှင့် ဖမ်းဆီးခံရမှု စသည့် ဒုက္ခဆင်းရဲများအပါအဝင် ဘေးအန္တရာယ်စွန့်စားမှုများကို ရင်ဆိုင်ကာ နယ်စပ်ဖြတ်ကျော်၍ အိန္ဒိယနိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ကြသည်။ ဘေးကင်းလုံခြုံသည်ဟု ဆိုရမည့်နေရာသို့ ရောက်လာသည့်အခါ လူပေါင်းများစွာတို့မှာ အခြေခံလိုအပ်ချက်များကိုပင် မဖြည့်ဆည်းနိုင်သည့် လူနေမှုအခြေအနေ၊ အလုပ်အကိုင်မရှိခြင်း၊ ပညာသင်ကြားရေးနှင့် ဘာသာစကား အခက်အခဲများနှင့် အနာဂတ်အရေး မသေချာမရေရာမှုများကို တွေ့ကြုံခဲ့ကြသည်။ ယင်းအခြေအနေက ထိခိုက်မှုကာလအလွန်စိတ်ရောဂါ (PTSD)၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် အခြားသော စိတ်ကျန်းမာရေးဝေဒနာစသည့် စိတ်ပိုင်းဆိုင်ရာပြဿနာများကို ပို၍ပင် တိုးပွားစေနိုင်သည်။

လွန်ခဲ့သော ဆယ်စုနှစ်များက မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည့် ချင်းဒုက္ခသည်များသည်လည်း နိုင်ငံသစ်တွင် စိန်ခေါ်မှု၊ အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ငွေကြေးပြဿနာများ၊ ဘာသာစကား အခက်အခဲများ၊ အခြေခံလိုအပ်ချက်များကိုပင် မဖြည့်ဆည်းနိုင်သည့် လူနေမှုအခြေအနေများ၊ ကျန်းမာရေးအထောက်အပံ့နှင့် ပညာသင်ကြားမှု အခွင့်အလမ်းများ လက်လှမ်းမီရရှိမှု မရှိခြင်းများ စသည်တို့ဖြင့် ကြိုးပမ်းရုန်းကန်ခဲ့ကြရသည်။ ၎င်းတို့၏ နေအိမ်နှင့် လမ်းခရီးသွားလာစဉ်များတွင် ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ခံရခြင်းနှင့် နှောင့်ယှက်တိုက်ခိုက်

ခြင်းများကို ကြုံတွေ့ခဲ့ရသည့်အတွက် ရဲနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများ ကဲ့သို့သော ယူနီဖောင်းဝတ်ပုဂ္ဂိုလ်များကို ကြောက်ရွံ့ကာနေထိုင်ခဲ့ကြရသည်။[7]

မကြာသေးမီက မီဇိုရမ်ပြည်နယ်သို့ ထွက်ပြေးလွတ်မြောက်လာသော ချင်းဒုက္ခသည်များသည်လည်း အလားတူပင် ကြုံတွေ့ကြရသော်လည်း ယေဘုယျအားဖြင့် ထိုမျှလောက်အတိုင်းအတာအထိ ယူနီဖောင်းဝတ် အာဏာပိုင်များကို ကြောက်ရွံ့နေရမှု မရှိကြပေ။ အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့်အတွက် ဒုက္ခသည်များအား တရားဝင်အထောက်အထား မပေးထားသော်လည်း မီဇိုရမ်ပြည်နယ်အစိုးရသည် ချင်းဒုက္ခသည်များကို လက်ခံကာ ထောက်ပံ့ပေးထားပြီး ဒုက္ခသည်စခန်းများကိုလည်း ထူထောင်ပေးထားသည်။[8] ဒုက္ခသည်များ၏ အခြေအနေမှာ ရောက်ရှိနေသည့် နိုင်ငံတည်နေရာနှင့် ယင်းနိုင်ငံ၏ မူဝါဒများအပေါ်မူတည်၍ ကွဲပြားခြားနားပုံကို ဤအချက်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ မီဇိုရမ်ပြည်နယ် ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များသည် ဒေသခံပြည်သူများနှင့် အဖွဲ့အစည်းများထံမှ အစားအစာနှင့် ဆေးဝါးကုသမှုများကို လက်ခံရရှိကြသည်။ ယူနီဖောင်းဝတ်ထားသူများကို ကြောက်ရွံ့မှု သိပ်မရှိကြသလို ဒေသအာဏာပိုင်များ၏ နှောင့်ယှက်တိုက်ခိုက်မှုကိုလည်း အနည်းအကျဉ်းသာ ကြုံတွေ့ကြသည်။ ထိုအရာသည် ၎င်းတို့၏ ကိုယ်စိတ်ကျန်းမာပျော်ရွှင်မှုနှင့် အလားအလာတို့ကို သိသာထင်ရှားစွာ အထောက်အပံ့ဖြစ်စေသော်လည်း ၎င်းတို့၏ အခြေအနေမှာ အကောင်းဆုံးအနေအထားတွင် ရှိနေခြင်း မဟုတ်ပေ။

နိုင်ငံရေးနှင့် စစ်ရေးဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံမှ ကယား (ကရင်နီ) ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသော ထိုင်းနိုင်ငံသို့ ထွက်ပြေးကြရသည့် အခြားတိုင်းရင်းသားလူမျိုးစုမှာ ကရင်နီများဖြစ်သည်။ ကရင်နီလူမျိုး တို့သည်

---

[7] Kaur et al., 2002.

[8] အိန္ဒိယရှိ ဒုက္ခသည်များသည် UNHCR မှ ရရှိနိုင်မည့် အထောက်အပံ့များ အပြည့်အဝရရှိရန်အတွက်ကိုပင် ကြိုးစားရန်းကန်နေကြရသည်။ နယူးဒေလီတွင် တရားဝင် UNHCR ရုံးရှိသော်လည်း လက်လှမ်းမီရန် ခက်ခဲပြီး ရနိုင်သည့် အရင်းအမြစ်များသည်လည်း ငွေကြေးနှင့် လုံခြုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ကိုပင် လုံလောက်မှု မရှိပေ။

ဆယ်စုနှစ်ပေါင်းများစွာပင် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ စခန်းများ၌ ဝင်ထွက်နေထိုင်ကြပြီး ၎င်းတို့၏ ဘေးကင်းလုံခြုံမှုနှင့် အနာဂတ်အတွက် အမျိုးမျိုးသော အခက်အခဲ၊ မသေချာမရေရာမှုများစွာကို ရင်ဆိုင်ကြုံတွေ့နေကြရကာ၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ထိခိုက်မှုကာလအလွန်စိတ်ရောဂါ (PTSD) တို့ကို ခံစားနေကြရသည်။ ထိုင်းနိုင်ငံ၌ ပညာရေး၊ အလုပ်အကိုင်နှင့် လုံခြုံသည့် တရားဝင်အထောက်အထားများ လက်လှမ်းမီ ရရှိနိုင်မှု အကန့်အသတ်ရှိရာ ၎င်းတို့၏ လူမှုလုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်မှုနှင့် ပင်မလူ့အဖွဲ့အစည်းတွင် ပေါင်းစည်းမှုတို့အပေါ် ထိခိုက်စေသည်။ ထို့သို့သော အကြောင်းများကြောင့် ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာ သောကနာကျင်မှုနှင့် ထိခိုက်ခံစားလွယ်မှုတို့ကို ဖြစ်စေကာ ဓလေ့ထုံးစံများနှင့် လိုက်လျောညီထွေမှုရှိသည့် ရပ်ရွာအခြေပြု ကြားဝင်ကူညီပေးမှုများ လိုအပ်နေပါသည်။[9]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အိန္ဒိယနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်လာသော မြန်မာနိုင်ငံမှ ချင်းဒုက္ခသည်များသည်လည်း အိုးအိမ်များ ဆုံးရှုံးရခြင်း၊ မိသားစုများနှင့် ခွဲခွာရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ထိန်းသိမ်းခံရခြင်းတို့ကဲ့သို့သော စိတ်သောကနာကျင်မှုများနှင့် အကြမ်းဖက်မှုများကို အလားတူကြုံတွေ့ခဲ့ရသည်။ မီဇိုရမ်ပြည်နယ်တွင် ယာယီစခန်းများ သို့မဟုတ် လက်ခံပေးထားသော မိသားစုများ၏ နေအိမ်များတွင် အစားအစာ၊ ရေ၊ သန့်ရှင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားမှု လုံလောက်စွာမရရှိကြဘဲ မရေရာလှသော လူနေမှုအခြေအနေများကို ကြုံတွေ့နေရသည်။ တရားဝင်အထောက်အထား၊ ကာကွယ်စောင့်ရှောက်မှုနှင့် နေရပ်ပြန်နိုင်ရန် သို့မဟုတ် ပြန်လည်နေရာချထားခံရရန်အတွက် အလားအလာများနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများ၊ စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်ကြရသည်။

ယင်းအကြောင်းအချက်များက စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ကျရောဂါ တို့ကဲ့သို့သော စိတ်ကျန်းမာရေး ပြဿနာများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။ သို့သော်လည်း မီဇိုရမ်ပြည်နယ်ရှိ ဒုက္ခသည်များ၏ စိတ်ကျန်းမာရေး အခြေအနေနှင့် ပတ်သက်၍ လေ့လာထားမှု မရှိသေးပါ။ ထိုင်းနိုင်ငံတွင်

[9] Cardozo et al., 2004.

လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှုနှင့် လုံခြုံမှုအာမခံချက် မရှိဘဲ မြန်မာနိုင်ငံသို့ အတင်းအကျပ်ပြန်ပို့ခံရမည်ကို စိုးရိမ်နေကြရသည့် ကရင်နီ ဒုက္ခသည်များနှင့်မတူဘဲ မီဇိုရမ်ပြည်နယ်ရှိ ချင်းဒုက္ခသည်များမှာ ၎င်းတို့နှင့် ယဉ်ကျေးမှုနှင့် ဘာသာစကား ဆက်နွယ်မှုများရှိကြသည့် မီဇိုလူမျိုးများထံမှ ကူညီပံ့ပိုးပေးမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများကို လက်ခံရရှိကြသည်။[10] သို့သော် လည်း ယင်းအခြေအနေကပင် မီဇိုရမ်ရှိ ဆွေမျိုးများနှင့် မိတ်ဆွေများထံမှ လူမှုရေးဖိအားနှင့် မျှော်မှန်းချက်များကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

နယူးဒေလီရှိ မြန်မာဒုက္ခသည်များနှင့် စပ်လျဉ်းသည့် လေ့လာမှုအချို့ ရှိသော်လည်း မီဇိုရမ်ပြည်နယ်ရှိ ဒုက္ခသည်များနှင့် စပ်လျဉ်း၍မူ လေ့လာမှု အနည်းငယ်သာရှိသည်။ အများစုမှာ လူမှုရေးဆိုင်ရာ ဖြေရှင်းရေး နည်းဗျူဟာ များ၊ ဘဝအတွေ့အကြုံများ၊ စွန့်စားမှုအခြေအနေများနှင့် နယ်စပ်ပြဿနာများ အပေါ် အဓိကထား လေ့လာကြသည်။[11] မီဇိုရမ်ပြည်နယ်ရှိ ချင်းဒုက္ခသည်များ အထူးသဖြင့် လူငယ်ထု၏ စိတ်ကျန်းမာရေးအခြေအနေ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ စနစ်တကျပြုစုထားသော အချက်အလက်နှင့် သုတေသန မရှိပါ။ ထို့ကြောင့် မီဇိုရမ်ပြည်နယ်ရှိ ချင်းဒုက္ခသည်များ၏ စိတ်ကျန်းမာရေးကို ပိုမို ပြည့်စုံကျယ်ပြန့်သော ယဉ်ကျေးမှုအရ သိရှိနားလည်သည့် အကဲဖြတ်သုံးသပ် မှုများ ပြုလုပ်ကာ ထိရောက်သည့် ကြားဝင်ကူညီပေးမည့် အစီအစဉ်များကို ဦးတည်စေရန် လိုအပ်ပါသည်။

ဤဆောင်းပါးသည် အိုက်ဇောခရိုင်ရှိ ချင်းလူငယ်ဒုက္ခသည်များ ရင်ဆိုင် နေရသော ပြဿနာရပ်များကို လေ့လာဖော်ထုတ်ခြင်းဖြင့် လိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ ပြဿနာရပ်များကို ဖြစ်စေသော အကြောင်းအချက်များအား သိရှိနားလည်နိုင်ရန်နှင့် ဖြစ်နိုင်ချေ ရှိသည့် ကြားဝင်ကူညီပေးမှုများကို သုံးသပ်နိုင်ရန်အတွက် အရည်အသွေး ဆိုင်ရာသုတေသန (qualitative) နည်းလမ်းများကို အသုံးပြုထားပါသည်။ ချင်းလူငယ်ဒုက္ခသည်များ၏ အတွေ့အကြုံများ၊ ခံစားမှုများ၊ စိတ်ကျန်းမာရေး

---

[10] Zahan, 2022.

[11] သာဓက - Jops et al., 2016; Jops et al., 2019; Mallick, 2014; McConnachie, 2018.

နှင့် ကိုယ်စိတ်ကျန်းမာပျော်ရွှင်မှုဆိုင်ရာ သဘောထားအမြင်များကို မေးမြန်းစူးစမ်းထားပါသည်။ အသက် (၁၇) နှစ်နှင့် (၃၀) နှစ်အကြား ချင်းလူငယ်ဒုက္ခသည်များ၏ စုံလင်ကွဲပြားသည့် အမြင်ရှုထောင့်များအား အဓိကထားလေ့လာထားပါသည်။

သုတေသနရည်မှန်းချက်များအရ ထုတ်ဖော်ထားသော အင်တာဗျူးလမ်းညွှန်ကို အသုံးပြု၍ ဒုက္ခသည်စခန်း (၄) ခုမှ ပါဝင်သူ (၈) ဦးတို့အား တစ်စိတ်တစ်ပိုင်းကြိုတင်စီမံထားသောမေးခွန်းများနှင့် ဖြေဆိုသူ၏ တုံ့ပြန်မှုအပေါ် မူတည်သည့် မေးခွန်းများ ပေါင်းစည်းထားသည့် အင်တာဗျူးများမှတစ်ဆင့် အချက်အလက်များကို ရယူထားပါသည်။ ယင်းအင်တာဗျူးများသည် ပါဝင်သူများ၏ စိတ်ကျန်းမာရေးအခက်အခဲများ၊ အဆိုပါအခက်အခဲများအပေါ် လွှမ်းမိုးသည့် အကြောင်းအချက်များနှင့် ကြားဝင်ကူညီပေးမှုများအပေါ် သဘောထားအမြင်များကို ပြည့်ပြည့်ဝဝ သိရှိနားလည်စေပါသည်။ အင်တာဗျူးများကို ပိုမိုပြည့်စုံစေမည့် ထပ်တိုးဆက်စပ်သဘောတရားများကို သိရှိနိုင်ရန်အတွက် သုတေသန၌ ပါဝင်သူများ၏ နေ့စဉ်ဘဝများ၊ အပြန်အလှန်ဆက်သွယ်မှုများ၊ လူနေမှုအခြေအနေများကိုလည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။ အဆိုပါတွေ့ရှိချက်များအား စာတွဲမှတ်စုများဖြင့် မှတ်တမ်းတင်ထားရှိပါသည်။ အချက်အလက်များကို စိစစ်၍ စိတ်ကျန်းမာရေးဆိုင်ရာ အခက်အခဲများ၊ အကြောင်းအချက်များ၊ ဖြေရှင်းမှုယန္တရားများ၊ ကြားဝင်ကူညီဆောင်ရွက်ပေးမှုများနှင့် သက်ဆိုင်သည့် ပုံစံများနှင့် ဆိုလိုရင်းများကို ခွဲခြားသတ်မှတ်ခဲ့ပါသည်။ ပါဝင်သူများအား လေ့လာမှု၏ ရည်ရွယ်ချက်၊ လုပ်ထုံးလုပ်နည်းများ၊ လျှို့ဝှက်ထားရှိမှုနှင့်ဆက်လက်မပါဝင်လိုပါက နုတ်ထွက်ခွင့်ရှိကြောင်းတို့အား ပြည့်စုံစွာ အသိပေးဆောင်ရွက်ခဲ့သလို လုံခြုံရေးအရ အမည်ဝှက်များကိုသာ အသုံးပြုခဲ့သည်။ ပါဝင်သူများ၏ ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက်ချက်များကို ကာကွယ်ရန်အတွက် ကောက်ယူရရှိသည့် အချက်အလက်အားလုံးကို ပုဂ္ဂိုလ်ရေးအချက်အလက်များ ဖယ်ရှားပြီး လုံခြုံစွာဖြင့် သိမ်းဆည်းထားရှိခဲ့ပါသည်။ အချက်အလက်များ စုဆောင်းခြင်းမပြုမီတွင် စာဖြင့် သဘောတူညီချက်ကိုလည်း ရယူခဲ့ပါသည်။ ဤသုတေသနသည် အိုက်ဇောခရိုင်ရှိ ချင်းလူငယ်

ဒုက္ခသည်များ၏ စိတ်ကျန်းမာရေးစိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ ၎င်းတို့၏ ပေါင်းစည်းမှုကို လွယ်ကူအဆင်ပြေစေရန်နှင့် ၎င်းတို့၏ ကိုယ်စိတ် ကျန်းမာပျော်ရွှင်မှု အခြေအနေအဖုံဖုံတို့ ပိုမိုကောင်းမွန်လာစေရန်တို့အတွက် ဓလေ့ထုံးစံများနှင့် သင့်လျော်ကိုက်ညီသော ကြားဝင်ကူညီပေးမှုများကို အသိပေးနိုင်ရေးအပါအဝင် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို အခြေခံကျကျသိရှိနားလည်နိုင်စေရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားသည်ဖြစ်ရာ ယခုတွေ့ရှိချက်များသည် အိုက်ဇောခရိုင်ပြင်ပရှိ ချင်းလူငယ်ဒုက္ခသည်များ၏ အခြေအနေများအပေါ် ခြုံငုံနိုင်မည် မဟုတ်ပေ။

အကျိုးရလဒ်များ

အင်တာဗျူးများနှင့် လေ့လာတွေ့ရှိချက်များမှ ရရှိလာသော အချက်အလက်များတွင် စုံလင်ကွဲပြားသော အမြင်ရှုထောင့်များနှင့် ဇာတ်လမ်းပေါင်းများစွာပါဝင်သည်။ သို့သော်လည်း တစ်ခုနှင့်တစ်ခုမှာ အဆက်အစပ်ရှိပြီး တူညီသည့်ဆိုလိုရင်းများ ရှိကြောင်း ထင်ရှားသည်။ အင်တာဗျူးတွင် ပါဝင်ခဲ့သူ (၈) ဦးစလုံး၏ ပြောပြမှုများတွင် တူညီသည့် အကြောင်းအရာမှာ မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းများ၏ အရေးပါမှု ဖြစ်သည်။ ၎င်းတို့၏ လက်ရှိ အခြေအနေများက စိတ်ခံစားမှုဆိုင်ရာနှင့် စိတ်ကျန်းမာရေးတို့အပေါ် သက်ရောက်မှုကိုလည်း အလေးထားဖော်ပြထားသည်။ ယခုအပိုင်းတွင် စိတ်ခံစားမှုဆိုင်ရာကျန်းမာပျော်ရွှင်မှု၊ ဘေးကင်းလုံခြုံသည့် ခံစားမှုနှင့် စိတ်ဒဏ်ရာအတွေ့အကြုံ များ အစရှိသည့် အဓိကအချက် (၃) ချက်အပေါ်အခြေပြုဆွေးနွေးသွားမည် ဖြစ်သည်။

စိတ်ခံစားမှုဆိုင်ရာ ကျန်းမာပျော်ရွှင်မှု

ပါဝင်သူများ၏ စိတ်ခံစားမှုဆိုင်ရာ ကျန်းမာပျော်ရွှင်မှုသည် ၎င်းတို့၏ မတူခြားနားသည့် အခြေအနေများအပေါ် မူတည်၍ ကွဲပြားကြသည်။ ပါဝင်သူတစ်ဦးဖြစ်သူ ထန်သဲက “အဝေးကိုပဲ ငေးကြည့်ပြီး ငူငိုင်နေသူက ပျော်ရွှင်မှုကို

တွေ့ရဖို့ ခက်မှာပဲ" ဟု ဆိုသည်။ သူစကားပြောနေရင်း ဘုရားသခင်အကြောင်း ပြောတဲ့အခါတိုင်း သူရဲ့ မူလကိုယ်နှုတ်အမူအရာထက် ပိုမို၍ရွှင်မြူးတက်ကြွနေသည်ကို ရှင်းလင်းစွာ တွေ့မြင်ခဲ့ရသည်။ ဖြေဆိုသူများထဲမှ နောက်တစ်ဦးမှာ သားသည်မိခင်ဟု ယူဆရသည့် ဆမ်ဆမ်ဖြစ်ပြီး ရပ်ရွာထဲ သူစိမ်းတွေလာလည်ပြီး ခွန်အားနှင့် ဆုတောင်းစကားတွေ ပေးသည့်အခါတိုင်း ပျော်ရွှင်ရသည်ဟု သူက ဆိုသည်။ စာကြိုးစားသည့် မိန်းမငယ်လေးဖြစ်သည့် တီတီက ကျောင်းမှာ စာလေ့လာရသည့်အခါ အပျော်ဆုံးဖြစ်သည်ဟုဆိုသည်။ တက်ကြွသည့် ကောင်လေး ထန်ထန်က သူငယ်ချင်းများနှင့် ဆော့ကစားရသည့်အခါ အခြားပူပန်သောကများမှ ခဏတာသက်သာရာရစေသည်ဟု ပြောပြသည်။ ခပ်တည်တည်နေတတ်သည့် လူငယ်လေး ဗန်ဗန်က သူ့အနေဖြင့် သူငယ်ချင်းများနှင့် အဖွဲ့လိုက်စာလေ့လာရသည့်အခါ ပျော်ရွှင်ရကြောင်း ထိုသို့ မဟုတ်ပါက ပျော်ရွှင်မှုကို မခံစားရကြောင်း ထုတ်ဖော်ပြောပြသည်။ လူမှုဆက်ဆံရေးကောင်းသည့် ဒင်ဒင်အတွက်မူ သူငယ်ချင်းများနှင့် အတူရှိရသည့်အခါ ပျော်ရွှင်မှုကွန်းခိုရာလေး တောက်ပလာသည်ဟုဆိုသည်။ နူဒွမ်သည်လည်း အိမ်ပတ်ဝန်းကျင်၌ အပင်များ စိုက်ပျိုးရသည့်အခါ၊ အိမ်မှုကိစ္စများလုပ်သည့်အခါ စိတ်သက်သာရာရကာ ပျော်ရွှင်ရသည်ဟုဆိုသည်။ အခြားတစ်ဖက်တွင်မူ အာထန်သည် ပျော်ရွှင်လာစေရန် မည်သည့်အရာများ လုပ်ဆောင်ရမည်ကို ကြိုးပမ်းရှာဖွေနေရသည်။ ပျော်ရွှင်ရန် ဘာလုပ်ရမည်ကို မသိကြောင်း၊ ပျော်ရွှင်မှုကို ရှာလိုစိတ်လည်း မရှိကြောင်း သူက ဆိုသည်။

အဆိုပါပါဝင်သူ (၈) ဦး အနက် (၇) ဦးမှာ ၎င်းတို့အား ပျော်ရွှင်စေသည့် အကြောင်းအရာများကို ရွေးထုတ်နိုင်ကြသည်။ နေထိုင်သူအများစုသည် သူငယ်ချင်းမိတ်ဆွေမိသားစုနှင့်ဖြစ်စေ အားပေးပံ့ပိုးမှုပေးသည့် သူစိမ်းများနှင့်ဖြစ်စေ အပြန်အလှန်ခေါ်ပြောဆက်ဆံရသည်ကို ပျော်ရွှင်ကြသည်။ သို့သော်လည်း အနည်းငယ်ကမူ မပျော်ရွှင်ရသည့် အရင်းခံမှာ ခံစားချက်များကို အလွယ်တကူ မရှင်းထုတ်နိုင်သည့်အတွက်ဖြစ်ကြောင်း ဝန်ခံပြောဆိုကြသည်။ ယင်းအချက်မှာ စားနပ်ရိက္ခာ၊ ရေ၊ အမိုးအကာနှင့် ဆေးဝါးကုသမှု အစရှိသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရေး အခက်အခဲများနှင့် ဆက်စပ်နေနိုင်ပါသည်။ ဒုက္ခသည်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်မှာ

အလွန်အရေးကြီးပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ရှိ အခြားသော ဒုက္ခသည်စခန်းများနှင့် နိုင်းယှဉ်ပါက အိုက်ဇောခရိုင်ရှိ တရားဝင်ဒုက္ခသည်စခန်းများမှ အချို့သော ဒုက္ခသည်များသည် စားနပ်ရိက္ခာ လုံလောက်စွာ ရရှိရေးအတွက် ကြိုးပမ်းရုန်းကန်နေကြရသည်။ ထို့ကြောင့် အဆိုပါအခက်အခဲများနှင့် ဆက်စပ်နေသည့် စိတ်ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ဒုက္ခသည်များ၏ အလုံးစုံသော စိတ်ခံစားမှုဆိုင်ရာ ကျန်းမာပျော်ရွှင်မှု တိုးတက်လာစေရန်အတွက် ၎င်းတို့အား ကူညီပေးနိုင်မည့် အထောက်အပံ့နှင့် အရင်းအမြစ်များ ပံ့ပိုးပေးရန် အရေးတကြီး လိုအပ်လျက်ရှိနေပါသည်။

ဘေးကင်းလုံခြုံသည့်ခံစားမှု

တွေ့ဆုံမေးမြန်းခဲ့သူများတွင် ခဏတာပျော်ရွှင်မှုနှင့် ကာလရှည်ကြာဝမ်းနည်းမှုတို့ဖြင့် ရောထွေးနေသည့် စိတ်ခံစားမှုများ ရှိနေကြသည်။ ရပ်ရွာ၏ ပံ့ပိုးပေးမှုကြောင့် ဘေးကင်းလုံခြုံသည်ဟု ခံစားကြရသော်လည်း ဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အခက်အခဲများကို ကြုံတွေ့နေရဆဲဖြစ်သည်။ အင်တာဗျူးတွင် ပါဝင်ခဲ့သူ (၈) ဦးအနက် (၇) ဦးမှာ မြန်မာနိုင်ငံထက် ပဋိပက္ခနည်းပါးသည့် အိုက်ဇောခရိုင်တွင် လုံခြုံမှုရှိသည်ဟု ခံစားရကြောင်း ပြောကြားသည်။ ပါဝင်ဖြေဆိုသူအများစုသည် ဒေသခံအဖွဲ့အစည်းများထံမှ အထောက်အပံ့များရရှိကြပြီး၊ မီဇိုရမ်ပြည်နယ်အစိုးရက ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုလက်ခံပေးသည်ဟု ခံစားရကြောင်း ပြောကြားသည်။ ထို့အပြင် မီဇိုနှင့် ချင်းတိုင်းရင်းသားများအကြား ယဉ်ကျေးမှုတူညီသည်ဟုလည်း ခံစားရကြောင်း ဆိုကြသည်။

မြန်မာနိုင်ငံမှ ဒုက္ခသည်အများစုက မီဇိုရမ်သို့ ရောက်ရှိနေခြင်း၏ အဓိကအကြောင်းရင်းမှာ မလုံခြုံမှုကြောင့်ဖြစ်ကြောင်း ဆိုကြသည်။ အိန္ဒိယနိုင်ငံသည် ၁၉၅၁ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အတွက် အိန္ဒိယနိုင်ငံရှိ နေရာဒေသအလိုက် ဒုက္ခသည်များအား ပြုမူဆက်ဆံမှုမှာ သိသိသာသာ ကွဲပြားခြားနားသည်။ သာဓကဆိုရ

သော် မြို့တော်နယူးဒေလီတွင် နေထိုင်ကြသူများသည် မီဇိုရမ်ပြည်နယ်၊ အိုက်ဇောတွင် နေထိုင်ကြသူများထက် လုံခြုံရေးဆိုင်ရာ အခက်အခဲများကို ပို၍ပင် သိသိသာသာကြုံတွေ့ကြရသည်။ အိန္ဒိယနိုင်ငံ၏ အခြားနေရာဒေသများနှင့် နှိုင်းယှဉ်ပါက ချင်းလူမျိုးများအတွက် အိုက်ဇောတွင် အခြေအနေ ပိုမိုကောင်းမွန်သော်လည်း ဆမ်ဆမ်အတွက်မူ အိုက်ဇောသည် သူမ၏ နေအိမ်မဟုတ်သည့်အတွက် လုံခြုံမှုမရှိဟု ခံစားရကြောင်းနှင့် ဒေသိယ ဘာသာစကားများကို ကျွမ်းကျွမ်းကျင်ကျင်မပြောနိုင်ကြောင်း၊ ထို့ကြောင့် သူမအတွက် လုံခြုံမရှိဟု ခံစားရကြောင်း ဆိုသည်။

စိတ်ဒဏ်ရာအတွေ့အကြုံများ

စိတ်ဒဏ်ရာများနှင့်ပတ်သက်၍ ထန်သဲက ၎င်း၏ စိတ်ကျန်းမာရေးကို ထိခိုက်စေသော ၎င်း၏ သူငယ်ချင်းဖြစ်သူများ ဖမ်းဆီးထိန်းသိမ်းထောင်ချခံခဲ့ရသည့် ဖြစ်ရပ်အပါအဝင် စိတ်သောကဖြစ်စေသော အတွေ့အကြုံများအကြောင်းကို ပြန်ပြောင်းပြောပြသည်။ ရဲအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦး အနေဖြင့် အလွန်ပင်ကြီးမားသည့်ဖိအားကို ခံစားခဲ့ရပြီး ထိုအရာကပင် လက်နက်ကိုင်တပ်များအပေါ် ကြောက်ရွံ့မှုများ ပိုမိုတိုးပွားခဲ့ရသည်။ ဆမ်ဆမ်ကမူ ဆင်းရဲဒုက္ခများကို တွေးတောရင်း အိပ်မပျော်ရသည့် ညများစွာရှိခဲ့ကြောင်း ဖွင့်ဟခဲ့သည်။ အလားတူပင် ဗန်ဗန်သည်လည်း ၎င်း၏ မိသားစုဘေးကင်းလုံခြုံရေးအကြောင်း စဉ်းစားသည့်အခါတိုင်း အိပ်မပျော်ဖြစ်နေရသည်။ အာထန်သည် အမျိုးအမည်မသိသည့် ခန္ဓာကိုယ်နာကျင်မှုကို ခံစားရကာ အိပ်မပျော်သည့်ဝေဒနာ ခံစားနေရပြီး အဘယ်ကြောင့် ထိုသို့ဖြစ်နေသည်ကို လည်း အဖြေရှာမရပေ။ တီတီက စိတ်ဒဏ်ရာကို ကိုယ်တွေ့မကြုံခဲ့ဖူးသော်လည်း စာမေးပွဲ၊ မိသားစုအခြေအနေများနှင့်ပတ်သက်၍ စိတ်ဖိစီးမှု ခံစားရကြောင်း ပြောပြသည်။ ဒင်ဒင်သည်လည်း ၎င်း၏ မိသားစုအခြေအနေနှင့် ဆက်စပ်သည့် စိတ်ကျန်းမာရေး ပြဿနာများကို ကြုံတွေ့နေရကြောင်း ဖွင့်ဟပြောပြသည်။ စိတ်ဒဏ်ရာဟူ၍ မသတ်မှတ်နိုင်သော်လည်း ပါဝင်သူများ၏

နေ့စဉ်ဘဝတွင် ၎င်းတို့၏ မတူခြားနားသည့်အခြေအနေများကို ထင်ဟပ်ကာ ကြီးမားသည့် စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ လွှမ်းမိုးလျက်ရှိနေသည်။

စီဒီအမ်ရဲအရာရှိတစ်ဦးဖြစ်သူ ထန်သဲသည် ဘာသာရေးတွင် မွေ့ပျော် ပြီး စိတ်ဖြေသိမ့်မှုရရှိသည်။ ပျော်ရွှင်စရာ အကြောင်းအရင်း နည်းပါးသော် လည်း ဘုရားသခင်အကြောင်း ထုတ်ဖော်ညွှန်းဆိုခြင်းက ၎င်း၏ စိတ်ဝိညာဉ်ကို မြှင့်တင်ပေးနိုင်သည်။ ဆမ်ဆမ်သည်လည်း သူစိမ်းများထံမှ ခွန်အားနှင့် ဆုတောင်းများတွင် နှစ်သိမ့်မှုကို ရယူရသည်။ တီတီ၊ ထန်ထန်နှင့် ဗန်ဗန်တို့ အတွက် ပျော်ရွှင်မှုမှာ ကျောင်းတက်ခြင်း၊ ဆော့ကစားခြင်းနှင့် သူငယ်ချင်းများ နှင့်အတူ စာလုပ်ခြင်း စသည့် ရိုးရှင်းသည့်အရာများ၌သာ တည်ရှိသည်။ နူဒွမ်နှင့် အာထန်တို့မှာ ခြွင်းချက်ဖြစ်သည်။ နူဒွမ်အတွက် အိမ်ပတ်ဝန်းကျင် တွင် အပင်များကိုပြုစုခြင်းဖြင့် ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိခဲ့သော်လည်း အာထန်အတွက်မူ ပျော်ရွှင်စရာအကြောင်းရင်း ရှာမတွေ့နိုင်ဘဲ ဖြစ်နေရသည်။

သို့သော်လည်း အပေါ်ယံအဆင့်ရောင့်ရဲမှုများအောက်တွင် ဖုံးကွယ် ထားသော ဝမ်းနည်းမှုများကို တူညီစွာ ခံစားနေကြရသည်။ ထန်သဲက ၎င်း၏ ကျန်းမာရေးမကောင်းသည့် မိဘများအတွက် စိတ်ပူနေရပြီး၊ ဆမ်ဆမ်ကမူ ၎င်း၏ ကလေးငယ်များနှင့် ငွေကြေးတည်ငြိမ်မှုတို့နှင့်ပတ်သက်၍ စိတ်ပူပန် နေရသည်။ တီတီ၊ ဗန်ဗန်နှင့် ထန်ထန်တို့မှာ မိသားစုများနှင့် ခွဲခြားရသည့် အတွက် ဝမ်းနည်းပူဆွေးနေကြရပြီး ၎င်းတို့၏ ကိုယ်စိတ်ကျန်းမာပျော်ရွှင်မှု အတွက်လည်း အဆုံးမရှိ စိုးရိမ်ပူပန်နေကြရသည်။ နူဒွမ်အတွက် ဒေသိယ မီဇိုဘာသာစကားကို မတတ်သောကြောင့် အများအားဖြင့် အိမ်တွင်းအောင်း နေသည့်အတွက် ပို၍ပင် အထီးကျန်မှုကို ခံစားနေရသည်။

ဒုက္ခသည်စခန်းများမှာ စိတ်ဒဏ်ရာနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ် ပူပန်မှုမျိုးစုံတို့ စုဆုံရာဖြစ်သည်။ အာဏာသိမ်းစဉ်က ရဲအရာရှိတစ်ဦးဖြစ်နေ သည့် ထန်သဲအနေဖြင့် အရပ်သားပြည်သူများအား ဖမ်းဆီးရန် အတင်းအကျပ် စေခိုင်းခံရမည်နှင့် ၎င်း၏ မိတ်ဆွေသူငယ်ချင်းများအား မြန်မာစစ်တပ်က ဖမ်းဆီးထိန်းသိမ်းမည်တို့ကို ကြောက်ရွံ့ခဲ့ကြောင်း ပြောပြသည်။ ဗန်ဗန်နှင့် နူဒွမ်တို့သည် အိပ်ပျက်ညများအကြောင်း ပြောကြပြီး တီတီနှင့် ထန်ထန်တို့မှာ မိသားစုအခြေအနေနှင့် စာမေးပွဲများကြောင့် စိတ်ဖိစီးမှုရှိစေကာမူ စိတ်ဒဏ်ရာ

များ သိပ်မရှိဟု ဆိုကြသည်။ ထိုသို့ ခက်ခဲလှသည့် အခြေအနေတွင်ပင် ခင်မင်ရင်းနှီးမှုများ ပွင့်လန်းနိုင်ခဲ့သည်။ ထန်သဲနှင့် ဗန်ဗန်တို့အတွက် ဘောလုံးကစားရသည့် ပျော်ရွှင်မှုဖြစ်စေ၊ တီတီနှင့် ထန်ထန်တို့၏ ရိုးရှင်းသည့် ခင်မင်ရင်းနှီးမှုဖြစ်စေ မိတ်ဆွေသူငယ်ချင်းများသည် စိတ်ခံစားမှုကို အထောက်အကူဖြစ်စေသည်မှာတော့ သေချာပေသည်။ သို့သော်လည်း နူဒွမ်အနေဖြင့်မူ တစ်ဦးတည်း အထီးကျန်စွာ အိမ်၌သာ အချိန်အများစုကို ကုန်ဆုံးနေရသည်။

မီဇိုရမ်ပြည်နယ်၊ အိုက်ဇောလ်ရိုင်မှ မေးမြန်းခဲ့သူများအပါအဝင် ဒုက္ခသည်များစွာတို့သည် ရွှေ့ပြောင်းနေထိုင်ခြင်း ကာလမတိုင်မီ၊ ထိုကာလအတွင်းနှင့် နောက်ပိုင်းကာလတို့တွင် စိတ်ဒဏ်ရာရစေသည့် ဖြစ်ရပ်များနှင့် ကျန်းမာရေး ပြဿနာများကို ကြုံတွေ့ခဲ့ကြသည်။ အချို့က ၎င်းတို့၏ ခက်ခဲသော အခြေအနေနှင့် ဆက်စပ်နေသည့် ကျန်းမာရေးကိစ္စများကို ပြောပြကြသည်။ အဆိုပါ ထိခိုက်လွယ်လူထု၏ လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် ရပ်ရွာနှင့် အဖွဲ့အစည်းများ ပါဝင်သည့် ဘက်ပေါင်းစုံချဉ်းကပ်ဖြေရှင်းမှုမှာ အရေးကြီးသည်။

ဆွေးနွေးချက်

ဒုက္ခသည်များစွာတို့က မြန်မာနိုင်ငံတွင် ကျန်ရစ်ခဲ့ကြသည့် ၎င်းတို့၏ မိသားစုဝင်များ ပျောက်ဆုံးနေကြကြောင်း ပြောပြကြသည်။ မိသားစုများကို ငွေကြေး မထောက်ပံ့နိုင်ခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှု မကောင်းသည့်အတွက် ဆက်သွယ်ရေး အခက်အခဲများကလည်း စိတ်ခံစားမှုဆိုင်ရာ ဆင်းရဲဒုက္ခဖြစ်စေသည်။ ထန်သဲ၊ ဒင်ဒင်၊ ဗန်ဗန်နှင့် တီတီတို့သည် အဓိကအားဖြင့် စိတ်ဒဏ်ရာရစေသည့်ဖြစ်ရပ်များဖြစ်သည့် မိသားစုနှင့် ခွဲခွာနေရမှုနှင့် အနာဂတ်အရေး မသေချာမရေရာမှုများကြောင့် ဖြစ်ရသော စိတ်ဖိစီးအား၊ စိုးရိမ်ပူပန်နှင့် စိတ်ဓာတ်ကျမှုများ အစရှိသည့် စိတ်ကျန်းမာရေး အခက်အခဲများကို ကြုံတွေ့ခံစားကြရကြောင်း ထုတ်ဖော်ပြောကြားကြသည်။

ပါဝင်ဖြေဆိုသူအများစုအတွက် မီဇိုရမ်ပြည်နယ်ရှိ ဒေသခံလူထုနှင့် ဆက်ဆံရာတွင် ဘာသာစကားကွဲပြားမှုကြောင့် ခက်ခဲရသည်။ ယင်းအချက်က ၎င်းတို့၏ ပေါင်းစည်းမှုကို ခက်ခဲစေပြီး၊ အလုပ်အကိုင်နှင့် ပညာသင်ကြား

မှုဆိုင်ရာ အခွင့်အလမ်းများကိုလည်း နည်းပါးစေသည်။ ပါဝင်ဖြေကြားသူများသည် အလုပ်အကိုင်နှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းပုံစံအများစုတွင် ပါဝင်နိုင်ခြင်း မရှိသည့်အတွက် ငွေကြေးဆိုင်ရာအခက်အခဲများလည်း ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့သည် နေ့စဉ်လိုအပ်ချက်များအတွက် ရံဖန်ရံခါ ရရှိသည့် နေ့စားလုပ်အားခနှင့် ဒေသခံအဖွဲ့အစည်းများထံမှ အထောက်အပံ့များအပေါ် မှီခိုကြရသည်။

အသက် (၁၇) နှစ်မှ (၂၀) နှစ်အကြားရှိ ထန်ထန်၊ ဆမ်ဆမ်၊ အာထန်နှင့် ဇန်ဇန်တို့သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့် ပြောင်းရွှေ့နေထိုင်မှုများကြောင့် ပညာရေးတွင် အဟန့်အတားနှင့် ကြုံခဲ့ရသည်။ ၎င်းတို့က ပညာဆက်လက်သင်ကြားလိုကြပြီး အထူးသဖြင့် အင်္ဂလိပ်စာစွမ်းရည် တိုးတက်လိုကြသည်။ ဆမ်ဆမ်နှင့် တီတီတို့မှာ နေ့စဉ်နှင့်အမျှ ခွဲခြားဆက်ဆံ ခံနေရသည်ဟု ဆိုသည်။ အာထန်က ၎င်း၏ ပြတ်တောက်နေသည့် ပညာရေးအကြောင်း တွေးတောနေချိန်တွင် ဒင်ဒင်က ကျဉ်းမြောင်းကျပ်တည်းစွာ နေထိုင်ရသည့် အခြေအနေကို အာရုံရောက်နေခဲ့သည်။ အထက်တွင် ဖော်ပြသကဲ့သို့ပင် ဘာသာစကားအခက်အခဲမှာ နူဒွမ်အတွက် ထူးခြားသည့် စိန်ခေါ်မှုအခက်ခဲဖြစ်သည်။

အချုပ်ဆိုရသော် သုတေသနတွင် ပါဝင်ကြသူ တစ်ဦးချင်းစီတို့သည် ကိုယ်ပိုင်ထူးခြားသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီး ယင်းကိုလည်း အသိအမှတ်ပြုကြသည်။ မီဇိုရမ်၏ မြင့်မားသည့် လူနေမှုစရိတ်ကြောင့် အခြေအနေကို ပို၍ပင် ဆိုးရွားစေရာ ငွေကြေးရုန်းကန်မှုမှာ ကြီးမားလှသည်။ ဒုက္ခသည်များအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းကလည်း ငွေကြေးဒုက္ခများကို ပိုမိုတိုးပွားစေသည်။

ဒုက္ခသည်စခန်းများတွင် နေထိုင်သူများအတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများမှာ ရှားပါးဆဲဖြစ်သည်။ မီဇိုရမ်ပြည်နယ်၏ ပညာရေးစနစ်သည် ဒုက္ခသည်များကို အစိုးရကျောင်းများတွင် တက်ရောက်ခွင့်ပြုထားသည်။ သို့သော်လည်း ဒုက္ခသည်စခန်းတွင် နေထိုင်သူအများစုတို့သည် အိန္ဒိယနိုင်ငံတွင် နေထိုင်ရပ်တည်ရန်လိုအပ်သည့် ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကြားကာလ ပညာရေးအစီအစဉ်မှ မြန်မာသင်ရိုးညွှန်းတမ်းကို အွန်လိုင်းမှ သင်ကြားရန်

ရွေးချယ်ကြသည်။ ငွေကြေးဆိုင်ရာကန့်သတ်ချက်များကလည်း ၎င်းတို့၏ ပညာရေးလိုက်စားမှုများကို ပို၍ပင် နှောင့်နှေးစေသည်။

ယင်းကဲ့သို့ ကြံ့ကြံ့ခံနိုင်သောသူများကို ပို၍ကောင်းမွန်စွာ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် မီဇိုရမ်ပြည်နယ်အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကြုံတွေ့နေရသော ဘက်ပေါင်းစုံမှ ကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းရန် လိုအပ်သည်။ ထိုသို့ဖြေရှင်းရာတွင် ပညာသင်ကြားခွင့်များ တိုးချဲ့ပေးခြင်း၊ အလုပ်အကိုင်အလားအလာများ တိုးမြှင့်ပေးခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပေါင်းစည်းမှုကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ ဒုက္ခသည်များ၏ ဘဝအား ဂုဏ်သိက္ခာ၊ အခွင့်အလမ်းများနှင့်အတူ ပြန်လည်ထူထောင်နိုင်ရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။

ထို့ပြင် အဆိုပါဒုက္ခသည်များအား မီဇိုရမ်ပြည်နယ်သို့ မည်သည့်အရာများက ပို့ဆောင်ပေးခဲ့သည်၊ မည်သည့်အတွက်ကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ရသည် စသည်တို့ကို မေးမြန်းသင့်သည်။ ဤသုတေသနတွင် ပါဝင်သူများ၏ အဖြေမှာ ဘေးကင်းလုံခြုံမှုကို စိုးရိမ်သည့်အတွက် ဖြစ်ကြောင်း ပြတ်ပြတ်သားသားပင် သိရသည်။ စီဒီအမ်ရဲအရာရှိဖြစ်သည့် ထန်သဲသည် မြန်မာနိုင်ငံတွင် တွေ့ရှိပါက ချက်ချင်းပင် အဖမ်းခံရမည်ဖြစ်သည်။ စီဒီအမ်တွင် ပါဝင်သူများကို စစ်တပ်က ပစ်မှတ်ထားနေသည့်အတွက် မြန်မာနိုင်ငံတွက် ဆက်လက်နေထိုင်ရန်မှာ အလွန်ပင်အန္တရာယ်ရှိသည့် အရဲစွန့်မှုဖြစ်သည်။ ဆမ်ဆမ်၏ ခင်ပွန်းမှာလည်း စီဒီအမ်တစ်ဦး ဖြစ်သည်။ တီတီနှင့် ထန်ထန်တို့က သူတို့၏ အိမ်ပတ်ဝန်းကျင်၌ ကင်းလှည့်ကြသည့် စစ်သားများအကြောင်း ပြောပြသည်။ တစ်ချိန်တည်းတွင်ပင် နူဒွမ်ကလည်း မြန်မာနိုင်ငံတွင် စစ်တပ်၏ အမြဲမပြတ်စောင့်ကြပ်နေမှုနှင့် ခြိမ်းခြောက်မှုများကြောင့် အလုပ်ဆက်မလုပ်နိုင်တော့ကြောင်းကို ပြောပြသည်။

သို့သော် ထိုသူများအနေဖြင့် မီဇိုရမ်မြေတွင် ခေတ္တနားခိုကာ အသက်ဝဝရှူရန် နေရာတစ်ခု ရှာတွေ့ခဲ့ရသည်။ ယင်းနေရာသည်လည်း သူ့အကြောင်းနှင့်သူ ရှုပ်ထွေးမှုများ ပြည့်နှက်နေသည့်နေရာ ဖြစ်သည်။ ဒုက္ခသည်စခန်းဆိုသည်မှာလည်း ကိုယ့်အိမ်ကိုယ်ယာ မဟုတ်ပေ။ အေးအေးဆေးဆေး

ဘေးကင်းလုံခြုံပြီး အရေးအကြီးဆုံးဖြစ်သည့် အနာဂတ်အတွက် ရှာဖွေနေသည့် လမ်းပျောက်ဝိညာဉ်များအတွက် သီးခြားခိုလှုံရာနေရာတစ်ခုဖြစ်သည်။

အကြံပြုချက်များ

အောက်ဖော်ပြပါ အကြံပြုချက်များမှာ မီဇိုရမ်ပြည်နယ်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ရွယ်ပါသည်။

(၁) ဒုက္ခသည်စခန်းများတွင် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ရန်ပုံငွေတိုးမြှင့်ရန်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ချင်းလူငယ်ဒုက္ခသည်များအား လိုအပ်ချက်များကို လက်လှမ်းမီရရှိစေနိုင်ရန် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

(၂) ချင်းလူငယ်ဒုက္ခသည်များအတွက် သက်မွေးပညာသင်တန်းနှင့် အလုပ်အကိုင် ရှာဖွေနေရာချထားရေး အကူအညီများပေးရန်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အလုပ်အကိုင်ကို ရှာဖွေနိုင်ကာ၊ ကိုယ်ပိုင်ရပ်တည်ဖူလုံနိုင်စေရန် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

(၃) ပညာရေးကမ်ပိန်းများ၊ လူထုအသိပေးပွဲများ၊ ဥပဒေရေးရာ စည်းရုံးလှုံ့ဆော်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များမှတစ်ဆင့် ချင်းလူငယ်ဒုက္ခသည်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို သိရှိနိုင်ရေး အသိပညာပေးရန်နှင့် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံနေမှုများကို တိုက်ဖျက်ရန်။

(၄) ငွေကြေးလှူဒါန်းခြင်း၊ စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းတို့မှတစ်ဆင့် ချင်းလူငယ်ဒုက္ခသည်များအား ကူညီပေးနေသည့် အရပ်ဘက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန်။

(၅) ဒုက္ခသည်များတွင် စိတ်ကျန်းမာရေးပြဿနာများ တိုးပွားလာသည်ဖြစ်သည့်အတွက် ဒုက္ခသည်များအား စိတ်ဒဏ်ရာနှင့် စိတ်ဖိစီးမှုများ ဖြေရှင်းရာ၌ အကူအညီဖြစ်စေမည့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ကူညီပံ့ပိုးပေးသည့်အဖွဲ့များ အပါအဝင် ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးရန်။

အဖွဲ့အစည်းများအတွက် အထက်ပါအကြံပြုချက်များအပြင် မီဇိုရမ်ပြည်နယ် အစိုးရသည်လည်း အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာရှိသူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေ ရေးအတွက် ဆောင်ရွက်ပေးသင့်ပြီး လိုအပ်သော ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သင့်သည်။ UNHCR သည် အလုပ် လုပ်ကိုင်ခွင့်နှင့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများကို ရယူခွင့်အပါအဝင် ဒုက္ခသည်များ၏ အခွင့်အရေးနှင့် ဥပဒေရေးရာကာကွယ်စောင့်ရှောက်မှုများ အတွက် စည်းရုံးလှုံ့ဆော်သင့်သည်။ ဥပဒေရေးရာ အထောက်အပံ့များသည် ဒုက္ခသည်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ခိုလှုံခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးနိုင်သည်။

ဤအဆင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မီဇိုရမ်ရှိ ချင်းလူငယ်ဒုက္ခသည်များကို ၎င်းတို့၏ အခက်အခဲများကို ကျော်လွှားနိုင်ရေး နှင့် ကိုယ်တိုင်နှင့် မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ် တည် ဆောက်နိုင်ရေးတို့အတွက် ကူညီပေးနိုင်ပါသည်။ သင့်လျော်ကောင်းမွန်သည့် အထောက်အပံ့အစီအစဉ်များသည် အဆိုပါချင်းလူငယ် ဒုက္ခသည်များအား ၎င်း တို့၏ ဘဝပြန်လည်တည်ဆောက်နိုင်ပြီး ပိုမိုလုံခြုံ၍ မျှော်လင့်ချက်ပြည့်ဝသော အနာဂတ်ထံသို့ မျှော်မှန်းနိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

နိဂုံး

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိ ချင်းလူငယ်ဒုက္ခသည်များ ကြုံတွေ့နေရသည့် အခက်အခဲများမှာ များပြားရှုပ်ထွေးလှသည်။ သူတို့အနေဖြင့် ပညာသင်ကြားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို လက်လှမ်း မီ ရရှိနိုင်မှုနည်းပါးသော စခန်းများတွင် နေထိုင်ရန် တွန်းပို့ခံခဲ့ကြရသည်။ ခွဲခြားဆက်ဆံမှုများကိုလည်း

ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ချင်းလူငယ် ဒုက္ခသည်များစွာတို့မှာ မျှော်လင့်ချက်မဲ့ခြင်းနှင့် စိတ်ပျက်အားငယ်မှုများကို ခံစားနေကြရသည်။

အခက်အခဲများရှိကြသော်လည်း ချင်းလူငယ်ဒုက္ခသည်များအကြား ကြံ့ကြံ့ခံနိုင်မှုနှင့် မျှော်လင့်ချက်ရှိစေသည့် ဇာတ်လမ်းပေါင်းများစွာလည်း ရှိပါသည်။ လူငယ်များစွာတို့မှာ အခက်အခဲကို ကျော်လွှားပြီး ကိုယ်တိုင်နှင့် မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ရန် စိတ်ပိုင်းဖြတ်ထားကြပြီးဖြစ်သည်။ ပညာသင်ကြားခွင့် ရရှိရန်၊ အလုပ်အကိုင် ရှာဖွေရန်နှင့် မိမိရပ်ရွာကို ပံ့ပိုးကူညီရန်တို့အတွက် ကြိုးစားလျက်ရှိကြသည်။

မီဇိုရမ်ပြည်နယ်ရှိ ချင်းလူငယ်ဒုက္ခသည်များကို ကူညီပေးနိုင်ရန် လုပ်ဆောင်နိုင်သည့်အရာများစွာ ရှိပါသည်။ ပထမဦးစွာ ၎င်းတို့အား အရည်အသွေးမီပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိစေရေး ကူညီပေးနိုင်ရန် မရှိမဖြစ်အရေးပါပါသည်။ ဒုတိယအနေဖြင့် အတတ်ပညာများ သင်ကြားနိုင်ရေးနှင့် အလုပ်အကိုင်ရှာဖွေနိုင်ရေးတို့အတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အရေးကြီးပါသည်။ တတိယအနေဖြင့် ချင်းလူငယ်ဒုက္ခသည်များအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် အမိကျသည်။ အိန္ဒိယအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံးတို့တွင် ချင်းလူငယ်ဒုက္ခသည်များကို ကူညီရာ၌ အခန်းကဏ္ဍအသီးသီးရှိကြပါသည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပို၍တရားမျှတပြီး သာတူညီမျှရှိသည့် လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ပါသည်။ ယင်းအဆင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မီဇိုရမ်ပြည်နယ်ရှိ ချင်းလူငယ်ဒုက္ခသည်များအား အခက်အခဲများကို ကျော်လွှာပြီး ကိုယ်တိုင်နှင့် မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်နိုင်ရေးအတွက် ကူညီပေးနိုင်မည်ဖြစ်ပါသည်။

ကိုးကားချက်များ

Bhugra, D., Gupta, S., Bhui, K., Craig, T., Dogra, N., Ingleby, J. D., Kirkbride, J., Moussaoui, D., Nazroo, J., Qureshi, A., Stompe, T., & Tribe, R. (2011). WPA guidance on mental health and

mental health care in migrants. *World Psychiatry*, *10*(1), 2–10. https://doi.org/10.1002/j.2051-5545.2011.tb00002.x

Bogic, M., Njoku, A., & Priebe, S. (2015). Long-term mental health of war-refugees: A systematic literature review. *BMC International Health and Human Rights*, *15*, 29. https://doi.org/10.1186/s12914-015-0064-9

Cardozo, B. L., Talley, L., Burton, A., & Crawford, C. (2004). Karenni refugees living in Thai–Burmese border camps: Traumatic experiences, mental health outcomes, and social functioning. *Social Science & Medicine*, *58*(12), 2637–2644. https://doi.org/10.1016/j.socscimed.2003.09.024

Johnson, H., & Thompson, A. (2008). The development and maintenance of post-traumatic stress disorder (PTSD) in civilian adult survivors of war trauma and torture: A review. *Clinical Psychology Review*, *28*(1), 36–47. https://doi.org/10.1016/j.cpr.2007.01.017

Jops, P., Lenette, C., & Breckenridge, J. (2016). A Context of Risk: Uncovering the Lived Experiences of Chin Refugee Women Negotiating a Livelihood in Delhi. *Refuge: Canada's Journal on Refugees*, *32*(3), 84–94.

Jops, P., Lenette, C., & Breckenridge, J. (2019). Lessons of Survival: Exploring the Social Networks and Coping Mechanisms of Chin Refugee Women in Delhi. *Journal of Immigrant & Refugee Studies*, *17*(4), 509–528. https://doi.org/10.1080/15562948.2018.1550230

Kaur, K., Sulaiman, A. H., Yoon, C. K., Hashim, A. H., Kaur, M., Hui, K. O., Sabki, Z. A., Francis, B., Singh, S., & Gill, J. S. (2020). Elucidating Mental Health Disorders among Rohingya Refugees: A Malaysian Perspective. *International Journal of Environmental Research and Public Health*, *17*(18), Article 18. https://doi.org/10.3390/ijerph17186730

Lie, B. (2002). A 3-year follow-up study of psychosocial functioning and general symptoms in settled refugees. *Acta Psychiatrica Scandinavica*, *106*(6), 415–425. https://doi.org/10.1034/j.1600-0447.2002.01436.x

Mallick, S. K. (2014). Livelihood of Burmese refugees and homeless people in Delhi. *Tata Institute of Social Science*, 5.

https://www.academia.edu/9217494/livelihood-of-Burmese-refugees-and-homeless-people-in-Delhi

McConnachie, K. (2018). Boundaries and Belonging in the Indo-Myanmar Borderlands: Chin Refugees in Mizoram. *Journal of Refugee Studies*, *31*(3), 314–333. https://doi.org/10.1093/jrs/fey012

Rashki Kemmak, A., Nargesi, S., & Saniee, N. (2021). Social Determinant of Mental Health in Immigrants and Refugees: A Systematic Review. *Medical Journal of The Islamic Republic of Iran (MJIRI)*, *35*(1), 1389–1397. https://doi.org/10.47176/mjiri.35.196

Singh, V. (2022, September 25). Over 40,000 refugees from Myanmar based in 60 camps set up in Mizoram, says Rajya Sabha MP. *The Hindu.* https://www.thehindu.com/news/national/over-40000-refugees-from-myanmar-based-in-60-camps-set-up-in-mizoram-says-rajya-sabha-mp/article65930882.ece

UNHCR. (2023). *Myanmar Emergency Update.* https://reliefweb.int/report/myanmar/myanmar-emergency-update-10-april-2023

World Health Organization. (2021, August 31). *Mental health and forced displacement.* https://www.who.int/news-room/fact-sheets/detail/mental-health-and-forced-displacement

World Health Organization. (2022, May 2). *Refugee and migrant health.* https://www.who.int/news-room/fact-sheets/detail/refugee-and-migrant-health

Zahan, S. A. (2022, February 1). Myanmar's Refugees in Mizoram: As India Looks the Other Way, Thousands on Edge. *Outlook.* https://www.outlookindia.com/international/myanmar-s-refugees-in-mizoram-as-india-looks-the-other-way-thousands-on-the-edge-news-52001